www.burmeseclassic.com

VIEW
ဗျူးစာပေ

# မိန်းကလေး

အပျိုစင်မနက်ခင်း



BURMESE CLASSIC .com

Cover: Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး(၃)ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မိန်းကလေး

အပျိုစင်မနက်ခင်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၉၈၉၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၅၀၀၃၀၉

ထုတ်ဝေသူ

ဦးနိုင်မျိုးထွန်း (မြ–၀၃၉၉၂)

(အင်ပါယာစာပေ)

တိုက် (၂၁)၊ အခန်း (၁၁)

စီမွာကျူးသန့်စနစ်ထပ်အိမ်ရာ ၊ မြောက်ဒဂုံ။

အတွင်းမျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ–၀၅၄၁၇) (ရွှေခြေသုံပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂–လမ်း (အထက်)

ပန်းဘဲတန်း ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

Idea Kyaw & Kyaw Oo

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

ဝိုင်းစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၆

၈၉၅ ・ ၈၃

မိန်းကလေး

အပျိုစင်မနက်ခင်း / မိန်းကလေး ။ – ရန်ကုန်။

အင်ပါယာစာပေ ၊ ၂၀၀၉။

၂၉၆ – စာ ၊ ၁၂× ၁၈ စင်တီ။

(၁) အပျိုစင်မနက်ခင်း

## အခန်း (၁)

"အလင်းရောင်"

ခေါ်သံက နားထဲဗိုင်းခနဲ ဝင်လာလျှင် အိပ်ပျော်နေတဲ့ အလင်း ...ရောင် နိုးသွားေ၏။ နိုးနိုးချင်း နာခေါင်းရှုံ့ကာ လည်ပင်းအထိ ခြုံထားတဲ့ ...စောင်အသစ်ကြီးကိုလည်း ခေါင်းပေါ်အရောက် ဆွဲခြုံ၍ အိပ်ပျော်ချင် ...ဟန်ဆောင်လိုက်သည်။

"အလင်းရောင်"

အဆက်မပြတ် ခေါ်သံနှင့်အတူ အခန်းထဲဝင်လာသော ခြေသံ ...တွေပါ ကြားလိုက်ရသည်။ ခြေသံက တစ်သံတည်းမဟုတ်။

သုံးသံ။

ခေတ်လူ ခန့်ညားနဲ့ ပိုင်ပိုင်တို့မှန်း အလင်းရောင် သိလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အလင်းရောင် ဆ ထတော့ကွာ"

ရှေ့ကဝင်လာတဲ့ လူက ခေါင်းပေါ်ကစောင်ကို ဆွဲခွာရင်း ပြောသလို ခန့်ညားနဲ့ပိုင်ပိုင်ကလည်း အလင်းရောင်ရဲ့ ခြေတွေလက်တွေကို လှုပ်ပြီး နှိုးပြန်သည်။

"အလင်းရောင် မြန်မြန်ထစမ်းပါကွာ"

"ထစမ်း ထတော့"

"ကျစ်"

အလင်းရောင် ဆက်အိပ်ဖို့ စိတ်ကူးရှိသော်လည်း ပေတေပြီး အိပ်ပျော်ချင်ဟန်ဆောင်လို့ မရအောင် ခန့်ညားတို့ နှိပ်စက်လာသည်။

ပိုင်ပိုင်က ကိုယ်ကို အတင်းဆွဲထစေသည်။ အလင်းရောင် တင်းခံပေမယ့် မရ။ ဆွဲထစေရာနောက် အလင်းရောင်ကိုယ်က အိပ်မွှန်စုံမွှားနှင့် ထထိုင်လိုက်ရ၏။

ထိုအခါ အလင်းရောင် အတော်ဖေး စိတ်ကသိကအောက် ဖြစ်သွားကာ

"ဟာကွာ မင်းတို့ကောင်တွေ မမိုက်ဘူးကွာ"

"မိုက်တာတွေ မမိုက်တာတွေ နောက်မှပြော၊ မြန်မြန်ထ ရေချိုးကွာ အချိန်မရှိတော့ဘူး"

အလင်းရောင် စိတ်နောက်ကျိစွာ ဆံပင်ရှည်တွေထဲ လက်ချောင်းတွေ ထိုးထည့်ဖွပစ်ရင်း ခန့်ညားတို့ကို ရှုတင်တင် ကြည့်လိုက်သည်။





"ဘာလဲ ဘာတွေလဲကွာ"

"အချိန်မရှိတော့ဘူး။ မြန်မြန်လုပ်ကွာ"

ပိုင်ပိုင် စိတ်မရှည်သလိုကြည့်၍ အလင်းရောင်ကို မွေ့ရာပေါ်က ဆွဲချသည်။ ခန့်ညားနဲ့ခေတ်လူပါ ရေချိုးခန်းဘက် အတင်းထိုးပို့သည်။

အလင်းရောင် ဘားဆီးချိန်မရဘဲ အလိုလိုရောက်ရ၏။ ဒီကောင်သုံးယောက် ဖွတ်တရွတ်ကြီး ဖြစ်နေတာကို အလင်းရောင် ဘာမှ ပြောခွင့်မသာ။

ငယ်ပေါင်းတွေမို့ ပြောရင်လည်း အရေးစိုက်မှာမဟုတ်မှန်း သိနေသည်။

ဒါကြောင့် မပြောသာဘဲ ရေချိုးရမှာ။

"အလင်းရောင် မြန်မြန်ချိုးကွာ"

ခန့်ညား ရေချိုးခန်းတံခါးဆွဲဖွင့်ရင်း ပြောပြန်သည်။ ဒီကောင် လုပ်နေပုံနဲ့ အလင်းရောင် လုံးဝ မနှစ်မြို့ချင်တော့။

ရေကို ပြီးစလွယ်ချိုး ခါးမှာသဘက်ပတ်ပြီး ရေချိုးခန်းထဲက ထွက်ခဲ့ရသည်။

"ဘာလို့ ဒီလောက်လောနေတာလဲ"

"အကြောင်းရှိလို့ပေါ့ကွာ၊ မြန်မြန်အဝတ်လဲစမ်းပါ"

ခေတ်လူ ပြောရင်း ဗီရိုထဲက Lacoste (လာကို့စ်)တီရှပ် အပြာရောင်တောက်တောက်နဲ့ ဂျင်းဘောင်းဘီအနက်ကို ဆွဲထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွက်သွက်လေးလဲကွာ၊ ရှစ်နာရီထိုးနေပြီကွ"

ပိုင်ပိုင်က ဘယ်လက်ကောက်ဝတ်က Rado (ရာဒို)နာရီ တစ်ချက်မြှောက်ကြည့်ရင်း စိတ်လောလောနှင့် ပြောပြန်သည်။

ဒီသုံးကောင် ဘာဖြစ်လို့ ဒီလောက် အလောတကော ဖြစ်ေ တာလဲ။

တကယ်ဆို အလင်းရောင်ကို နားလည်ပေးရမယ်လေ။

အလင်းရောင်က L.A မှာအလုပ်သွားလုပ်တာ ဆယ်စုနှ တစ်စုတိတိ။ ပြန်ရောက်တာ မနေ့ကပဲဖြစ်သည်။ အလုပ်နဲ့ခရီးပင်ပ လာသမျှ စိတ်ရှိတိုင်း နားချင်၊ နုပ်ချင် ဖိမ်ခံချင်တယ်လေ။

ခုတော့ ထိုသို့ နားမရသည်။

စိတ်ရှိတိုင်း နားခွင့်မပေးဘဲ လာနှိပ်စက်တာက ဘာကြောင့် မှန်းဆိုတာ မသိရတော့ ခံရခက်သလို ဖြစ်လာသည်။

"နေပါဦး ဘာဖြစ်လို့ ဒီလောက် လောနေရတာလဲ"

"အကြောင်းရှိလို့ပေါ့ကွာ၊ ကဲ ပြီးပြီလား။ လာတော့ကွာ သွာ မယ်"

အဝတ်လဲပြီးလို့ ကြည့်မှန်ရှေ့ ရွှေ့သွားတော့ အလင်းရောင်က သုံးယောက်စလုံး စိတ်မရှည်နိုင်တော့။

အခန်းထဲက ဆွဲထုတ်ခဲ့သည်က အလင်းရောင်ဆံပင်ကို ဘီး ပင် မသလခဲ့ရသည်အထိ။ ခန့်ညားတို့ လောနေတာက အလင်းရော အမြင်ကတ်ချင်သလို ဖြစ်လာသည်။





ရှုတင်တင်ဟန်နဲ့ ဘဝင်မကျ ကြည့်လိုက်ပေမယ့် သူငယ်ချင်းတွေက မမှုတဲ့ မျက်နှာလေးနဲ့

"မင်းသိချင်တာကို နောက်မှပြောမယ်၊ လောလောဆယ် အချိန်မရှိဘူးကွ၊ ဒါကြောင့် လောနေတာ မြန်မြန်ကွာ"

အပေါ်ထပ်လှေကားက ဆင်းလာခဲ့တာ အဆင့်ကျော်မိမတတ်။ ခေါင်းစားအောင်လုပ်တဲ့ကောင်တွေ။

"ဟဲ့ သား အို ပိုင်ပိုင်တို့လည်း ရောက်နေတာကိုး"

ညှဉ့်ခန်းထဲ ခြေလှမ်းဝင်သည်နှင့် မာမီ တအံ့တဩ ကြည့်၍ အလင်းရောင်တို့ဆီ လျှောက်လာသည်။

"ဟုတ်တယ် အန်တီ၊ အလင်းရောင်ကို လာခေါ်တာ"

"အွန်း၊ အန်တီသား အိပ်ရေးတောင်ဝရဲ့လား ခန့်ညားရယ်"

မာမီ သည်းသည်းလှုပ်ပြောတော့ ခန့်ညားတို့ နာခေါင်းရှုံ့သည်။ မာမီက အလင်းရောင်ဘက်က ပြောတာကြောင့် အလင်းရောင် အား တက်သွားတယ်။

"အဲဒါပဲ မာမီ သားကိုလာနှိပ်စက်နေတာ၊ အိပ်ကောင်းခြင်း မအိပ်ရဘူး။ အတင်းပဲ ဆွဲခေါ်တာကြည့် သား ခေါင်းဖြီးဖို့တောင် အချိန် မရဘူး"

အလင်းရောင်က အလယ်ခွဲနှင့် ပခုံးစွန်းပေါ်ထိ ရှည်ကျနေသော ဆံပင်ခပ်ဖွာဖွာကို လက်ချောင်းနဲ့ သဖြီးရင်း ပြောတော့ မာမီ မျက်ဝန်းက ခန့်ညားတို့သုံးယောက်အပေါ် မနှစ်သက်သလို ခပ်ရှုရှုသား



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်ပြီး

"ပိုင်ပိုင်တို့ရယ် သားကို မနှိပ်စက်ပါနဲ့၊ သားက L.A မှာ နေ့မနား ညမနား အလုပ်တွေ လုပ်လာရတာလေ၊ အနားယူဖို့ အန်တီ ခေါ်လို့ သားပြန်လာတာကွယ့်၊ အေးအေးဆေးဆေး အနားယူပါစေကွယ်၊ အဲလို ဖွတ်မလုပ်ပါနဲ့နော်"

"ကျွန်တော်တို့ နားလည်ပါတယ် အန်တီရယ်"

"နားလည်ရင် ဘာဖြစ်လို့ သားကို အိပ်ရာထဲက ဆွဲထုတ်ခဲ့ရတာလဲကွယ်၊ ကြည့်ပါဦး သားပုံစံက ဖရိုဖရဲနဲ့၊ သားကို စိတ်တိုင်းကျ နားခွင့်ပေးစမ်းပါအေ"

"စိတ်ချပါ အန်တီရယ်၊ အန်တီသား ပင်ပန်းသမျှ ပြေပျောက်သွားစေဖို့ ကျွန်တော်တို့ စေတနာနဲ့ လာခေါ်တာပါ"

"ဟုတ်ပါတယ် အန်တီ၊ အန်တီသား ဆယ်နှစ်တာ ပင်ပန်းလာသမျှ တစ်စက္ကန့်တည်းနဲ့ အမောပြေသွားစေမယ့် ခံစားမှုလေးနဲ့ နှစ်သိမ့်ပေးချင်လို့ လာခေါ်တာပါဗျာ"

"ဘာ"

ဒေါ်ဝင်းဝင်းရွှေ မျက်ခုံးတန်းနှစ်ဖက် မြင့်တက်သွားသည်။ ပိုင်ပိုင်က ပြုံးလိုက်ပြီး

"အလင်းရောင် ပင်ပန်းနွမ်းနယ်လာသမျှ ပြေပျောက်ပေးစေချင်တဲ့ စေတနာပါ အန်တီရယ်"

"မင်းတို့တွေ မဟုတ်မဟပ်တွေနဲ့ ငါ့သားကို မဆွယ်နဲ့နော်"





"ဟာ အန်တီကလည်း ကျွန်တော်တို့ မဟုတ်မဟပ်တွေ ဝါသနာမပါဘူး။ မယုံရင် အန်တီ့သား ပြန်လာတဲ့အခါ မေးကြည့်၊ ခုတော့ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"အချိန်မရတော့လို့ပါ အန်တီ ဟဲ ဟဲ"

ခန့်ညားတို့ မျက်နှာပိုးမသေသလို ပြောရင်း အလင်းရောင်ကို မာမီရှေ့က ဆွဲထုတ်ခဲ့သည်။ မာမီမျက်ဝန်းမှာ ဟန့်တားချင်တဲ့ အရိပ်တွေ ရှိပေမယ့် တားချိန်မရတော့။

အလင်းရောင်ကို ကားပေါ်တွန်းတင်သည်။

မတတ်သာတဲ့အဆုံး ခန့်ညားတို့နဲ့ ပါလာရတာ ရင်ထဲမှာ တစ်မျိုးချည်း။

"ဆယ်နှစ်တာ ပင်ပန်းလာသမျှ တစ်စက္ကန့်တည်းနဲ့ အမောပြေသွားမယ့် ခံစားမှုလေးနဲ့ နှစ်သိမ့်ပေးချင်လို့ ဟုတ်လား။ အဲဒါ ဘာလဲ ခေတ်လူ"

ကားနောက်ခန်းမှာ ဘေးချင်းကပ်ထိုင်နေတဲ့ ခေတ်လူကို အလင်းရောင် မျက်ခန်း မေးလိုက်သည်။ ခေတ်လူ မျက်လုံးတို့ ပြုံးသလို ကားမောင်းနေတဲ့ ခန့်ညားနဲ့ ကားရှေ့ခန်းမှာ ထိုင်နေတဲ့ ပိုင်ပိုင်တို့ တစ်ချက်လှည့်ကြည့်သည်။

အလင်းရောင် မျက်ခုံးနှစ်ဖက် တွန့်သွားပြီး

"ပြောလေ ဘာလဲကွ မင်းတို့ပြောတာတွေ ကိုယ် တစ်ခုမှ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"**နားလည်ချင်ရင်** အချိန်စောင့်၊ အင်း နောက်ဆယ်မိနစ်ဆိုရင် **မင်း အလိုလို** သိသွားစေမယ်ကွာ"

"မင်းတို့ကလည်း ပဟေဠိ ဝှက်နေပြန်ပြီ"

"ပဟေဠိဝှက်တာမဟုတ်ဘူး အလင်းရောင်၊ အဲဒီ ခံစားမှုကို ပြန်စားချည်း မြင်ရတာက သိပ်ပြီးဖီလင်ရှိတာကွ၊ အဲဒီ ဖီလင်ကို မင်းလည်း ခံစားစေချင်တယ်၊ ဒါကြောင့် ကိုယ်တို့ ဘာမှမပြောတာ"

"မင်းပြောမှ ပိုရှုပ်ကုန်ပြီ ခေတ်လူရာ"

အလင်းရောင် ညည်းတွားသလိုလေးပြောသော်လည်း ခေတ်လူတို့ ကြည်ကြည်နူးနူးလေး ပြုံးသည်။

"ရှုပ်တာတွေ မကြာခင် မိနစ်ပိုင်းအတွင်း ရှင်းလင်းသွားလိမ့်မယ်ကွ"

ကားမောင်းနေရာမှ ခန့်ညား လှည့်မကြည့်ဘဲ တစ်ခွန်းဝင်သည်။

အလင်းရောင် ခေါင်းအသာရမ်းရင်း ကူရှင်မှာ ခေါင်းကိုမှီချကာ ဆံပင်တွေကို လက်ချောင်းတွေနဲ့ ဖွကစားသလို ပြုနေမိသည်။

မေးတော့လည်း မပြောဘူးဆိုတော့ အလင်းရောင် မေးချင်စိတ်လည်း မရှိတော့။

ဒါပေမဲ့

သိချင်တာက ခေတ်လူ ပြောတဲ့ ဖီလင်ဆိုတာ ဘာလဲ။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၂)

အပျိုစင် နံနက်ခင်းမှာ နုနွေးသော နေခြည်တို့က အိအိနွဲ့နွဲ့လေး လင်းလက်ဖြာကျနေသည်မှာ ရှုမောကြည်နူးဖွယ်ကောင်းသော ဖူးသစ်စ ပန်းကလေးကို မြင်ရသည့်နှယ်။

နေခြည်နွေးနွေးထွေးထွေးအောက်မှာ မြန်မာ STAR အမည်ရှိ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကြီးက ကျက်သရေရှိရှိ ရပ်တည်၍ ရင်ဖွင့်ကြိုဆိုလျက်ရှိသည်။

မြန်မာစတား၏ လမ်းတစ်ဖက်တစ်ချက် ဝဲယာမှာ ဖိမ်ခံကိုယ်ပိုင်ကားမျိုးစုံ ရပ်ထားသည်က ကားထိုးရပ်ဖို့နေရာ မရှိလောက်အောင် ပလက်ဖောင်းလမ်းလေးမှာ ကားတွေပြည့်ကြပ်နေသည်။

ခန့်ညားက ဘယ်ဘက်လမ်းဘေးက ဆလွန်းကားနောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါရာဒိုကားသစ်ကြီးကို တွဲခနဲ ထိုးရပ်လိုက်သည်။

ခန့်ညား ကားရပ်လိုက်သည်နှင့် ခန့်ညားကားနောက်မှာ ထိုးရပ်လာတဲ့ ဇိမ်ခံကားတွေလည်း မနည်းမနော။

ဒီကားတွေ ဘာကြောင့်များ ဒီလောက်ခတောင် များနေရတာလဲ။

ကားပေါ်က ဆင်းလာတဲ့သူအားလုံးက အလင်းရောင်တို့လို ပြည့်ဖုံကြွယ်ဝသော ခွဲဆောင်မှုရှိသော စမတ်ကျကျ လူရွယ်တွေချည်း။

အလင်းရောင် သတိထားမိသလောက် ထိုလူရွယ်အားလုံးက တစ်စုံတစ်ယောက်ကို မျှော်လင့်တကြီး စောင့်မျှော်နေပုံတို့နှင့် စိတ်လှုပ်ရှားသလို ဖြစ်နေကြသည်။

ကားဘေးမှေးရပ်သူရပ်၊ ကားရှေ့ဖုံးမှာ ထိုင်သူထိုင်၊ အချင်းချင်း တိုးတိုးတိတ်တိတ် ပြောသူ၊ နာရီကို မသိမသာ ကြည့်သူ၊ မြန်မာစတား အရောင်ခန်းမဆီ ငေးကြည့်သူတို့နှင့် အမျိုးမျိုးအဖုံဖုံ စိတ်ဝင်တစား ရှိနေကြသည်။

ခန့်ညား ကားရပ်ပြီးသည်နှင့် အလင်းရောင် ကားပေါ်က ဆင်းသော်လည်း ခန့်ညားတို့ပါဆင်းကြသည်။

မြန်မာစတားရှေ့ဟောင်းပစ္စည်းအရောင်းခန်းမနဲ့ ဒီလူရွယ်တွေ ဘယ်လိုများ ပတ်သက်နေကြတာလဲ့လဲ။

အလင်းရောင်ရင်မှာ သိချင်စိတ်တို့ ဖြစ်လာသည်။

အထူးသဖြင့် အလင်းရောင်ကိုအတင်းခေါ်လာတဲ့ ခန့်ညားတို့ ရည်ရွယ်ချက်က ဘာလဲ။ အလင်းရောင်နဲ့ဘယ်လို ပတ်သက်မှုရှိလို့လဲ။





အလင်းရောင် မျက်နှံပင့်ကာ မေးဆတ်၍မေးတော့ ခေတ်လူပြုံး၍ ကားပေါ်က ဆင်းလာသည်။ အလင်းရောင်ဘေးမှာ လက်ပိုက်၍ ပခုံးလေးတွန့်ကာ ဝီဝီပြင်ပြင် ပြုံးပြီးပြောသည်။

"မင်း စိတ်ဝင်စားနေပြီ မဟုတ်လား"

"ဟ ဘာမှန်းညာမှန်း မသိနဲ့ကွာ"

ခန့်ညားနဲ့ပိုင်ပိုင်လည်း ကားပေါ်က ဆင်းလာသည်။ မျက်နှာတွေက ကြည်နူးမှုတစ်ခုခုကို ခံစားရတော့မယ်ဆိုတဲ့ အသိနဲ့ ရွှင်ရွှင်လန်းလန်း ဖြစ်နေကြသည်။

"မသိသေးတာက မင်းအတွက်ပိုပြီး ဇီလင်ရှိစေတယ်ကွ"

ပိုင်ပိုင် ပြောတော့ အလင်းရောင် နှုတ်ခမ်းလေး ဘဝင်မကျစွာ တွန့်သွား၏။

"တကယ်ပြောတာ အလင်းရောင်"

ခန့်ညား ပခုံးတိုက်ပြောတော့ အလင်းရောင် မျက်နှာလေး မဲ့ပြန်သည်။ သူငယ်ချင်းသုံးယောက်က အလင်းရောင်ကို နားလည်ပေးနိုင်သလိုပဲ ကြည့်သည်။

အလင်းရောင် သူငယ်ချင်းတွေနဲ့ အကြည့်ချင်းမဆုံအောင် မျက်နှာလွှဲလိုက်သည်။ မျက်နှာလွှဲကာမှ ရပ်ထားတဲ့ ကားဘေးမှာ အစီအရီ ရှိကြတဲ့ ပုရိသတွေဆီ ရောက်၏။

အားလုံးသော မျက်ဝန်းတွေက ပို၍ကြည်လင် လင်းလက်လာသယောင်နဲ့ လက်ကောက်ဝတ်မှ နာရီတွေကို မြှောက်ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေတာလဲ ဒီကောင်တွေအားလုံး နာရီမြှောက်ကြည့်လိုက်၊ လမ်းကိုမျှော်ကြည့်လိုက်နဲ့ အလင်းရောင် ရင်ထဲပို၍သိချင်လာ၏။

သူငယ်ချင်းတွေဘက် မျက်နှာပြန်လှည့်၍

"နေဦးကွ ဟိုကောင်တွေရော ဘာလုပ်နေကြတာလဲ"

"အချိန်ကျရင် မင်းအလိုလို သိသွားမယ် အလင်း"

အလင်းရောင် ကျစ်ခနဲ စုတ်သပ်လိုက်၏။ ပိုင်ပိုင်က ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လျှို၍ စတိုင်ကျကျရပ်ကာ အလင်းရောင်ကို စိုက်ကြည့်ပြီးပြောသည်။

အလင်းရောင် မျက်မှောင်ကျုံ့ပြီး

"အချိန်ရရင် ဘာအချိန်ရရင်လဲ"

"ရှစ်နာရီခွဲတိတိကွာ"

ခန့်ညားး စိတ်မရှည်သလို ပြောသည်။

"ရှစ်နာရီခွဲတိတိ"

အလင်း သံယောင်လိုက်၍ တိုးတိုးရွတ်၏။ ပြီးမှ အလင်းရော
လက်ကောက်ဝတ်ကို မြှောက်ကြည့်သည်။

ကြည့်မိမှ နာရီပါမလာမှန်းသိတော့ အလင်း မျက်နှာလေ
ရှက်ရိပ်ပြေးသွားသည်။ ခန့်ညားတို့က အလင်းအဖြစ်ကို မျက်မြင်
ပြုံးကြလျှင် အလင်း ပို၍ရှက်သလို ဖြစ်သွား၏။

အနီးမှာရှိနေတဲ့ ပိုင်ပိုင်ပခုံးစွန်းကို လက်သီးဆုပ်နဲ့ ဖွဖွထ
လိုက်ရင်း





"မင်းတို့ကောင်တွေကွာ ကိုယ့်ကိုတကယ် ချောက်ချတယ်"

"ချောက်ချတာ မဟုတ်ဘူး။ မင်းစိတ်က ဘာမှမသိရသေးတဲ့ ဖြစ်စဉ်တစ်ခုအပေါ် အသည်းအသန် စိတ်ဝင်စားနေတာ သိပ်သိသာလွန်းတယ်လေ"

"အဲဒါ မင်းတို့ကောင်တွေကြောင့်"

"ကိုယ်တို့ကြောင့်ဆိုတာ ကိုယ်တို့ ဝန်ခံတယ်၊ ဘာပဲဖြစ်ဖြစ် မင်း အသည်းအသန် စိတ်ဝင်စားနေပြီမဟုတ်လား"

ခန့်ညား မေးဆတ်ရင်းမေးသည်။ အလင်းရောင် ဝန်မခံတတ်အောင် ရှက်စိတ်တို့နှင့် မလုံမလဲ ပြုံးသည်။

"မင်း ဝန်မခံရင်လည်း ကိစ္စမရှိဘူး။ မကြာခင် ရှစ်နာရီခွဲတော့မယ်၊ ခွဲအတိဆိုရင် မင်းရင်ထဲက သိချင်စိတ်အားလုံးရဲ့ အဖြေပေါ်လာမယ်၊ စောင့်ကြည့်ကွာ"

ခေတ်လူ ပြောရင်း ကားတန်းရှည်ကြီးကို အစအဆုံး ကြည့်သည်။ အလင်းရောင်စိတ်က စောင့်ရတာကို ပို၍ဘဝင်မကျသလို ဖြစ်လာသည်။

"ရှစ်နာရီခွဲဖို့ ဘယ်လောက်လိုသေးလဲ"

အလင်း ပွင့်ပွင့်လင်းလင်း မေးသည်။ ပိုင်ပိုင်က အလိုက်သိသလိုနှင့် ဘယ်လက်ကိုဆန့်၍ အလင်းရောင်ရှေ့ကို နာရီထိုးပြသည်။

ရှစ်နာရီနဲ့ နှစ်ဆယ့်ရှစ်မိနစ်တိတိ။

ဒါဆို နှစ်မိနစ်ပဲလိုတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နှစ်မိနစ်ဆိုသည့် အသိက အလင်းရောင် ရင်အုံကို သိသိသာသာ လှုပ်ရှားသွား၏။ အားလုံးကို ဖြန့်ကျက်ကြည့်လိုက်တော့ အလင်းရောင် ပို့ပြီး စိတ်လှုပ်ရှားလာသည်။

လူရွယ်အားလုံး ကားဘေးမှာ မိုရပ်နေသလိုဖြစ်ကာ နှစ်မိနစ် ပြည့်ရင်ပေါ်လာမယ့် တစ်စုံတစ်ရာအပေါ် အာရုံသက်ဝင်လျက် ငြိမ်သက်နေကြသည်။

အချင်းချင်း စကားပြောဖို့လည်း စိတ်ဝင်ဟစား မရှိကြတော့။

အားလုံးသော မျက်ဝန်းတို့က တစ်စုံတစ်ယောက် အပေါ် တောင့်တစိတ်လေးနဲ့ တမ်းတနေကြသည်။ စက္ကန့်တွေကို တိတ်ဆိတ်စွာ ဖြတ်ကျော်ရင်း ရင်တွေတဒိတ်ဒိတ်ခုန်နေသလို ဖြစ်နေကြသည်။

အားလုံးထဲမှာ အလင်းရောင်က ပို၍ ရင်အခုန်ဆုံးဖြစ်နေမှန်း အလင်းကိုယ်တိုင် သိနေသည်။ အလင်းမျက်ဝန်းက ပိုင်ပိုင်လက်က ရာဇိနာရီဆီရောက်လိုက်၊ အားလုံးငေးမောနေတဲ့ လမ်းကြောဆီရောက် လိုက်နှင့်။

စောင့်မျှော်နေရတဲ့ တစ်စက္ကန့်က ကမ္ဘာအစအဆုံး လှမ်း လျှောက်နေတယ် ထင်ရလောက်အောင် ကြာလှသည်ဟု အလင်းရော စိတ်ထဲ ထင်မိသည်။

လူရွယ်ထုက ရာနီးပါးရှိနေ၏။ ထိုရာနီးပါးထဲမှာ အလင်းရော က အသိသာဆုံး စိတ်လှုပ်ရှားနေသူဖြစ်သည်။

မျက်စိတစ်မှိတ်က တစ်စက္ကန့်တဲ့။





အလင်းရောင် မျက်လုံးအကြိမ်ကြိမ် မှိတ်မိမတတ် စိတ်ကလည်း

တစ်စက္ကန့်

နှစ်စက္ကန့်

သုံးစက္ကန့်

စသဖြင့် တိုင်ပင်ကျကျ ရေတွက်နေသည်အထိ။

စက္ကန့်တွေ နီးလာလေ မျက်ဝန်းအစုံက နေခြည်ရောင်လို ပို ထင်းလက်ပူနွေးလာလေနှင့်

ရင်ခုန်သံတို့ကလည်း ဒုတ် ဒုတ် ဒုတ် ဒုတ်နဲ့

စည်းချက်ကျကျ ရင်ခုန်ရင်း

နှစ်မိနစ်ဆိုတဲ့ စက္ကန့်ချောက်ဆယ်ပြည့်ဖို့ တစ်စက္ကန့်ပြီး တစ် က္ကန့် ရေတွက်နေမိသည်က ခုဆိုရင် နှစ်စက္ကန့်ပဲ ကျန်တော့သည်။

နှစ်စက္ကန့်ပဲဆိုတဲ့အသိက

နေခြည်နုနုနွေးနွေးမှာ လေပြည်လေညင်းလေး နှောသွဲ့ယှယ လို ကြည်နူးသော နှုတ်ခမ်းပါးနဲ့မျက်ဝန်းတို့က စိုဖိတ်လင်းလက်လာ သည်။

ခံစားမှုတို့ နွေးထွေးသွားသည်။

တစ်စက္ကန့်

အင်း ပြီးရင်

နှစ်စက္ကန့်။

ရှစ်နာရီခွဲတိတိဆိုတဲ့အချိန်က နေခြည်နုထွေးထွေးမှာ အလင်း



www.burmeseclassic.com

www.burmeseclassic.com



တရားနဲ့ ခံစားမှုအားလုံးကို သိမ်းမွေ့နှမ်းရှိုက်ခံရသလို ရင်ခုန်သံ အရည်ပျော်ကျလုမတတ်ဖြစ်သွား၏။

လမ်းဘေးတစ်ဖက်တစ်ချက်မှာ စီတန်းရပ်ထားတဲ့လမ်း လှမ်းဝင်လာတဲ့ တစ်ဦးတစ်ယောက်ဆီ အားလုံးသော မျက်ဝန်းနဲ့ ခံစာ တွေ စီးဆင်းနေမောသွားသလို

အလင်းရောင်ရဲ့ခံစားမှုအားလုံးသည်လည်း ရေစီးကြောင်း ပါသွားတဲ့ ပွင့်ဖတ်လေးလို တအိအိမျောပါသွားသည်။ ထို့ပြင် နှလုံးသာ က ငြိမ့်ညောင်းခြင်းရသထဲ ပျော်ဝင်သွားသည်မှာ မြင်ကွင်းထဲဝင်လ တဲ့ ထိုမိန်းကလေးကြောင့်ဆိုတာ ကိုယ်တိုင်လည်း ငြင်းနိုင်တော့မည် မထင်။

■ ■ ■

နေခြည်ရောင်နုနုနွေးနွေးက နံနက်ခင်းအလှရောင်စဥ်အလ နှယ် သဘာဝအတိုင်း လင်းဖြာနေသည်က ထိုမိန်းကလေး၏ သဘာ အလှကို မီးစလိုက်ထိုးထားသလို ပေါ်လွင်နေ၏။

မြင့်မြင့်စွင့်စွင့်ရှိသော မိန်းကလေး၏အရပ်က မတ်မတ်ကြ ကလေးဖြစ်နေသလို ပြည့်တင်းသွယ်လျသော ကိုယ်ဟန်ကောက်ကြော လေးက ယောကျ်ားထုအတွက် အကြည့်လွှဲရခက်အောင် ယစ်မူးပျော် မတတ်ဖြစ်စေသည်။

မြန်မာအကျီလက်ပြတ်နှင့်ရင်ဖုံးပုံက ခါးနဲ့အတိ။ ခါးမှခြေမျာ တိုက်ရိုးရိုးထဘီကို ချပ်ချပ်ကပ်ကပ်လေး ဝတ်ထားသဖြင့် အတုအယော



ဟုတ်တဲ့ သဘာဝ ကိုယ်နေဟန်လေးကို ရှင်းရှင်းချည်းမြင်ရတော့ လင်းရောင် နှလုံးသားက နေခြည်ရောင်လို နွေးသွားစေသည်။

ဆင်စွယ်ရောင်နုနုလေးပေါ်မှာ ရွှေရောင်လှိုင်းချိတ်အဆင်လေး ပါသော ပိုးချိတ်ထဘီနှင့် ဆင်စွယ်ရောင် ပိုးသားပြောင်အကျီလေး ကြောင့် ပန်းနုရောင်လှဲ့လှဲ့ပြေးနေသော မိန်းကလေး၏ အသားအရည်ကို အိဝင်းဝင်းလေး လင်းနေစေ၏။

လည်တိုင်မှာ ပုလဲကြိုးတစ်ကုံးတည်း ဆင်ထား၏။ ခြေသလုံး လယ်ထိ ရှည်လျားပြီး နက်မှောင်အိစင်းဖြာကျနေသော ဆံနွယ်တို့ကို ယ်ဘက်ပခုံးစွန်း နားရွက်ဘေးမှာ တစ်ဖက်တည်း ဘေးကျကျ စည်း ာင်ထားသည်။

ရင်အုံရှေ့မှာ ဆံနွယ်ရှည်ကြီးကို အဖြောင့်အတိုင်း ရိုးရိုးလေး ချထားသည်။ နားရွက်ထူထူပေါ်မှ ပုလဲရောင် နားကပ်လေးက ဝင်းခနဲ က်ဖြာနေသည်။

ပိုးသားနဲ့ဖဲ ဒီဇိုင်းထွင်ထားသော ငွေကိုင်းတပ် အလှလက်ဆွဲ တ်ကလေးကို ညာလက်နဲ့ကိုင်ကာ ဆင်စွယ်နှစ်ရောင် ပုံတော်ဖိနပ်မြင့် ခါးလေးမတ်ကာ လျှောက်လာတဲ့ဟန်က ကိုယ့်ကိုကိုယ် ယုံကြည်မှု ပြည့်ရှိသော မြန်မာ့သမီးပျိုနှယ်။

လမ်းဘေးတစ်ဖက်တစ်ချက်မှာ စူးစူးနစ်နစ် စိုက်ကြည့်နေကြ လူရွယ်ယောကျ်ားပေါင်းများစွာ စီတန်းနေတာ သိနေပေမယ့် ထို ကလေးခြေလှမ်းတွေက နှမ်းတစ်ထောက်စာမျှမလွှဲမယွင်း ပျက်မှ



www.burmeseclassic.com

www.burmeseclassic.com



သွား။

ဘယ်ဆီကိုမှ မျက်လုံးအကြည့်လည်းမရောက်ပေ။ ရှေ့တည့် တည့် ရှုကြည့်ရင်း ပုံမှန်ဖြေလှမ်းတို့နှင့်လျှောက်လာနေတဲ့ မိန်းကလေ တရွေ့ရွေ့နီးလာလေ အလင်း ရင်ခုန်သံတွေမြန်လာရသည်လေ။

အလယ်ခွဲဆံပင်ပုံရိုးရိုးက ကကြီးပုံလေးလိုဖြစ်ကာ နဖူးကျဉ် ကျဉ်းလေးအောက်က လေးကိုင်းပုံ မျက်ခုံးတန်းထူထူက ဆေးရောင်မပ ဘဲ နက်မှောင်၍နေသည်မှာ ရိုတ်သင် ပုံဖော်ထားတာမျိုးမဟုတ်ဘ သဘာဝအတိုင်းဖြစ်မှန်း သိသာနေသည်။

နက်မှောင်စိတ်ဖြာနေသော ပိုးသားမျှင်လို နူးညံ့တဲ့ မျက်တော တို့က တိုပေမယ့် မက်စ်ကာလာ အကူမပါဘဲ နဂိုအတိုင်း ကော့ညွတ် နေ၏။

မျက်တောင်ပေါက်တို့ ပိုင်းရံထားသော မျက်သားဖြူလဲ့လဲ့ပေါ်မှ မျက်ဆန်နက်လေး ဝိုင်းဝက်၍ ရွှန်းစိုတောက်ပနေသည်က စိန်ပွင့်လ တလက်လက် လင်းနေသည်။

မျက်ခုံးနှစ်ဖက်နဲ့ မျက်ဝန်းကြားမှ သွယ်တန်းစင်းကျလာသည် ကတော့ ဖြောင့်တန်းနေသော နှာတံလေး။ အနီရောင် နှင်းဆီပွင့်ဖ လေးလိုဖြစ်နေသော နှုတ်ခမ်းပါးနှစ်လွှာက ပါးပါးလေးနှင့် ထောင့်ချိုး ၏။

ဝိုင်းဝန်းသော မျက်နှာပေါ် အစက်အပြောက်ဆို၍ ကင်းမှ ကာ ပန်းနုရောင်လဲ့လဲ့ ပြေးနေသည့် ပါးပြင်နှစ်ဖက်က မွတ်အိချောညေ





လှသည်။

သူမဖော်အလှတရားက မြင်ရုံနဲ့ ရင်ခုန်သံမရပ်နားအောင် ညှို့ ဆောင်နိုင်သလို ယာအက်ပါးပြင်မို့မို့ထက်မှာ မဟူရာရောင် နက်ပြောင် ထင်းလက်နေတဲ့ မှည့်နက်ကလေးက အလှတရားတွေအားလုံး စုပြုံနေ သည့်နှယ်။

ဒါကြောင့်မို့ထင်သည် ကြည့်လိုက်တဲ့ ယောက်ျားတွေရဲ့ မျက်ဝန်း တ ထိုမိန်းကလေးရဲ့ ကိုယ်အလှကောက်ကြောင်းဆီမှ သည်ပါးပြင်ပေါ်မှ မှည့်နက်ကလေးဆီမှာ မျက်တောင်မခတ်တမ်း ဝပ်ဆင်းငြိမ်သက်ကုန် သည်။

ဖြတ်လျှောက်သွားတဲ့ သူမ ကိုယ်မှသင်းပျံ့လာတဲ့ ရနံ့မွှေးမွှေး ထုံထုံက မိတ်ကပ်ရနံ့ ရေမွှေးရနံ့မဟုတ်ပါ။ တစ်ကိုယ်လုံး ပါးပါးမှုန်မှုန် လေး လိမ်းကျံထားတဲ့ ရှင်မတောင်သနပ်ခါးရနံ့ကို အလင်းရောင် အာရုံ က သိသိသာသာ ခွဲခြားသိရှိသွား၏။

ထိုဣန္ဒြေ၊ ထိုအလှ၊ ထိုရနံ့၊ ထိုအမူအရာ၊ ထိုခြေလှမ်း . . ။

ထိုထိုသော ရိုးစင်းယဉ်နုသော မိန်းကလေးမျိုး အလင်းရောင် ဘဝမှာ တစ်ခါမှ မမြင်တွေ့ မခံစားဘူးခဲ့။

တစ်ခါမြင်ရုံနဲ့ တစ်မိနစ် တစ်စက္ကန့်အတွင်း ဖြစ်တည်လာသော မိန်းမူးသာယာသည့် ရင်ခုန်ရသက နှလုံးသားဗဟိုဆီ တည့်တည့် တိုးဝင် လာတဲ့အခါ ဓလောကကြီးကို လုံးလုံးလျားလျား အလင်း မေ့သွားခဲ့၏။

မိန်းကလေးရယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းလေးဟာ ကိုယ့်နှလုံးသား ဗဟိုတည့်တည့်ကို အသော **မထက်သော** ရင်ခုန်လှိုင်းတို့ ပစ်သွင်းနိုင်ခဲ့တဲ့ ညို့ဘုရင်မလေးပါပဲ။

**ထက်ယံပါကွယ်။**

■ ■ ■

"အလင်းရောင်"

ခေတ်လူ့ အနှားကပ်ခေါ်သော်လည်း အလင်းရောင်က အတွေး ထဲမှာ လိုက်လိုက်လှဲလှဲ စီးဝင်နေဆဲ။

ခေါ်သံတွေ ဘာတွေကိုမှ သတိမထားမိသလို မျက်တောင် မခတ်တမ်း ငေးငေးချည်း ရပ်ကြည့်နေဆဲဖြစ်သည်။

"အလင်းရောင်"

ပခုံးဖက်ပြီး ထပ်မံခေါ်တဲ့ ခေတ်လူ့အသံရှုးရှူးကြောင့် စီးဝင် နစ်မျောသွားတဲ့ အလင်းရောင် ရင်ခုန်လှိုင်းကို တားဆီးသလို ဖြစ်၏။

အလင်းရောင် အသိဝင်လာတော့ အမြင်အာရုံရှေ့မှာ သူမ လည်း ရှိမနေသလို သူမ ကိုယ်သင်းရနံ့ မွှေးမွှေးလေးလည်း ခံစားခွင့် မရတော့။

ထိုအခါ နှလုံးသားမှာ ကွက်လပ်တစ်ခုလို ဟာခနဲဖြစ်၏။

မြန်မာစတား ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကြီးထဲ ဝင် ရောက်ပျောက်ကွယ်သွားတဲ့ သူမက စက္ကန့်ပေါင်းများစွာမှသည် မိနစ်တွေ ပင် ကြာခဲ့ပြီ။

ရင်ခုန်တမ်းတစွာ မျှော်လင့်တကြီး စောင့်ကြည့်နေသူတွေ





အားလုံး ကြည်နူးဖြေသိမ့်သော စိတ်ခံစားချက်တို့ဖြင့် ကျောခိုင်းကာ အသီးသီး ထွက်သွားကုန်ပြီ။

အားလုံးထဲမှာ အလင်းရောင်တို့အုပ်စုပဲ ကျန်တော့သည်။

ခေတ်လူ့ ခေါ်သံနောက်မှာ အလင်းရောင် ဘာတစ်ခုမှ ပြောမရ လောက်အောင် ရင်မှာ နက်နက်ရှိုင်းရှိုင်း ခံစားရသလို သက်မလေး လေးချမိသည်။

သူငယ်ချင်းတွေနဲ့အတူ မြန်မာစတားကို ကျောခိုင်းထွက်လာ ခဲ့ပေမယ့် ရင်ခုန်သံနဲ့ ခံစားမှုတစ်ခုခုက မြန်မာစတား၏ ပလက်ဖောင်း လမ်းဘေးမှာ ကျန်ခဲ့၏။

သေချာတာက ဆယ်နှစ်တာ ပင်ပန်းနွမ်းနယ်ခဲ့သော အလင်း ရောင် ဘဝမောက သူမကြောင့် တစ်မိနစ်ဆိုတဲ့ အချိန်အတောအတွင်းမှာ ရုတ်ချည်းတိမ်မြုပ် ပျောက်ကွယ်သွားသည့်နှယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

"မင်းရင်ဘတ်ထဲ ဘာဖြစ်သွားလဲ အလင်းရောင်"

ခန့်ညား မျက်စပစ်၍မေးသည်။ စားပွဲအပြည့် ပြင်ဆင်ထားတဲ့ မနက်စာ စားပိုင်းကို အလင်းရောင် ငေးကြည့်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

အိပ်ရာထဲ အတင်းဆွဲခေါ်လာတဲ့ သူငယ်ချင်းတွေကြောင့် ခုချိန်ထိ အလင်းရောင် ဘာမှမစားရသေးပါ။ သို့သော်လည်း ဆာလောင်တာတွေ မရှိသလို ခံစားရတာတော့ အမှန်။

သူငယ်ချင်းသုံးယောက်က အစားမပျက်ကြ။ စားရင်းသောက်ရင်း တိတ်ဆိတ်နေတဲ့ အလင်းရောင်ကို မျက်ခြေမပြတ်ကြည့်ရင်း ခန့်ညား စကားစလိုက်ခြင်း။





အငွေ့သေနေတဲ့ ကော်ဖီခွက်ကို စိုက်ကြည့်ရင်း အလင်းရောင် မျက်တောင်တစ်ချက်ခတ်သည်။

တစ်ခုခု ပြောချင်သော်လည်း စကားလုံးရှာမတွေ့လောက်အောင် ရင်ထဲမှာ ခံစားနေမိတာ ကိုယ်တိုင်အသိဆုံး။

"ပြောလေကွာ"

အလင်းရောင် စားပွဲစွန်းကို ရင်ဘတ်နှင့်မှီထိုင်နေရာမှ ကိုယ်ကို မတ်ထိုင်လိုက်သည်။ ပြီးမှ သူငယ်ချင်းတွေကို ဝေ့ကြည့်၍ ခေါင်းဆတ်မိ၏။

"တစ်မျိုးပဲကွာ"

"တစ်မျိုးတွေ နှစ်မျိုးတွေ လုပ်မနေနဲ့ ဘယ်လိုခံစားရလဲ၊ ဖီလင်ကို ပြောကွာ"

ပိုင်ပိုင် ချောကလက်ကိတ်ဝါးရင်း စိတ်မရှည်သလို ပြောသည်။

ဖီလင် တဲ့။

ခုမှပဲ ရင်ထဲက ဖီလင်ကအရှိန်တက်လာသလို နှလုံးသားမှ တစ်ဆင့် လည်မျိုဆီ ဆန်တက်လာသည်။ ထိုအခါ အလင်း နှုတ်မှ ပီပီသသ လိုမ့်ထွက်လာ၏။

"ကိုယ့်ရင်မှာ နက်နက်နဲနဲ ငြိသွားတယ်၊ ပြီးတော့ မြတ်မြတ်နိုးနိုး ဖက်တွယ်ထားချင်တယ်ကွာ"

"ထင်သားပဲ"

ခေတ်လူက ကြိုသိနှင့်သလို ပေါ့ပေါ့လေးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တကယ်ပြောတာ"

"မင်းမျက်ဝန်းကို ကြည့်ရုံနဲ့ ကိုယ်တို့သိတယ် အလင်း"

ခန့်ညား ကော်ဖီခွက်လေးပင့်ကိုင်ရင်း ပြောသည်။ ပိုင်ပိုင်နဲ့ ခေတ်လူက ခေါင်းလေးအသာဆတ်ကာ လေးလေးနက်နက် ထောက်ခံသည်။

"မင်းမှမဟုတ်ဘူး။ ကိုယ်တို့တောင်တွေအားလုံး အဲဒီ ဖီလင် ခံစားခဲ့ရတယ်၊ ခုချိန်ထိလည်း ခံစားရဆဲပဲ"

"ဒါဆို"

"ဟုတ်တယ် မမြင်ရရင် မနေနိုင်ဖြစ်တဲ့ ခံစားချက်က သိပ် ပြင်းထန်လွန်းတယ်၊ ဒါကြောင့် ကိုယ်တို့တွေ မနက်တိုင်း အရေးတယူ စောင့်ကြည့်တဲ့အထိ ယစ်မူးခဲ့တယ်ကွာ၊ မမြင်ရတဲ့ မနက်ခင်းဆိုရင် တစ်နေ့လုံး နေမထိ ထိုင်မသာနဲ့ ကိုယ့်ကိုကိုယ်ပဲ ဘဝင်မကျသလို အမြင်မကြည်သလို ဖြစ်လာတဲ့အထိပဲ၊ မြင်လိုက်ရတဲ့ မနက်ခင်းဆိုရင် ရင်ထဲမှာ ကြည်နူးချမ်းမြေ့ပြီး လုပ်ငန်းခွင်ဝင်ရာမှာလည်း တက်တက် ကြွကြွနဲ့ ကိစ္စတိုင်း အိုကေအောင် လုပ်ဆောင်နိုင်တဲ့ စွမ်းအားတစ်မျိုး လို ခံစားရတယ် သူငယ်ချင်း"

ပိုင်ပိုင် မျက်ခုံးလေးပင့်ကာ တည်တည်ငြိမ်ငြိမ် ပြောနေတာက ဆယ်ပိုပြောနေတဲ့ ဖီလင်မဟုတ်ဘဲ အစစ်အမှန်ဆိုတာ ယောက်ျားချင်း မို့ အလင်း ပိုလက်ခံသလို ခံစားရသည်။

"ဒါကြောင့် ကိုယ်တို့ မနက်တိုင်းစောင့်ကြည့်နေမိတာ ရင်ဘတ်





ထဲက တောင်းဆိုတဲ့ ဖီလင်ကြောင့်ပဲ၊ ကိုယ်တို့တင်မကဘူး၊ မင်းမြင်ဟဲ့ အတိုင်း ယောက်ျားထုက မနည်းမနောလေ"

"နေပါဦး မင်းတို့ဖီလင်က အဲလို စောင့်ကြည့်ရုံနဲ့ ကျေနပ် သွားသလား"

အလင်း မေးလိုက်တော့ ခန့်ညားတို့သုံးယောက်စလုံး ပြိုင်တူ စိုက်ကြည့်ကာ ပြုံးသည်။ ထိုအပြုံးက အလင်းရောင် ရင်ထဲ ရှုပ်ထွေး သွားသလို ဖြစ်စေသည်။

"ပြောလေကွာ"

"အဟင်း မကျေနပ်လို့မှ မဟုတ်ဘဲ"

"ဘယ်လို ပိုင်ပိုင်"

"မင်း နားလည်အောင်ပြောရရင် အဲဒီလောက် ဖီလင်ရှိတဲ့ မိန်းကလေးကို ဘယ်ယောက်ျားလေး မလိုက်ဘဲ နေနိုင်မလဲ"

"ဒါဆို လိုက်တာပေါ့ ဟုတ်လား ခေတ်လူ"

"လိုက်တာမှ အားလုံးပဲ"

"ဟင်"

အလင်းရောင်ရင်မှာ ဒိုင်းခနဲ မှန်သွားၓ၏။ အားလုံးလိုက်ကြ သတဲ့။ ခေတ်လူ ကော်ဖီတစ်ကျိုက် ဖိမ်ခံသောက်ပြီး ဆက်ပြောသည်။

"လိုက်ကြတာလည်း နည်းမျိုးစုံပဲ"

အလင်းရောင် နှလုံးသား တဒိတ်ဒိတ် ခုန်သွား၏။

"ရလား"



www.burmeseclassic.com

www.burmeseclassic.com



သိချင်စောကို အလင်းရောင် အောင့်မထားနိုင်တော့။ ဒိုင်းခနဲ ဖွင့်မေးဖိသည်က ရင်ခုန်စိတ်နှင့်ဖြစ်သည်။

ရုတ်တရက်ကြီး အလင်းရောင် မျက်လုံးပြူးမတတ်မေးတော့ ခန့်ညား တို့သုံးယောက် မျက်နှာလေးတွေ တည်တံ့ကာ ငြိမ်သက်သွား၏။

အတန်ကြာမှ ပိုင်ပိုင်က သက်မအသံချ၍ အလင်းရောင်ကို တည့်တည့် စိုက်ကြည့်ရင်းပြောသည်။

"ဘယ်နည်းနဲ့လိုက်လိုက် မရဘူး"

ဘယ်ယောက်ျားလေးမှ မရဘူးဆိုတဲ့အသံကြောင့် အလင်းရောင် ရင်ထဲမှာ ကျေနပ်သလိုဖြစ်သွား၏။

"ပဝါတစ်ကမ်း လက်တစ်ကမ်းလောက် အနားကပ်လို့မရဘူး။ ကပ်လိုက်တာနဲ့ ခွဲစေပြီသာမှတ်၊ ခွဲစေခံရတဲ့ကောင်တွေလည်း မနည်းဘူး။ ရဲစခန်းရောက် ဘာရောက်တွေဖြစ်တဲ့အထိဆိုတော့ နောက်ပိုင်း ဘယ်သူမှမလိုက်ရဲတော့ဘူး"

ဘယ်သူမှ မလိုက်ရဲအောင် စည်းနက်ကြီးတားထားတာ သိရတော့လည်း အလင်းရောင် ရင်မှာမွန်းကြပ်သလို ဖြစ်ရပြန်သည်။

"ဇာတ်လမ်းက ဒေးကြည့်ခြင်း ခေါင်းစဉ်အောက်မှာပဲပေါ့ အဲလိုလား"

"အဲဒီအတိုင်းပဲ အလင်းရောင်"

"ကိုယ် ရအောင်လိုက်ချင်တယ်ကွာ"

အလင်းရောင် ရင်ထဲက တောင်းဆိုတဲ့အတိုင်း ဖွင့်ချခနဲ ပြော





လိုက်သည်။ ခန့်ညားတို့သုံးယောက် အလင်းရောင်ကို စိုက်ကြည့်၍ သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်ချ၏။

"ဟား ဟား ဟား အလင်းရောင် ဟား ဟား"

ရယ်ကြသည်က အသောမတတ်။ ပြိုင်တူရယ်ကြတာက လှောင်ပြောင်ပြီး ရယ်တာမျိုးလည်း မဟုတ်။

အလင်းရောင် အလိုလိုမျက်မှောင်ကုပ်ကျသွားသည်။

"ဘာရယ်စရာပါလို့လဲ"

"မင်းရအောင်လိုက်မယ်ဆိုတာကို သဘောကျလို့ကွ"

"မရနိုင်ဘူးလို့ မင်းပြောချင်တာလား ပိုင်ပိုင်"

"မရတာက နောက်၊ အနားကပ်လို့တောင် မရဘူးလေကွာ၊ မင်း ဘယ်လိုလိုက်မလဲ၊ ခွဲစေခံရရင် မင်းဂုဏ်သိက္ခာ သွားပြီပေါ့။ မိန်းကလေးတစ်ယောက် ဣန္ဒြေပျက်အောင် နှောင့်ယှက်မှုနဲ့ မင်း ခံရမှာ ရာနှုန်းပြည့်မက ကျော်မှုရှိတယ်"

အလင်းရောင် ခေါင်းအသာရမ်းသည်။ ပိုင်ပိုင်တို့ ပခုံးတွန့်ကာ ရယ်မောနေတဲ့ မျက်နှာပေးတွေကို အရှိန်သတ်ကြည့်သည်။

"ကိုယ်တို့အပိုပြောတာ တစ်လုံးတစ်ပါးမှ မပါဘူး။ ကိုယ်တို့ ယောက်ျားထုတွေရဲ့ ဗီလင်က ပန်းမကိုင်ရဲ့ မာနကို ဘယ်လိုမှ လှမ်းမမီအောင် မြင့်လွန်းနေတယ်၊ မြင့်တာမှ တုံးခုပြီး လှမ်းလို့မရတဲ့အထိ၊ ထိချူနဲ့လည်း ချူလို့မရတဲ့အထိ ဒါကြောင့် ကိုယ်တိုင်ငေးကြည့်ရုံနဲ့ ရှစ်သိမ့်နေကြတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"**ဟုတ်တယ်** အလင်းရောင် ခန့်ညားပြောသလိုပဲ လက်ရှိ **အခြေအနေ**အရ အဲသလို ဖြစ်နေတယ်၊ ပြီးတော့ ပန်းမကိုဋ္ဌ်ကို အလွမ်း **ထက်** ထက်တဲ့ ဗီလင်နဲ့ ဘယ်ယောက်ျားတစ်ယောက်က ချူနိုင်မလဲ၊ **အောင်နိုင်**တဲ့ခံစားမှု သူ့ရဲ့ကောင်းကိုလည်း စောင့်ကြည့်နေကြတယ်၊ သေချာတာက ပန်းမကိုဋ္ဌ် နှလုံးသားကို ခံစားမှုပေးနိုင်တဲ့ ယောက်ျား ခုချိန်ထိ မရှိသေးဘူး"

"ရှိလာမယ်လို့လည်း ကိုယ်မထင်ဘူး"

ပိုင်ပိုင် စကားနောက်မှ ခေတ်လူက အခိုင်အမာ ပြောသည်။

ပန်းမကိုဋ္ဌ် နှလုံးသားကို ခံစားမှုပေးနိုင်တဲ့ ယောက်ျား တ ယောက်မှမရှိဘူးတဲ့။

အဲဒါက ယောက်ျားမာနကို ထိပါးတယ်လို့ အလင်းရော ခံစားမိ၏။

ထိပါးခံရတဲ့ ယောက်ျားမာနကြောင့် အလင်းရောင် မျက် လေး မသိမသာ တင်းသွား၏။

"အဲဒါက ယောက်ျားမာနကို အဆွခံရသလိုပဲကွ"

"နေဦး၊ မင်း မယုံတာလား"

ခန့်ညား စိုက်ကြည့်၍ အလင်းရောင်ကို မေးသည်။ ပိုင်ပို **ခေတ်လူ**လည်း အလင်းရောင်ကို တိတ်ဆိတ်စွာပဲ စိုက်ကြည့်ပြန်သ

အလင်းရောင် နှုတ်ခမ်းပါးလေးတွန့်ကာ မသိမသာ မဲ့

"မယုံတာ မဟုတ်ဘူး၊ ယောက်ျားမာနကို အထိပါးမခံနိုင်တ

"ဟေ"

"ဟုတ်တယ်လေ မိန်းကလေးတစ်ယောက်က ဘယ်လောက် မာနကြီးနိုင်မလဲ"

အလင်းရောင် မေးတော့ ခန့်ညားတို့သုံးယောက် ကိုယ်တွေ မတ်ခနဲ ဖြစ်ကာ မျက်လုံးပြူးထွက်မတတ် စိုက်ကြည့်ကြသည်။

"မင်းဆိုလိုတာက"

ပိုင်ပိုင် ဖျတ်ခနဲ မေးလျှင် အလင်းရောင်နှုတ်ခမ်းပေါ်က မဲ့ပြုံး လေးက ပီပြင်လာသည်။ အေးနေပြီဖြစ်တဲ့ ကော်ဖီခွက်ကို စိုက်ကြည့်၍ အလင်း အေးတိအေးစက်ပဲ ပြောချသည်။

"ပပဝတီလို သွေးနားထင်ရောက်အောင် မာနကြီးတဲ့ မိန်း ကလေးတောင် နောက်ဆုံး ဘာဖြစ်သွားသလဲ"

"ဟာ မင်းကုသထုံး နှလုံးမူမယ်ပေါ့ ဟုတ်လား အလင်းရောင်"

"အေး မင်းကုသထုံး နှလုံးမူမယ်ဆိုရင်တောင် ကိုယ်က ကုသ လို အောက်ကျနောက်ကျ ပန်တော်ဆက်မှာ မဟုတ်ဘူး ခေတ်လူ"

"မင်း ဒိုင်ယာလော့ခ်ကို ကိုယ် သဘောကျသွားပြီ အလင်း ရောင်"

ခေတ်လူ လက်ဖျစ်တီးရင်းပြောသည်က ခနဲ့သလိုလို ဘာလိုလို။

"ဟုတ်တယ် ကိုယ်တို့လည်း သဘောကျသလိုပဲ"

ခန့်ညားနဲ့ပိုင်ပိုင်ကလည်း ခနဲ့သလို ပြုံးပြီး ပြိုင်တူပြောသည်။ ယောက်ျားအချင်းချင်း သူငယ်ချင်းအချင်းချင်း ခနဲ့ခံရတာ ခံပြင်းဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် ခံပြင်းတာတွေကို မာနနဲ့အနားကွပ်ဘောင်ခတ် ထိန်းချုပ်လိုက်ပြီး

"မယုံရင် စောင့်ကြည့်၊ ကိုယ့်ရဲ့ယောကျ်ားမာနနဲ့ ပန်းမကိုင်ကို ကြွေသက်လာအောင် ချူပြမယ်"

"ဟာ အပီအပြင် ပြောနေပါလား ဝိုင်ဝိုင်"

ခန့်ညား နှုတ်ခမ်းတွန့်၍ ဝိုင်ဝိုင် မေးသလိုနဲ့ ခနဲ့ပြန်သည်။

"အင်းလေ အပီအပြင်ဆိုလည်း လိုက်ကြည့်လေကွာ၊ တကယ်လို့ ပန်းမကိုင်ကို မင်းလိုက်နိုင်ရင် မင်း ဂုဏ်တက်ပြီလို့သာ မှတ်လိုက်တော့"

"စိတ်ချ ဝိုင်ဝိုင် မင်းတို့အားလုံး ငေးမောနေကြတဲ့ ပန်းမကိုင်ကို ကိုယ့်ရင်ခွင်ထဲ ခေါင်းညွတ်ကျလာအောင် ကိုယ့်ရဲ့ ယောကျ်ားမာနနဲ့ ကိုယ့်ခံစားချက်အားလုံးပေါင်းပြီး ရအောင်လိုက်ပြမယ်"

အလင်းရောင် လက်မထောင်ပြောလိုက်တော့ ခန့်ညားတို့ မျက်နှာပေး တည်တည်လေး ပြောင်းကုန်သည်။ ခန့်ညားက မယုံသလိုလို ဘာလိုလိုနဲ့ ထပ်မေးသည်က

"တကယ်လား"

အလင်းရောင် ခပ်ကြိတ်ကြိတ်ဆဲ၍

"မယုံရင် စောင့်ကြည့်ကွာ"

"အိုကေ"

ခေတ်လူက လက်ဖျစ်တီး၍ စိတ်ဝင်တစား ပြောလာသည်။





"အဲဒါဆိုရင် ကိုယ်တို့ အဖြေစောင့်ကြည့်မယ်၊ အကယ်၍ ပန်းမကိုင်ကို မင်းလိုက်လို့ရရင် မင်းကို ကိုယ်တို့ ဂုဏ်ပြုပွဲလုပ်ပေးမယ်"

"မင်းတို့ ဂုဏ်ပြုဖို့သာ အသင့်ပြင်ထား"

"ကောင်းပြီလေ အားလုံးငေးမောနေရတဲ့ ယောကျ်ားတွေရဲ့ ဘာ ပန်းမကိုင်ရဲ့လက်တစ်ဖက်ကို မင်းတွဲပြီးလျှောက်ပြခွင့်ရတဲ့နေ့ မင်းကို ဂုဏ်ပြုဖို့ အဆင်သင့်ပဲ"

"စိန်လိုက်ကွာ"

အလင်းရောင် လက်မထောင်လိုက်သည်က မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိတဲ့ ဗီလင်နဲ့ပါ။

"အိုကေ စိန်တယ်ကွာ"

ခန့်ညားတို့ သုံးယောက်လည်း အပြိုင်အဆိုင်ပဲ လက်မထောင်သည်။

"အကယ်၍ မင်းလိုက်လို့မရရင်ကော"

ဝိုင်ဝိုင် ဖျတ်ခနဲမေးလျှင် အလင်းရောင် မျက်ခုံးနှစ်ဖက်ကို ခန်ပါပါပင့်ပြီး

"ကိုယ့်ရဲ့ယောကျ်ားမာနနဲ့ ခံစားမှုအားလုံးကို မင်းတို့ ခြေဖဝါးအောက်ပုံချ အရှုံးပေးပြီး L.A ကို ကိုယ်ပြန်မယ်"

"အိုကေ"

ခန့်ညားတို့ သဘောအကျကြီးကျ၏။ ထောင်ထားတဲ့ အလင်းရောင် မာန လက်မလေးကို သုံးယောက်စလုံးရဲ့ လက်မနဲ့ပြိုင်တူထိ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်

အလင်းရောင်လည်း ယုံကြည်မှုရှိရှိ တိုက်ပစ်ကာ

ယောက်ျားမာနနဲ့ နှလုံးသားပွဲစဉ်ကို အစပျိုးမိတော့၏။

ပန်းမကိုင်ရဲရယ်

ခံစားမှုကို ရှေ့ရှုတဲ့ ယောက်ျားမာနနဲ့ ပန်းမကိုင်ရဲ နှလုံးသားမှာ အောင်လံလွှင့်ထူပြပါမယ်။

မယုံရင် စောင့်ကြည့်ပါကွယ်။

■ ■ ■



## အခန်း (၄)

လေချွန်သံနဲ့ ခပ်မြူးမြူးဖြစ်နေတဲ့ သားအသွင်က ထူးခြားနေကြောင်း ဒေါ်ဝင်းဝင်းရွှေ သတိထားစ ဖြစ်လာသည်။

ပိုင်ပိုင်တို့နဲ့ ခွဲခေါ်သွားစဉ်က မျက်နှာက အောက်သိုးအောက်သက် ဘဝင်မကျမှုတွေနဲ့။

ပြန်ရောက်လာတော့ ထိုသို့ ထိုနယ် မြူးမြူးကြွကြွ ရွှင်ရွှင်လန်းလန်း ဖြစ်လာတာက နေ့တိုင်းလိုလို သားကို မျက်ခြေမပြတ် အကဲခတ်စောင့်ကြည့်နေတဲ့ ဒေါ်ဝင်းဝင်းရွှေ မြင်ရုံနဲ့ တစ်ခုခုကြောင့်ဆိုတာ အလိုလို သိသွား၏။

ဒါကြောင့် ပန်းအိုးထိုးဖို့ ပန်းခြံထဲက အလှဆုံးနှင်းဆီပန်းတွေ ရွေးချယ်ညှပ်နေတဲ့ ဒေါ်ဝင်းဝင်းရွှေ ပန်းညှပ်တာကို ချက်ချင်းရပ်ဖိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ညှပ်ဖြီးသား နှင်းဆီပန်းတွေကို အိမ်စေကောင်မလေး မိလှ
လက်ထဲ ထည့်ပေးပြီး ပန်းခင်းကို ကျောခိုင်းကာ တိုက်ထဲလှမ်းဝင်ခဲ့သည်။

သိချင်စိတ်နဲ့ သားအခန်းရှိရာ အပေါ်ထပ်သို့ ချက်ချင်း တက်
သည်။ သား အခန်းဝမှာ ခြေစုံရပ်၍ ကျွန်းတံခါးအသာဟကာ အခန်းထဲ
ချောင်းကြည့်မိသည်။

သားက ခုတင်ပေါ် ပက်လက်လှဲလျက် ဖက်လုံးကြီးပိုက်ကာ
စိတ်ကူးယဉ်နေတဲ့ မျက်နှာနှင့် ပြုံးဖြီးဖြီးဖြစ်နေ၏။

ဒေါ်ဝင်းဝင်းရွှေ နှုတ်ခမ်းသားလေး စေ့ပိတ်ကာ အခန်းထဲ
လှမ်းဝင်၍ တည်တည်ငြိမ်ငြိမ် ခေါ်လိုက်သည်။

"သား"

ခေါ်သံကြောင့် ဖျတ်ခနဲ လှမ်းကြည့်သည့်သားမျက်နှာက
မိခင်ကိုမြင်တော့ ရှက်ရိပ်နှင့်မလုံမလဲ ဖြစ်သွားသည်။

"မာမီ"

ခေါ်၍လှဲနေရာမှ ထထိုင်၍ ဖက်လုံးကို ကိုယ်ပေါ်မှဖယ်ချသည်။

"သား အတော် မြူးနေတာပဲ၊ ဘာဖြစ်လို့လဲ သား"

ဒေါ်ဝင်းဝင်းရွှေ သားခုတင်မှာ တင်ပါးလွှဲထိုင်သည်။ လည်က
လည်း သားဆံပင်ရှည်လေးကို ချော့မော့သလို ပွတ်သပ်ရင်း သိချင်တာ
ကို ပွင့်ပွင့်လင်းလင်း မေးသည်။

အလင်းရောင်က ပခုံးလေးဟန်ပါပါတွန့်၍ ပြုံးသည်။ မာ





မခုံးပေါ် ခေါင်းတင်ကာ ချွဲနွဲ့လိုက်ပြီး

"သားကလည်း မာမီကို ပြောပြချင်နေတာ"

"ဟင် ဘယ်လို"

ဒေါ်ဝင်းဝင်းရွှေ မျက်ခုံးနှစ်ဖက် ပင့်တက်သွားပြီး အံ့သြသံ
လေးနဲ့ စိတ်ဝင်စားသွား၏။ အလင်းရောင် မာမီ ပခုံးကို လက်နှစ်ဖက်
နဲ့ဆိုင်းဖက်ရင်း ပြောသည်။

"ဟုတ်တယ် မာမီ"

"ပြောပါဦး ဘာလဲ သား"

"ပိုင်ပိုင်တို့ခြံတဲ့ ပန်းမကိုင်ရှုကို သား မြင်မြင်ချင်း ချစ်မိတယ်
မာမီ"

"ဟင်"

ဒေါ်ဝင်းဝင်းရွှေ တအံ့တသြ ရင်ဘတ်ဖိကာ နှုတ်ခမ်းပါးလေး
သိသိသာသာ လှုပ်ခတ်သွား၏။

အလင်းရောင်က မာမို့ပခုံးထက်မှ ခေါင်းလေးပြန်မတ်ကာ
မာမီလည်တိုင်လေးကို တစ်ချက်မွှေးပြီး

"မာမီ သိပ်အံ့သြသွားသလား"

"အံ့သြတာပေါ့ သားရယ် သားက မာမီ စီစဉ်ပေးသမျှ ဘယ်
မိန်းကလေးကိုမှ စိတ်ဝင်တစားမဖြစ်ဘဲ အခုတော့ မြင်မြင်ချင်း ချစ်တယ်
ဆိုတော့"

"သား တကယ်ပြောတာ မာမီ၊ ပန်းမကိုင်ရှုကို မာမီမြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



သားလိုပဲ ချစ်သွားမယ်၊ မာမီကို သားပြမယ်''

မာမီ ယဲ့ယဲ့လေးပြုံးပြီး အလင်းရောင်ကို စိုက်ကြည့်သည်။ အလင်းရောင်က မာမီ့အမိန့်၊ မာမီဩဇာအောက်က ရုန်းထွက်လို့မရတဲ့ တစ်ဦးတည်းသောသား။

ဒါပေမဲ့ ဘာကိစ္စ ဘာခံစားချက်ကိုဖြစ်ဖြစ် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောခွင့်ဆိုခွင့်ရထားသည်။

''မာမီ မြင်ချင်လား''

''မာမီ မြင်ဖူးပါတယ် သားရယ်''

''တကယ်''

''တကယ်ပေါ့ သားရဲ့၊ မြန်မာစတား ရှေးဟောင်းပစ္စည်းဆိုင်ကြီး ဖွင့်ထားတယ်လေ၊ ဟုတ်တယ် မဟုတ်လား''

မာမီ ခပ်ပြုံးပြုံးလေးမေးတော့ အလင်းရောင် အားတက်သရော ခေါင်းညိတ်၏။

''ဟုတ်တယ် မာမီ၊ ပန်းမကိုင်ရှုကို မာမီ ဘယ်လိုသဘောထားလဲဟင်''

''မြင်ကတည်းက ချွေးမတော်ချင်တဲ့စိတ်ဖြစ်သွားတယ်လေ''

''ဟာ မာမီ တကယ်လားဟင်''

''သားရယ် ပန်းမကိုင်ရှုလို မြန်မာဆန်တဲ့အလှမျိုး ဘယ်မှာမှ ရှာတွေ့နိုင်မှာ မဟုတ်ဘူး၊ မြန်မာဆန်တဲ့အလှရှိသလို သိမ်သိမ်မွေ့မွေ့ ရှိတယ်၊ အတွေးသစ် အမြင်သစ်ရှိပြီး ထက်မြက်ရုံမက၊ နိုင်ငံတကာနဲ့





ရင်ဘောင်တန်းတဲ့ စီးပွားရေးအမြင်လည်းရှိတယ် သားရဲ့''

''အလို့ မာမီက အဲဒီလောက်ထိ သိနေတယ်ပေါ့လေ''

''မသိဘဲနေမလား မြန်မာစတား မြန်မာ့ရှေးဟောင်းပစ္စည်း အရောင်းဆိုင်တွေက နိုင်ငံတော်တော်များများမှာ ရှိတာလေ၊ ကိုယ့်နိုင်ငံ ယဉ်ကျေးမှုကိုဆောင်နိုင်တဲ့ အရောင်းဆိုင်တွေ နိုင်ငံတကာယဉ်ကျေး ကြားထဲ တိုးဖောက်နိုင်အောင် ပြုနိုင်တဲ့စွမ်းရည်က မြန်မာမိန်းကလေး င်းမှာရှိတဲ့ စွမ်းရည်မျိုးမဟုတ်ဘူး သားရဲ့၊ ပန်းမကိုင်ရှုမှာပဲ အဲဒီ းရည်ရှိတာလေ၊ အလှရော စွမ်းရည်ကော ထက်မြက်မှုတွေကောရှိတဲ့ န်းကလေးကို မာမီတို့လို မိခင်လောင်းအနေနဲ့ သမီးအရင်တော်လို ရင်တောင် ချွေးမတော်ချင်တဲ့စိတ် အပြည့်ရှိတာပေါ့ သားရဲ့''

အလင်းရောင် ရင်မှာ ကြည်နူးစွာ မိခင်ကို တင်းကြပ်နေအောင် ဖက်မိတော့၏။ ဒေါ်ဝင်းဝင်းရွှေ သားရဲ့ဆံပင်ကို သပ်ရင်းဆက်ပြော ည်။

''သား သိပ်အံ့ဩသွားလား''

''အံ့ဩတာပေါ့ မာမီရဲ့၊ မာမီက အစကတည်းက မပြောဘဲနဲ့''

''မပြောဖြစ်တာက အကြောင်းရှိတယ်လေ''

''ဘာအကြောင်းလဲ မာမီ''

''မာမီ့သားက မာမီမျက်စိကျတဲ့ ဘယ်မိန်းကလေးကိုမှ စိတ် င်စားဘူးဆိုတော့ သားကိုပြောဖို့ စိတ်မပါတော့ဘူး''

''ဟာ မာမီကလည်း သားတကယ်ချစ်သွားနိုင်တဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကျမှ မာမီ စိတ်မပါရတယ်လို့"

မိခင်ကို သိုင်းဖက်ထားတဲ့ သားလက်ကို ဖြုတ်၍ ဒေါ်ဝင်းဝင်းရွှေ ဆုပ်ကိုင်ပြီး သားကိုစိုက်ကြည့်သည်။

"အခု သား ဝန်ခံလို့ မာမီ ဖွင့်ပြောတယ်လေ"

"စောစောသိတော့ ပိုကောင်းတာပေါ့ မာမီ၊ ခုတော့ ဟိုကောင် တွေနက်သမျှ မာမီ့သား ခံရတာဗျ"

"သားက ဘာတွေခံလာရလဲ"

"သား အရှုံးလိုက်ပြမယ်ဆိုတာ ပိုင်ပိုင်တို့ မယုံဘူး မာမီ၊ သားကို ဝိုင်းဟားကြတာ၊ သားလည်း ဘာရမလဲ လက်မထောင်ပြီး အရလိုက်မယ်လို့ ကြေညာခဲ့တာ မာမီ"

"ဟေ သားကအရလိုက်မယ်"

မာမီ မျက်နှာလေး ဝင်းခနဲ လက်ကာ မေးတော့ အလင်းရောင် အတည်အတံ့ ခေါင်းညိတ်လိုက်ပြီး

"သား ပြိုင်ပွဲလုပ်ခဲ့ပြီးပြီ မာမီ၊ မရရအောင် လိုက်မယ် သားရဲ့ယောကျ်ားမာနနဲ့ ဂုဏ်သိက္ခာ၊ နှလုံးသား ခံစားမှုအတွက်"

"အိုကေ မာမီ ဘာကူညီရမလဲ"

အလင်းရောင် မာမီ့မျက်နှာပြည့်ပြည့်ကို အားကိုးတကြီးကြည့်

"ပန်းမကိုင်နှ်က ဘယ်သူ့ကိုမှ အနားကပ်ခွင့် မပေးဘူးတဲ့"

"အဲဒီတော့ မာမီ ဘာလုပ်ပေးရမလဲ"

"သား ချဉ်းကပ်ခွင့်ရအောင် မာမီက ပန်းမကိုင်နှ်မိဘဆီမှာ





ကြောင်းလမ်းပေးပေါ့"

"စိတ်ချ သားဆန္ဒအတိုင်း ဖြစ်စေရမယ်၊ သားဆန္ဒကို သားဒယ်ဒီသိအောင် ဖွင့်ပြောပြီး အမြန်ဆုံး ကြောင်းလမ်းပေးပါ့မယ် သားရယ်"

အလင်းရောင် ပခုံးလေးကို ဖွဖွဆုပ်ကိုင်ရင်း မာမီ အားတက်သရော ပြော၏။ အလင်းရောင် ထေ့နန်မိမတတ် ကိုယ်ခန္ဓာ မြောက်ကြွသွားသလိုဖြစ်ကာ

"အဲဒါကြောင့် မာမီ့ကိုချစ်ရတာ"

လို့ လိုက်လိုက်လှဲလှဲ ပြောရင်း မိတ်ကပ်ပါးပါးလိမ်းထားတဲ့ မာမီ့ပါးပြင်ချောချောလေးကို ဖွဖွလေး မွှေးလိုက်မိသည်။

ပန်းမကိုင်နှ်ရေ

မင်းလေး လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း အောင်ပွဲခံဖို့ ကိုယ် မျှော်လှမ်းစပြီလေ။

■ ■ ■

"ဟင် ကိုမင်း မဟုတ်လား"

ဦးအောင်သိန်းကျော် အံ့သြဝမ်းသာ မျက်ဝန်းနဲ့စိုက်ကြည့်၍ မေးလိုက်သည်။ ညှော်ခန်းအဝင်ဝမှာ ရပ်နေတဲ့ ခပ်ဝဝ အသားဖြူဖြူနဲ့ လူကြီးလည်း ဝမ်းသာအားရပြုံးနေသည်။

"နှအောင်အောင် ဟုတ်တယ် မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ကိုမင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သိန်းကျော် ပြောရင်း ကိုမင်းလက်ကို ဆွဲပြီး အားပါး တရဖွေ့ဖက်မိ၏။ ဦးမင်းမင်းနိုင်လည်း ပြန်ဖက်ပြီး

"အောင်အောင်ရယ် ခုလို ပြန်ဆုံရမယ်လို့ မထင်ဘူးကွာ၊ တို့ကောင်တွေ ကွဲသွားတာ နှစ်ပေါင်းမနည်းတော့ဘူးကွ"

"သိပ်ဟုတ် ကိုမင်းရေ မှတ်မှတ်ရရ ပြောရရင် ကိုယ် နယ်မှာ အိမ်ထောင်ကျသွားကတည်းက ဆိုပါတော့ကွာ"

"သေချာတယ် အောင်အောင်၊ ဒါနဲ့ ဒီမှာ အခြေကျနေတာ ကြာပြီလား"

သူငယ်ချင်းနှစ်ယောက် ပြန်အတွေ့မှာ အရာရာကို မေ့လျော့ သွားလောက်အောင် ဖြစ်သွား၏။ နှစ်ယောက်သား ညှော်ခန်းဝမှာ ရပ် လျက် ပြောဆိုနေကြသည်က ရေပက်မဝင်။

ဦးအောင်သိန်းကျော် ခေါင်းတဆတ်ဆတ်ညိတ်၍

"အင်း ဆယ်နှစ်နီးပါးရှိပြီကွ"

"ဟာ ဒါတောင် မင်း ကိုယ်နဲ့အဆက်အသွယ်မလုပ်ဘဲ နေနိုင် တယ်ကွာ"

"အရင်လိပ်စာအတိုင်း ဆက်သွယ်ပါသေးတယ်၊ မင်းတို့အရင် နေတဲ့ ပါရမီဂေဟာမှာ မျက်နှာစိမ်းတွေပဲ မြင်ရတော့တာကွ၊ ကိုယ် မေးမြန်းကြည့်တော့ မင်း နိုင်ငံခြားထွက်သွားသလိုလို၊ ဟိုဟိုဒီဒီပဲ ပြောင်း သွားသလိုနဲ့ မရေရာတဲ့ သတင်းပဲရတော့ ကိုယ်လည်း ဆက်မစုံစမ်းဖြစ် တော့ဘူး"





"ဟုတ်တယ် အောင်အောင်၊ မာမီ ဆုံးသွားတဲ့နောက် အကြွေး တွေဝိုင်းနေတာနဲ့ မောင်နှမအားလုံးတိုင်ပင်ပြီး ပါရမီဂေဟာကို ရောင်း လိုက်တယ်၊ ကိုယ်က ကိုယ့်ယောက်ဖအကူအညီနဲ့ ပြည်ပထွက်သွားတယ်၊ ဖြစ်ချင်တော့ ဟိုမှာပဲ အိမ်ထောင်ကျသွားတယ်ကွာ၊ ဒါနဲ့ အတော်ကြာ ကြာ နောက်ကြောင်းပြန်မလှည့်ဖြစ်ဘူး၊ ကိုယ့်ဇနီး ဒီမှာ အခြေကျအောင် ပြန်စီစဉ်လို့ ကိုယ် ပြန်ရောက်လာတာကွ၊ ဒါပေမဲ့ ဟိုမှာက လုပ်ငန်းတွေ ရှိနေတော့ သားကို ကူညီရင်း နဲ့ဒီကို ခေါက်တုံ့ခေါက်ပြန် သွားလာနေ တော့ ဘယ်အပေါင်းအသင်းဆီမှာ ခြေဦးမလှည့်နိုင်သလို ဖြစ်သွားတယ်၊ ကိုယ့်ကြောင့်ပါကွာ၊ ခုလို မမျှော်လင့်ဘဲ ပြန်ဆုံရတာ ဝမ်းသာမဆုံးဘူး အောင်အောင်"

ဦးအောင်သိန်းကျော် လက်ဖဝါးကို ရင်းရင်းနှီးနှီး ဆုပ်ကိုင်ရင်း ဦးမင်းမင်းနိုင် တရစပ်ပြောသည်။ ဦးအောင်သိန်းကျော် ကျေကျေနပ်နပ် ပဲ ခေါင်းတညိတ်ညိတ် နားထောင်ရှာသည်။

"အခု မင်းတို့ဒီမှာပဲ အခြေကျနေတယ်ပေါ့"

"ဆိုပါတော့ကွာ"

"ကောင်းတယ်ကွာ"

"ဒါနဲ့ မင်းမိသားစုဝင်တွေရော၊ မိတ်ဆက်ပေးလေကွာ"

ဦးမင်းမင်းနိုင် ညှော်ခန်းနဲ့အတွင်းခန်းဘက် ဝေ့ကြည့်ရင်း မွှင့် မွှင့်လင်းလင်း ပြောသည်။ ဦးမင်းမင်းနိုင်တို့လာတဲ့ အဓိကအကြောင်း က သားရေးသမီးရေးကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကျောင်းမှာ လေးနှစ်လေးမိုး တွဲလာတဲ့ ကျောင်းနေဘက် သူငယ်ချင်းနဲ့ ပြန်ဆုံရတာ အားတက်သလိုဖြစ်သွားပြီး မိသားစု နဲ့ မိတ်ဆက်ပေးဖို့ ဦးစွာပြောလိုက်ခြင်းဖြစ်သည်။

ပြောလိုက်မှ ဦးအောင်သိန်းကျော် မျက်နှာလေး မသိမသာ ညှိုးကျသွားပြီး

"အင်း ကိုယ်နဲ့သမီး နှစ်ယောက်တည်းကွ၊ ကိုယ့်ဇနီးဆုံးတာ သမီး အခါလည်အရွယ်လောက်ကတည်းက"

"ဟင်"

ဦးမင်းမင်းနိုင် အတော်လေး စိတ်မကောင်းဖြစ်သွားသည်။

"ဟုတ်တယ်ကွ ကားအက်စီးဒင့်ဖြစ်ပြီး ရုတ်တရက် ဆုံးသွား တာကွ၊ ကံကောင်းသေးတယ်လို့ ပြောရမယ်၊ ကိုယ့်မှာ သမီးတစ်ယောက် ကျန်ခဲ့လို့၊ မဟုတ်ရင် ကိုယ်တော့ ရူးသွားမလားပဲ ကိုမင်း"

"ကဲပါကွာ စိတ်မကောင်းစရာတွေးမနေပါနဲ့တော့၊ မင်း သမီး ရော"

ဦးအောင်သိန်းကျော် ဇနီးသည်ကို လွမ်းဆွတ်တမ်းတစိတ်ကို သက်မချကာ ဖြေဖျောက်ဖို့ ကြိုးစားပြီး

"သမီးရှိပါတယ်၊ ဒါနဲ့ မင်းတို့မိသားစုတွေလည်း ခေါ်လာပါ ကွ"

"အခု ပါလာပါတယ်"

"ဟော"





ဦးအောင်သိန်းကျော် တအံ့တသြကြီး ဖြစ်ကာ သူငယ်ချင်း ကိုကြည့်ပြီး

"ဘယ်မှာလဲ"

"ဟိုမှာလေ"

ပေါ်တီကိုအောက်က ကားသေးမှာ ပြုံးပြုံးလေးရပ်နေတဲ့ အမျိုး သမီးကြီးနဲ့ လူရွယ်ကိုမြင်လျှင် ဦးအောင်သိန်းကျော် အတော် အားနာသွား တာ

"ဟာ ကြည့်စမ်း၊ ကျုပ်တော် လုံးဝ သတိမထားမိဘူး၊ ရုတ်တ ရက် ကိုမင်းကိုမြင်လိုက်တော့ အံ့သြဝမ်းသာစိတ်နဲ့ အားလုံးကို သတိ လက်လွတ် ဖြစ်သွားတာဗျာ၊ လာ လာကြဗျာ၊ ကိုမင်းကလည်းဗျာ အစောကတည်းက ပြောရောပေါ့ လာဗျာ"

ဦးအောင်သိန်းကျော် ဟာယာခတ်မတတ်ပြောရင်း ဒေါ်ဝင်းဝင်း ရွှေတို့ သားအမိကို ဖိတ်ခေါ်လိုက်သည်။ ဒေါ်ဝင်းဝင်းရွှေ အပြုံးမပျက်ဘဲ

"ရပါတယ် ကိုအောင်သိန်းကျော်ရယ် သူငယ်ချင်းတွေ ဖြစ်မှန်း သိတော့ သူငယ်ချင်း အချင်းချင်း လွတ်လွတ်လပ်လပ် ပြောပါစေလို့ စောင့်ကြည့်နေတာပဲ၊ ကိုအောင်နဲ့ကိုမင်းက အတော် ရင်းနှီးခဲ့ကြတယ် ထင်တယ်"

သားကို လက်တွဲကာ ဧည့်ခန်းထဲ လှမ်းဝင်၍ ဒေါ်ဝင်းဝင်းရွှေ ပြောသည်။ ဦးအောင်သိန်းကျော် ပြုံးဖြူးချည်း ခေါင်းညိတ်သည်။

"ကျောင်းတုန်းက ဘော်ဒါမှာ တစ်ခန်းတည်း အတူနေလာ



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ ကဲ ထိုင်ကြဗျ၊ ကျွန်တော် အတော်အားနာတယ်ဗျာ''

''ရပါတယ်ကွာ ကိုမင်းလည်း မထင်ဘူး။ မင်းနဲ့မတော်တ ဆုံရတာ ကိုယ့်ဇနီးနဲ့ကိုယ့်သားကိုပါ ကိုယ်တကယ်မမေ့တဲ့အထိ ဟာ ဟား''

ဦးမင်းမင်းနိုင် ပြောရင်း ရယ်လျှင် အားလုံးကြည်ကြည်နူး ရယ်ဖြစ်သွား၏။ ဧည့်သည်မိသားစု ဆိုဖာပေါ် အသီးသီးထိုင်ကြ ဦးအောင်သိန်းကျော်လည်း မျက်နှာချင်းဆိုင်ဆိုဖာမှာ ဝင်ထိုင်သည်

''ဒါနဲ့ ဘယ်ကဘယ်လို ကိုယ့်ဆီရောက်လာတာလဲ''

ဦးအောင်သိန်းကျော် စိတ်ဝင်တစား မေးလျှင် ဦးမင်းမင်း နဲ့ ဒေါ်ဝင်းဝင်းရွှေတို့ မျက်နှာက နေရောင်တွေ့တဲ့ နေကြာပန်းလို အား လန်းဖြာသွားသည်။

ဦးမင်းမင်းနိုင် နိဒါန်းတွေ မပျိုးချင်တော့။

''ပြောရမယ်ဆိုရင်တော့ ကိုယ့်သားကွာ မိန်းကလေး ယောက်ကို မြင်မြင်ချင်း ကြိုက်သတဲ့၊ အဲဒါကြောင့် သမီးရှင်နဲ့ ကြေ လမ်းဖို့ လာခဲ့တာ''

''ဟေ မင်းဆိုလိုတာက''

''ပန်းမကိုင်ွှကြ မင်း သမီးလား''

''ဟုတ်တယ် ကိုယ့်ရဲ့တစ်ဦးတည်းသော သမီး''

''အေး မင်းသမီးကို ကိုယ့်သားက ချစ်ခင်မြတ်နိုးသတဲ့ အဲဒါ''





ဒယ်ဒီရှေ့နောက် အားမနာတော့။ ရင်းနှီးခဲ့တဲ့အတိုင်း ပွင့်ပွင့် လင်းလင်းပြောလျှင် အလင်းရောင် မျက်လွှာချမိသွားသည်။

ဦးအောင်သိန်းကျော် မျက်ခုံးနှစ်ဖက် အဆမတန် မြင့်တက် သွားသည်။

''ကိုယ်တို့အခုလာတာ ပန်းမကိုင်ွှရဲ့မိဘဆီလာတာ၊ မင်းက န်းမကိုင်ွှရဲ့ဖခင်ဖြစ်နေတော့ ကိုယ်လည်း ဘာမှအားမနာတော့ဘူး''

''ဟုတ်ပါတယ် ကိုအောင်သိန်းကျော် ဝင်းဝင်းက ပန်းမကိုင်ွှ ကို မြင်ဖူးကတည်းက သဘောကျနေတာ၊ သားဖွင့်ပြောတာကြောင့် ကိုမင်းနဲ့တိုင်ပင်ပြီး လာခဲ့တာပါ၊ ကိုမင်းနဲ့ကိုအောင်က လေးနှစ်လေးမိုး ခွဲလာတဲ့ အစွင်းသိ အဆင်းသိဆိုတော့''

ဒေါ်ဝင်းဝင်းရွှေ အားတက်သရော ပြောတဲ့အခါ ဦးအောင်သိန်း ကျော် လက်ကာ ဟန့်တားလျှင် ပြောလတ်စ စကားရပ်တန့်သွားရ၏။

''ဘာဖြစ်လို့လဲ အောင်အောင်''

ဦးမင်းမင်းနိုင် စိတ်လှုပ်ရှားစွာ မေးသည်။ ဦးအောင်သိန်းကျော် တည်ငြိမ်စွာ ခေါင်းဆတ်၍ အလင်းရောင်ကို အကဲခတ်သလို ကြည့်လျက်

''သား နာမည်က''

''အလင်းရောင်ပါ ခင်ဗျ''

''အင်း မောင်အလင်းရောင်၊ အန်ကယ် မှတ်ထားပါ့မယ်''

သားအပေါ် တာဝန်ကျေပြောတဲ့ အောင်အောင်ကို ဦးမင်းမင်း င်တို့ လင်မယား နားမလည်နိုင်အောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခင်မွန်းသည်ကို မျက်စနဲ့ကြည့်သည်။ ဦးမင်း[illegible] ချိုသည်သဘောကို နားလည်စွာ မသိမသာခေါင်းဆတ်[illegible] [illegible]အောင်ကိုကြည့်သည်။

"နေပါဦး၊ အောင်အောင်၊ မင်းစိတ်ထဲမှာ ကိုယ့်သားကို[illegible] ဘယ်လိုခံစားမိလဲ၊ မင်းနဲ့ကိုယ်က ထိန်ချန်ထားစရာ ဘာမှမရှိ[illegible] ပြော ကွာ မင်း၊ ကိုယ့်သားကို လေ့လာလို့ရပါတယ်ကွ၊ မင်းရင်ထဲ[illegible] တစ်ခုခု ဖြစ်နေတယ်ဆိုရင် ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ သား[illegible] ကိုယ်တို့ရဲ့ တစ်ဦးတည်းသောသား။ ကိုယ် ရှာဖွေထားသမျှ စည်း[illegible] ကိုယ့်သားကြီးစားထားတဲ့ ပိုင်ဆိုင်မှုတွေ အားလုံးနဲ့ မင်း သမီး တစ်ကို[illegible] လုံးကို အကြိမ်တစ်ထောင်မက စိန်စိပြီး တင်တောင်းနိုင်တယ်၊ [illegible] အတွက် မင်းဘာမှစိုးထိတ်မနေနဲ့ အောင်အောင်၊ မင်းတောင်းဆို[illegible] ကိုယ် လိုက်လျောတယ်ကွာ"

ဦးမင်းမင်းနိုင် စကားအဆုံးမှာ ဦးအောင်သိန်းကျော် မ[illegible] ပြုံးမိသွားသည်။ ဦးမင်းမင်းနိုင် နေရာမှာ တခြားတစ်ယောက်ဆို[illegible] ခုချက်ချင်း ညှိခန်းထဲက နှင်ထုတ်ပစ်ဖို့ ဝန်လေးမှာမဟုတ်ကြောင်[illegible] ကိုယ်တိုင်သိသည်။

ခုတော့ လေးနှစ်လေးမိုး တွဲလာခဲ့တဲ့ သူငယ်ချင်းဖြစ်နေ[illegible] အတွက် ဣန္ဒြေမပျက်အောင် သည်းခံလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် ကိုအောင်သိန်းကျော်ရယ် ကိုမင်း ပြောသလို[illegible] သားအတွက် ဝင်းဝင်းတို့ ဘာလုပ်ပေးရမလဲ ဘယ်လို အနေအထား[illegible]



[illegible]ပေးရမလဲ၊ အားမနာတမ်း တောင်းဆိုလို့ရပါတယ်၊ ဝင်းဝင်းက ကိုယ့် [illegible]သားမို့ကိုယ်ကြွားတာ မဟုတ်ဘူး၊ သားမှာ စိတ်ဓာတ်နဲ့စာရိတ္တ မှည့်တစ် [illegible]ပါက်မှ အစွန်းအထင်းမရှိဘူး။ သူများသား အယောက်တစ်ရာနဲ့ မလဲ [illegible]င်တဲ့ အရည်အချင်းမျိုးရှိပါတယ်"

"ကိုယ် နားလည်ပါတယ်ကွာ"

ဦးအောင်သိန်းကျော် ခပ်ဖျော့ဖျော့လေးပြော၍ အိမ်စေ ဒေါ်အုံး [illegible]လာတဲ့ အအေးလင်ပန်းဆီ အကြည့်ပို့လိုက်သည်။

ဒေါ်အုံး အအေးခွက်တွေချပေးတော့ ဦးအောင်သိန်းကျော် [illegible]ကားလမ်းကြောင်း ပြောင်းသွားအောင် ပြောသည်။

ဦးမင်းမင်းနိုင် စိတ်မှာ အောင်အောင်ကို နားလည်ရခက်သလို [illegible]ားရ၏။ သားရှင်အနေနဲ့ ဒီလောက် ခယယ လိုက်လိုက်လျောလျော [illegible]မ်းလှမ်းတာကို အသာလေး ဖယ်ချဖို့ဦးတည်နေတာ ဘာကြောင့်လဲ။

ဒေါ်အုံး လာချပေးတဲ့အအေးခွက်တွေကို တစ်မိသားစုလုံး စိတ် [illegible]ဝင်စားနိုင်ပါ။

"သောက်လေ အေးအေးဆေးဆေးပေါ့ကွ၊ သား သောက်ပါ [illegible]ကွ"

ဦးအောင်သိန်းကျော် စကားလမ်းကြောင်း ပြောင်းသွားစေဖို့ [illegible]အားတိအားစက် ဖိပြောသည်။ ဦးမင်းမင်းနိုင် ခေါင်းတစ်ချက်ရမ်းပြီး

"မဟုတ်သေးဘူး၊ အောင်အောင်၊ မင်း ကိုယ့်သားကို ငြင်းချင် [illegible]ကာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းမင်းနိုင် မေးလျှင် ဦးအောင်သိန်းကျော် ယဲ့ယဲ့လေ... သည်။ ထိုအပြုံးက ရင်ထဲမှာ နင့်သွားအောင် အသံတိတ်ပစ်ပေါက်လို... တဲ့ စကားလုံးနှယ် ခံရသူရင်မှာ မချိမဆံ့ဖြစ်သွားစေသည်။

"ကိုအောင် ပွင့်ပွင့်လင်းလင်း ပြောပါရှင်၊ သားကို ငြင်း... တာလား။ မငြင်းပါနဲ့ ကိုအောင်ရယ်"

မာသီ စိုးရိမ်စိတ်လှုပ်ရှားစွာ အသနားခံသလို ထပ်ဆင့်ပြော... ဦးအောင်သိန်းကျော်အပြုံးက ပိုပြီးပီပြင်လာသယ်ို နားလည်ရခက်... ဘာသာစကားတွေနဲ့ ပြည့်နှက်လာသည်။

ထိုအခါ အလင်းရောင်ရင်မှာ အောင့်သက်ကာ တင်းတင်... မြစ်လာသည်။

"အန်ကယ်"

အလင်းရောင် လွှတ်ခနဲ ခေါ်မိ၏။ ဦးအောင်သိန်းကျော... နာခေါင်းကို လက်သီးဆုပ်နဲ့ ဖွဖွလေးပွတ်၍ အလင်းရောင်ကိုစိုက်ကြ... ကာပြောသည်။

"သားနဲ့သား မိတ်ရင်ထဲမှာ ဘာရှိလဲဆိုတာ အန်ကယ်သိတ... ဒါပေမဲ့ သားတို့ နားလည်မှုတစ်ခု လွဲနေတယ်"

"ဘာလဲ အောင်အောင်"

ဦးမင်းမင်းနိုင် ဖျတ်ခနဲ မေးသည်။ ဦးအောင်သိန်းကျော် ကြ... လင်တဲ့ အပြုံးတစ်ပွင့်ကို နှုတ်ခမ်းပါးပေါ် ဆွဲတင်၍ ဆိုဖာပေါ်ထိုင်နေရ... ထသည်။

ထို့နောက် ပြတင်းပေါက်ဆီ ရွှေ့သွားသည်။ လိုက်ကာစ တိမ်ပြာ ...င်လေးကို စိုက်ကြည့်ပြီးမှ လက်နှစ်ဖက်ပိုက်လျက်သားနဲ့ နံရံမှာ ...သ်တစောင်းမှီရပ်၍ ဦးမင်းမင်းနိုင်ကို စိုက်ကြည့်ကာ အေးဆေးတည် ...်တဲ့ စကားလုံးတွေကို အရှင်းဆုံးပဲ ထုတ်ပြော၏။

"မင်းလည်း ကိုယ့်စိတ်အကြောင်း သိရဲ့သားနဲ့ ကိုမင်းရာ၊ ...းပေးသမီးယူကိစ္စက ဂုဏ်ပကာသနပုံပေါ်ရုံနဲ့ အိုကေမယ်လို့ ထင်ရင် ...မှာပဲကွ"

"ဘယ်လို"

ဦးမင်းမင်းနိုင် အားမရနိုင်ဖြစ်ကာ ဝုန်းခနဲ ထရပ်လိုက်သည်။ ...အောင်သိန်းကျော် အတည်ငြိမ်ဆုံးပြုံး၍

"မင်း နားလည်ဖို့က ကိုယ်က ကိုယ့်သမီးကို စိန်တွေ၊ ရွှေတွေ ...ငွေတွေနဲ့ တန်ဖိုးဖြတ်ပြီး ရောင်းစားမယ့် ဖခင်မျိုး မဟုတ်ဘူး"

"ဟာ မင်းနားလည်မှုလွဲနေပြီ အောင်အောင်၊ မင်း သမီးကို ...န်ဖိုးထားလွန်းလို့ သူများတကာထက် အဆပေါင်းများစွာ ပံ့အောပေးပြီး ...ယူဖို့ ကြိုးစားတာကွ"

"အဲဒါကိုက အလွဲဆုံးပဲ ကိုမင်း"

ဦးမင်းမင်းနိုင် ရင်ဘတ်နဲ့ကိုယ် ဆန့်ဆန့်ချည်းဖြစ်သွား၏။

"မင်းသဘောက"

"ယောကျ်ားတစ်ယောက်မှာ ကိုယ်ပိုင်အရည်အသွေးဆိုတာ ...ရှိတယ်၊ အဲဒီ အရည်အသွေးက ဘာလဲ၊ ငွေကြေးစည်းစိမ် ပုံပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



မိဘအားကိုးနဲ့ အလွယ်လိုက်သိမ်းပိုက်ချင်တာလား။ ဒါမှမဟုတ် ကိုယ့် ကိုယ် အထင်ကြီးတာလား''

''တောက်''

ဦးမင်းမင်းနိုင် ထိန်းမနိုင် သိမ်းမရ ခံပြင်းသွား၏။

''ဒီမှာ ကိုမင်း မင်းသိထားဖို့က မင်းသား ဘာကောင်ဖြစ်... ကိုယ် စိတ်မဝင်စားဘူး။ အေး နောက်ထပ် မင်းသိဖို့လိုတာက ကိုယ်... ရွေးပေါင်းပေတဲ့ကိုင်ထားတဲ့ ဖခင်မျိုးမဟုတ်ဘူး။ ကိုယ့်သမီးကို မ... သား လိုချင်ရင် ကိုယ့်သမီးကလည်း မင်း သားကို လိုချင်တဲ့စိတ်... ဖြစ်မယ်။ မင်း သား လိုချင်ရင် ကြိုးစားပေါ့။ ပံကာသနနဲ့ ပိုင်ဆိုင်မှု... မက်လုံးပေးမှုမျိုးနဲ့တော့ လာပြီးမချဉ်းကပ်နဲ့ သူငယ်ချင်း ဆောရီး...

အလင်းရောင် ရင်မှာ ကျောက်ဆိုင်လို တင်းမာသွား၏။

''ဒီထက်ရှင်းအောင် ကိုယ်ထပ်ပြောမယ်၊ ကိုယ့်သမီးက လက်... ရင် မင်း သားလို ကျိုကျိုတက်ချမ်းသာတဲ့ကောင်မဟုတ်ဘူး၊ ပိုင်ဆိုင်... တစ်ကျပ်တစ်ပြားမှ မရှိတဲ့ကောင်ဆိုလည်း ကိုယ် သားမက်တော်... ဝန်မလေးဘူး ကိုမင်း''

အလင်းရောင် မျက်နှာ ဖြတ်ရိုက်ခံရသလို ခံပြင်းသွား... အလင်းရောင် တင်းမခံနိုင်သလိုဖြစ်ကာ ဇွန်းခနဲ ထရပ်လိုက်ပြီး

''အန်ကယ် အန်ကယ် ကျွန်တော့်ကို သိပ်အထင်သေးလွ... တယ်များ''

''နိုး နိုး အန်ကယ့်သမီးကို အန်ကယ် ယုံကြည်တာကွ''

အလင်းရောင် ဆောဆန့်ရှုထားမိတဲ့ လက်ချောင်းတွေကို တင်း... အောင် ဖိဆုပ်မိ၏။

''မောင်အလင်းရောင် သိထားဖို့က အန်ကယ်က ဖခင်ဩဇာနဲ့ ...မီဘအတွက် ဒီလိုသောကျိုးတစ်ယောက်နဲ့ သင့်တော်တယ်၊ လက်ခံ... ယ်ဆိုတဲ့ ဖိအားပေးမှုမျိုးသုံးပြီး ဘယ်တော့မှ သားမက်ရွေးပေးမှာ ...ဟုတ်ဘူး။ ဗွက်ဗက်မှာလည်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီးဆီ... ဝဉ်းစားဆင်ခြင်ဉာဏ် အပြည့်ရှိတယ်၊ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ...သိဝရားရှိတာ သိတဲ့အတွက် သမီးဘဝလက်တွဲဖော်ကို သမီးစိတ်... ကြိုက် လွတ်လပ်စွာရွေးချယ်ခွင့် အန်ကယ် အပြည့်အဝ ပေးပြီးသား''

အလင်းရောင် နှုတ်ခမ်းတင်းတင်းစေ့ကာ အန်ကယ်ကို စိုက် ...ကြည့်မိ၏။ အန်ကယ်က ဘယ်လိုဖခင်မျိုးလဲ။ ကိုယ့်သမီးကို စိန်စံမြရဲ့ ...တဲ့ဘဝမျိုးကို မြင်လျက်သားနဲ့ တွန်းအားမပေးချင်တဲ့ ရည်ရွယ်ချက်က ...သာမန်ဖခင်တို့ရဲ့ သဘောထားနဲ့မတူမှန်း အလင်းရောင် နားလည်သလို ...ဖြစ်၏။

ဦးမင်းမင်းနိုင်တို့ ဖနီးမောင်နှံ သက်မပြင်းပြင်းချ၏။

''ဒီလောက်ဆို ကိုယ့်သဘောထားကို မင်း နားလည်ရောပေါ့ ကိုမင်း''

သူငယ်ချင်းကို ငုံကြည့်၍ အတည်ပြုပိ်ခံ့ရုံပဲ ဦးအောင်သိန်းကျော် ...ပြောသည်။

''မဟုတ်သေးဘူး အောင်အောင်''



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းမင်းနိုင် အသံက အောင့်သက်သက်နှင့် လှိမ့်ထွက်လ... သည်။ အောင်သီအိတ်ထဲ လက်နှစ်ဖက်လျှို၍ သူငယ်ချင်းရှေ့ တည့်တ... မှာပဲ ရွှေသွားသည်။

ဦးအောင်သိန်းကျော် မျက်ခုံးပင့်၍ အသံတိတ်မေးလျှင် ...

"မင်းသဘောထားက သိပ်ပြီးအစွန်းထွက်နေတယ် အော... အောင်"

ဦးအောင်သိန်းကျော် မျက်ခုံးပင့်လျက်သားနဲ့ ပြုံးသည်။

"ဟုတ်တယ် ကိုယ်အောင်သိန်းကျော်ရယ်၊ တကယ်ဆို ဖခ... တစ်ယောက်အနေနဲ့ သမီးအနာဂတ်အတွက် အကောင်းဆုံးသားမက်ကို ... ရွေးချယ်ပေးရမှာလေ"

ဒေါ်ဝင်းဝင်းရွှေလည်း အားမလိုအားမရ ဝင်ပြောသည်။ ဦး... အောင်သိန်းကျော် အပြုံးတို့ ပိုပိုပြင်လာသည်။

"သားသမီး ဆင်စီးပြီးမြင်းရံတာကို မြင်ချင်တဲ့ မိဘစေတနာ... နဲ့အကောင်းဆုံးကို ရွေးချယ်ပေးပေမယ့် သားသမီးအတွက် ဆင်နင်းပြီး မြင်းကန်ခံရတာမျိုးတွေ ဖြစ်လာတတ်တာတွေ အများကြီး မြင်နိုင်တယ် ကြည့်တတ်ရင်ပေါ့ကွာ"

ဦးမင်းမင်းနိုင်တို့ လင်မယား မွန်းကြပ်စွာ ခေါင်းရမ်းမိသည်။

"တကယ်တော့ မိဘဆိုတာ သားသမီးရွေးချယ်မှုကိုကြည့်ပြီး သင့်တော်၏ မသင့်တော်၏ဆိုတာ အကဲဖြတ်ပေးရမယ်၊ သားသမီးက... ဆိုးဆိုးဝါးဝါး ရွေးချယ်ထားရင်တော့ မိဘအနေနဲ့ မိဘအာဏာကို အပြည့်...







...သုံးပြီး ကန့်ကွက်တန်ရင် ကန့်ကွက်မယ်၊ တားဆီးတန်ရင် တားဆီး ...မှာပဲ၊ ကိုယ်တော့ အဲလိုပဲ ယူဆတယ်"

"မင်းအယူအဆတွေ လွဲနေပြီ အောင်အောင်၊ မင်းသိပ်ကို ...လွဲနေပြီ"

"ဆိုစမ်းပါဦး"

"သမီး မိန်းကလေးကို မင်း အဲလောက်ထိ လက်လွှတ်ပေးယ် ...ရွေးချယ်ခွင့်ပေးထားဖို့ မသင့်ဘူး"

ဦးမင်းမင်းနိုင် ခပ်တင်းတင်းပြောလျှင် ဦးအောင်သိန်းကျော် ...တ်ခမ်းလေး မဲ့လျက် ပြုံးပြီး

"ဘာဖြစ်လို့လဲ ကိုမင်း"

"သမီး မိန်းကလေးဆိုတာ သူတို့မျက်စိကျလာရင် အနူအစွဲကို ...တောင် ဘုရင့်သားတော်လို မှတ်ယူပြီး အစိစိထဲ ခုန်ချဖို့အထိ မိုက်မဲတဲ့ ...စိတ်ကူးယဉ်မှုတွေရှိတယ်ဆိုတာ မင်း မေ့ထားလို့ မရဘူး"

"ဟုတ်တာပေါ့ မင်းပြောသလို သမီး မိန်းကလေးမှာ မိုက်မဲတဲ့ ...စိတ်ကူးယဉ်မှုမျိုးရှိတယ်ဆိုရင် သားယောက်ျားတွေမှာလည်း အချောင် ...လိုတဲ့ကြောင်ပါးဉာဏ်မျိုး ရှိနေတယ်ဆိုတာလဲ မင်းမမေ့နဲ့"

"ဘာ"

ဦးမင်းမင်းနိုင် ရင်ခေါင်းထဲက အသံနက်ကြီး လှိမ့်ထွက်လာ ...သည်။ ဦးအောင်သိန်းကျော် ပိုက်ထားတဲ့ လက်ကိုဖြုတ်ချ၍ မျက်နှာချင်း ...ဆိုင်ဖြစ်နေတဲ့ သူငယ်ချင်းကို တည့်တည့်စိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ယောကျ်ားပဲ ကိုမင်း။ ယောကျ်ားတစ်ယောက်[illegible] ကိုယ့်တဝအတွက် ကိုယ်လိုချင်တဲ့ လက်တွဲဖော်၊ ကိုယ်မြတ်နိုးတဲ့ မိ[illegible] ကလေးကို ရဖို့ ကိုယ့်အစွမ်းအစနဲ့ ကိုယ်ကိုကိုယ်တိုင် ကြိုးစားလို့ရ[illegible] နည်းတွေ အများကြီးရှိပါတယ်၊ ချမြင် ချကြိုက် ခုလိုချင်တဲ့စိတ်ကြော[illegible] မိဘအားကိုးပြီး ရွှေငွေပုံပေး အချောင်နိုက်ယူလို့ရမယ်ဆိုတဲ့ အတွေး[illegible] ရှိတဲ့ မင်း သားကို ကိုယ်စိတ်မဝင်စားဘူး။ ကိုယ့်မှာသာ အဲလို သ[illegible] တစ်ယောက်ရှိရင် မင်းလို သမီးရှင်ရှေ့သွားပြီး ဘာညာတောင်းဆိုမ[illegible] ထက် အဲဒီသား မျက်ခွက်ထဲ လက်သီးတစ်လုံး ချက်ချင်းပစ်သွင်းလိုက်[illegible] မှာကွ"

"တောက်"

သားမိသုံးယောက်စလုံးရဲ့ ခံပြင်းအောင့်မျက်သွားတဲ့ တက်[illegible] ခေါက်သံက ပြိုင်တူ ဟိန်းခနဲ ပေါ်ထွက်လာ၏။

"မင်း သား ဘယ်လောက်ပဲ ငွေရှာကောင်းကောင်းကွာ၊ ကိုယ်[illegible] စိတ်မဝင်စားဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတစ်ယောက်ရဖို့ အလေ[illegible] အနက်မကြိုးစားဘဲ မိဘအရှိန်အဝါ၊ ဂုဏ်ပကာသနအားကိုးနဲ့ အချော[illegible] လိုချင်တဲ့စိတ်ရှိနေတာက ကိုယ်ရည်ကိုယ်သွေးညံ့တဲ့ ယောကျ်ားတ[illegible] ယောက်ရဲ့ အမှတ်လက္ခဏာဖြစ်နေလို့ပဲ"

"မင်း မင်း ဆက်မပြောနဲ့တော့ အောင်အောင်"

ဦးမင်းမင်းနိုင် အသားတဆတ်ဆတ် တုန်ခါမတတ် ဖြစ်ကာ[illegible] အံတင်းတင်းကြိတ်၍ ဟန့်တားလိုက်သည်။



သားကို ဒီလိုဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောရတာ မိဘရင်ဘတ်ကို နတ်နတ်စင်း[illegible] ခံရသလို နာကျင်မျက်ရှုလွန်းသည်။

ဦးအောင်သိန်းကျော်ကတော့ မမှုတဲ့မျက်နှာထားနဲ့ ဆက်ပြော[illegible] သည်။

"မင်း သားကို ကိုယ် ချိုးချိုးဖွဲ့ဖွဲ့ပြောတာ မဟုတ်ဘူး။ မင်း [illegible]သား ရဲ့အရည်အချင်းကို မင်းမြင်သာအောင် ကိုယ်ပြောပြတာ၊ မင်း [illegible]သားရဲ့ အရည်အချင်းကို မင်း မမြင်တတ်ပေမယ့် ကိုယ့်သမီးရဲ့ အရည် [illegible]အချင်းကို ကိုယ်မြင်တယ်၊ ဒီကနေ့ ဒီအချိန်ထိ ကိုယ့်သမီးဟာ မင်း [illegible]ပြောတဲ့ မိုက်မဲတဲ့ စိတ်ကူးမျိုး တစ်ကြိမ်တစ်ခါမှ မကျူးလွန်ခဲ့ဘူး။ [illegible]နောင်လည်း ကျူးလွန်မှာမဟုတ်ဘူးဆိုတာ ကိုယ် လက်မထောင် ပြော[illegible]ရဲတယ် အောင်အောင်"

ဦးမင်းမင်းနိုင်တို့ သွေးမယားမျက်နှာတွေ ပျက်ကာ ရှုံ့ရှုံ့ရှား [illegible]ရှား ဖြစ်ကုန်၏။ တစ်ခုပြန်ပြောဖို့ စကားလုံးရှာမတွေ့အောင် မှန်ကြည် [illegible]ခစ်စို့သွား၏။

ဦးအောင်သိန်းကျော်က သမီးနဲ့ပတ်သက်ရင် ဘာကိုမှ မမှုတော် [illegible]တဲ့ ဖခင်ပီသစွာပဲ ဆက်ပြောပြန်သည်။

"မင်းဟာ ကိုယ့်သူငယ်ချင်းဖြစ်နေတဲ့အတွက် ကိုယ်ဒီအောက် [illegible]ထိ သည်းခံပြီး စကားတွေ ရှည်ရှည်ဝေးဝေးပြောနေတာကွ၊ တခြားသူ [illegible]ဆိုရင် သမီးကို ကုန်ပစ္စည်းလို သဘောထားပြီး ဈေးဝယ်သလို ဝယ်ဖို့ [illegible]ဈေးဆိုပေးတဲ့ ပါးစပ်ပေါက်ဟာကတည်းက မောင်းထုတ်ဖို့ ဝန်မလေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်း နားလည်ဖို့လိုတယ်"

အလင်းရောင် မျက်နှာက ရှက်စိတ်တို့နဲ့ ရဲရာမှ ညှိမှောင်သွား ကာ ကိုယ့်ကိုကိုယ် တောင့်ခံရပ်တည်လို့မရအောင် ခံပြင်းခြင်းတွေ ဖွာထွက်လာသည်။

ချက်ချင်း ကျောခိုင်းလှည့်ထွက်ဖို့ ခြေလှမ်းပြင်တော့

"မောင်အလင်းရောင်"

ဦးအောင်သိန်းကျော် ခေါ်သံကြောင့် အလင်းရောင်ခြေလှမ်း တန့်သွားသည်။ ဒါပေမဲ့ လှည့်မကြည့်မိ။ အံတင်းတင်း ဖိကြိတ်ထားမိ သည်။

"မောင်အလင်းရောင်ကို အန်ကယ့်သူငယ်ချင်းရဲ့သားအဖြစ် အန်ကယ် အသိအမှတ်ပြုတယ်၊ ဒါပေမဲ့ အန်ကယ့်သားမက်အဖြစ် အသိအမှတ်ပြုဖို့က အန်ကယ့်သမီးရဲ့ ရွေးချယ်မှုနဲ့သက်ဆိုင်တယ်ဆိုတာ နားလည်ပါ၊ အန်ကယ်က ရှေးဟောင်းပေတံကိုင်ထားတဲ့ ဖခင်မျိုး မဟုတ် ဘူး"

အလင်းရောင် အသက်ပြင်းပြင်းဖိရှူသည်။ ဦးအောင်သိန်း ကျော် အလင်းရောင် နောက် ခြေလှမ်းရွေ့သွားရင်း ဆက်ပြော၏။

"ယောက်ျားလေးဆိုတာ ကြိုက်စရာမြင်ရင် ကြိုက်မယ်၊ လိုက် စရာမြင်ရင် လိုက်မှာပဲ၊ အန်ကယ်လည်း ငယ်ရာကကြီးလာတာမို့ လူငယ် သဘာဝကို နားလည်တယ်၊ အေး ကိုယ်က ဘယ်လောက်ထိကြိုက်လဲ ဘယ်အတိုင်းအတာထိ မြတ်နိုးတန်ဖိုးထားသလဲဆိုတာ အဲဒီယောက်ျား





လေးရဲ့ ကြိုးစားမှုပေါ်မှာပဲ မူတည်တယ်ဆိုတာ မမေ့ပါနဲ့၊ အရှင်းဆုံး ပြောမယ်ကွာ မင်းကြိုးစားလို့ သမီးလက်ခံရင် အန်ကယ် မကန့်ကွက် ဘူး"

အလင်းရောင် ရင်ဘတ်ကို လှလှပပ ဆောင့်ကန်ခံရသလို အန်ကယ့်စကားလုံးတွေက ပြင်းထန်လွန်း၏။

ပန်းမကိုင်၍ လက်ခံရင်တဲ့။

"ကျစ်"

အလင်းရောင် မာနက လေဟုန်နဲ့အတူ လွင့်မျောမတတ် ဖြစ် သွား၏။

"တစ်ခုတော့ မောင်အလင်းရောင်ကို အခွင့်အရေးပေးမယ်"

အလင်းရောင် ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ဦးမင်းမင်းနိုင်နဲ့ ဒေါ်ဝင်းဝင်းရွှေလည်း စိတ်ဝင်တစား ဖြစ်သွား၏။

သိချင်စိတ်တွေလည်း ရှန်းကြွလာတဲ့အတူ

"ဘာလဲ အောင်အောင်"

ဦးအောင်သိန်းကျော် တစ်မိသားစုလုံးကို ကြည့်၍ ပုံမှန်အသံနဲ့ တည်ငြိမ်စွာပြောသည်။

"မင်းရဲ့သားဖြစ်နေတဲ့အတွက် ကိုယ့်အိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်တယ်၊ ဒါပေမဲ့ မင်း သားကို လက်ခံဖို့ စဉ်းစားဖို့ ကိုယ့် သမီးကို ဘယ်တော့မှ တွန်းအားပေးမှာ မဟုတ်ဘူး၊ စိတ်ဝင်စားရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘာသာ ကြိုးစားပေါ့ကွာ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် လက်သီးကျစ်ကျစ်ဆုပ်ကာ ကျောခိုင်းထွက်မိသည်က အရှက်မပြယ်သော ခံပြင်းမှုတွေနဲ့ဖြစ်၏။

ပန်းမကိုင်ရှ

မင်းဟာ ကိုယ့်အတွက် သိပ်မြင့်မားတဲ့ ပန်းတစ်ပွင့်လား။

ဒါပေမဲ့

ကိုယ် မရရအောင် ခူးဆွတ်ပြမယ်။

မယုံရင် စောင့်ကြည့်။

■ ■ ■



## အခန်း (၃)

"ဟား ဟား ဟား"

ခေတ်လူတို့သုံးယောက် အားပါးတရ ပြုံးတူရယ်ရှုက်။ အလင်းရောင် မျက်မှောင်ကုတ်၍ လှမ်းကြည့်လိုက်သည်။

သုံးယောက်သား ရယ်ရှိုန်မသတ်ဘဲ

"မင်းကွာ"

ဟု ရေရွတ်သံနှင့်အတူ တုံးရန်ကောဆိုတဲ့ မျက်ဝန်းနဲ့ ကြည့်ကြသည်။ အလင်းရောင် ရင်မှာပို၍တင်းသွားသည်။ တင်းသွားတဲ့ ခံစားချက်နဲ့ ရှေ့မှာရှိနေတဲ့ ကျောက်ခဲလုံးကို ဖိနပ်ဦးနဲ့ ကန်ပစ်လိုက်သည်။

ကျောက်ခဲ ရေကန်ထဲကျသံ ဟလုံခနဲမြည်သွားသလို ကန်ရေပြင်အနှံ့ လှိုင်းတွေ ပြန့်ကျဲသွားသည်ကို အလင်းရောင် မျက်တောင်မခတ်တမ်း စိုက်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ရင်မှာ အတော် တင်းနေပြီဆိုတာ ခေတ်လူ… သဘောပေါက်သည်။ ရယ်ရှိန်သတ်၍ ရေကန်စပ်က ကျောက်တုံးကြီးပေါ်… မှာ ခေတ်လူ ထိုင်ချသည်။

ပိုင်ပိုင်က ရေသဖန်းပင်စည်မှာ မှေးရပ်သည်။ ခန့်ညားက… ရေပြင်ကို မျက်နှာမူနေတဲ့ အလင်းရောင်နဲ့ အနီးကပ်ရပ်ပြီး

"မင်းမှာ အဲဒီအစီအစဉ်ရှိရင် အစကတည်းက ကိုယ်တို့ကို… ဖွင့်ပြောသင့်တယ်၊ မင်းကမိဘအအားကိုးနဲ့ ဖွတ်ဝင်တိုးသလိုဖြစ်တာကိုးကွ…"

"မိဘကတစ်ဆင့် ပိုနီးစပ်ခွင့်ရမယ်ထင်တာကိုးကွ၊ ခုတော့… ဘယ်လိုချည်းမှန်း မသိဘူး၊ ဒီဘဲကြီးက ကိုယ့်ကိုလုံးဝ မကြည်တာလ… အထင်မကြီးတာလားမသိဘူး ပြောလိုက်တဲ့စကားတွေက မာနအချိုး… သလိုချည်းကွာ"

ရင်ထဲရှိတဲ့အတိုင်း ပြောချတဲ့ အလင်းရောင်ကိုကြည့်၍ သူငယ်… ချင်းတွေ အလိုလိုပြုံးမိသည်။

"အလင်းရောင် မင်း သိပ်နုသေးတယ်ကွ"

"ဘာလဲ နုတယ်ဆိုတာ"

"ဟ မိဘကတစ်ဆင့် ချဉ်းကပ်ရင်ရမယ်လို့ ခပ်ပေါ့ပေါ့တွေ… တာကိုက မင်းသဘောထား သေးသိမ်နေသလို ဖြစ်တယ်လေ"

"မဆိုင်လိုက်တာကွာ"

"တခြားသူတွေအတွက် မဆိုင်ပေမယ့် သူတို့သားအဖအတွက်… သိပ်ဆိုင်တယ်ကွ၊ မင်းမြင်တဲ့အတိုင်းပဲ ပန်းမကိုဋ္ဌကို အခုရအခုယူ… …သတွေက တစ်ပုံကြီး၊ ရွှေဘယ်လောက် ငွေဘယ်လောက် စိန်ဘယ်နှ… …ည်ပေးလို့ ရမယ်ဆိုရင် တစ်ယောက်ထက် တစ်ယောက်ပိုပေးပြီး ယူ… …င့်ကောင်တွေလည်း တန်းစီနေတယ်၊ ကြိုက်ရွေးခေါ်ပြီး သားမက်တော် …တဲ့စိတ် အဲဒီအဘိုးကြီးမှာရှိခဲ့ရင် ခုချိန်ဆို ပန်းမကိုဋ္ဌဟာ အနည်းဆုံး …တော့ ကလေးသုံးယောက်အမေ ဖြစ်နေမယ်ကွ"

အလင်းရောင် သက်ပြင်းလေးလေး ချမိသွားသည်။

"ဟုတ်တယ် အလင်းရောင် မင်းဘာမှမသိဘဲ ဖွတ်တိုးတာကိုး"

ပိုင်ပိုင် အပြစ်တင်သလို လှမ်းပြောသည်။

"ကိုယ် ဘာမှမသိဘဲကွ"

"အဲဒါကြောင့် ပြောတာ၊ ပန်းမကိုဋ္ဌကိုလိုက်လို့ရဖို့ဆိုတာ တော် …န်ရုံ မလွယ်ဘူးဆိုတာပဲ"

ခေတ်လူ အေးတိအေးစက် ပြောသည်။ အလင်းရောင် ရင်မှာ …ယ်လိုမှ သည်းမခံနိုင်။

"နောက်ဆုတ်ဖို့ ပြောတာလား ခေတ်လူ"

"နောက်ဆုတ်ဖို့ ရှေ့တိုးဖို့ဆိုတာ ကိုယ်တို့ ဖိအားပေးသို့ရတဲ့ …စ္စမဟုတ်ဘူး။ ကိုယ်တို့ကတော့ ကိုယ်တို့မရနိုင်တဲ့ ပန်းတစ်ပွင့်ကို …ချူနိုင်တယ်ဆိုရင် သဘောထားကြီးကြီးနဲ့ ဝမ်းသာပေးဖို့ အဆင်သင့်

"ဟုတ်တယ် အလင်းရောင် ပိုင်ပိုင်ပြောသလိုပဲ၊ ပန်းမကိုဋ္ဌ …ို မင်းရရင် ကိုယ်တို့အားလုံး သဘောထားကြီးကြီး ခံစားပေးနိုင်တယ်…





www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့တင်မကဘူး အားလုံးပဲကွာ ပန်းမကိုင်ရှိ ဘယ်သူ့ကိုမှ မရွေး

သေးတဲ့အတွက် အားလုံး မျှော်လင့်တကြီး စောင့်စားနေကြတာ

ခေတ်လှပြောရင်း ကျောက်ခဲတစ်လုံးကောက်၍ ရေက

ပစ်ပေါက်လိုက်သည်။ ကန်အနှံ့ လှုပ်ခတ်ပြေးလွှားသွားတဲ့ လှိုင်းနု

တွေကို အလင်းရောင် စိုက်ကြည့်မိပြန်သည်။

"ကိုယ် စဉ်းစားမိတာ တစ်ခုရှိတယ်"

"ဘာလဲ ခန့်ညား"

"ပန်းမကိုင်ရှိဟာ သူ့ရဲ့အလှ သူ့နှလုံးသားနဲ့ဘဝအတွက်

အတွက်ကြောင့် ကိုယ်တို့ယောကျ်ားတွေထဲက တစ်ယောက်ယောက်

မရွေးရတာလဲ"

အလင်းရောင် ရင်မှာ တောင်တန်းတစ်ခုပြိုထွန်းသလို

တည်တံ့တံ့ ငြိမ်ငြိမ်သက်သက် ဖြစ်သွား၏။

ပိုင်ပိုင်နဲ့ခေတ်လှလည်း ခန့်ညားပြောတဲ့စကားအဆုံးမှာ

တဆတ်ဆတ်ညိတ်၏။

"ဟုတ်တယ်ကွ အဲဒါ စဉ်းစားစရာပဲ၊ စိတ်ကြိုက်ရွေး

ခံစားခွင့်ရှိသလို ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိလျက် မရွေးချယ်ဘဲနေလော

အကြောင်းတစ်ခုခုတော့ ရှိရမယ်"

ပိုင်ပိုင် လက်ဖျစ်တီးရင်း ပုံမှန်အသံနဲ့ တွေးတွေးဆဆ

သည်။ အလင်းရောင်က

"အကြောင်းတစ်ခုခုရှိတယ် ဆိုပါတော့"





"အင်း ရှိရမယ်"

ပိုင်ပိုင် အနိုင်အမာ ထင်မြင်ချက်ပေးသည်။

"ဘာအကြောင်းဖြစ်နိုင်မလဲ"

အလင်းရောင် သိလိုစိတ်နဲ့ လွှတ်ခနဲ မေးသည်။ ထိုမေးခွန်း

နောက်မှာ ခန့်ညားတို့သုံးယောက် အတွေးကိုယ်စီနဲ့ ငြိမ်သွားသည်။

ခန့်ညားက မေးဖျားမှာ မရိတ်ဘဲအလှထားတဲ့ နက်ပြောင်နေတဲ့

ဓမ္မေးရှည်တချို့ကို ဆွဲကစားရင်း ဖြစ်နိုင်ချေရှိတဲ့ အကြောင်းတစ်ခုခု

ကို တွေးတောသည်။

အတန်ကြာမှ အလင်းရောင်ကို တည့်တည့်ကြည့်ပြောသည်။

"ဖြစ်နိုင်ချေက နှစ်မျိုးရှိတယ်"

"ဆိုစမ်းပါဦး"

"ပထမတစ်မျိုးက ယောကျ်ားတစ်ယောက်အပေါ် ချစ်တတ်တဲ့

နှလုံးသား ခံစားချက်မရှိသေးတာလား၊ ဒါမှမဟုတ် ချစ်တတ်တဲ့ ခံစား

ချက်ရှိပေမယ့် သူချစ်တဲ့ယောကျ်ားတစ်ယောက် သူ့ရှေ့မှောက် ရောက်

မလာသေးလို့လား"

"နောက်တစ်မျိုးကရော"

ပိုင်ပိုင် သိချင်စိတ်လောလောနဲ့ ဖြတ်မေးသည်။ ခန့်ညားက

မေးဖျားက အမွေးရှည်လေးကို ဆွဲရင်း စကားဆက်ပြောသည်။

"နောက်တစ်မျိုးက ချစ်သူရှိခဲ့ဖူးမယ်၊ ဒါမှမဟုတ် ယောကျ်ား

တစ်ယောက်ရဲ့ ရက်စက်တာကို ခါးခါးသီးသီး ခံခဲ့ရဖူးမယ်၊ အဲဒီ ခါးသီးမှု



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်ပြီး ယောကျ်ားတွေရဲ့ ခံစားချက်ကို မက်မောစိတ် ကုန်ခ
သွားလို့ပဲဖြစ်မယ်၊ ဒါကြောင့် အလွယ်တကူ ခေါင်းခေါက်ရွေးနိုင်
ယောကျ်ားတွေ လက်တစ်ကမ်းမှာ တန်းစီရှိနေတာတောင် ငဲ့ကြည့်
စိတ်မဝင်စားတာလေ”

“ဖျောက်”

ခန့်ညား စကားအဆုံးမှာ ခေတ်လူ လက်ဖျစ်တီးထောက်ခံ
သားဖြစ်၏။

“ဖြစ်နိုင်တယ် ခန့်ညား၊ အဲဒီအကြောင်း နှစ်မျိုးထဲက တစ်
မျိုးဖြစ်နိုင်တယ်ကွ”

“အင်း ခန့်ညား တွေးမိတဲ့အတိုင်းဖြစ်ဖို့များတယ်”

ပိုင်ပိုင်ကလည်း ထပ်ဆင့် ပြောလျှင် ခန့်ညားအတွေး
ရာနှုန်းပြည့် သေချာသလောက်ဖြစ်မှုန်း အလင်းရောင် သဘောပေါက်
ဖြစ်လာသည်။

“တကယ်လို့ ခန့်ညားတွေးတဲ့အတိုင်း ဖြစ်လာပြီဆိုရင် ကိုယ
ဘာဆက်လုပ်ရမလဲ”

“ဟ မင်းပဲမာနထောင်ပြီး ရအောင်လိုက်မယ် ပြောထားတာပဲ”

“ကိစ္စမရှိဘူး ကိုယ်တို့ပြိုင်ပွဲက အဆုံးမှာအဖြေထွက်မှာပဲ”

“အိုကေ ကိုယ်တို့ပဲ မင်းကိုဂုဏ်ပြုရမလား၊ မင်းပဲ L.A က
ပြန်ပြေးရမလားဆိုတာလေ”

အလင်းရောင် ပြုံးမိသည်။





“စိတ်ချ ကိုယ်ပြောထားတဲ့အတိုင်း ပန်းမကိုင်ရလက်တစ်ဖက်ကို
ချုပ်ကိုင်ပြီး မင်းတို့အားလုံးရှေ့က လျှောက်ပြခွင့်ရတဲ့အထိ ကိုယ် ကြိုးစား
မယ်၊ ဒယ်ဒီနဲ့မာမီ ကိုယ့်ဘက်မှာ အနိုင်အမာရှိတယ်”

“မင်းကို ဟိုအဘိုးကြီး ဖွဲ့တာတောင် မမှတ်သေးဘူး”

“ဘယ်လောက်ဖွဲ့ဖွဲ့ကွာ ကိုယ့်ကို ဒယ်ဒီ့သားအနေနဲ့ ဝင်ထွက်
ခွင့် ပေးထားတဲ့အတွက် မင်းတို့အားလုံးထက် ခြေတစ်လှမ်းသာပြီးသား”

“မင်းခြေလှမ်း ဘယ်လောက်သာမလဲဆိုတာ ကိုယ်တို့စောင့်
ကြည့်မယ်”

“ကြည့်ကွာ”

အလင်းရောင် မခံမရပ်ဖြစ်ကာ မကျေမချမ်းပြောမိသည်။ ပိုင်ပိုင်
ဆိုသုံးယောက် ပခုံးပြိုင်တွန့်ပင့်တွန့်ကာ အလင်းရောင်ကို စိုက်ကြည့်သည်။

“ကြည့်မယ် ကိုယ်တို့က ရင်ဘတ်နဲ့ကြည့်မယ်ကွ၊ မင်းရင်ထဲက
အလင်း ဘယ်လောက်စွမ်းသလဲဆိုတာ”

“ကြောင်ပါးဗျာတ်နဲ့တော့ သွားမစမ်းနဲ့နော်”

ပိုင်ပိုင်နဲ့ခန့်ညား ရယ်ကျဲကျဲနှင့် တစ်ခွန်းဆီပြောလျှင် အလင်း
ရောင် မျက်နှာဖြန်းခနဲ ထူပူသွား၏။

“မင်းကွာ”

“ဟုတ်တယ်လေ ဟိုအဘိုးကြီး အတွေးအခေါ်က သိပ်မြင့်တာ
လား၊ ပရိယာယ်ကြွယ်တာလားတော့ မသိဘူး၊ သူ့သမီးကို မျက်စိမှိတ်
ယုံကြည်နေတော့ ကိုယ်တို့ကောင်တွေအားလုံး နောက်ကောက်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ကွ"

"စိတ်ချ ကိုယ်လုံးဝ မကျန်စေရဘူး"

"အိုကေ"

အားလုံး လက်မထောင် အတည်ပြုကြပြန်သည်။

ပန်းမကိုင့်ရှုရယ်

ကိုယ့်နှလုံးသားက အချစ်ဟာ နေခြည်လိုနွေးသလို ပွင့်ဖတ် လေးလို နူးညံ့တယ်ဆိုတာ မင်းလေး ခံစားမိအောင် ကိုယ် ရင်ခုန်ခြေလှမ်း နောက် တစ်လှမ်းလှမ်းပါတော့မယ်ကွယ်။

■ ■ ■



## အခန်း (၆)

ပန်းခင်းထဲက စံပယ်ရုံတွေကြားမှာ သားကိုလှမ်းမြင်ရစဉ် ဒေါ် ဝင်းဝင်းရွှေ သိသိသာသာ အံ့ဩသွား၏။

စံပယ်ဖူးတွေခူးပြီး စိတ်ရှည်လက်ရှည် သီကုံးနေတဲ့ သား ခနှမ်မှုကို ဒေါ်ဝင်းဝင်းရွှေ မနှောင့်ယှက်ချင်တော့။

သား လှုပ်ရှားမှုကို သစ်ခွပန်းရုံနဲ့ကွယ်ပြီး စောင့်ကြည့်မိတ တော့ အမှန်။

သုံးပေမက ရှည်လျားတဲ့ စံပယ်တစ်ကုံး သီကုံးနေသည်။

စံပယ်ပန်းကုံးက ပန်းမကိုင့်အတွက် ရည်ရွယ်မှန်း ဒေါ်ဝင်းဝင်း ရွှေ သဘောပေါက်သွားသည်။

သီပြီးသွားတဲ့ပန်းကုံးကို ဖွဖွလေးနမ်းသည်။ ပြီးနောက် အပ်



www.burmeseclassic.com

www.burmeseclassic.com



ချည်ကြိုးနဲ့ သီထားတဲ့ပန်းကုံးကို နှစ်ခေါက်ခေါက်၍ လည်တိုင်မှာ
လေးပတ်သည်။ ရွှီခနဲ လေချွန်လျက် ပေါ်တီကိုအောက်မှာရပ်ထား
ကားဆီ သားခြေလှမ်းရွေ့သွား၏။

ဆံပင်ရှည်ကို နောက်မှာတစ်ဖက်တည်း စုချည်ထားတဲ့ သာ
ပုံစံက ကြည့်လေ ထူးခြားလေလေ။ ဂျင်းပင်န်နဲ့ စပို့ရှပ်လက်ရှည်
စွတ်စွတ်ကို ဝတ်ဆင်ထားပြီး အပေါ်က အနက်ရောင် ဝေ့စကုတ်
ထပ်ဝတ်ထားတဲ့ မြင့်မားဖြောင့်မတ်တဲ့အရပ်နဲ့ သားရဲ့ဟန်က စမတ်
ကာ ဆွဲဆောင်မှုရှိ၏။

ဒါနဲ့တောင် သားကို အင်တင်တင်ဖြစ်နေတဲ့ သမီးရှင်မျ
ရှိသတဲ့။

တခြားတစ်ယောက်သာဆိုရင် ဒေါ်ဝင်းဝင်းရွှေ မာနတံခွန်တ
သားကို မရအရ ဟန့်တားဖြစ်မှာသေချာသည်။

"ဝင်းဝင်း သည်းခံပါကွာ၊ အောင်အောင့်စိတ်က ဘယ်ကိ
မဆို အဲသလိုပဲ၊ ကိုယ်တို့နဲ့ လုံးဝ အမြင်တူလေ့မရှိဘူးကွ"

"အမြင်မတူတာ တူတာက တခြားလေ၊ သားအတွက် မိဘ
ကိုယ်တိုင် ဂုဏ်သိက္ခာရှိရှိ တင်တောင်းတာကို ဝမ်းမြောက်ဝမ်းသာ
မဖြစ်တဲ့အပြင် သားကို ဟင်းရွက်ကန်ဖွန်းလို သဘောထားပြီး ချိုးချိုးဖဲ့
ပြောချလိုက်တာ ဝင်းဝင်း ရင်ထဲမှာ ဓားထက်ထက်နဲ့အမွှန်းခံရသလို
နာတယ် ကိုမင်း"

"မဟုတ်သေးဘူးကွာ၊ အောင်အောင် သားကို ကြိုးစားခွင့်ပေး





ထားသားပဲ၊ သား ကြိုးစားပါစေကွာ၊ ဝင်းဝင်း သားကို မတားပါနဲ့၊
သားက တကယ်မြတ်မြတ်နိုးနိုး ဖြစ်နေတာကွ"

ခင်ပွန်းသည် မျောင်းရှုလို့ ဒေါ်ဝင်းဝင်းရွှေ ခံပြင်းမှုတွေကို
မချိမဆံ့ မျိုချခဲ့ရသည်။

"ကိုယ်တို့လူကြီးတွေတစ်ဖက်နဲ့ တစ်ဖက် အပြိုင်အဆိုင် တင်း
ကြရင်၊ သားပဲ ခံစားရမှာ၊ သားရင်ထဲ နက်နက်ရှိုင်းရှိုင်း ခံစားနေတဲ့
အတွက် ကိုယ်တို့မာနနဲ့ တင်းခံရင် သားပဲကြေကွဲရမယ်၊ သားကို ကိုမင်း
ယုံတယ်ကွ၊ ဝင်းဝင်း မယုံရင် စောင့်ကြည့်စမ်းပါကွာ။ ပန်းမကိုင်မှုကို
သား မရရအောင် ပိုးနိုင်မှာကွ၊ သားကိုချစ်တယ် သားကိုမိတ်ချမ်းသာ
စေချင်ရင် ဒီတစ်ကြိမ် သားကိုလွှတ်လွှတ်လပ်လပ် ကြိုးစားခွင့်ပေးလိုက်
ပါကွာ နော် ဝင်းဝင်း၊ ကိုယ့်ကို ကတိပေးနိုင်မလား။ ပန်းမကိုင်မှုကိုရအို
ကြိုးစားနေတဲ့သားကို မတားပါဘူးလို့ ကတိပေးစမ်းပါကွာ"

ခင်ပွန်းသည် အကြိမ်ကြိမ် ပြောတာကြောင့် ဒေါ်ဝင်းဝင်းရွှေ
စိတ်လျှော့ပြီး ကတိပေးရခြင်းဖြစ်သည်။

သားက ရူးသွပ်လောက်အောင် ချစ်မိတာကို မိခင်ဖြစ်သူ သိနှင့်
တာကြောင့် မတားရက်တော့။

ပန်းမကိုင်ရဲ့ အလှတရားကလည်း ယောကျ်ားလေးတွေရဲ့ နှလုံး
သားကို ယိုင်နဲ့ပြိုကျသွားအောင် ဆွဲဆောင်မှုရှိသည့်အလှစစ်စစ် ဖြစ်နေ
တော့လည်း စွဲစွဲနစ်နစ် ချစ်စိတ်ဝင်သွားတဲ့ သားကို အပြစ်မဆိုချင်ပါ။

သားနှလုံး ချမ်းမြေ့ရင်ပြီးရောလေ။



www.burmeseclassic.com

www.burmeseclassic.com



သားကို ချစ်တဲ့မိခင်စိတ်ပီသစွာ လွတ်လပ်စွာ ကြိုးစားခွင့်ပေး
လိုက်ခြင်းဖြစ်သည်။

လေနုအေးငွေ့အတိုက် ယိမ်းနွဲ့ခိုစီးလာတဲ့ ပန်းရနံ့ပေါင်းစုံကြား
ထဲက စံပယ်ပန်းရနံ့ကို ဒေါ်ဝင်းဝင်းရွှေ မက်မက်မောမော ရှူရှိုက်မိ
သည်။

သားကလည်း စံပယ်ရနံ့လေးကိုပဲရှိုက်ကာ ကားမောင်း၍ ပန်း
မကိုင်ရှိဆီသို့ပဲ ဖြစ်သည်။

■ ■ ■

"ပန်းမကိုင်ရှိ ဂေဟာ"

လို့ ဆိုင်းပုတ်တပ်ထားတဲ့ ခြံဝင်းရဲ့ငွေမှင်ရောင် သံပန်းတံခါး
ကြီးရှေ့မှာ အလင်းရောင် မောင်းလာတဲ့ ကားကို ထိုးရပ်လိုက်သည်။

နံနက်စောစောမို့ ကားဟွန်းတီးပြီး ခြံတံခါးဖွင့်မခိုင်းချင်
သံပန်းတံခါးကြီး သော့ခတ်ထားပေမယ့် လူဝင်ပေါက် သံပန်းတံခါး
သော့ခတ်မထားမှန်းသိ၏။ ထိုအခါ အလင်းရောင် အားတက်သွားသည်။

လူဝင်ပေါက် သံပန်းတံခါးကို အသာတွန်းဖွင့်ပြီး ခြံထဲဝင်သည်။

ခြံဝင်းထဲခြေချသည်နှင့် ရင်မှာတဒိုင်းဒိုင်းခုန်သလို ဖြစ်သည်
ညှော်ခန်းအဝင်ဝ တံခါးကြီးက ဖွင့်လျက်သား လှမ်းမြင်တာကြောင့်
အလင်းရောင် ခြေလှမ်းပိုသွက်သွားသည်။

ရေကူးကန်ဘေးက ကားဝင်လမ်းအတိုင်း ဖြတ်လျှောက်
ပေါ်တီကိုအောက်ရပ်ပြီး ညှော်ခန်းကိုချောင်းကြည့်သည်။





ဒေါ်အုံးကို မြင်ရသည်။ ဒေါ်အုံးက ညှော်ခန်းအလယ် စားပွဲပေါ်
ပန်းအိုးထဲက ပန်းအဟောင်းတွေ ထုတ်ယူပြီး ပန်းအသစ်လဲဖို့ ပြင်ဆင်
နေသည်။

အလင်းရောင် ညှော်ခန်းထဲ ခြေလှမ်းဝင်ပြီး ခပ်တိုးတိုးခေါ်
သည်။

ခေါ်သံကြောင့် ဒေါ်အုံး ဖျတ်ခနဲ လှည့်ကြည့်သည်။ အလင်း
ရောင်ကိုမြင်လျှင် ပထမ အံ့ဩသွားသည်။ နောက်မှ အံ့ဩရိပ်ပျောက်
ကာ ဖော်ဖော်ရွှေရွှေပြုံးပြပြီး

"ဩော် မောင်အလင်းရောင် လာလေ။ ဆစ်ကိုကြီး လမ်း
လျှောက်ထွက်သွားတာ ပြန်မရောက်သေးဘူး။ လာ ထိုင်စောင့်နေလေ"

"ရပါတယ် ဒေါ်အုံး။ ကျွန်တော် ပန်းမကိုင်ရှိနဲ့တွေ့ဖို့ လာခဲ့တာပါ"

ဒေါ်အုံး မျက်ခုံးလေး မသိမသာ ပင့်တက်သွားသည်။ ပြီးမှ
ခပ်တိုးတိုးလေးမေးသည်။

"မကိုင်ရှိနဲ့တွေ့ဖို့ ကြိုပြောထားလား"

"ဟင့်အင်း"

"အဲဒါဆို မလွယ်ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ ဒေါ်အုံး"

"ဩော် ဟိုလေ မကိုင်ရှိ ဘယ်သူနဲ့မဆို တွေ့မယ်ဆို ကြိုပြောမှ
တွေ့ခဲ့ပြီး အဆင်သင့်ဖြစ်တတ်တယ်လေ၊ မောင်အလင်းရောင် ကြို
ပြောထားရင် တွက်တွေ့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကျွန်တော်က တွေ့ချင်တဲ့သူ၊ မကိုင်နို့ အိပ်ရာက
နိုးပြီလား"

"နိုးတာ ကြာလှပေါ့"

"ဟင် ဒါဆို ဘယ်မှာလဲ"

"ပိန်းပန်းသွားခူးလေရဲ့၊ တိုက်ဘေးက ဟောဟို ပိန်းပင်ခင်း
ထဲမှာကွယ့် ဒါနဲ့ ဒေါ်အုံးပေးတဲ့ မှတ်တမ်းစာအုပ်လေး ဖတ်ပြီးပြီလား"

"ဖတ်ပြီးပြီ ဒေါ်အုံး၊ ဖတ်ပြီးလို့ မကိုင်နို့နဲ့တွေ့ဖို့လာတာ"

"သွားတွေ့လေ"

ဒေါ်အုံး ပေါ်တီကို အောက်ထိထွက်ခဲ့ပြီး တိုက်ဘေးဘက်
လက်ညှိုးထိုးပြ၏။

"ဒါနဲ့ ဒေါ်အုံးညွှန်ပေးတာလို့ မပြောနဲ့နော်၊ ညွှန်ပေးရကောင်း
လားလို့ ဒေါ်အုံးကို ဆူနေလိမ့်မယ်၊ တွေ့ချင်တယ်ဆို သွားတွေ့၊ တော
ကြာ အစ်ကိုကြီး လမ်းလျှောက်ရာက ပြန်ရောက်လာရင် မတွေ့ရ
ဖြစ်နေမယ်၊ သွားလေ မောင်အလင်းရောင်"

ဒေါ်အုံး စာနာစွာ လိုက်လိုက်လဲ့လဲ့ ပြောသည်။ အလင်းရော
ဒေါ်အုံးကို ကျေးဇူးအထူးတင်မိသည်။ ဒေါ်အုံးရှိတာ အလင်းရော
အတွက် အားတက်ဖွယ်ပဲ။

အလင်းရောင် ခေါင်းညိတ်ရင်း ဒေါ်အုံးရှေ့က ထွက်ခဲ့သည်
တိုက်ဘေးမှာ ပန်းအိုးကြီးတွေနဲ့ အစီအရီစိုက်ထားတဲ့ ပိန်းပန်းပင်
က အများကြီး။ အပွင့်တွေလည်း လှိုင်လှိုင်ပွင့်ကာ အမျိုးစုံလှသည်





ပိန်းပန်းတွေလျှောက်ကြည့်ရင်း လှရာရွေးခူးနေတဲ့ ပန်းမကိုင်နို့
ာ နေခြည်ဦး အလင်းရောင်လို လှပနေသည်။

မိန်းကလေးတွေရဲ့အလှက အရုဏ်ဦးမှာမို့ ပိုလှစေတာလား။

ဒါမှမဟုတ် မကိုင်နို့ရဲ့ပင်ကိုယ်အလှက အရုဏ်ဦးကို ပိုလှစေ
တာလား။

ခွဲခြားရခက်ပေမယ့် အလင်းရောင် ရင်ထဲမှာ ပန်းမကိုင်နို့အလှက
အရုဏ်ဦးအလင်းရောင်ထက် ပိုလှတယ်လို့ ခံစားမိတာ ချစ်တဲ့စိတ်
ကြောင့်ဖြစ်မည်ထင်သည်။

လက်တစ်ဖက်မှာ ပိန်းပန်းအနီရောင်သက်သက် ဆယ်ပွင့်နီးပါး
ဆုပ်ကိုင်ထားသလို ကျန်လက်တစ်ဖက်မှာ ကတ်ကြေးကိုင်ထား၏။
အလင်းရောင်ကို ကျောခိုင်းကာပိန်းပန်းပွင့်တွေကို လျှောက်ကြည့်နေတဲ့
ပန်းမကိုင်နို့ ကိုယ်ဟန်ကြော့ကြော့လေးက

အရုဏ်ဦး နတ်သမီးနှယ် အသိလက်လွတ်ငေးမောသွားစေ
သည်။

ပန်းနုရောင် ဖျော့ဖျော့ မြန်မာဝတ်စုံလေးနဲ့ ပန်းမကိုင်နို့က
ထွက်စ နီတျာတျာ နေရောင်အောက်မှာ အလှသွေးကြွယ်နေသည်မှာ
ကျလှပတတ်။

လေချိုနုနုလေးကြောင့် ပန်းမကိုင်နို့ရဲ့ ကိုယ်သင်းရနံ့လေး ခိုစီး
ပြီး အလင်းရောင်လည်တိုင်မှာ ပတ်ထားတဲ့ စံပယ်ရနံ့လေးနဲ့ ပေါင်း
သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် အချိန်မည်မျှကြာအောင် ငေးကြည့်နေမိသ[...] မသိ ပိန်းပန်းရွှေပြီး လှည့်လာတဲ့ ပန်းမကိုင်ရဲ့ အကြည့်ချင်း ဒိုင်း[...] ဆုံလျှင် အလင်းရောင် အသိဝင်လာသည်။

"ပန်းမကိုင်"

အလင်းရောင် လွှတ်ခနဲခေါ်၍ မကိုင့် မျက်ဝန်းတည့်[...] စိုက်ကြည့်၏။ ထိုအခါ ပန်းမကိုင့် တစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွားသ[...] ကို အလင်းရောင် သိလိုက်၏။

ယောက်ျားပေါင်း မြောက်များစွာရဲ့ အကြည့်တွေကို မမှု[...] ရင်ဆိုင်နိုင်တဲ့ ပန်းမကိုင့် မျက်ဝန်းက အလင်းရောင်မျက်ဝန်းနဲ့ တန်[...] ဆုံအတွေ့မှာ ဘာကြောင့် ရောင်စဉ်တွေ လင်းဖြာကာ မလုံမလဲတ[...] လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်သွားရတာလဲ။

အလင်းရောင် ခြေလှမ်းရှေ့တိုးလိုက်ပေမယ့် ပန်းမကိုင့် က[...] ကယင်ဖြစ်နေ၏။ ထို့ပြင် တည်ငြိမ်ခဲ့တဲ့နှလုံးသား ကျောက်ဆိုင်က အ[...] အဟုန်ပြင်းတဲ့ လျှောင်ကြီးလှုပ်သွားသလို နဲ့နဲ့ယိုင်ယိုင် လှုပ်ခါသွ[...]

အလင်းရောင် မျက်တောင်မခတ်တမ်း စိုက်ကြည့်သ[...] ပန်းမကိုင့်ရဲ့ မျက်ဝန်း ပါးပြင်နဲ့ နှုတ်ခမ်းတွေပေါ်မှာ ဖြစ်သည်။

"မကိုင့်ကို ချစ်တယ်၊ ချစ်တယ် မကိုင့်ရယ်"

အလင်းရောင် မျိုသိပ်မနိုင်တော့၊ နှလုံးသားရဲ့ စေစားမှု[...] ရင်ဖွင့်လိုက်မိသည်။ ထိုအခါ ပန်းမကိုင့်ရဲ့နှုတ်ခမ်းလေး သိသိသ[...] ဟသွား၏။





"မြင့်မြင့်ချင်း ချစ်တဲ့အချစ်ပေမယ့် ထုထည်ကြီးတယ် မကိုင့်ရယ်"

နှုတ်ခမ်းလေး ဟလျက်သားနဲ့ အသိလက်လွှတ်ဖြစ်သွားတဲ့ မကိုင်ငို့မျက်ဝန်းမှာ ဘာဆိုဘာမှ မမြင်ရအောင် အရုဏ်ဦး အလင်းရောင်တွေ ကြီးစိုးသွားသည်။

ထိန်းမရ သိမ်းမရ လှုပ်ခါသွားရတဲ့ လက်ချောင်းတွေက ဘာကိုမှ ဆုပ်ကိုင်ထားလို့မရအောင် ဖြစ်သွား၏။ တင်းကျပ်အောင် အားစင်းဆုပ်ကိုင်ထားပေမယ့် ပိန်းပန်းတွေ တစ်ပွင့်ပြီး တစ်ပွင့် မကိုင့်လက်ထဲက လျောကျကာ

မကိုင့် မျက်လွှာကို ဖြည်းဖြည်းလေး စင်းချလိုက်ပြီး လွှတ်ကျသွားတဲ့ ပိန် ်နီးပွင့်တွေဆီ အကြည့်ရောက်သွားလျှင်

"မကိုင့်"

အလင်းရောင် ရှေ့တိုးလာမိသည်။ မကိုင့် ခြေလှမ်းတွေ နောက်ဆုတ်လိုက်ပေမယ့် နောက်ရောက်မသွား။

'ရှင်'လို့ ရင်ခုန်ထိတ်လန့်သွားတဲ့ အာမေဋိတ်သံနောက်မှာ

လက်တွေဆုပ်ကိုင်ခံရလို့ နွေးသွားတဲ့ အသိရှိသလို ရုန်းခါလိုက်တာလည်း သိနေသည်။ သို့သော်လည်း မကိုင့် လက်ချောင်းတွေက အလင်းရောင်လက်ထဲမှာ သံလိုက်တုံးနဲ့တွေ့ခံရတဲ့ သံမှုန်လေးလိုပါသွား၏။

ရင်အုံပေါ် အရှည်လိုက်ချထားတဲ့ မကိုင့်ဆံနွယ်မှာ တယုတယ သိကုံးခဲ့တဲ့ စံပယ်ပန်းကုံးကို အလင်းရောင် မြတ်နိုးစွာ ပန်ဆင်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပျံ့ထုံအီသော စံပယ်ပန်းရနံ့တို့နှင့်အတူ အပျိုစင်မနက်ခင်းက
ချစ်သူမနက်ခင်းဆီ အနမ်းတို့ဖြင့်ခိုဝင်သွားလျှင် ရင်ခုန်သံတို့ ပျော်ဝင်
သွားတော့။

"မောင်လေ ဘယ်လိုချစ်မိသွားမှန်း မသိဘူး တကယ်"

လို့ ဘယ်နှကြိမ်မြောက်မှန်းမသိ မှည့်နက်ကလေးကိုနမ်းရှိုက်
ရင်း ထပ်မံ ရွတ်မိတော့သည်။

ယုံပါ မကိုငို့ရယ်။

■ ■ ■



# အခန်း (၇)

"သေချာရဲ့လား သက်ဝင်း"

"ဟော ဒီလောက် ဟိုးလေးတကြော် ဖြစ်ခဲ့တဲ့ကိစ္စ၊ ကိုယ်က
ုပ်ကြီးပြောလို့ရသတဲ့လားကွာ၊ လုပ်ကြီးပြောရလောက်အောင် ကိုယ်
ောက်တန်းမကျဘူးကွ"

သက်ဝင်း စကားနောက်မှာ ခန့်ညားတို့မျက်နှာ အကြီးအကျယ်
က်ကျသွားသည်။ မျက်နှာပျက်ပျက်နှင့် အသက်မဲ့သလိုလည်း ဖြစ်သွား
ည်။

"မယုံချင်ဘူးကွာ"

ပိုင်ပိုင် ယုံကြုံးမရပြောကာ သက်ဝင်းဆီက အကြည့်လွှဲလိုက်
ည်။ သက်ဝင်း ခေါင်းတစ်ချက်ရမ်းသည်။ ထို့နောက် ကားရှေ့ဖုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒူးနှစ်ဖက်ပိုက်ထိုင်နေရာမှ ပခုံးလေး အသာပင့်ပြီး မထိတရိပြုံးကြ
သည်။

"ဟုတ်တယ်ကွာ ကိုယ်တို့လည်း မယုံချင်ဘူး"

ပိုင်ပိုင် ကားဘေးမှီရပ်နေရာမှ နှာခေါင်းတစ်ချက် ရှုတ်
ဝင်ပြောသည်။

"ကိုယ်လည်း မယုံချင်ဘူး သက်ဝင်း"

ခေတ်လူက ကားရှေ့မှာ စိတ်ရှုပ်ရှုပ်စွာ ယမ်းလျှောက်နေ
ခြေလှမ်းရပ်ပစ်ကာ မတည်ငြိမ်စွာ ပြောပြန်သည်။ ခန့်ညား ကားရှေ့
လက်တစ်ဖက်ထောက်ရပ်နေရင်းမှ ကိုယ်ကို မတ်ပြီး ခပ်မြိန်မြိန်
ထိုင်နေတဲ့ သက်ဝင်းကို စိုက်ကြည့်သည်။

သက်ဝင်းလည်း စိုက်ကြည့်ပြီး ပုံမှန်အတိုင်းဆက်ပြော

"မင်းတို့မယုံလို့ရတယ်၊ ဒါပေမဲ့ လက်မခံလို့မရဘူး"

"ဟေ"

ခန့်ညားတို့သုံးယောက် မျက်လုံးပြူးသွားသည်။ သက်ဝင်း
နှစ်ဖက်ကို ပိုက်ထားတဲ့လက်ကိုဖြုတ်သည်။ ကားအဖုံးမှာ လက်နှစ်
နောက်ပြန်ထောက်၍ ဒူးကလေးနန့်ကာ

"ဟုတ်တယ်လေ ယုံကြည်တာက တခြား။ လက်ခံရမှု
တခြား။ မင်းတို့တွေသာ မသိသေးလို့ ရှုနေကြတာကွ။ ကိုယ့်ကို ရှေ
ပိသာ ပုံပေးမယ်ဆိုရင်တောင် ပန်းမကိုင်ရှုကို ချစ်ဖို့မပြောနဲ့ တွေ့
တောင် မသတည်ဘူးကွ"



ပန်းမကိုင်ရှုကို မြတ်မြတ်နိုးနိုး ခံစားမိတဲ့ ခန့်ညားတို့နှလုံးသား
မှာ အဆိပ်တက်သလို ပြာမှောင်သွား၏။

"နေပါဦး မင်းတို့တာဖြစ်လို့ ပန်းမကိုင်ရှုကို အဲလောက်ရှုံးရတာ
လဲ"

"ဒါကတော့ကွာ မင်းလည်း ယောက်ျားပဲ၊ ယောက်ျားဆိုတာ
မိန်းမလှမြင်ရင် ရင်ခုန်တယ်။ ဆွဲဆောင်မှုရှိတဲ့ မိန်းမလှကိုမြင်ရရင်
သနားလန်း ဖြစ်တယ်၊ ပန်းမကိုင်ရှုက ကိုယ်တို့မြင်ဖူးသမျှ မိန်းမလှတွေ
ထဲမှာ Top ပဲ၊ ပိုင်ဆိုင်ခွင့်မရရင်တောင် အမြင်အာရုံလေးနဲ့ ယစ်မူးချင်
တဲ့စိတ်က လွှမ်းမိုးနေတယ်၊ ဒါကြောင့် ကိုယ်တို့ကောင်တွေသွားကြည့်
လို့ အဲဒါ မင်းရောက်လာတာနဲ့"

ခေတ်လူ စကားအရှည်ကြီးပြောသည်။ သက်ဝင်း မသတည်
သလို ပြုံးပြန်သည်။

"အင်းလေ ကြည့်ချင်တယ်ဆို သွားကြည့်လေ၊ ဒါပေမဲ့ မင်းတို့
ရင်ထဲမှာ အရင်လို ခံစားလို့ရသေးရင်ပေါ့"

ခန့်ညားတို့ လေးလေးပင်ပင် ခေါင်းရမ်းမိသွားသည်။

ဘာကြောင့်မှန်းမသိ ပန်းမကိုင်ရှုကို မြတ်နိုးတဲ့စိတ် အလိုလို
ကျသလို ဖြစ်သွား၏။

သက်ဝင်းပြောတာကို မယုံချင်ပေမယ့် လက်မခံလို့မရတဲ့
အကြောင်းတရားက ရှိနှင့်နေပြီးသည်။

"ဒါပေမဲ့ကွာ ရင်ထဲမှာတော့ တင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင် တစ်ခွန်းပြောသည်။ ခန့်ညားနဲ့ခေတ်လူ ခေါင်းညိတ်လျက် ထောက်ခံသည်။ သက်ဝင်းက မသတည်တဲ့အပြုံးနဲ့ သုံးယောက်စလုံးကို တစ်လှည့်စီကြည့်ပြီး

"မင်းတို့အစက အဲသလောက် ရှုးလိမ့်မယ်မထင်လို့ ကိုယ် မပြောခဲ့တာ၊ မပြောဖြစ်တာက မင်းတို့အသည်းအသန်ဖြစ်နေတဲ့ မိန်းကလေးက ပန်းမကိုင့်ဖြစ်မှန်း မသိလို့ကွ၊ အခုမှ ပန်းမကိုင့်ဆိုတာ ရတယ်၊ သိသိချင်း ကိုယ်ပြောတာ ယုံတာ မယုံတာကို ကိုယ်မပြော ကိုယ်ပြောတာက လက်ခံရမယ့် အကယ့်အဖြစ်အပျက်၊ အဲဒီ အဖြစ်ပျက်က မော်လမြိုင်မှာ ခုချိန်ထိ လူတိုင်း တခုတ်တရ ပြောနေ မရိုးနိုင်တဲ့ ဇာတ်လမ်းတစ်ပုဒ်ဆို ပိုမှန်တယ်၊ ဒါကြောင့် အဲဒီအာ မော်လမြိုင်က ခြေရာဖျောက်လာတာ၊ သူ့သမီးကို သူ မလာပြီး ပတ် ကျင်အသစ်မှာ ခေါင်းမော့နေစေတာကွ၊ တစ်နည်းပြောရရင် အတိတ် အမည်းစက်ကို ဖုံးချင်လို့ပေါ့ကွာ"

ခန့်ညားတို့ရင်မှာ အတော်ချည်း မွန်းကြပ်သွားသည်။

"ဘယ်လောက်ပဲ လုံအောင် ဖုံးဖုံးကွာ၊ အဖုံးအဖိတော် ဆင်သေကို ဆိတ်ရေနဲ့ ဖုံးလို့ရချင်ရသွားမယ်၊ ပန်းမကိုင့်ရဲ့အတိတ် ဘာနဲ့မှ ဖုံးဖိလို့လုံမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ခေတ်လူ ဒိုင်းခနဲ မေးလျှင် ခန့်ညားတို့ခေါင်းထောင်မတ်သွား

"ဘာလဲကွ ဖြုန်းစားကြီး"





သက်ဝင်း မျက်မှောင်ကုပ်ကြည့်၍ မေးသည်။ ခေတ်လူ ပျာပျာ ပျာယာ မျက်နှာနှင့်

"ဟိုကောင် အလင်းရောင်"

"ဟာ ဟုတ်တယ် အလင်းရောင်"

ပိုင်ပိုင်နဲ့ခန့်ညား အထိတ်တလန့်နှင့် ပြိုင်တူပြောသည်။

"အလင်းရောင် အလင်းရောင်က ဘယ်သူလဲ"

သက်ဝင်း စိတ်ဝင်တစား မေးသည်။ ပိုင်ပိုင် ဆံစတွေဖွပ်ရင်း

"မင်းမသိသေးတဲ့ ကိုယ်တို့သူငယ်ချင်း L.A က ပြန်လာတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ ဒီကောင်က ပန်းမကိုင့်ကိုမြင်ပြီး ခံစားမိသွားတယ်၊ မရအရ လိုက်မယ်လို့ ကိုယ်တို့ကောင်တွေနဲ့ စိန်ခေါ်ထားတယ်ကွာ"

"ဒီကောင် အချဉ်မိတော့မယ်ကွ"

သက်ဝင်း ရယ်ကျဲကျဲပြောလျှင် ခန့်ညားတို့မျက်နှာတွေ ပြာသွား၏။

"ဟင့်အင်း ကိုယ့်သူငယ်ချင်းကို အချဉ်မိမခံနိုင်ဘူး"

"ဟုတ်တယ် မြန်မြန်သွားစို့၊ ဒီကောင့်ကို အရတားရမယ်"

"ကဲ ကဲ ကားပေါ်အမြန်တက်"

အလင်းရောင်အတွက် အားလုံး စိုးရိမ်တကြီး ဖြစ်သွားသော စိုးရိမ်စိတ်ကြောင့် အားလုံး ပျာယာခတ်၍ ကားပေါ် ကမန်းကတန်း တက်သည်။



www.burmeseclassic.com

ခေတ်လူ ကားကို ဖုန်းခနဲ ဆောင့်ထွက်မတတ် မောင်းထွက်သည်က အလင်းရောင်ကို အချိန်မီ ဟန့်တားဖို့ပဲ ဖြစ်သည်။

■ ■ ■

"အလင်းရောင် အလင်းရောင်"

ဖြုန်းစားချည်း တရစပ်ခေါ်သံကြောင့် ဒေါ်ဝင်းဝင်းရွှေ နားထဲ ဒိုင်းခနဲ တိုးဝင်လာသည်။ သား ပြန်အလာကို ပန်းတွေရှုရင်းစောင့်နေမိ တာလေ။

ခန့်ညားတို့ ကားပေါ်က ဝုန်းခနဲ ဆင်းချလာပြီး ခေါ်တ ကြောင့် ဒေါ်ဝင်းဝင်းရွှေ ကမန်းကတန်း ပေါ်တီကိုအောက်ကို မပြေးရုံ တမယ် လာခဲ့ပြီး

"ခန့်ညားတို့ပါလား ဘာဖြစ်လို့လဲ၊ သား မနက်အစောကြီး ကတည်းက ထွက်သွားတယ်၊ ပန်းမကိုင်ရှိဆီကိုလေ"

"ဟင်"

ခန့်ညားတို့ မျက်လုံးပြူးထွက်မတတ်ဖြစ်သွား၏။ အန်တီကို ဘာမှဆက်မမေးတော့။ ကားပေါ် ကမန်းကတမ်း တက်ကြသည်။

"ဟဲ့ ဘာပြောမလို့လဲ ပြောသွားလေ၊ အို ဒီကလေးတွေနှယ်"

အန်တီ ရေရွတ်သံကို ခေတ်လူတို့ အရေးမစိုက်တော့။ ပန်း မကိုင်ရှိ ဂေဟာဆီ အရှိန်ပြင်းပြင်း ဦးတည်ခဲ့၏။ ပန်းမကိုင်ရှိဂေဟာ ရောက် တော့ ဒေါ်အုံးက

"မောင်အလင်းရောင်နဲ့ ပန်းမကိုင်ရှိ ခုလေးတင် လမ်းလျှောက်





ထွက်သွားတယ်"

"ဘယ်ကိုလည်း ဒေါ်အုံး"

"မြန်မာစတားကိုလေ"

"ဟာ"

ခန့်ညားတို့ ကြက်သီးဆတ်ဆတ် လန့်ဖျပ်သွား၏။

"ဟုတ်တယ်လေ"

ဒေါ်အုံး ထစ်ဆင့်ပြောလျှင် ခေတ်လူ ကားကို မြန်မာစတားဆီ ဦးတည်ခဲ့သည်။ ဆုံးစံအတိုင်း ဒီအချိန်ဆို မြန်မာစတား လမ်းကြောက ရှုပ်နေမှာ သေချာလို့ ကားရပ်ရန်နေရာလည်း ရှာမရတော့။

ဒါကြောင့် မြန်မာစတားအနောက်ပေါက်မှာ ကားရပ်သည်။ ကားရပ်သည်နှင့် ခေတ်လူတို့အားလုံး ကားပေါ်က ဆုတ်ခနဲ ပြေးဆင်း ကာ အရောင်းပြခန်းတွေရဲ့ဘေးက ကမန်းကတန်း လျှောက်ထွက်ခဲ့ သည်။

မြန်မာစတားအရှေ့ဘက် ပေါ်တီကိုအောက် ပြေးထွက်ရင်း နာရီတစ်ချက်မြှောက်ကြည့်ကြသည်။ ရှစ်နာရီခွဲဖိုတိ။

ခန့်ညားတို့ရင်မှာ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။

အလင်းရောင်နဲ့ပန်းမကိုင်ရှိ ဒီအချိန်မှာ ယှဉ်တွဲလျှောက်လာရင် ခက်ရချည်ရဲ့ဆိုတဲ့ အတွေးနဲ့ ရင်ပူနေတုန်း မြန်မာစတား ပေါ်တီကို အောက်အရောက်မှာ လှမ်းမြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခု။

လမ်းတစ်ဖက်တစ်ချက်မှာ အရေးတယူ စောင့်ကြည့်နေကြတဲ့

www.burmeseclassic.com





ပုရိသတွေရှေ့ ပန်းမကိုဋ်လက်တစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ရေ... ယှဉ်တွဲလျှောက်လာတဲ့ အလင်းရောင်။

"ဟာ"

ခန့်ညားတို့ မယုံနိုင်လောက်အောင် ဖြစ်သွားဗျ။

အချိန်မီတားဆီးဖို့ လာခဲ့ကာမှ လက်မတင်လေး အချိန်နှောင်... သွားမှန်း သိရ၍ အလင်းရောင်အတွက် ယူကြုံးမရဖြစ်ကာ ဝမ်းနည်... သလိုလို ခံရခက်သလိုလို ဖြစ်လာသည်။

အံ့ဩအားကျတဲ့ မျက်ဝန်းတွေရှေ့မှာ ပန်းမကိုဋ် လက်တ... ဖက်ကို ဆုပ်ကိုင်ခွင့်ရတဲ့ အလင်းရောင်ရဲ့မျက်နှာက အောင်ပွဲရ သူ... ကောင်းနေယ်။

ထိုမြင် ယောက်ျားတိုင်း မျှော်လင့်သော အလှတရင်မကို လက်... တွဲခွင့်ရသော ယောက်ျားတစ်ယောက်၏ အောင်ပွဲခံ မာနအပြုံးနှင့်အတူ... အားလုံးရှေ့မှာ မြူးမြူးကြွကြွ ဖြတ်လျှောက်လာခဲ့သည်။

ခန့်ညားတို့ကို လှမ်းမြင်လျှင်

ဘယ့်နှယ်ရှိစဆိုတဲ့ မျက်စလေးနဲ့ ကြည့်သည်။

ပန်းမကိုဋ်ကို တွဲထားတဲ့ လက်ကိုမြှောက်၍ လက်မထောင်လိုက်... သည်က ပြိုင်ပွဲရလဒ်က သူနိုင်ပြီလို့ ကြေငြာလိုက်သလို

ဂုဏ်ပြုပွဲပေးလောက်တဲ့ နိုင်နိုင်မာမာ တောင်းဆိုကြောင်း ခန့်ညား... တို့ သိသွား၏။

ပန်းမကိုဋ်ကို တွဲထားတဲ့ အလင်းရောင် လက်ကိုကြည့်ရင်း...



...ခက်လှတို့ မှုန်းကြပ်စွာ ။ မမြင်နိုင်တဲ့ အာရုံဝေဝါးမတတ် ဝမ်းနည်းစိတ်... ...ွမ်းမိုးသွား၏။

မြန်မာစကားထဲ တွဲလျက်လှမ်းဝင်သွားတဲ့ အလင်းရောင်... ...ာက်ကျောပြင်ကို ကြည့်၍ ခန့်ညားတို့ ခေါင်းတွေအကြိမ်ကြိမ် ခါလျက်... ...ားဖြစ်ကုန်သည်။

"ဒီကောင်တော့ သွားပြီ၊ မင်းတို့သူငယ်ချင်း အလင်းရောင်... ...တာ သူလား"

သက်ဝင်းက လက်နှစ်ဖက်ပိုက်ရပ်၍ ခပ်တည်တည် စူးစိုက်... ...ကြည့်နေရာမှ လှမ်းမေးသည်။

ပိုင်ပိုင် လေးလေးပင်ပင် ခေါင်းညိတ်လျှင်

"ရူးနေတဲ့ကောင် အင်ထိတယ်လို့ သဘောထားလိုက်ပါကွာ"

"တောက်"

ဘာကိုမကျေနပ်လို့ မကျေနပ်မှန်းမသိတော့။ အံကြိတ်သူ၊ တက်... ...ခါက်သူတို့နဲ့ ခေတ်လူငယ်တို့သုံးယောက်စလုံး မျက်နှာတွေ အနက်ရောင်... ...ပဝါလွှမ်းသွားသလို မှောင်ကျသွား၏။

သေချာတာက အလင်းရောင်ကို ပန်းမကိုဋ်နဲ့လိုက်လိုက်လဲ့လဲ့... ...ဘောမတူနိုင်သလို မနှစ်မြို့နိုင်တော့ပါ။

လုံးဝမဲ့ကွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ထွီ"

သောက်မယ်လို့ ခံတွင်းထဲငုံမိတဲ့ ဘီယာတို့ မသတီ... ခန့်ညား ထွီခနဲ မြည်အောင် အန်ထုတ်လိုက်သည်။

အန်ထုတ်ပြီး ရေပိုက်ခေါင်းဖွင့်၍ ရေနဲ့ပလုတ်ကျင်းပြီ... သောက်ပိုင်းမှာ ပြန်ထိုင်သည်။ ပိုင်ပိုင်တို့ မျက်တောင်မခတ်တမ်း ကြ... ကြရာမှ သက်မချသည်။

"တောက် တွေးမိတိုင်း ဘယ်လိုမှ မသတီဘူးကွာ"

ခန့်ညား ဘာကိုရည်ရွယ်ပြောလိုက်မှန်း ပိုင်ပိုင်နဲ့ခေတ်လူ သိ... သည်။ စားပိုင်းအပြည့် ခင်းကျင်းထားသည့် အမြည်းမျိုးစုံနဲ့ သော... စရာတွေကို သိမ်းကျုံးကြည့်ရင်း စိတ်က အလိုလို ရွံရှာလာသည်။





ဖုန်းမြည်လာတာနဲ့ စားပွဲပေါ်က ဟန်းဖုန်းကို ခန့်ညား နား... ...င်လိုက်သည်။

"ကိုယ့်ကို ကောင်းကောင်းဂုဏ်ပြုဖို့ အသင့်ပြင်ထား။ မင်းတို့ ...ပြုတာ ခံယူဖို့ ကိုယ် ခုချက်ချင်း လာမယ်။ မက်ဂွိုက်ကို ခေါ်လာရမလား ...ဂွိုင်အလှကို မင်းတို့ အနီးကပ်ကြည့်လို့ရအောင်လေ"

မြူးတူးနေတဲ့ အလင်းရောင် အသံ။

"ကျွစ်"

ဖုန်း နားဝတောင်နေရင်း ခန့်ညား ရင်မှာရှဲ့သွားသည်။

"ပြောလေကွာ ကိုယ် သဘောထားကြီးပါတယ်ကွာ။ မြောလို့ ...တာ မဟုတ်ဘူး။ မက်ဂွိုက အနီးကပ်ကြည့်လေ ပိုရှဲလေကွ။ ကိုယ်ဆို ...ဂွိုင်ကို ကြည့်နေရရင် အတိတ်မေ့မတတ် နစ်မျောသွားတာကွ ဟား ...။ ဘယ်လိုလဲ ခေါ်ခဲ့ရမလား"

"မင်းတစ်ယောက်တည်း လာခဲ့"

သွားကြိတ်သံနဲ့ပြောပြီး ခန့်ညား ဖုန်းချလိုက်သည်။

အဖိုးတန်ဆုံး ပန်းတစ်ပွင့် နမ်းရှိုက်ခွင့်ရတဲ့ မဟာကံထူးရှင် ...ို့ မိုးမမြင် လေမမြင် ပျော်မြူးအူရွနေတဲ့ အလင်းရောင်။

သူငယ်ချင်းဆိုတဲ့အသိနဲ့ စကားပြောရတာ အရင်လို ဖီလင် ...ရှိတော့ပါ။

"တပါကွာ ကိုယ်တို့ကတိရှိတဲ့အတိုင်း အလင်းရောင်ကို ဂုဏ်ပြု ...ပွဲလုပ်ပေးရမှာပဲ၊ မင်း အဲလောက်ထိ မှုပျက်မနေနဲ့ ခန့်ညား"



www.burmeseclassic.com

www.burmeseclassic.com



"အလင်းရောင်အတွက် ကိုယ် ယူကြုံးမရဖြစ်တာကွ ဒီကော ဘာမှမသိဘဲ မြူးနေတာကို ခံပြင်းတာ ပိုင်ပိုင်"

"မင်းပြောတာ မှန်တယ်၊ ကိုယ်တို့ လက်မတင်လေး နောက် သွားတာကို။ တကယ်လို့ ကိုယ်တို့ နောက်မကျရင် အလင်းရောင်လ မကိုဋ်ကို ကိုယ်တို့လိုပဲ မသတည်ဖြစ်သွားမှာပဲကွ"

ခေတ်လူ ဘီယာဘူးဆုပ်ကိုင်ထားရင်း သွေးအေးအေးနဲ့ ဖျော ဖျ ပြော၏။ ခန့်ညားက စိတ်ဆတ်တတ်သူပီပီ တစ်ခုခုဆို သွေးဆူ တတ်သည်။ ခုလည်း သွေးဆူလျက် အလင်းရောင်ကို နှမြောတဲ့စိ ယူကြုံးမရ ခံစားနေခြင်းဖြစ်သည်။

"ဟုတ်တယ် ခန့်ညား၊ မကိုဋ်ရဲ့အတိတ်က အရိပ်ကိုမြင်သွ အလင်းရောင် ခုလို ဂုဏ်ယူဝင့်ကြွားတော့မှာမဟုတ်ဘူး။ ဂုဏ်ယူဝင့်ကြ ခဲ့တာကိုတွေးပြီး တစိမ့်စိမ့် ပြန်ရှက်သွားမယ်ကွ၊ အကောင်းဆုံ အလင်းရောင် မသိသေးတာကို သိသွားအောင် ကိုယ်တို့ပြောပြဖို့

ခန့်ညား ပခုံးကို လှမ်းဖက်၍ ခေတ်လူ ဖျောင်းဖျပြန်သ သက်ဝင်း ငြိမ်သက်လျက် အခြေအနေကို မပိုတ်မသုန် စိုက်ကြည့်နေ

ခန့်ညားကို စိုက်ကြည့်၍ တစ်ခွန်းဝင်ပြောသည်။

"မင်း အဲလောက်သွေးမဆူနဲ့ကွာ၊ ဘယ်ယောကျ်ားဖြစ် ဒီအမည်းစက်ကြီးကို သိသွားရင် ဘယ်လောက်လှတဲ့မိန်းကလေ ဖြစ်ဖြစ် ဘဝတစ်သက်လုံး လက်တွဲဖို့မပြောနဲ့ ချစ်တဲ့စိတ်တောင် ရှိ မှာ မဟုတ်ဘူး"





"သက်ဝင်း မင်းအလင်းရောင်ကို လျှော့မတွက်နဲ့ ဒီကောင်ကဲ ည်းစားလည်း မထားဖူးဘူး၊ မိန်းကလေးတွေနဲ့လည်း မတွဲဖူးဘူး။ ကိုယ်တို့ပြလို့ မကိုဋ်ကို မြင်ဖူးတာ၊ မြင်တာနဲ့ စွဲသွားတယ်၊ ပြီးတော့ ခန်တီကိုဖွင့်ပြောပြီး ချက်ချင်း တောင်းရမ်းနိုင်းတာကွ၊ ဟိုအဘိုးကြီးက ကိုယ်တိုင်ကြိုးစား ဘာညာ ပရိယာယ်ခံုးပြီး ပယ်ချသလိုလို ဘာလိုလို လမ်းကြောင်းဖွင့်ပေးလိုက်တာကွ။ ယော ခုပဲကြည့် ချက်ချင်း ချစ်သူ တွဖြစ်သွားတာ၊ ကိုယ်တို့လိုက်မမီဘူး ဘယ်လောက် မြန်ဆန်သလဲ"

ခန့်ညားရင်ထဲရှိတဲ့အတိုင်း မကျေမနပ် ထုတ်ပြော၏။ သက်ဝင်း တည်ငြိမ်စွာခေါင်းညိတ်ပြီး

"ဟုတ်ပါတယ် မင်းပြောသလို မြန်မြန်ဆန်ဆန် ချစ်သူဖြစ် သွားတယ်ပဲ ထားတော့၊ လက်ထပ်တာမဟုတ်သေးတဲ့အတွက် ကိုယ်တို့ ကူကယ်ချိန်ရသေးတယ်ကွ"

သက်ဝင်းပြောမှ ခန့်ညား အသိဝင်သလို ခေါင်းဆတ်ခနဲ တောင်သွားသည်။

"သက်ဝင်းပြောတာ မှန်တယ်ကွ၊ အလင်းရောင် ဘယ်လောက် ဲ ရူးရူးမူးမူး ဖြစ်ဖြစ် အကြောင်းစုံသိသွားရင် ပန်းမကိုဋ်ကို မျက်နှာချင်း ဆိုင်တောင် ကြည့်ချင်စိတ်ဖြစ်တော့မှာ မဟုတ်ဘူး။ ပြီးတော့ သက်ဝင်း ပြောပုံအရ ဘယ်လောက် ဖုံးဖုံးဖိဖိ လျှို့ဝှက်ထားပစေ လူအတော်များ များ သိနေပြီကွ၊ အန်တီတို့ သိရင်လည်း ချွေးမတော်ဖို့မပြောနဲ့ အလင်း ရောင်ကို ချက်ချင်း L.A ကို ပို့ပစ်မှာ၊ အန်တီက ဂုဏ်မက်တဲ့မိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ချေးမဖြစ်မယ့် မိန်းကလေးက လူတကာ လက်ညှိုးထိုးတဲ့ အမှ
စက်ရှိနေရင် ပန်းမကိုင့်မဆိုထားနဲ့ နတ်သမီးဆိုရင်တောင် ခါးပစ်မှ
ကွ၊ ဇင်းစိတ်ကိုလျှော့ထား"

ဝိုင်ဝိုင်ပြောလျှင် ခန့်ညား သွေးအေးစဖြစ်လာသည်။

"ဒီကိစ္စမှာ ကိုယ်တို့ အေးအေးဆေးဆေး ပြောပြတတ်ဖို့
တယ်၊ သိပ်မကြာခင် အလင်းရောက်လာမယ်၊ မင်း ဘူချေ့မပျက်နေကွ
လောလောဆယ် အလင်းစိတ်ကို အရင်ခန့်မှန်းရမယ်၊ ခန့်မှန်းပြီး
အချက်ကျကျ ပြောရမယ်ကွ"

ခေတ်လူတို့ဝိုင်းပြောတာကြောင့် လွှတ်သွားတဲ့စိတ်ကို ခန့်ညား
ထိန်းချုပ်လိုက်သည်။ သက်မလေးချရင်း တည်ငြိမ်လာဖို့ ကြိုးစားရတ
ပင်ပန်းလှ၏။

"လောလောဆယ် အလင်းရောင် ကျေနပ်အောင် ကိုယ်
ရက်ရက်ရောရော ဂုဏ်ပြုပေးကြရအောင်ကွာ နော် ခန့်ညား"

ခေတ်လူ ထပ်ဆင့်ပြောမှ ခန့်ညား နှုတ်ခမ်းပါးတင်းတင်းမ
လျော့ပါးသွားသည်။

"ဟေ့ အဆင်သင့်ပဲလားကွ ဟား ဟား"

ချစ်သူပုပ္ပနွေးနွေးရထားတဲ့ အလင်းရောင်မျက်ဝန်းက ရင်ခုန်
တို့ မှိုင်းအိနေသည်။ နှုတ်ခမ်းတို့ကလည်း ချစ်ခြင်းဖြင့် အနားသတ်က
စကားသံတို့က အမြုံးရွှင်လန်းနေ၏။

ပြောရင်း ရယ်ရယ်မောမော ဝင်လာတဲ့ အလင်းရောင်





သူငယ်ချင်းအားလုံး တိတ်ဆိတ်စွာ လှမ်းကြည့်သည်။

အလင်းရောင် အကျိုကောက်လာတောင်၍

"ဘယ်လိုလဲကွ အံ့ဩသွားလား"

လွှတ်နေတဲ့ ထိုင်ခုံမှာ တက်တက်ကြွကြွ ဝင်ထိုင်ရင်း မျက်ခုံး
ပင့်လျက်မေးသည်။ ဝိုင်ဝိုင်တို့အားလုံး ဘူချေ့မပျက်ပြုံးသည်။ ပြီးမှ
ခေတ်လူ အသံထိန်းကာ

"အံ့ဩတာထက် ပိုတယ်ကွ"

"အံ့ဩရမယ်လေကွာ"

အလင်းရောင် ပခုံးပင့်ပြီး ခပ်ဝင့်ဝင့်လေး ပြောပြန်သည်။

"ကိုယ်တို့တော့ မင်းကိုလိုက်မမီတော့ဘူး အလင်းရောင် ချက်
ချင်းကြီး ရှုသူဖြစ်သွားအောင် မင်း ဘယ်လိုစွမ်းဆောင်လိုက်လဲ"

"ဟ ကိုယ်တာမှ စွမ်းဆောင်စရာမလိုဘူး မကိုင့် ကိုယ့်ကိုချစ်
နေတာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက"

"ဟော"

ဝိုင်ဝိုင်တို့အားလုံး မျက်လုံးပြူးကျန်သည်။

"ဘယ်လိုကွ"

ခန့်ညား ဘူချေ့မဆယ်နိုင်တော့ မျက်နှာထားနဲ့မေးသည်။ ဘေး
ချင်းကပ်ထိုင်နေတဲ့ သက်ဝင်းက ခန့်ညားကို ပေါင်ချင်းတိုက်၍ သတိပေး
သည်။

ခန့်ညား သတိနဲ့ထိန်းပြီး သိချင်တာကို ထပ်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကွာ မကိုဦးက မင်းကို ဘယ်လိုချစ်သွားတာလဲ ချစ်သွားရ အောင် မင်းကို ဘယ်မှာမြင်ဖူးလို့လဲ ၂၀ရက်ကို သွားတာတည်းက မင်း ပြန်မလာတာ ဆယ်နှစ်တိတိလေကွာ။ မင်းရဲ့ အရုပ်ကြောက်တာမှ ရက် [illegible] ရှိသေးတယ်"

"ကိုယ်တို့လည်း စိတ်ဝင်စားတယ် ပြောစမ်းကွာ"

ခေတ်လှကလည်း စိတ်ဝင်တစား သိချင်စိတ်ရှိနေပုံလာတော့ အလင်းရောင် ရင်မှာ ပို၍ကြည်နူးသွားသည်။

အလင်းရောင် ကြည်နူးစိတ်နှင့် ထိုင်ခုံနောက် ကျောကပ်၍ ဇော်မကော်မြင်ထိုင်ပြီး

"ကိုယ်လည်း မင်းတို့ကို ပြောပြချင်တာကွ"

"ကဲ ဒါဆို ခေါက်ရင်းစားရင်းပြောပေါ့ကွာ။ ကိုယ်တို့က မင်းရဲ့ကတိအတိုင်း ဂုဏ်ပြုဖို့အသင့်ပြင်ပြီး စောင့်နေတာကွ"

ပိုင်ပိုင် သွက်သွက်ကလေးပြောရင်း အလင်းရောင် စိတ်အာရုံ ကို ဆွဲယူလိုက်သည်။

"ကောင်းတယ်ကွာ"

အသားကင်အစုံနဲ့ ပိုင်းအသင့်ဖြစ်နေတဲ့ စားသောက်ဝိုင်းကို မျက်စပစ်ကြည့်ရင်း အလင်းရောင် အွေးတက်သရေဖြစ်သွားသည်။

ခက်ဝင်းက အရာရာမှာ ပါးနပ်သူပီပီ

"ကိုယ်ကလည်း မင်းကို ဂုဏ်ပြုပါတယ်ကွ"

အသင့်ဖောက်ပြီးတဲ့ ဘီယာဘူးကို အလင်းရောင်လက်ထဲ ပေး





၍ ရင်းရင်းနှီးနှီး စပြောသည်။

အလင်းရောင် ဘီယာဘူးလှမ်းယူပြီး

"Thank You ကွာ"

အားလုံးအသီးသီး ဘီယာဘူးတွေ ဖောက်သည်။ ခန့်ညားစောစောက ဖောက်ထားတဲ့ ဘီယာဘူးကိုပဲ ကောက်ကိုင်သည်။

"ဘီယာဘူးတွေ မြှောက်၍ ချီးယားလုပ်ပြီးလျှင် တစ်ကျိုက်စီ ဆုပ်သောက်ကြသည်။

"ကဲ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက မင်းကိုချစ်နေတယ်ဆိုတဲ့ ပန်းမကိုဦးရဲ့ပုံပြင်ဆန်းဆန်းလေး ပြောပါဦး"

ခေတ်လှ စကားလမ်းကြောင်း အစဖော်ပေးသည်။ အလင်းရောင်ကလည်း ပြောချင်နေစွာ အူယားနေသည်။

ပြောပြမိသည်ကလည်း မချွင်းမချန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မာမိနဲ့ဒယ်ဒီနဲ့အတူ ပန်းမကိုင့်ဆီ လှူကြီးချင်း ကြောင်းလမ်းဖို့ ကိစ္စ သွားတဲ့နေ့ကဖြစ်သည်။

အန်ကယ် ဦးအောင်သိန်းကျော် သဘောတူးနဲ့အယူအဆက အလင်းရောင် စိတ်ကို ခံပြင်းစေသည်။

အလင်းရောင်က ပန်းမကိုင့်ကို မြင်မြင်ချင်း ချစ်မြတ်နိုးခဲ့သည်။ ဘယ်သူမှ လက်လှမ်းမမီသည့် မိန်းကလေးကို အရယူလိုတဲ့ ယောကျ်ား မာနလည်းရှိသည်။

ဒါကြောင့် မာမိကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောမိသည်။ မာမိကလည်း ပန်းမကိုင့်ကို မျက်စိကျနေတာနဲ့ အံကိုက်ဖြစ်သွားတော့။

ဒယ်ဒီကလည်း မကန့်ကွက်ဘူး။



သားဆန္ဒအတိုင်း ပန်းမကိုင့် မိဘဆီမှာ ဒယ်ဒီတို့ နှုတ်သွား တောင်းမယ်လို့ အကြောင်းကြားရေး လိုက်လျောခဲ့သည်။ မိသားစုတစ်စု လုံး ပန်းမကိုင့်မိဘဆီ မိသားမသားပိပိ ဂုဏ်သိက္ခာရှိရှိ တောင်းရမ်းဖို့ ရောက်လာသည်။ အလင်းရောင်တို့ ရောက်တဲ့အချိန်မှာ ဧည့်ခန်းအဝကို ဒေါ်အုံး ဦးမှာ ရောက်လာသည်။

အဲဒီက ရှေ့က မာမိနဲ့အလင်းရောင်က ကားပေါ်မှာပဲ ရှိနေ သေးသည်။ အဲဒီက ဒေါ်အုံးကို ပန်းမကိုင့်မိဘနဲ့တွေ့လိုကြောင်း ပြော သည်။

ဒေါ်အုံးသေချာစွာ ဧည့်သည်တွေကို စေ့အကြည့်မှာ အလင်း ရောင်ကို မြင်သွားသည်။ ထိုအခါ ပါးစပ်အဟောင်းသားနဲ့ အလင်းရောင် ကို တအံ့တသြ ငေးကြည့်သည်။

ထိုအကြည့်ထဲမှာ နှစ်ပေါင်းများစွာကတည်းက သိကျွမ်းခဲ့ သလို လို ဘာလိုလိုနဲ့။

အဲဒီနောက် ဒေါ်အုံးအခန်းထဲ ဝင်သွားသည်။ မကြာခင် ဦး အောင်သိန်းကျော် ဧည့်ခန်းထဲရောက်လာသည်။

ပန်းမကိုင့်က ခင်နိုမျက်နှာကျပုံဆင်သည်။ မကိုင့်လိုပဲ အသား အရည်စိုလှသည်။ ကိုယ်နေဟန် ပြည့်ပြည့်ဖြိုးဖြိုးနဲ့ အရွယ်ကောင်း ယောကျ်ားတစ်ယောက်ရဲ့ မာန်မာနမျိုးရှိသည်။

ကြည်သီးအပြည့်အစုံတပ်ထားသော ရှပ်လက်ရှည်နှင့်အပေါ်မှာ အညိုရောနေသည့် အင်္ကျီဝင်းစားချည်ပုဆိုးကို သပ်သပ်ရပ်ရပ် ဝတ်

www.burmeseclassic.com



ထားသည့်မှာ ကျွက်သရေရှိလှသည်။

ညွှန့်ခန်းအဝင်ဝမှာ ရပ်နေတဲ့ ဒယ်ဒီကိုတွေ့လျှင် မျက်ခုံးနှစ်ဖက် အလိုလိုတွန့်သွား၏။ ထို့နောက် ရုတ်ချည်း ဝမ်းသာအားရမျက်နှာနဲ့ ဒယ်ဒီကို မှတ်မိသွားကာ အားရဝမ်းသာ ဖက်လှဲတကင်း ကြိုဆိုသည်။

ဒယ်ဒီနဲ့ စကားတွေ အပြန်အလှန် ပြောကြတာကို နားဆင်မိသည်နှင့် တစ်ချိန်က ဒယ်ဒီနဲ့ရင်းနှီးခဲ့တဲ့ သူငယ်ချင်းမှန်း သိရသည်။

ထိုအခါ အလင်းရောင် အတိုင်းမသိ ဝမ်းသာပြီး မျှော်လင့်ချက်ပြည့်တော့မယ်ဆိုတဲ့အသိနဲ့ နှလုံးသားမှာ မြူးသွားသည်။

သို့သော် နောက်ဆုံးအခြေအနေက ထင်သလို ဖြစ်မလာခဲ့။

ခံပြင်းမှု၊ မကျေနပ်မှုတွေနဲ့ အလင်းရောင် အနံကယ်ရှေ့က ရှောင်ထွက်ခဲ့သည်အထိ စိတ်အနည်ထသွားသည်။

ထိုနေ့တစ်နေ့လုံး အလင်းရောင် ရင်မှာ အနံကယ်ကို အစာမကြေ။ ပိုးစိုးပက်စက် ပြောချင်တဲ့စိတ်နဲ့တစ်ယောက်တည်း နေမထိထိုင်မသာ ဖြစ်နေခဲ့သည်။

နေ့တွေ ညတွေပါ မှားမတတ်ဖြစ်လာသည်။

ရင်ထဲပေါ့သွားအောင် သူငယ်ချင်းတွေကို ပြောပြတော့လည်း သူငယ်ချင်းတွေ ဝိုင်းဟားပြန်သည်။ အဟားခံရလေ အလင်းရောင်ရဲ့ မာနက အညွှန့်တလူလူ တက်လေ။

ပန်းမက်ကိုင်ရှ်ကို ချစ်တဲ့စိတ်နဲ့ရော၊ မာနစိတ်နဲ့ပါ မရအရ လိုချင်လာသည်။ မရရအောင် ယူမယ်လို့လည်း လက်မထောင် ကြွေးကြော်ခဲ့





သည်။

ပန်းမက်ကိုင်ရှ်ကို ရအောင် ဘယ်လိုလုပ်ရမလဲ။

တစ်ယောက်တည်းတွေးရင်း ငုတ်တုတ် ငိုင်နေမိသည်။ ထိုစဉ် စားပွဲပေါ်က တင်ထားတဲ့ ဟန်းဖုန်းလေး မြည်လာသည်။

အလင်းရောင် ခုတင်ပေါ်က ဆင်းပြီး စားပွဲဆီလျှောက်သွားသည်။ ပြတင်းပေါက်နား မှီရပ်ပြီးမှ ဖုန်းကို စိတ်မပါစွာ ကောက်ကိုင်သည်။

"ဟဲလို"

"မောင်အလင်းရောင်"

ခေါ်သံကြောင့် အလင်းရောင် မျက်မှောင်ကုပ်ကျသွားသည်။ ခေါ်သံက အသက်ကြီးကြီး မိန်းမကြီးအသံ။ ခေါ်သံက ရင်းနှီးကျွမ်းဝင်သလိုနှင့်

"ဟုတ်တယ် ကျွန်တော် အလင်းရောင်ပါ၊ ဘာကိစ္စရှိလို့လဲ၊ အခုပြောနေတာ ဘယ်သူလဲ ခင်ဗျ"

အလင်းရောင် တရစပ်မေးလိုက်သည်။

"အဒေါ်က ဒေါ်အုံးလေ"

"ဗြော်"

အလင်းရောင် မျက်နှာလေး အံ့သြရိပ်တို့ လွှင့်ပြယ်သွားသည်။ ဒေါ်အုံး အလင်းရောင်ကို စမြင်ရုံနဲ့ တအံ့တသြကြည့်တဲ့ အမျိုးသမီးကြီး

ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးနဲ့မလိုက်အောင် အေးတိအေးစက်



www.burmeseclassic.com

www.burmeseclassic.com



အသွင်ချိုနှိုတဲ့ အမှိုးသမီးကြီး၊ ဆံပင်ထူထူကို နဖူးပြောင်အောင် သိမ်းဖြီး မျက်နှာမှာ သနပ်ခါးရေကျဲလိမ်းပြီး အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားတက်နှင့် ခိုင်းကောင်းသည့် အိမ်စေတစ်ယောက်မှန်း ကြည့်ရုံနှင့် သိသာသည်။

သို့သော်လည်း မျက်ဝန်းအစုံက အလင်းရောင်ကိုကြည့်စဉ်က တစ်ခုခုကို သိနေသလို့နှင့် အလင်းရောင်ကို ဖွင့်ပြောချင်စိတ်တို့ရှိနေမှန်း အခုမှ သတိထားမိလာသည်။

မဆီမဆိုင် ဖုန်းဆက်လာတာ အကြောင်းမဲ့မဖြစ်နိုင်ဘူးလို့ အလင်းရောင် ရိပ်စားမိသည်။ ဒါကြောင့် အလင်းရောင် ရင်းနှီးဟန်နှင့် လက်ခံစကားပြောသည်။

"မှတ်မိတယ် မဟုတ်လား မောင်အလင်းရောင်"

"မှတ်မိတယ် ဒေါ်အုံး၊ ဘာပြောစရာရှိလို့လဲ ခင်ဗျ"

"ဟိုလေ ပြောစရာရှိတယ်ကွယ့်"

"ဘာပြောဖို့လဲ ဒေါ်အုံး"

"မကိုင်နွဲ့လေ"

"မကိုင်နွဲ့ မကိုင်နွဲ့ ဘာဖြစ်လို့လဲ"

"မောင်အလင်းရောင်နဲ့မကိုင်နွဲ့က ချစ်သူတွေ မဟုတ်လား"

"ဗျာ"

အလင်းရောင် အတော် အံ့ဩသွားသည်။ ဒေါ်အုံး ဘယ်လို မြင်တာလဲ။ ဒါမှမဟုတ် ဘာရည်ရွယ်ချက်နဲ့ မဆီမဆိုင် မေးတာလဲ။





ချစ်သူဖြစ်ဖို့ နေနေသာသာ

ပန်းမကိုင်နွဲ့နဲ့အလင်းရောင် တစ်ကြိမ်တစ်ခါမှ မျက်နှာချင်းဆိုင် မတွေ့ဖူးသေး။ အလင်းရောင်ကသာ ပိုင်ပိုင်စီတို့ပြလို့ မြင်ဖူးတာဖြစ်သည်။

ပန်းမကိုင်နွဲ့က အလင်းရောင်ကို မြင်ဖူးမယ်လို့ မထင်ဘူး။ ဒယ်ဒီတို့နဲ့သွားတဲ့နေ့က အနီကာယ်နောက်က ပန်းမကိုင်နွဲ့ရှိတယ်လို့ပဲ ပြောသည်။

မိတ်မဆက်ပေးသလို မကိုင်နွဲ့လည်း ဧည့်ခန်းထဲရောက်မလာခဲ့။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆိုင်ရသေးဘဲ ချစ်သူတွေ ဖြစ်နိုင်သတဲ့လား။

ချစ်သူတွေလားလို့ မေးရလောက်အောင် ဒေါ်အုံး ဦးနှောက် မှန်ရဲ့လား။

အလင်းရောင် အံ့ဩသွားတဲ့ ဗျာသံနောက်မှာ ဒေါ်အုံးအသံ ချက်ချင်း ကြားရပြန်သည်။

"ဟိုလေ ဒေါ်အုံးက မောင်အလင်းရောင်နဲ့မကိုင်နွဲ့ကို ချစ်သူလို့ ထင်တယ်"

"ဘာ ဘာဖြစ်လို့လဲ"

"မောင်အလင်းရောင်ရဲ့ဓာတ်ပုံကိုကြည့်ပြီး မောင်အလင်းရောင် အကြောင်းတွေ မကိုင်နွဲ့ စာရေးနေတာ ဒေါ်အုံး တွေ့တယ်"

"ဟင်"

"ဟုတ်တယ် မောင်အလင်းရောင် ကြားပြီသိလား၊ လေးငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ရှိနေပြီ ဒေါ်အုံး သတိထားတယ်''

အလင်းရင်ထဲမှာ သိသိသာသာ အံ့ဩတုန်ခါသွားသည်။ အလင်းရောင်ရဲ့ဓာတ်ပုံတဲ့။ မကိုင်ရှက ဘယ်ကရတာလဲ။ ဒေါ်အုံး သတိထားမိတာက နှစ်တွေကြာပြီးကတည်းကလေ။

မကိုင်ရှနဲ့အလင်းရောင်ကြားမှာ အလင်းရောင် မသိတဲ့ ပဟေဠိတွေ ရှိနေသလား။ ရှိနေတယ်ဆိုရင် သိခွင့်ရချင်တယ်။

''တကယ်လား ဒေါ်အုံး''

''တကယ်ပါကွယ်၊ ဟိုနေ့က အစ်ကိုကြီးက မောင်အလင်းရောင်ကို မနှစ်မြို့သလိုလို ဘာလိုလို ပြောတော့ ဒေါ်အုံး စိတ်မကောင်းတာ အမှန်ပါကွယ်၊ အစ်ကိုကြီးကြောင့် မောင်အလင်းရောင်နဲ့ မကိုင်ရှတို့ တကယ်ချစ်သူဖြစ်နေတယ်ဆိုတာ သိနေတော့''

လာပြန်ပြီ ချစ်သူဖြစ်နေတာ သိနေတော့ တဲ့။

''နေပါဦး ဒေါ်အုံးရဲ့၊ ဒေါ်အုံးက တကယ်ပဲ ချစ်သူလို့ထင်လား''

''ထင်တာပေါ့ မောင်အလင်းရောင်ရဲ့ဓာတ်ပုံနဲ့ မောင်အလင်းရောင်အကြောင်းကို မကိုင်ရှ ဒိုင်ယာရီရေးထားတာ၊ ဒေါ်အုံး ကိုယ်တိုင် သိနေတယ်လေ၊ သိတယ်ဆိုတာက မကိုင်ရှပြလို့မဟုတ်ဘူးနော်၊ ဒေါ်အုံး အမှတ်မထင်တွေ့လို့ သိသွားတာ၊ မကိုင်ရှက စပ်စုတတ်တာ မကြိုက်လို့ ခုချိန်ထိ ဒေါ်အုံး ဖွင့်မမေးပါဘူး၊ မောင်အလင်းရောင်ကို တွေ့ရတော့ မောင်အလင်းရောင်ကို ဒေါ်အုံး စိတ်ထဲက အလိုလိုရင်းနှီးနေတယ်၊ အဲဒါကြောင့်ပါ''





''ဒါဆို ဒေါ်အုံး ကျွန်တော့်ကို ကူညီဗျာ''

''ဘာ ကူညီရမှာလဲ မောင်အလင်းရောင်''

''မကိုင်ရှ ကျွန်တော့်အကြောင်း ရေးထားတဲ့ စာအုပ်နဲ့ ကျွန်တော့်ဓာတ်ပုံ ကျွန်တော် လိုချင်တယ်ဗျာ''

''မကိုင်ရှဆီမှာ တောင်းလေ''

''ဒေါ်အုံးရယ် ဒေါ်အုံးထင်နေတာ တစ်ခုမှ မဟုတ်ဘူး။ ကျွန်တော်နဲ့မကိုင်ရှက ချစ်သူလည်းမဟုတ်ဘူး၊ မကိုင်ရှနဲ့ကျွန်တော် မျက်နှာချင်းဆိုင် မတွေ့ဖူးဘူး၊ ကျွန်တော်ကသာ မကိုင်ရှကို မြင်ပြီးချစ်နေတာ၊ ချစ်နေလို့ ဒယ်ဒီတို့လူကြီးတွေကို ဖွင့်ပြောပြီး''

''ဟော''

ဒေါ်အုံး အခုမှ နားလည်သဘောပေါက်ဟန်နှင့် အံ့ဩသံကြီး အစ်ထွက်လာသည်။ အထင်နဲ့အစဖော်ပြောမိသွားတာ ဒေါ်အုံး မှားသွားပြီထင့်။

ပြဿနာတော့ တက်ကုန်တော့မယ် ဒုက္ခပါပဲ။ ဒေါ်အုံး ခုမှပဲ ပျာယာခတ်သွားသည်။ ဖုန်းကိုချပစ်ရအခက် နားထောင်ရအခက် ဖြစ်သွားသည်။

''ဟုတ်ပါတယ် ဒေါ်အုံး ဒေါ်အုံး ပြောပြတဲ့အတွက် ကျွန်တော် အံ့ဩတယ်၊ ဝမ်းသာတယ်၊ မကိုင်ရှ မသိအောင် ဒိုင်ယာရီနဲ့ဓာတ်ပုံ ယူပေးပါလား၊ ဒေါ်အုံးကို ကျွန်တော်အများကြီး ကူညီပါ့မယ်ဗျာ၊ မကိုင်ရှ ရင်ထဲမှာ ကျွန်တော်နဲ့ပတ်သက်ပြီး ဘာတွေရှိလဲဆိုတာ သိချင်လို့ပါ



www.burmeseclassic.com

www.burmeseclassic.com



မကိုဋ္ဌကို မစွန့်လွှတ်ရက်အောင် ချစ်လို့ပါဗျာ"

ဒေါ်အုံး ရင်ဘတ်ဖိကာ သက်မချပိုက်သည်။

ဒေါ်အုံး စိတ်ထဲထင်တာက တစ်မျိုး။ ချစ်သူဖြစ်ရက်နဲ့ အစ်ကို ကြီး စကားကြောင့် မကိုဋ္ဌကို မောင်အလင်းရောင် ကျောခိုင်းသွားမှာ စိုးရိမ်သည်။ စိုးရိမ်စိတ်ကြောင့် မဆီမဆိုင် သိထားတဲ့အကြောင်းအရာကို ထုတ်ပြောဖြစ်ခြင်း။

ခုတော့ အားလုံးရှုပ်ကုန်ပြီ။

"ဒေါ်အုံး ကူညီပါဗျာ ကျွန်တော့်ကို တစ်ဆိတ်ကူညီပါ၊ မကိုဋ္ဌ အနားကပ်ခွင့်ရဖို့ ကြိုးစားဖို့ သိပ်ခက်နေတယ် ဒေါ်အုံးရယ်၊ ဒါကြောင့်ပါ"

အလင်းရောင် ဖွက်အတင်းပဲ မရရအောင် အသနားခံနေမိသည်။

ဒေါ်အုံးခမျာ နောက်ဆုတ်လို့လည်းမရခော့။ ရှေ့တိုးဖို့လည်း မလွယ်။ ဒိုင်ယာရီနဲ့ဓာတ်ပုံကို မကိုဋ္ဌက တယုတယ သော့ခတ်သိမ်းထားတာလေ၊

ဒေါ်အုံးက မကိုဋ္ဌအခန်းထဲ ဝင်နေကျ။ မကိုဋ္ဌခိုင်းတာတွေ လုပ်ပေးနေကျမို့ မြင်တာ။ ပြီးတော့ ဒေါ်အုံးက စာတွေဘာတွေ သိပ်မတတ်ဘူး။ သေစာရှင်စာလောက်ပဲ ရေးတတ်တော့ မကိုဋ္ဌ သိပ်အရေးမထားတာလည်း ပါတယ်။

အိပ်ရာမဝင်ခင်က အဲဒီစာအုပ်ကို မကိုဋ္ဌ ရေးနေဖတ်နေတာ ဒေါ်အုံး မြင်လိုက်သေးသည်။





"ဒေါ်အုံး ကူညီမယ် မဟုတ်လား"

မောင်အလင်းရောင် တတွတ်တွတ်မေးနေတော့ မတတ်နိုင်တဲ့အဆုံး ဒေါ်အုံး ခေါင်းညိတ်လိုက်ရသည်။

"ကဲ မထူးတော့ပါဘူး မောင်အလင်းရောင်ရယ်"

"ဝမ်းသာလိုက်တာ ဒေါ်အုံးရယ်၊ ကျွန်တော် ခြံပြင်က စောင့်နေမယ်"

-"အို ညကြီးမင်းကြီး"

"ရပါတယ် ဒေါ်အုံး။ မဟုတ်ရင် ကျွန်တော်လည်း အိပ်လို့ပျော်မှာမဟုတ်ဘူး"

"အင်းပါ ဒေါ်အုံး အခြေအနေကြည့်ပြီး မကိုဋ္ဌဆီက ဒိုင်ယာရီနဲ့ဓာတ်ပုံခိုးလာပေးမယ်၊ ဖတ်ပြီးရင် ချက်ချင်းပြန်ပေးနော်၊ မကိုဋ္ဌသိရင် ဒေါ်အုံး အလုပ်ပြုတ်နေဦးမယ်"

"စိတ်ချပါ ဒေါ်အုံးရယ်"

"ဒါဆို ဒေါ်အုံး ဖုန်းချလိုက်မယ်"

"ကျွန်တော် ခြံပြင်က လာစောင့်မယ်၊ ဒေါ်အုံး မရရအောင် ယူပေးနော်"

"အင်းပါကွယ်"

ဒေါ်အုံး ကတိပေးပြီး ဖုန်းချသွားတဲ့အခါ အလင်းရောင် ထခုန်မတတ် မြူးမြူးကြွကြွ ဖြစ်သွား၏။

ညဖြစ်နေတာလည်း ဂရုမစိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဂိုထောင်ထဲက ကားထုတ်၍ ပန်းမကိုင့် ဂေဟာဆီ ဦးတည်မိသည်။ ခြံထောင့်ဘက်က မရမ်းပင်နဲ့ကွယ်ပြီး အလင်းရောင် ကားရပ်လိုက်သည်။

အန်ကယ် ရိပ်မိမှာလည်း စိုးရိမ်သည်။

ကားပေါ်ကဆင်းပြီး ခြံဝဘက် မယောင်မလည်သွားရင်း ဒေါ်အုံးမြင်အောင် ကိုယ်ရောင်ပြလိုက်၊ ကားပေါ်မှာ ပြန်ထိုင်လိုက်နှင့် စိတ်လှုပ်ရှားလျက်ရှိသည်။

ညတစ်နာရီတိတိမှာ ဒေါ်အုံး တိုက်ထဲက သုတ်ခနဲ ပြေးထွက်လာတာမြင်သည်။ အလင်းရောင် ကားပေါ်က ကမန်းကတန်း ဆင်းပြီး ခြံဝသံပန်းတံခါးရှေ့ လွှားခနဲ ရပ်မိသည်။

"မောင်အလင်းရောင်ရဲ့ ဒေါ်အုံးတော့ ရင်တထိတ်ထိတ်ပဲ၊ မကိုင့်အိပ်ပျော်နေတဲ့အချိန်စောင့်ပြီးမှ မကိုင့် သိမ်းထားတဲ့ ဗီရိုထဲက နိုးယူလာခဲ့တာ၊ ရော့ ရော့ ယူပြီး အမြန်သွား"

ဒေါ်အုံး စိုးရိမ်တကြီး ပြောကာ သံတိုင်တွေကြားမှ ထိုးပေးတဲ့ အနက်ရောင် မှတ်တမ်းစာအုပ်ကို ရင်ခုန်မပြယ်စွာ ယူလိုက်သည်။

ဒေါ်အုံးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တဲ့မျက်ဝန်းနဲ့ ကြည့်သည်။

ဒေါ်အုံးက အလင်းရောင်အတွက် မရှိမဖြစ် လိုအပ်လာတဲ့ အရေးပေါ် ဆီမီးခွက်လေးပါပဲ။

မကိုင့်ရဲ့





မင်းလေးရင်ထဲမှာ ကိုယ်နဲ့ပတ်သက်တဲ့ ရင်ခုန်သံပုံပြင်တစ်ခု ရှိနေသေးတဲ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဓာတ်ပုံကို ကြည့်မိစဉ် အလင်းရောင် မျက်ဝန်းမှာ သိသိသာသာ လင်းခနဲ လက်သွားသည်။ ဒီဓာတ်ပုံက L.A ရောက်ပြီး နှစ်နှစ်အကြာမှာ ရိုက်ဖြစ်တဲ့ ဓာတ်ပုံ။

မှတ်မှတ်ရရပြောရရင် အလင်းရောင်ဆီ ခန့်ညားတို့သုံးယောက် လာလည်စဉ်က ရိုက်ဖြစ်ခဲ့တဲ့ ဓာတ်ပုံဖြစ်သည်။

စွယ်တာ လက်ပြတ်နဲ့ ဂျင်းဘောင်းဘီရိုးရိုးကိုပဲ ဝရန်တာမှာ မှီရပ်နေတဲ့ အလင်းရောင်က လက်နှစ်ဖက်ပိုက်လျက် ခန့်ညားတို့ပြောသမျှကို နားထောင်နေတဲ့အချိန် ခေတ်လူက ကင်မရာစမ်းရင်း ရိုက်ဖြစ်တဲ့ပုံ။

ဒီဓာတ်ပုံတစ်ပုံက ဘာကြောင့် ပန်းမကိုင်ရွှေဆီ ရောက်ရတာလဲ။

မှတ်တမ်းစာအုပ်အတွင်း မျက်နှာဖုံးမှာထည့်ထားတဲ့ ဓာတ်ပုံ





ကို ကြည့်ရင်း အလင်းရောင်ရင်မှာ မေးခွန်းတွေ တန်းစီထွက်လာသည်။

ဒီဓာတ်ပုံက ခေတ်လူတို့လက်ထဲက ပန်းမကိုင်ရွှေ ရောက်ခဲ့တာလား။

"ကိုယ်တို့လည်း ပန်းမကိုင်ရွှေကို မြင်ဖူးတာ မကြာသေးဘူးကွ လူ့သတင်း လူချင်းဆောင် ပန်းသတင်း လေညင်းဆောင်သလိုပေါ့။ လွန်ခဲ့တဲ့ လပိုင်းလောက်က လုပ်ငန်းရှင်တစ်ဦးနဲ့ အလုပ်ကိစ္စအကြောင်း ပြောရင်း ရှေးဟောင်းပစ္စည်းတွေရဲ့ဈေးကွက်အကြောင်း ရောက်သွားတယ်၊ ဒါနဲ့ပဲ အဲဒီလုပ်ငန်းရှင်က ဖျတ်ဆိုသတိရပြီး ပန်းမကိုင်ရွှေအကြောင်း ပြောပြတယ်၊ မြင်တာနဲ့ကြွေတာပဲ အလင်းရောင်၊ ကိုယ်တို့လည်း မင်း ရောက်မှ တအံ့တသြဖြစ်အောင်လုပ်မယ်ဆိုပြီး ပဟေဠိလုပ်လိုက်တာကွ"

ခေတ်လူ ပွင့်ပွင့်လင်းလင်း ထိုသို့ပြောခဲ့တာကို ကြားယောင်မိသည်။ ဒီဓာတ်ပုံ ခေတ်လူတို့ဆီကတစ်ဆင့် ပန်းမကိုင်ရွှေ ရရှိခြင်းမဟုတ်တာ သေချာသည်။

ဒါဆို ဒီဓာတ်ပုံဘယ်ကဘယ်လို ပန်းမကိုင်ရွှေဆီ ရောက်သွားတာလဲ။

သိချင်စိတ်ကို ထိန်းချုပ်မနိုင်တော့။

စာအုပ်ထဲမှာတော့ ထိုအကြောင်းလေးပါနိုင်ကောင်းရဲ့ အတွေးနဲ့ပဲ ပထမစာမျက်နှာကိုလှန်လိုက်သည်။

မှင်ပြာနဲ့ရေးထားတဲ့ ဝိုင်းစက်သော ပန်းမကိုင်ရွှေလက်ရေးတွေလှသလို ဖျက်ရာခြစ်ရာတွေလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



စာလုံးဝိုင်းဝိုင်းလေးတွေ ညီညီညာညာနဲ့သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်း ဖြစ်နေ၏။

ပန်းမကိုင့်ကိုချစ်တဲ့စိတ်က ပန်းမကိုင့် လက်ရေးကိုမြင်ရတော့ ရင်ခုန်သံမြန်သွား၏။

ရင်ခုန်သံမြန်မြန်နှင့် ပန်းမကိုင့် ခံစားချက်ကို ဖတ်ကြည့်လိုက်တော့ . . .။

■ ■ ■

ရင်ခုန်သံခြေဆင်း

ပန်းနုဝေ စားသောက်ဆိုင်

ထိုဆိုင်က တခြားဆိုင်တွေလို ခန်းမကျယ်ထဲမှာမဟုတ်ပါ။ ခြံဝင်းကျယ်ကျယ်ရှိ တယုတယစိုက်ထားသော မြက်ခင်းစိမ်းလွင်ပြင်ပေါ်မှာ စားပွဲဝိုင်းတွေပြင်ဆင်ထားတဲ့ ထူးခြားသော ဆိုင်ကလေးဖြစ်သည်။

ညဘက်ဖွင့်လေ့ရှိသည့်ဆိုင်မို့ သဘာဝလေနုအေးကြောင့် အေးအေးချမ်းချမ်း ရှိသည်။ ရောင်စုံမီးရောင်တွေကြောင့် ဆိုင်အလှက မြိုင်ဆိုင်သလို ကောင်းကင်ကြီးကိုလည်း လွတ်လွတ်လပ်လပ် ငေးမော ခံစားလို့ရနေသည်။

ပန်းနုဝေမှာ ထိုင်ရတာ တခြားဆိုင်မှာ ထိုင်ရတာနဲ့မတူ လွတ်လပ်မှု၊ အေးချမ်းမှုနဲ့အတူ ဂစ်တာသံတစ်သံတည်း တိုးတိုးလေး ပျံ့လွင့်





စီးမျောနေတတ်သည်က မကိုင့် အာရုံကို ဆွဲဆောင်မှုရှိစေသည်။

ဒါကြောင့် တခြားဆိုင်တွေထက် ပန်းနုဝေဆိုင်ကို မကိုင့် သဘောကျနှစ်မြို့က်သည်။ လုပ်ငန်းကိစ္စနဲ့ဖြစ်ဖြစ် မိတ်ဆွေတွေနဲ့ဖြစ်ဖြစ် အချိန်းအချက်လုပ်ရင် ပန်းနုဝေဆိုင်ကိုပဲ မကိုင့် ရွေးချယ်မိသည်။

"မကိုင့် ရှင်က စိတ်အစွဲအလန်း သိပ်ကြီးတာပဲနော်၊ တစ်ခုခုကို နှစ်သက်သွားရင် တော်ရုံနဲ့မမေ့နိုင်ဘူး။ တသသ စွဲနေတတ်တယ်လေ၊ အဲဒါ ရှင့်ရဲ့အားနည်းချက်ပဲ"

"ဘာဖြစ်လို့"

"ရှင် ပန်းနုဝေမှ ပန်းနုဝေ ဖြစ်နေလို့ပေါ့"

အလှသွေး အားမနာတမ်း ပြော၏။ မကိုင့်မျက်နှာလေး ပြုံးချို သွားပြီး သူငယ်ချင်းကို စိုက်ကြည့်၍

"ဒီဆိုင်လေးက မကိုင့်စိတ်ကို သိပ်ပြီး ဆွဲဆောင်နိုင်တယ်လေ၊ အဲဒါကြောင့် မကိုင့် ရင်မှာ စွဲနေတာ သိလား"

"တခြား ဆွဲဆောင်မှုရှိတဲ့ ဆိုင်တွေလည်း အများကြီးပါဟယ်၊ တစ်ခုခုကို အလွတ်ချည်း စွဲငြိနေတတ်တာ မကောင်းဘူး။ တခြားဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ပြောင်းထိုင်ကြစို့လား"

အလှသွေးက မကိုင့်စိတ်အစွဲကို ဘဝင်မကျတတ်ပေ။ ထို့ကြောင့် ဆိုင်ပြောင်းဖို့ ဆွယ်လာသည်။ မကိုင့် ခေါင်းအသာရမ်းပြီး

"မကိုင့် စိတ်က တစ်ခုခုကို မက်မောသွားရင် ဘာအကြောင်းကြောင့်မှ အပြောင်းအလဲလုပ်ဖြစ်လို့ မရအောင် နိုင်နိုင်မြဲမြဲ ခံစားနေမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါက မကိုင်ရဲ့အားနည်းချက်ဆိုလည်း မမှားဘူး"

"အင်းလေ ကိုယ့်အားနည်းချက်ကို သိသိချည်းနဲ့ မပြုပြင်နိုင်တာ မိုက်ရာကျတယ် မကိုင်ရဲ့"

"မိုက်မိုက်ပါဟယ်၊ မကိုင်က ပန်းနုရွှေမှ ပန်းနုဝေပဲ၊ ဒါပဲနော် ဆက်ဆက်လာခဲ့၊ အရေးကြီးတဲ့ လုပ်ငန်းကိစ္စ ဆွေးနွေးမယ်၊ ပြီးတော့ ရှင့်ကို ညစာကောင်းကောင်းကျွေးမယ်၊ ဒါပဲ"

အလှသွေးကို အချိန်းအချက်လုပ်ပြီး ပန်းနုဝေကို လာဖို့ အကြောင်းကြားခဲ့သည်။ ပန်းနုဝေသို့ မကိုင်ရောက်တဲ့အချိန်မှာ အလှသွေး မရောက်သေး။

မကိုင်က ထုံးစံအတိုင်း ရောင်စုံရွက်လှ ပန်းပင်တွေနဲ့နီးတဲ့ ထောင့်အကျဆုံး စားပွဲမှာ တစ်ယောက်တည်း ထိုင်စောင့်နေခဲ့သည်။ မကိုင်က ပန်းနုဝေဆိုင်လေးကို သဘောကျခွဲလန်းသလို ပန်းနုဝေဆိုင်ကလေးမှာပဲ ရင်ခုန်သံ အစပြုတဲ့အဖြစ်အပျက်နဲ့ ကြုံရမယ်လို့ လုံးဝ မထင်မှတ်ခဲ့ပါ။

အလှသွေးကို စောင့်ရင်း အေးချမ်းတဲ့ညမှာ ပျံ့လွင့်နေတဲ့ ဂစ်တာသံကို နှစ်နှစ်မျောမျော ခံစားမိစဉ်

"အို ဘာလို့လွှင့်ပစ်ရတာလဲ"

မိန်းကလေးတစ်ယောက်ရဲ့ ဟန့်တားသံ။ ထိုအသံကြောင့် မကိုင် အသိဝင်လာသည်။ အသံလာရာဘက် ငဲ့ကြည့်တော့ မကိုင်နဲ့ ဘေးချင်း ကပ်စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ မိန်းမချောနှစ်ယောက်





နှစ်ယောက်စလုံး သွယ်သွယ်လျလျတွေနဲ့ မြင်ရုံနဲ့လန်းစေတဲ့ ဆွဲဆောင်မှုတို့ရှိသည်။

ဟန့်တားသံက မကိုင်နဲ့ ဘေးတိုက်ကျကျမှာ ထိုင်နေတဲ့ ဆံပင်ရှည်ရှည်နဲ့ မိန်းမလှလေး။

"ဟွန့် ပစ်မှာပဲ"

မျက်နှာသွယ်သွယ်နဲ့ ဆံပင်အဖျားလေးတွေ ခွေခွေလိပ်လိပ် ကောက်ထားတဲ့ မိန်းမချောလေးက နှုတ်ခမ်းလှလှလေးကို ထော်ရင်း ပြောသည်။

"ဘာဖြစ်လို့လဲ ခရမ်းရောင်ရယ် မီမီတော့ နားမလည်တော့ဘူး"

မီမီဆိုတဲ့ မိန်းကလေးက ခရမ်းရောင်ရဲ့လုပ်ရပ်ကို သဘောမကျသလို ပြောသည်။

"ဘာဖြစ်ရမှာလဲ အနုတ်ဝင်းက အနုတ်ရှိစီကို ဘာပြောတယ် ထင်လဲ"

"ဆိုစမ်းပါဦး"

"အနုတ်ဝင်းက ပြောတယ်လေ၊ ခရမ်းကို အနုတ်ဝင်းက အရမ်းသဘောကျလို့ ချွေးမတော်ချင်သတဲ့၊ မာမီဆီမှာ ကမ်းလှမ်းလို့ မာမီက သဘောကျတယ်၊ ခရမ်းက အနုတ်ဝင်းပြတဲ့ အနုတ်ဝင်းသား ဓာတ်ပုံကို မြင်ပြီး သဘောကျလို့ လက်ခံတယ်၊ ခရမ်း မာမီသဘော အတိုင်း လက်ခံတော့ အနုတ်ဝင်း အားရဝမ်းဖြစ်သတဲ့၊ အဲဒါနဲ့ အနုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်း သူ့သားကို ခရမ်းအကြောင်းပြောပြတော့ သူက ခရမ်းကို စိတ်မဝင်စားဘူးတဲ့၊ ဘယ်လောက် ခံပြင်းစရာကောင်းသလဲ''

မိမိ သက်မလေးချသလို မကိုင်ရှလည်း မဆီမဆိုင် သက်မချမိသည်။ အင်းလေ မိန်းကလေးဘက်က သဘောကျပြီးကာမှ ယောကျ်ားလေးဘက်က ကာယကံရှင်ကိုယ်တိုင် သဘောမကျဘူးအပြောခံရတော့ မိန်းကလေးပီပီ ရှက်တဲ့စိတ်ဖြစ်မှာပဲ။

''သူက စိတ်မဝင်စားမှတော့ ခရမ်းက ဘာဖြစ်လို့ စိတ်ဝင်စားစရာလိုလဲ''

''သေချာလို့လား''

''အို အန်တီရိုစီကို အန်တီ ဝင်းကိုယ်တိုင်ပြောလို့ ခရမ်းရော မာမီပါ နားနဲ့သေသေချာချာ ကြားတယ်လေ၊ မာမီဆို အတော်ဒေါသဖြစ်သွားတယ်၊ အန်တီဝင်းနဲ့တောင် မျက်နှာချင်းမဆိုင်တော့ဘူး။ အစတုန်းကတော့ အန်တီဝင်းပဲ သဘောကျလှချည်ရဲ့ဆိုပြီး ခရမ်းကို ကမ်းလှမ်းတာ သူ့သားသဘောမကျဘူးလည်းပြောရော ခရမ်းတို့ကို အရေးမထားသလို ဆက်ဆံလာတယ်လေ၊ ဒါကြောင့် ခရမ်း ဘာနမျောစရာရှိလဲ ယောကျ်ားဆိုလို့ သူတစ်ယောက်တည်းရှိတာ မဟုတ်ဘူး၊ အဲဒါကြောင့် အန်တီဝင်း ပေးထားတဲ့ သူ့ဓာတ်ပုံကို မမြင်ချင်တော့လို့ လွှင့်ပစ်လိုက်တာ ခရမ်းမမှားပါဘူးနော် မိမိ''

မာနလေးနဲ့ ပြောလိုက်တဲ့ ခရမ်းစိတ်ကို မိန်းကလေးပီပီ မကိုင်ရှ နားလည်ပေးနိုင်သလို ခံစားမိသည်။





ခရမ်းသူငယ်ချင်းမိမိကလည်း နားလည်သွားဟန်တူသည်။

''အင်းလေ ခရမ်းပြောတာလည်း မှန်တာပဲ၊ ကာယကံရှင်က စိတ်မဝင်စားတာ၊ အဲဒီယောကျ်ား ဘယ်လောက်ပဲ မက်စရာရှိရှိ မနေမျှော်တာ ကောင်းပါတယ်''

လို့ အားပေးစကားပြောသည်။ ထို့နောက် မိမိနဲ့ခရမ်း စားသောက်ပြီး ထွက်သွားသည်ကို မကိုင်ရှ အမြင်တခုံး ကြည့်ဖြစ်သေးသည်။

ထိုသူငယ်ချင်းနှစ်ယောက် မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ မကိုင်ရှ သက်ပြင်းလေးချသည်။ ပြီးမှ အလှသွေး ရောက်မလာမှန်း အသိဝင်လာလို့ အလှသွေး အလာကို စောင့်သည်။

ညကိုးနာရီထိုးသည်ထိ အလှသွေး ရောက်မလာ။

အချိန်နှောင်းနေပြီမို့ မကိုင်ရှ ဆက်ပြီး မစောင့်ချင်တော့။ စားသောက်ပိုင်းမှထကာ ခြေလှမ်းစ လှမ်းလိုက်လျှင်

မကိုင်ရှရဲ့ ပုံတော်ဖိနပ်က တစ်ခုခုကို နင်းမိသလို ခံစားရ၏။ မကိုင်ရှ ခြေလှမ်းဆက်မလှမ်းဖြစ်။ ဘာလဲဆိုတာ သိချင်စိတ်နဲ့ ငုံ့ကြည့်သည်။

ဖိနပ်ဦးနဲ့ နင်းထားမိတဲ့ တစ်စုံတစ်ခုက ဖွေးဖွေးစွတ်စွတ်လေး တစ်ပိုင်းတစ်စပေါ်နေသည်။

မကိုင်ရှ ခြေဖဝါးကြွကြည့်တော့ ဓာတ်ပုံအရွယ်အစားရှိတဲ့ ကဒ်တစ်ခု မှောက်လျက်ကျနေသည်။

မကိုင်ရှ စိတ်က ဘာဖြစ်သွားမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်လေး ငုံ့ကြည့်နေမိတဲ့ ကိုယ်ခလေးက ညွတ်ညွတ်လေး ထိုင်ခိုင်းခဲ့ ခြတ်ခင်းစိမ်းပေါ် မှောက်လျက်ကျနေတဲ့ ထိုကဒ်လေးကို ကောက်တလေးဆန့်၍ ကောက်မိစဉ် မကိုင်ရဲ့ ရင်မှာ ထူးထူးခြားခြား ခံစားမိသလို ဖြစ်သွား၏။

မှောက်လျက်ဖြစ်နေတဲ့ ကဒ်ဖြူဖြူလေးကို ကိုင်ထားရင်း မကိုင့်ရဲ့ ရင်မှာသိသိသာသာ လှုပ်ရှားလာသည်။

တစ်ဖက်ကို လှန်ကြည့်ဖို့ စိတ်ကမရဲ။

ဒီကဒ်လေးက ခုနက ခရမ်းရောင် လွှင့်ပစ်လိုက်တဲ့ ကဒ်လေးလား။ ခရမ်းရောင် လွှင့်ပစ်တဲ့ကဒ်ဆိုရင် သေချာတာက ဓာတ်ပုံတစ်ပုံ ဖြစ်နိုင်သည်။

ဒါဆို ဒီဓာတ်ပုံက ယောကျ်ားတစ်ယောက်ပုံပဲဖြစ်မည်လို့ အသိ ဝင်လာတော့ ရင်မှာ သိမ့်ခနဲ တုန်သွား၏။

ဟင့်အင်း

သူများ မလိုချင်လို့ လွှင့်ပစ်တဲ့ ယောကျ်ားတစ်ယောက်ပုံကို မကိုင့် ကြည့်ရင် ရှက်စရာကောင်းနေမှာပေါ့။

ပြီးတော့ ခရမ်းဆိုတဲ့ကောင်မလေးသိရင် မကိုင့်ကို ဟားတိုက် ရယ်မှာလေ။

မကြည့်ဘူး။

ဓာတ်ပုံကိုပြန်ချပြီး ဖြည်းညင်းစွာ ပြန်ရပ်သည်။ ဓာတ်ပုံလေးကို ကျောခိုင်းပြီး ခြေလှမ်းထွက်ဖို့ပြင်သည်။





သို့သော် ခြေလှမ်းတွေက လေးလံနေ၏။

ဟင့်အင်း

ဓာတ်ပုံဆီမှ လည်ပြန်အကြည့်ကို ရုတ်သိမ်းလိုက်ပြီးမှ မိန်းကလေးတစ်ယောက်ရဲ့ မာနနဲ့တင်းခံကာ မကိုင့် ကျောခိုင်းခဲ့မိသည်။

မကိုင့် မာနလေးနဲ့တင်းပြီး ကျောခိုင်းခဲ့သော်လည်း ထိုဓာတ်ပုံလေး မကိုင့်ဆီရောက်လာလိမ့်မယ်လို့ လုံးဝထင်မှတ်မထားခဲ့။

■ ■ ■

မကိုင့် မြန်မာစတားကို သွားဖို့ အပေါ်ထပ်က ဆင်းအလာ ညေ့ခန်းထဲမှာ ပန်းနုဝေက စားပွဲထိုးကောင်လေးတစ်ယောက် မကိုင့်နဲ့တွေ့လိုကြောင်း ပြောနေတာနဲ့ဆုံသည်။

"ဒီမှာ သမီးနဲ့တွေ့ချင်လို့တဲ့"

ဖေဖေပြောတော့ မကိုင့် မျက်ခုံးပင့်တက်ကာ တအံ့တသြဖြစ်သွားသည်။

"ဘာလဲကွယ်"

စားပွဲထိုးကောင်လေးရှေ့သွား၍ မကိုင့် မေးသည်။ ကောင်လေးက အင်္ကျီအိတ်ထဲက စာအိတ်အဖြူတစ်အိတ်ထုတ်ပြီး မကိုင့်ကို ကမ်းပေးသည်။

မကိုင့် အူကြောင်ကြောင်နဲ့ လှမ်းမယူဖြစ်ဘဲ

"ဘာလဲဟင်"

"မမစိုး ပေးခိုင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မမစိုးက ပန်းနုဝေမှာ ကောင်တာထိုင်တဲ့ ဝန်ထမ်းကောင်မလေး။ မကိုင်ရဲက ထိုဆိုင်ကို အမြဲသွားနေကျမို့ မမစိုးက မှတ်မိနေသည်။ တစ်ခါတစ်ရံ ဆိုင်မှာလူပါးချိန်ဆို မကိုင်နဲ့လာစကားပြောတတ်သည်။

သူငယ်ချင်းလို ရင်းရင်းနှီးနှီး မဟုတ်ပေမယ့် ခင်ခင်မင်မင်ရှိသည်။ ခုလို စာတစ်တန် ပေတစ်တန် ပေးရလောက်အောင် ဘာကိစ္စရှိနေလို့လဲ။ သိချင်စိတ်နဲ့ လွတ်ခနဲ မေးမိသည်။

"ဘာ ဘာလဲ မသိဘူး"

"ဟိုလေ ညက မမထိုင်တဲ့ စားပွဲအောက်မှာ မမဆီက ကျသွားတဲ့ ဓာတ်ပုံ ကျွန်တော်တို့ဆိုင်သိမ်းချိန်မှာတွေ့လို့ မမစိုးက သွားပေးပေးပါဆိုလို့ စာအိတ်ထဲထည့်ပေးလိုက်တယ်၊ အဲဒါ ကျွန်တော် လာပို့တာပါ"

"ဟင်"

မကိုင်ရဲ့ နှုတ်ခမ်းလေးက သိမ့်သိမ့်တုန်ကာ ပွင့်ဟသွား၏။

"ရော့ မမ"

ဓာတ်ပုံထည့်ထားတဲ့ စာအိတ်ဖြူလေး မကိုင်ရဲလက်ထဲ အတင်းထိုးထည့်ပေးသည်။ မကိုင်ရဲ့ ကြောင်တက်တက်ဖြစ်ကာ ယူရခက်ခက်နဲ့ ကတုန်ကယင်ဖြစ်သွားသည်။ ဖေဖေ လှမ်းကြည့်တာကြောင့် မကိုင်ရဲ ကြွေမပျက် ထိန်း၍ယူလိုက်ရသည်။

"ကျွန်တော့်ကိုခွင့်ပြုဦး"

ပြောပြီး လှည့်ထွက်သွားတဲ့ ကောင်လေးကို မကိုင်ရဲ ယောင်ချာချာ ခေါင်းညိတ်ခွင့်ပြု၏။ ကောင်လေး ထွက်သွားတော့ စာအိတ်လေးကို





မကိုင်ရဲ မျက်လွှာလေး စင်းကြည့်မိသည်။

ဖေဖေ ဆိုဖာမှာထိုင်၍ သတင်းစာ ဖတ်နေရာမှ လှမ်းကြည့်တော့ မကိုင်ရဲ စိတ်မလုံတော့။

"ဟိုလေ အလှသွေးပေါ့ ဖေဖေ၊ သူ ဓာတ်ပုံကြည့်ရင်း ကျကျန်ခဲ့တာ"

လို့ မညာစဘူး ညာပြောကာ ဖေဖေ့ရှေ့မှာ မနေရဲအောင် ဂနာမငြိမ်ဖြစ်သွားသည်။ ဖေဖေ ဘာတစ်ခွန်းမှ မမေးဘဲ သတင်းစာ ဆက်ဖတ်နေသည်။ ထိုအခါ မကိုင်ရဲ မြန်မာစာတားကိုသွားဖို့ မေ့လျော့သလို ဖြစ်လျက် အပေါ်ထပ်ဆီ သုတ်ခနဲ ပြေးတက်ခဲ့မိသည်။

အခန်းထဲဝင်၍ တံခါးကို ဂျိန်းခနဲ ပိတ်ပြီးနောက် ရင်ခွင်မှာ အသောမတတ် ခုန်သွား၏။

■ ■ ■

ဓာတ်ပုံကို ထုတ်ကြည့်မိတဲ့နောက် မကိုင်ရဲ နှလုံးသား သိသိသာသာ လှုပ်ရှားလာသည်။

မကိုင်ရဲ ရင်ထဲမှာ ဘယ်တုန်းကမှ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ စိတ်ဝင်တစား မကြည့်ဘူးပါ။ ကြည့်ရလောက်အောင် ခံစားချက်တွေ ဘာတွေမဖြစ်တည်ခဲ့။ မကိုင်ရဲကို အရေးတယူ လိုက်ကြည့်တဲ့ ယောကျ်ားပေါင်းများစွာ ရှိနေခဲ့တာ သိသည်။

သိသော်လည်း မကိုင်ရဲ ရင်မခုန်ခဲ့။

ဘယ်သူတွေ ဘယ်လိုပဲ ရင်ခုန်မြတ်နိုးစွာကြည့်ကြည့် မကိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လှမ်းသွင်းခဲ့ အကြည့်တစ်ချက် ဝေ့မကျခဲ့ပါ။

မကိုင်ရှ ရွှေဖွတ်တိုးလာရင် စိတ်မဝင်စားကြောင်း အပြတ်ပြော ဦး ငြင်းဆန်သည်။ ငြင်းလို့မှ တစ်ဆင့်တိုးလာရင် မကိုင်ရှ ဘာကိုမှ ဂရုမစိုက်တော့ ချက်ချင်း လုံခြုံရေးဝန်ထမ်းတွေခေါ်ပြီး အချုပ်ထဲပို့ပစ် တဲ့အထိ လုပ်ခဲ့မိသည်။

ထိုသို့ လုပ်ရခြင်းက ယောကျ်ားတွေကို မုန်းတီးစက်ဆုပ်လို့ မဟုတ်ပါ။ မကိုင်ရှအပါး မသီမဝံ့အောင် စည်းတစ်ကြောင်းတားခဲ့တဲ့ သဘောပါ။

တချို့ကတော့ မာနကြီးတယ်လို့ သွားပုတ်လေလွင့်ပြောကြ သည်။ တကယ်တော့ မကိုင်ရှ မာနကြီးတာ မဟုတ်ပါ။

မကိုင်ရှအပါးမှာ ယောကျ်ားတစ်ယောက်က အကြောင်းတစ်စုံ တစ်ခုကြောင့် ရစ်ဝဲနေမှာကို မလိုလားတဲ့ အရိုးခံစိတ်ပါ။

ဒါပေမဲ့ မာနကြီးတယ် ဘာညာပြောပြော မကိုင်ရှ စိတ်မဝင်စား ပါ။ ပြောချင်သလိုပြောပါစေ မကိုင်ရှအပါးမှာ ဘယ်ယောကျ်ားတစ်ယောက် မှ မရှိလေ ကောင်းလေပဲ။

အနားကပ်ခွင့်မရတော့ မကိုင်ရှ လာရာလမ်းက စောင့်ကြည့် ကြသည်။ ဘယ်လိုပဲကြည့်ကြည့် မသိချင်ဟန်ဆောင်ပြီး ကိုယ့်လမ်းကိုယ် လျှောက်သည်။

မြန်မာစတားနဲ့ နေတဲ့တိုက် နီးလို့ တစ်နေ့လုံးထိုင်ပြီး အလုပ် လုပ်ရတာကြောင့် အညောင်းအညာပြေအောင် အသွားအပြန် လျှောက်မိ





ခြင်းဖြစ်သည်။

မြန်မာစတားကို လာတဲ့ ရစ်နာရီခွဲအတိ အချိန်မှန်မှန်လာ ပေမယ့် ပြန်ချိန်က ပုံမှန်မရှိပါ။ ဒါကြောင့် မကိုင်ရှကို အရှုံးအမူး မြင်ချင် သူတွေ မနက်ပိုင်းကို အလေးထားစောင့်ကြည့်သူများသည်။

တခြားအချိန်မှာ မကိုင်ရှက ကိုယ့်ဝန်ထမ်းတွေကလွဲပြီး ဘယ်သူ့ ကိုမှ လက်ခံစကားပြောလေ့မရှိ။

အရှင်းဆုံးပြောရရင် မကိုင်ရှရဲ့စိတ်က ဘယ်ယောကျ်ားတစ် ယောက်နဲ့မှ စကားမပြောချင်သလို မကိုင်ရှ မျက်ဝန်းကလည်း ဘယ် ယောကျ်ားတစ်ယောက်ကိုမှ မမြင်ချင်။

မကိုင်ရှရဲ့ ပင်ကိုယ်စိတ်ရင်းကြောင့် ဖေဖေကလည်း ဖခင် အာဏာကို မသုံးခဲ့။ မကိုင်ရှ စိတ်အလိုအတိုင်း လွတ်လွတ်လပ်လပ် နေခွင့် ရွေးချယ်ခွင့်ပေးခဲ့သည်။

ခုတော့ ဘာမဆိုင် ညာမဆိုင် ရလာတဲ့ ဓာတ်ပုံကိုကြည့်ပြီး ရင်ခုန်သံက မြန်လာသည်။

နီစွေးသော ဆံပင်ပျော့ဖတ်ဖတ်လေးက ပခုံးပေါ်ဖြာကျကာ နှုတ်ခမ်းလေးစေ့ပြီး လက်ပိုက်လျက်သား ရပ်နေတဲ့ သူ့ပုံက မကိုင်ရှ အာရုံကို စွဲစွဲနစ်နစ်ဖြစ်စေသည်။

စိမ်းစိမ်းညို့ညို့ နက်မှောင်သော မျက်ခုံးတန်းတွေက ထူထူ ထဲထဲချည်းမဟုတ်။ ပါးပါးလျလျ သွယ်တန်းသွားကာ အဖျားမှာ ခပ်ဝိုက် ဝိုက်လေးငိုက်ကျသွားပုံက ထူးခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေတဲ့ မျက်ဝန်းအစုံက ရောင်စဉ်လက်ကာ ဖိတ်ဖိတ်တောက်နေသည်မှာ မကိုဠ်အကြည့်ကို ညှို့ဆောင်ဆွဲယူနေသလို အကြည့်မလွှဲရက်အောင်ဖြစ်၏။

နှာတံဖြောင့်ဖြောင့်လေးအောက် နှုတ်ခမ်းပါးပါးလှပ်လှပ် ဖြစ်မေမယ့် ပန်းရောင်ဆေးခြယ်ထားသလို သဘာဝအတိုင်း ပန်းသွေးဖျော့ရောင်လို လက်ဖြာနေ၏။

မေးဖျားလေး မသိမသာ ချွန်ကာ သွယ်သောမျက်နှာက ဖြူဝင်းသော သူ့အရုပ်နှင့်လိုက်ဖက်လွန်းသည်။

လည်ပင်းဖွံ့ဖွံ့ ဆွယ်တာလက်ပြတ်အနီရဲရဲကြောင့် ရှည်လျားတဲ့လည်တံမှာ လည်ဂုတ်ဖြူဖြူလေး ထွက်နေသည်က ယောကျာ်းပီသတဲ့ သဘာဝအလှတရားနှယ်။

လည်တိုင်မှာ ဖန်စီကြိုးအနက်ရောင် လုံးလုံးလေး ဆွဲထားသလို ဘယ်လက်ကောက်ဝတ်မှာလည်း ဖန်စီကြိုးအနက်ကလေးနဲ့။

ဂျင်းဘောင်းဘီရှည်အနက်ကလေးပါ တွဲဝတ်ထားတာကြောင့် သူ့အသားက ဝင်းခနဲ ပေါ်လွင်နေမှန်းသိသာနေသည်။

ဖြောင့်စင်းသော ပေါင်တံနှင့်ခြေဖျားအဆုံးကြည့်မိလေ ရင်ခုန်စိတ်တို့ မြန်လေ။ ထိုနေ့က သူ့ဓာတ်ပုံလေးကို မျက်တောင်မခတ်တမ်း ကြည့်မိသည်အထိ။

မှတ်မှတ်ရရ ပြောရရင် ထိုနေ့က မြန်မာစတားကို သွားဖို့ မေ့လျော့သွားခဲ့သည်။





ထိုညနေ အလှသွေး လိုက်လာမှ မကိုဠ် အသိဝင်လာသည်။ အလှသွေး မမြင်အောင် ဓာတ်ပုံကို မွေ့ရာအောက် ကမန်းကတန်း ဝှက်သည်။

"မကိုဠ် ရှင်တစ်ခုခုတော့ တစ်ခုခုပဲ၊ ကဲ ပြော ဘာဖြစ်လို့ မြန်မာစတားကို မလာဘဲ အခန်းအောင်းနေရတာလဲ"

မကိုဠ် ဟန်မပျက်အောင် ခုတင်ပေါ် တင်ပါးလွှဲထိုင်ချပြီး

"ခေါင်းထဲ ငြီးစီစီဖြစ်နေလို့ပါဟယ်"

"ဟုတ်ရဲ့လား"

မယုံသလို မေးတာက မကိုဠ် ဣန္ဒြေမပျက်အောင် ကြိုးစားထိန်းလိုက်ရသည်။ မကိုဠ်နဲ့ဘေးချင်းကပ် ဝင်ထိုင်လိုက်တဲ့ အလှသွေးကို မျက်စောင်းလှလှလေးထိုးကြည့်၍

"ဟွန့် ရှင်နော် မကိုဠ်က ညာစရာလား"

"သိဘူးလေ"

"တကယ် ငြီးစီစီနဲ့မို့ အနားယူမိတာ၊ မြန်မာစတားမှာ တစ်ခုခု ဖြစ်လို့လား"

"ဘာမှမဖြစ်ပါဘူး ရှင်ရောက်မလာလို့ ရှင့်ကိုငေးကြည့်နေတဲ့ ပုရိသတွေ ဟာခနဲ ဖြစ်သွားပါပကော"

"ဟွန့် ရှင်က အဲဒါပဲပြော"

"ဟုတ်တယ်လေ ရှင့်စိတ်ကို အလှမကြိုက်တာ အဲဒါပဲ"

"ဘာလဲ အဲဒါဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ မိန်းကလေးဆိုတာ အလှရှိတုန်း အရွယ်ရှိတုန်းမှာ အကောင်းဆုံး ယောကျ်ားတစ်ယောက်လောက်ကို ခေါင်းခေါက်ပြီး ရွေးချယ်ဆုပ်ကိုင်ထားလိုတယ်လေ"

မကိုင်ရွှေ နှာခေါင်းလေးရှုံ့လျက် မဲ့မဲ့လေးပြုံး၏။ အလှသွေးက ထုံးချင်းဖွဖွတိုက်၍

"ပြုံးမနေနဲ့ အတည်ပြောနေတာ မကိုင်ရွှေရဲ့"

"မကိုင်ရွှေမှ စိတ်မဝင်စားတာ"

"စိတ်မဝင်စားမှန်း ကိုယ့်ကိုကိုယ် သိရင် စိတ်ဝင်စားအောင် လုပ်လို့ရတယ်လေ၊ ရှင် ဟုတ်တိပတ်တိ မာနကြီးမပြနဲ့ သူငယ်ချင်းရယ်၊ ဒီလောက် ရွေးစရာတွေ များနေတဲ့အထဲက မျက်စိမှိတ်ပြီး ရွေးလိုက်စမ်းပါဟယ်"

"အလှရယ် ရှင့်ဒဿနကြီး မဖွင့်ပါနဲ့ နားငြီးလွန်းလို့"

"အို အလှ အကောင်းပြောနေတဲ့ဟာ၊ ရှင် အရွယ်ပိုင်းသွားမှ ရွေးလို့မရဘူး။ ယောကျ်ားတွေဆိုတာ ဖူးဖူးကြွကြွ လှပနေတဲ့ ပန်းကိုပဲ သူ့ထက်ငါ မရမက လှယူချင်ကြတာလေ၊ ကြွေလုလုဖြစ်နေတဲ့ ပန်းဟိုင်းကြီးကို ဘယ်သူမှ မျက်စိကျမှာ မဟုတ်ဘူး"

"ဝမ်းမနည်းပေါင်"

"ကြည့် ပြောလိုက်ရင် အဲဒီအတိုင်းပဲ"

အလှတွေး ရှုံ့တွတွကြည့်၍ ပွစိပွစိရွတ်၏။ မကိုင်ရွှေ မဲ့ပြုံးလေးနဲ့ ပခုံးလေးတွန့်ကာ ပြောသည်။





"ဟုတ်တယ်လေ ရှင်သာ ရှင့်ဒဿနနဲ့ လှတုန်းပတုန်းမှာ အကောင်းဆုံးဖြစ်မယ့် ယောကျ်ားကို ရွေးယူပြီး နေ့စဉ်နေ့တိုင်း စိတ်သောက ခံစားပါနေ၊ မကိုင်ရွှေတို့က ဘာစိတ်သောကမှ မခံစားဘူး ဒါကြောင့် အေးရာအေးကြောင်းနေတာ"

"ဟွန့်"

အလှသွေး ရှုံ့ရှုံ့ရှားရှားဖြစ်သွားသည်။ အလှသွေး ခင်ပွန်းသူရိန်စောက ရွေးတုန်းကတော့အကောင်းဆုံး ယူပြီးမှ ခြေပုန်းခုတ်တတ်တဲ့သူမှန်းသိတော့ အလှသွေး အရှုံးမီးတိုင်းဖြစ်ရသည်။ ခုလို တိုက်ဆိုင်တုန်းပြောတော့ အလှသွေးမျက်နှာညှိုခနဲ ပျက်ကျသွားသည်။ သို့သော်လည်း အလှဒဿနက ပြောင်းမသွား။

"မကိုင်ရွှေရယ် ယောကျ်ားတွေက ခြောက်ပစ်မကင်းကြပါဘူး။ ဇ တစ်ခုခုတော့ ရှိကြတာပဲ၊ ဒါပေမဲ့ မိန်းမဆိုတာ မိန်းမဆန်ဆန် ကျင့်ရမှာပဲ၊ လသာတုန်းဗိုင်းငင် မိုးရွာတုန်း ရေခံလေ၊ အခွင့်သာတုန်းမှာ ကိုယ့်အတွက် လက်ဆုပ်လက်ကိုင် ရထားဖို့လိုတယ်၊ ရှင် ခေါင်းမာမနေနဲ့၊ တစ်ယောက်ယောက်ကိုရွေးလိုက်ပါဟယ်၊ ဒါမှမဟုတ် အလှရွေးပေးရမလား"

"ပြောလေ ကဲလေဆိုတာ ရှင်ပဲ အလှရယ်"

"ကဲတာမဟုတ်ဘူး ရှင် တစ်သိန်းလုံး ခံစားရမှာကို မကြည့်ရက်လို့တာ"

"ဘာလဲ ခံစားရမယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထိုင်နေရာမှထကာ မကိုင်နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် တရေးစားပွဲရှေ့က ဆိုဖာပေါ် ထိုင်ချသည်။ ပြီးမှ တည့်တည့်ကြည့်၍

"မကိုင်က ယောက်ျားတွေရဲ့အတွင်းစိတ်ကို မသိလို့ပါ"

"ဆိုစမ်းပါဦး"

"ဒီလိုဟာ မကိုင့်ကို မျက်စိကျနေတဲ့ ယောက်ျားတော်တော်များများက ရင်ထဲမှာ အတော် မခံမရပ်ဖြစ်နေကြတယ်"

"မကိုင့် ဘာလုပ်မိလို့လဲ"

"ရွေးချယ်လို့ရတဲ့ ယောက်ျားတွေ ဝိုင်းဝိုင်းလည်နေရက်နဲ့ ဘယ်သူ့ကိုမှ မရွေးချယ်တာ သူတို့ရဲ့ယောက်ျားမာနကို စော်ကားသလို ခံစားနေရတယ်၊ အဲဒီ ခံစားမှုက ဘယ်လောက်တောင် ပြင်းထန်နေသလဲ ဆိုရင် တစ်ချိန်ချိန် ရှင်ချစ်တဲ့ ယောက်ျားတစ်ယောက်ရှိခဲ့မယ်ဆိုရင် အဲဒီ ယောက်ျားကို မဟုတ်တမ်းတရားတစ်ခုခုနဲ့ ခြေထိုးပြီး ရှင့်အသည်းကွဲအောင် လုပ်ပစ်မယ်ဆိုတဲ့ ကြိမ်းဝါးမှုတွေရှိနေတယ်လေ"

"ဟင့် ဘာမှမဆိုင်တာချည်းကို"

"ဆိုင် မဆိုင်တော့ မသိဘူး၊ အဲဒီအတွင်းကြိတ် ကြိမ်းဝါးမှုတွေက ရှင့်ကိုကြွေနေတဲ့ ယောက်ျားထုကြားမှာ အတော် ရေပန်းစားနေတယ်"

"နေစမ်းပါဦး ရှင့်ကို သူတို့လာပြောကြတာလား"

"ဟဲ့ အလုကို ဘယ်သူက အရေးလုပ်ပြီးလာပြောမလဲ ကိုသူရိန်က သူတို့ယောက်ျားထုအကြားမှာ အဲဒီသတင်းပျံ့နေတာ သိနေတာပေါ့၊





သိနေလို့ အလုကို ပြောပြတယ်၊ အလုသူငယ်ချင်းကို သတိပေးတာပေါ့ တဲ့"

"ဘာတဲ့လဲ ရှင့်လင်တော်မောင်က"

"အလုမာန်တွေ သိပ်မတက်နဲ့တဲ့"

"ဟွန့်"

မကိုင့် နှုတ်ခမ်းလေးတွန့်မဲ့တော့ အလု ဘဝင်မကျဖြစ်သွားဟန်

"ဟွန့် မလုပ်နဲ့၊ သူတို့တွေ ကြိမ်းဝါးသလို တစ်ချိန်ချိန်မှာ မကိုင့် အသည်းကွဲတာခံစားရမှာစိုးလို့ ပြောပြရတာ"

"နေပါဦး ရှင်ဒါတွေပြောနေတာ ဘာရည်ရွယ်ချက်နဲ့လဲ အလု"

"ရည်ရွယ်ချက်က ရှင်းပါတယ် မကိုင့်ရယ်၊ တစ်ချိန်ချိန်မှာ မကိုင့် ချစ်တဲ့ယောက်ျားတစ်ယောက်ရှိလာရင် မကိုင့် ချစ်သူကို သူတို့ ခြေထိုးကြရင် မကိုင့်ပဲ ခံစားရမှာ၊ ဒါကြောင့် သူတို့ယောက်ျားထုအားလုံး ကျေနပ်အောင် တစ်ယောက်ယောက်ကို ရွေးလိုက်ပါလား၊ ဟိုလေ ကိုသူရိန်သူငယ်ချင်း ကိုရာစုသစ်လေ မကိုင့်ကို အရူးအမူးဖြစ်နေတာ သိရဲ့လား၊ မကိုင့်ကိုလိုချင်တဲ့ ယောက်ျားထုထဲမှာ ကိုရာစုသစ်က Top ပဲ၊ စာရိတ္တ၊ ပညာ၊ ဥစ္စာ၊ ရုပ်ရည် အားလုံး ဘာမှအပြစ်ပြောစရာမရှိဘူး၊ ကိုသူရိန်တို့လိုလည်း မဟုတ်ဘူး မကိုင့်ရဲ့၊ ကိုရာစုအကြောင်း ကိုသူရိန်က အတွင်းသိ အဆင်းသိ၊ ဒါကြောင့် မကိုင့်ကို ကိုရာစုသစ်နဲ့ ဖြစ်သွားစေချင်တယ်၊ မကိုင့်ကို ရာစု ပိုင်ဆိုင်ခွင့်ရသွားရင် ယောက်ျားထုအားလုံး ကျေနပ်သွားမှာလေ၊ ဒါကြောင့် ကိုသူရိန်က မကိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အလှတရားထပ်ဆက်လို့မရအောင် မကိုရွှံလက်ကာ ဟန့်တား လိုက်သည်။

"လက်စသတ်တော့ ရှင့်ကို မကိုရွှံ ရင်းရင်းနှီးနှီးဆက်ဆံတာ အောင်သွယ်လုပ်ဖို့မဟုတ်ဘူး အလှ၊ ရှင်သိထားဖို့က မကိုရွှံက အလှ မာန်ဝင့်ပြီး ယောက်ျားတွေကို မထေမဲ့မြင် ဆက်ဆံငြင်းပယ်နေတာ မဟုတ်ဘူး၊ ခပ်ရိုင်းရိုင်းပဲပြောမယ်၊ မိန်းမတစ်ယောက် လင်လိုချင်ရင် အလွယ်လေးပါဟယ်"

"ဟင်"

အလှသွေး မျက်လုံးပြူးခနဲ ဖြစ်သွားသည်။ မကိုရွှံ ခုတင်ပေါ် ခြေတွဲလောင်းချထိုင်နေရာမှ ခပ်မတ်မတ်လေး ထရပ်သည်။ ပြီးနောက် ခုတင်ခေါင်းရင်းရှိ ခုတင်ကျွန်းတိုင်ကို တင်ပါးနဲ့မှေး၍ လက်နှစ်ဖက်ယှက် ပိုက်ရပ်ကာ အလှသွေးကို စိုက်ကြည့်သည်။ ပြီးမှ

"ဟုတ်တယ် အလှ၊ မကိုရွှံအတွက် လင်တစ်ယောက်ရဖို့ အဲ သလောက် လွယ်တာ မကိုရွှံသိပါတယ်၊ ဒါပေမဲ့ သူတို့လိုချင်တာ မကိုရွှံ လှနေလို့၊ မကိုရွှံ မလှတော့ရင် သူတို့ လိုချင်တော့မလား"

အလှရင်မှာ မွန်းကြပ်သလိုဖြစ်သွားသည်။

"မိန်းမဆိုတာ ပန်းတစ်ပွင့်နဲ့အတူတူပဲ၊ ဖူးတဲ့အခါမှာ ဖူးတဲ့ အလှ၊ ပွင့်တဲ့အခါမှာ ပွင့်တဲ့အလှ၊ အာတဲ့အခါမှာ အာတဲ့အလှ၊ အဆင့် ဆင့် အလှတွေပြောင်းလဲသွားတဲ့ သဘောရှိတယ်၊ ဖူးနေတဲ့အလှကိုမြင် လို့ အရှူးအမူး ဆွတ်ခူးပြီး အာသွားတဲ့အခါ ဖူးနေစဉ်အလှတုန်းကလို





သူတို့ ခံစားလို့ရမတဲ့လား"

အလှ ခေါင်းစားသွားရသည်။ မကိုရွှံ မေးခွန်းတွေကို လိုက်မမီ တာလား၊ မကိုရွှံမေးခွန်းတွေကပဲ မြင့်တာလား၊ အလှ ခွဲခြားမတတ်သလို တစ်ခုခု ဆင်ခြေပေးဖို့ စကားလုံးရှာမတွေ့အောင် ဖြစ်သွားသည်။

"ပြောလေ အလှ"

အလှသွေး သက်မအကြိမ်ကြိမ်ချမိသွား၏။ မကိုရွှံကို မျက်နုံး လေးပင့်၍ ငေးကြည့်ပြီး မေးလိုက်သည်။

"မကိုရွှံ ဆိုလိုတာက"

"လှတာတစ်ခုတည်းမက်ပြီး ငမ်းငမ်းတက်ဖြစ်နေတဲ့ ဘယ် ယောက်ျားကိုမှ လင်မတော်ချင်ဘူး"

အလှသွေး စိတ်ပျက်လက်ပျက်နှင့် ခေါင်းရမ်းလိုက်သည်။

"မဟုတ်သေးဘူး မကိုရွှံ မကိုရွှံ အတွေးအခေါ်က ပုံမှန်စံမျိုး မဟုတ်ဘူးလို့ အလှထင်တယ်"

"နေပါဦး ပုံမှန်စံထက်လွန်တာလား၊ ပုံမှန်စံအောက် နိမ့်ကျ တာလား"

"အဲဒီလောက်တော့ အလှ ခွဲခြားမတတ်ဘူး။ အလှ ခွဲခြား တတ်တာက မကိုရွှံ အတွေးအခေါ်က နည်းနည်းလွတ်နေတယ်ဆိုတာပဲ"

"အဟင့်"

မကိုရွှံ မဲ့မဲ့လေးနှင့် အသံထွက်ရယ်မိသွား၏။ ကျွန်းတိုင်မှာ မှီရပ်နေရာမှ ခေါင်းရင်းရှိ ပြတင်းပေါက်ဆီ ရွှေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်နေတယ် ဟုတ်လား"

"ဟုတ်တယ်လေ မိန်းကလေးတိုင်းက လင်တစ်ယောက်ကို ခေါင်းခေါက်ရွေးယူဖို့ စိတ်ကူးယဉ်ကြတယ်၊ ရှင်က မိန်းမတိုင်းရဲ့စိတ်ကူးကို ဖယ်ချပြီး ခပ်ကြောင်ကြောင်အတွေးအခေါ်နဲ့ ကြားကန်ချင်တာဆိုတော့"

"အဲဒါဆို နောက်ထပ် ကြောင်တဲ့အတွေးအခေါ်ကို မကိုင်မှု ရွှတ်ပြမယ်"

"ဘယ်လို မကိုင်မှု"

အလှ ရင်ဘတ်ဖိကာ မျက်လုံးပြူး၍ ကြည့်သည်။ နောက်ထပ် ကြောင်တဲ့ အတွေးအခေါ်ကို မကိုင်မှု ရွှတ်ပြမတဲ့။

"ဘာတွေရွှတ်ပြဦးမလို့လဲ"

"ဒီမှာအလှ မကိုင်မှုက မကိုင်မှုအလှကို မက်ပြီး ရှူးသွပ်လာတဲ့ ယောကျ်ားကိုလင်တော်ဖို့ထက် မကိုင်မှုဘဝကိုမက်ပြီး စိတ်နှလုံးတည်ကြည်ခန့်ညားမှုနဲ့ ရှေ့ရှုလာတဲ့ ထာဝရလက်တွဲဖော် ယောကျ်ားတစ်ယောက်ကို လိုချင်တာ၊ တစ်ယောက်ကိုတစ်ယောက် ယုံယုံကြည်ကြည် လက်တွဲမဖြုတ်စတမ်း ဆုပ်ကိုင်သွားမယ့် ရာသက်ပန် အဖော်မွန်ကို လိုချင်တာ"

"ဘုရား ဘုရား"

"ဒါကြောင့် နောက်တစ်ခါ မကိုင်မှုကို အလှ အောင်သွယ် မလုပ်ပါနဲ့၊ မကိုင်မှုအလှကို ဘယ်သူ့ကိုမှ ပိုင်ဆိုင်ခွင့်မပေးရကောင်းလားဆိုပြီး အခဲမကြေဖြစ်နေတဲ့ ရှင်ပြောတဲ့ ယောကျ်ားထုကို မကိုင်မှု အရေး





စိုက်စရာမလိုဘူး၊ သူတို့ခြေထိုးရုံမကလို့ ကလိပဲထိုးထိုး ပန်းမကိုင်မှုတို့က ဆောရီးပဲ"

"ဒါ ဒါဆို မကိုင်မှု ကိုရာစုကိုရော၊ အားလုံးကိုရော ငြင်းတယ်ပေါ့"

"ဟဲ့ ဒီလောက်ရှင်းအောင်ပြောနေတာတောင် ရှုပ်အောင်မေးနေသေးတယ်၊ ရှင်နဲ့စကားပြောရတာ အတော်လက်ဝင်တယ်၊ ဒီထက်ရှင်းအောင်ထက်ပြောမယ် သေချာနားထောင်၊ မကိုင်မှုအလှကို ယစ်မူးပြီး ချဉ်းကပ်လာတဲ့ ကိုရာစုသစ်ကအစ အားလုံးသော အဲဒီ ယောကျ်ားထုက မကိုင်မှုရဲ့လက်တွဲဖော်ဖြစ်သင့်တဲ့ အရည်အသွေးလုံးဝ မရှိဘူးထင်တယ်၊ ဒါကြောင့် မကိုင်မှု မျက်စပစ်ပြီးတောင် မကြည့်တာ၊ ကဲ ရှင်းပြီလား"

"ပေါက်ပါတယ် အဲဒီအတွေးအခေါ်ကို ဆုပ်ကိုင်ထားသရွေ့ ရှင် ဒီတစ်သက် ယောကျ်ားရဖို့မရှိတော့ဘူး ပန်းမကိုင်မှုရယ်"

"ပြောပါပကော လင်မလိုချင်ဘူးလို့"

"အင်းပါ လင်တောင်ရဖို့မလွယ်ရင် ရှင်ရဲ့ခပ်ကြောင်ကြောင် အတွေးအခေါ်ထဲက လက်တွဲဖော်ကိုရဖို့ဆိုတာ ပိုတောင်မလွယ်ဘူး၊ ဘာဖြစ်လို့လဲ သိလား"

"ဆိုစမ်းပါဦး"

မကိုင်မှု မေးဖျားထောင်ဆတ်ကာ မေးသည်။ အလှသွေး နှုတ်ခမ်းပါးလေးမဲ့တွန့်ကာပြောသည်။

"လင်ရမှာ လက်တွဲဖော်ရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လွဲနေပြန်ပြီ အလှ"

"ဘယ်လို"

"လင်ဆိုတာ ဘဝလက်တွဲဖော်နဲ့ စာလုံးချင်းမတူသလို သက်ရောက်မှု အဓိပ္ပါယ်ချင်းလည်းမတူဘူး"

"အလို ဘယ်လိုမတူတာလဲ ပြောစမ်းပါဦး"

"လင်ဆိုတာ တရားဝင်လက်ထပ်ပေါင်းသင်းခွင့်ရထားတဲ့ မိန်းမတစ်ယောက်ရဲ့ကာမပိုင် ယောကျ်ား"

အလှသွေး မျက်ခုံးတန်းနှစ်ဖက် သိသိသာသာ မြင့်တက်သွား၏။

"ဘဝလက်တွဲဖော်ဆိုတာ မိန်းကလေးရဲ့ဘဝထဲမှာရှိတဲ့ အဆိုးအကောင်းကို မျှမျှတတ ခံစားသွားမယ့် အသိတရားနဲ့ပေါင်းဖက်သွားမယ့် လင်ယောကျ်ား။ တစ်နည်းပြောရရင် မိန်းမတစ်ယောက်ကို တစ်ဘဝလုံးစာအတွက် တွဲမိတဲ့လက် မဖြုတ်စတမ်း ဆုပ်ကိုင်သွားမယ်ဆိုတဲ့ ခံယူချက်နဲ့ ရှေ့ရှုပေါင်းဖက်သွားမယ့် တစ်ဦးတည်းသော အဖော်မွန်လေ"

"မကိုင်ရှရယ် ရှင် ရှုးနေပြီ"

"အင်း"

"နေပါဦး ရှင် အဲလို ခွဲခွဲခြားခြားပြောပြနေရလောက်အောင် ရှင့်ရဲ့ခပ်ကြောင်ကြောင် အတွေးထဲကအတိုင်း ရှင်လိုချင်တဲ့ လက်တွဲဖော်ယောကျ်ားကို ရှာတွေ့ပြီလား"

အလှသွေး မကျေမချမ်းမေးလျှင် မကိုင်ရှ နှုတ်ခမ်းပါးမှာ အပြုံး





နုနုလေး တွဲခိုသွားသည်။ မျက်ဝန်းထဲမှာတော့ သူ့ပုံရိပ်လေးကို အလိုလို မြင်ယောင်မိ၏။

"ဘယ်အချိန်ဖြစ်ဖြစ် မကိုင်ရှလိုချင်တဲ့ လက်တွဲဖော် ယောကျ်ားမျိုး ဟောဒီလောကကြီးထဲမှာ အများကြီး မဟုတ်ရင်တောင် တစ်ယောက်တော့ ရှိမယ်လေ"

"ရှိပါလိမ့်မယ် အားကြီးကြီး"

"ရှိမယ်လို့ မကိုင်ရှ ယုံတယ်"

"ကဲ ရှိပြီပဲ ထားပါတော့ အဲဒီ လက်တွဲဖော်က ရှင့်ဘဝရဲ့ အနာအဆာတွေ ချို့ယွင်းချက်တွေနဲ့ စိတ်ပျက်ငြီးငွေ့ဖွယ်ကောင်းတဲ့ အဖြစ်တွေကို မြင်ရရင် တစ်စစီ ဆွဲထုတ်ပြီး ရှင့်ဘဝကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်မပစ်ဘူးလို့ ရှင် ရဲရဲပြောဝံ့လား"

"ဟ လက်တွဲဖော်ဆိုတာက အသိတရားနဲ့ဆင်ခြင်ဉာဏ်ရှိတဲ့ ယောကျ်ားမျိုး။ ဆင်ခြင်ဉာဏ်ရှိမှတော့ အဲဒီ မိန်းမအလှကို မက်မောသလို အဲဒီမိန်းမဘဝမှာရှိနေတဲ့ ချို့ယွင်းချက်အားနည်းချက် အားလုံးကို ကြည်ကြည်ဖြူဖြူ ခံစားပေးရမယ်လေ"

"အင်းပါ မကိုင်ရှရယ် ရှင့်အပြောက သမုဒ္ဒရာလောက် ကြီးကျယ်နေတာ အလှလိုက်မမီတော့လို့ ဘာမှမပြောတော့ဘူး။ ရှင်ပြောတဲ့အတိုင်း ဖြစ်မဖြစ် အလှသွေးစောင့်ကြည့်ရတာပေါ့"

"ကြည့်ပါရှင် ကြည့် ကြည့်"

မကိုင်ရှ ယုံကြည်မှုရှိရှိပဲ ခပ်ငေါ့ငေါ့ပြောမိ၏။ အလှသွေးက



www.burmeseclassic.com

www.burmeseclassic.com



မေးထိုးငေးကြည့်ရင်း ခုတင်ပေါ်ခြေတွဲလောင်းချထိုင်နေရာမှ ထသည်။

ထို့နောက် မွေ့ရာပေါ်ပစ်တင်ထားတဲ့ လက်ဆွဲအိတ်ကို ကောက်ကိုင်ပြီး

"ကြည့်မယ် ရှင့်ရဲ့လွှဲချော်နေတဲ့ အတွေးကို မျက်လုံးပြူးပြီး စောင့်ကြည့်မယ်၊ ခုတော့ သွားဦးမယ်"

"သွားပါရှင် သွား သွား၊ ရှင့်ရဲ့လင်တော်မောင် ပြန်ရောက်တဲ့ အချိန် ရှင့်ကိုမမြင်ရရင် ဟိုဟိုဒီဒီ သဝေထိုးနေလိမ့်မယ် မြန်မြန်သွား"

ခပ်ရွဲ့ရွဲ့လေး ပြောလိုက်တဲ့ မကိုင်ရှ့ကို အလှသွေး မျက်စောင်းထိုးပြီး အသံတိတ်ပွစိရွတ်လိုက်၏၊

"ဟွန့် စေတနာကို နားမလည်တဲ့ သူငယ်ချင်း၊ ရှင်ခံရတဲ့ အလှည့်ရောက်ရင် ဟားတိုက်ရယ်မောပြမယ် ဟင့် ဟင့် ဟင့်"

မခံထိမခံသာပြောပြီး ချာခနဲ လှည့်ထွက်သွားတဲ့ အလှသွေးကို မကိုင်ရှ့ ပြုံးပြုံးလေးကြည့်သည်။ အလှသွေးခြေလှမ်း အောက်ထပ်ရောက်သွားမှန်းသိမှ အခန်းတံခါးကိုလော့ခ်ကျအောင် ပိတ်သည်။

ထို့နောက် မွေ့ရာပေါ် မကိုင်ရှ့ ကိုယ်လုံးလှလှလေးကို အိခနဲ လှဲချ၏။ ရင်မှာကြည်နူးသလိုလို တမ်းတသလိုလိုဖြစ်တဲ့စိတ်နဲ့ မွေ့ရာအောက်ဝှက်ထားမိတဲ့ သူ့ဓာတ်ပုံကို ရင်ခုန်စိတ်နဲ့ ထုတ်ကြည့်မိသည်။

ဓာတ်ပုံလေးမြင်ရုံနဲ့ မကိုင်ရှ့ ရင်ခုန်သွားအောင် လှုံ့ဆော်နိုင်စွမ်းရှိတဲ့ သူဟာ မကိုင်ရှ့တောင့်တတဲ့ ထာဝရလက်တွဲဖော် ဖြစ်နိုင်တဲ့ ယောက်ျားဖြစ်ရမယ်လို့





မကိုင်ရှ့ မြတ်နိုးစွာ ခံယူမိ၏။

သူရယ်..

မကိုင်ရှ့ရဲ့ ရူးသွပ်မှုကိုသိရင် လှောင်ပြောင်ရယ်နေမလားကွယ်။

■ ■ ■

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူ့ဓာတ်ပုံလေးကို တိတ်တဆိတ် ပိုင်ဆိုင်ခွင့်ရကတည်းက မကိုင်ရှ်ရင်မှာ စက္ကန့်နဲ့အမျှ ရင်ခုန်စိတ်လှုပ်ရှားနေခဲ့သည်။

ဘယ်သူတွေ ဘယ်လောက်ပဲ ခနဲ့ခနဲ့ ဖြစ်ကြပါစေ မကိုင်ရှ် နှလုံးသားမှာ သူက အသည်းနှလုံးသဖွယ် စွဲငြိနေခဲ့သည်။

တစ်ချိန်ချိန်မှာ သူနဲ့တွေ့ဆုံလက်တွဲခွင့်ရပါစေလို့ ရင်ထဲမှာ ကြိတ်ပြီး ဆုတောင်းနေမိသည်။ မကိုင်ရှ် ဆုတောင်းပြည့်တာလား။

ဒါမှမဟုတ် ကံကြမ္မာဆိုးက ဒဏ်ခတ်ဖို့ မျက်လှည့်ပြတာလား တော့ မသိ။

သူ့ဓာတ်ပုံရပြီး ငါးနှစ်သုံးလနဲ့ နှစ်ဆယ့်တစ်ရက်မြောက်နေ့တွင် သူ့ကို မထင်မှတ်ဘဲ ဘွားခနဲ မြင်လိုက်ရ၏။





ထိုနေ့က မကိုင်ရှ် စာဖတ်ခန်းထဲမှာ ရှိနေသည်။

ညှော်သည်လာမှန်းသိလို့ စာရေးစားပွဲမှာ ထိုင်နေရာမှ ထသည်။ ဟဟလေး ဖွင့်ထားသော တံခါးနောက်မှာ ရပ်၍ မသိမသာ ငုံ့ကြည့်မိသည်။

အဦးဆုံး ကားမောင်းသူနေရာမှ ဆင်းလာတဲ့ အမျိုးသားကြီးက အသားဖြူဖြူဖွေးဖွေးနဲ့ ခန့်ခန့်ညားညား ရှိလှသည်။ ဖိုးနှစ်ရောင် ဘောင်းဘီရှည်နဲ့ ဖိုးရောင်ဖျော့ဖျော့ တီရှပ်လက်တိုမှာ ကန့်လန့်စင်းတစ်ချောင်း တည်းပါတဲ့ ကိုယ်အတိအကျချုပ်နဲ့မို့ လူငယ်အသွင်လို နုပျိုနေသည်။

ဆံပင်ကို နောက်လှန်ဖြီးသိမ်းထားသောကြောင့် နဖူးကျယ်ကျယ်နဲ့ မျက်နှာသွယ်ကျပုံက လူကြီးလူကောင်းဆန်ဆန် တည်ကြည်နေသည်။

ထိုအမျိုးသားကြီးနောက်မှာ ဆင်းလာတဲ့ အမျိုးသမီးကြီးက အနေတော် ကိုယ်လုံးနှင့် အသားဖြူဝါဝါလေး။

ဆံထုံးက အခွေအလိပ်များကျနေသလို ပုံဆန်းဆန်းထုံးထားပြီး ဆံထိုးကအစ တစ်ကိုယ်လုံး စိန်တွေချည်း ညှတ်အိအောင် ဆင်ထားသည်က အရှိန်အဝါနဲ့ ပိုင်ဆိုင်မှုမည်မျှရှိကြောင်း ဖွင့်ပြောသလို သိသာနေစေသည်။

လက်ကိုင်အိတ် ဖြူဖြူကို ဘယ်လက်ကောက်ဝတ်မှာချိတ်ပြီး ရပ်နေဟန်က ကိန်းကြီးခန်းကြီးနိုင်မှန်း ပေါ်လွင်သည့် မျက်နှာသွင်ပြင်နှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးကို ကြည့်မိရုံနဲ့ မကိုဋ္ဌ မျက်နှာနှစ်ဖက် အလိုလို ထွန့်ကုပ်သွားသည်။

မြင်ဖူးသလိုတော့ ရှိသည်။ အတွေးနဲ့မှတ်ခနဲ သတိရသွား၏။

မြန်မာစတား ဈေးရောင်းပွဲတော်လုပ်စဉ်က နိုင်ငံခြားသား လုပ်ငန်းရှင်တွေကို မကိုဋ္ဌကိုယ်တိုင် အရောင်းပြခန်းထဲက ပစ္စည်းတွေ လိုက်ပြတုန်းက ဖြစ်သည်။ မကိုဋ္ဌတို့နဲ့ မလှမ်းမကမ်းကနေ မသိမသာနဲ့ မကိုဋ္ဌကို လိုက်ကြည့်နေတာလေ။

မကိုဋ္ဌ မျက်ဝန်းနဲ့ နှစ်ကြိမ်မက အကြည့်ဆုံဖူးသည်။ အကြည့်ချင်းဆုံတာနဲ့ လှိုက်လှိုက်လှဲလှဲ ပြုံးပြသည်။ ထို့နောက် မိတ်ဖွဲ့ဖို့ကြိုးစားလာမယ့် အရိပ်ထင်လာသည်မို့ ထိုအမျိုးသမီးနဲ့မျက်လုံးချင်းမဆုံအောင် မကိုဋ္ဌ သတိနဲ့ရှောင်ခဲ့သည်။

ရှောင်နေရင်းကြားက အလုသွေးဆီချဉ်းကပ်လာပြီး မကိုဋ္ဌနဲ့ စကားပြောခွင့်ရအောင် ရှေ့တိုးလာဖူးသည်။ ထို့ကြောင့်

"မကိုဋ္ဌ အလုပ်များနေတယ် အန်တီ၊ လိုတာရှိရင် အလုသွေးကို ပြောပါ၊ အလုသွေးက အန်တီစိတ်ကြိုက်ဖြစ်စေမယ့် ပစ္စည်းတွေ ရအောင်စီစဉ်ပေးပါလိမ့်မယ်၊ မကိုဋ္ဌ အရေးကြီးကိစ္စရှိလို့ သွားပါဦးမယ်"

ဆိုပြီး ရှောင်ထွက်ခဲ့သည်။ နောက်နေ့ နေ့စဉ်နေ့တိုင်း မြန်မာ စတားထဲ ထိုအမျိုးသမီးကြီးဝင်လာတာ ဓတ္တေ့တိုင်း

"အလု ဟိုအမျိုးသမီးကြီးလာနေတယ်၊ ရှင့်ဟာရှင် ပြေလည်အောင် ရှင်းထုတ်လိုက်၊ မကိုဋ္ဌဆီခေါ်မလာနဲ့၊ မကိုဋ္ဌလုတာကို မက်မော





နေတဲ့ အဲဒီအမျိုးသမီးနဲ့ စကားမပြောချင်ဘူး။ ဒါပဲနော် မှာတဲ့အတိုင်း ဖြစ်ပစေ"

"ရှင်ဟာလေ ကိုယ့်အလုကို မျက်စိကျလို့ ချဉ်းကပ်လာသူငွေ ဆို ယောကျ်ားတွေပဲမဟုတ်ဘူး။ မိန်းမတွေကိုလည်း စည်းတားတာပဲနော်"

"ရှင် လျှာမရှည်နဲ့ အဲဒီ အမျိုးသမီးကြီး မျက်နှာချိုသွေးပြီး လာရောနေတာ မကိုဋ္ဌကို သူ့သားတွေ တူတွေအတွက် လိုချင်နေမှန်း သိသာတယ်၊ အဲဒါကြောင့် မီးမလောင်ခင် တားထားတာ၊ ကဲ သွား သွား"

ထိုအမျိုးသမီးကြီး ရှေ့တိုးချဉ်းကပ်လာလို့မရအောင် မကိုဋ္ဌ တားဆီးခဲ့သည်။

တားဆီးနေလျက် အိမ်တိုင်ရာရောက် ရောက်လာတာလား။

ရောက်လာရင်လည်း အရေးမကြီးပါ။ ဖေဖေက ထုံးစံအတိုင်း လှလှပပ ငြင်းပစ်မှာပဲ။ မကိုဋ္ဌ နှုတ်ခမ်းလေးစေ့ကာ ထိုသို့တွေးနေမိစဉ် ကားနောက်ခန်းမှ နောက်ဆုံးဆင်းလာတဲ့ လူရွယ်တစ်ယောက်

"ဟင်"

မကိုဋ္ဌ ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွား၏။

သူပါလား၊ သူဆိုတဲ့ အသိက ရင်မှာမယုံမရဲဖြစ်သွား၏။ ကြည့်ဝ နှစ်ရောင် တီရှပ်လက်ပြတ်ကို ရှားညိုရောင်ဂျင်းပန်နဲ့ စတိုင်ကျကျ ဝတ်လျက် ဓာတ်ပုံထဲကအတိုင်း ဆံပင်တွေကို ပခုံးပေါ်ချထားသည်။

ခါးလေးမတ်ကာ ထိုအမျိုးသမီးနောက် ရပ်လိုက်တဲ့ပုံနှက



www.burmeseclassic.com

www.burmeseclassic.com



မကိုင့်ရင်ခုန်သံကို မထိန်းချုပ်နိုင်လောက်အောင် ဖြစ်သွား၏။

မကိုင့် မျက်ဝန်းရှိဝေကာ တစ်ကိုယ်လုံး စိမ့်ခနဲ နွေးလျက် ဆက်ရပ်နေလို့မရသလို တုန်တုန်ယင်ယင်ဖြစ်သွား၏။

သူက သူ့မိဘတွေနဲ့ ဘာလာလုပ်တာလဲ။

သိချင်စိတ်က ရင်ခုန်သံကို ပိုမြန်နေစေသည်။

မကိုင့်က သူ့ဓာတ်ပုံကိုမြင်ရုံနဲ့ စွဲလန်းနေခဲ့တာလေ။ သူက မကိုင့်ကို သိနေတာမှ မဟုတ်တဲ့။ ထိုသို့တွေးမိပြန်တော့ ရင်မှာ ဝမ်းနည်းသလို ဖြစ်လာသည်။ အလှသွေးသော မကိုင့်အဖြစ်ကိုသိရင် လှောင်ပြီး ဟားတိုက်ရယ်မောနေမလား။

ဟားတိုက်ရယ်မောနေမယ့် အလှသွေးမျက်နှာလေးကိုမြင်ရင်း မကိုင့်ရင်မှာ ရှက်စိတ်လေးဖြစ်တည်လာသည်။

ဒါကြောင့် စာဖတ်ခန်းလေးရဲ့ ဘေးဘက်တံခါးဆီက ထွက်ခဲ့ပြီး အပေါ်ထပ်သို့ ခပ်သုတ်သုတ်ပြေးတက်ကာ မလုံမလဲစိတ်နဲ့ ရှောင်နေမိသည်။

သူရှိနေတယ်ဆိုတဲ့အသိက မကိုင့် ကိုယ်လုံးလေးကို မွေ့ရာနုနုပေါ်မှာ လှဲချမိသည်ထိ ရင်ကိုညွတ်နူးသွားစေသည်။

ခေါင်းအုံးအောက်က သူနဲ့ပတ်သက်တဲ့ ခံစားချက်တွေ ကမ္ဘည်းတင်ထားတဲ့ မှတ်တမ်းစာအုပ်လေးကို ဆွဲယူသည်။

မှတ်တမ်းစာအုပ်ထဲက သူ့ဓာတ်ပုံလေးကို ကြည့်ရင်း ရင်မှာ ရီဝေလှိုက်မောသွား၏။





သူရယ်

မကိုင့်ဆီ ဘာကြောင့်ရောက်လာတာလဲကွယ်။

■ ■ ■

"သမီး"

"ရှင် ဖေဖေ"

မကိုင့် ထူးမိတဲ့အသံလေးက တုန်တုန်အက်အက်လေး ဖြစ်နေသည်။ ရင်အုံပေါ် တင်ထားမိတဲ့ မှတ်တမ်းစာအုပ်လေးကို ခေါင်းအုံးအောက်ထိုးထည့်ပြီး မွေ့ရာပေါ် လဲလျောင်းနေရာမှ ကမန်းကတန်းထသည်။

"တံခါးဖွင့်ဦးလေ သမီး၊ သမီးကို ဖေဖေ ပြောစရာရှိလို့"

ဖေ-ဖအသံ ထပ်ဆင့်ပေါ်ထွက်လာသည်။

"ဟုတ်ကဲ့ ဖေဖေ"

မကိုင့် ခုတင်ပေါ်က ဆင်းပြီး ဣန္ဒြေမပျက်ထိန်း၍ တံခါးဖွင့်ပေးလိုက်သည်။ ဖေဖေအခန်းထဲဝင်လာရင်း မကိုင့်ကို စိုက်ကြည့်သည်။

မကိုင့် အကြည့်မလွှဲဘဲ

"ဘာပြောမလို့လဲ ဖေဖေ ပြောလေ"

"အင်း ခုနက ဖေဖေ့သူငယ်ချင်းမိသားစု လာလည်သွားတယ်"

"ဘာတဲ့လဲဟင်"

မကိုင့် ပုံမှန်အသံလေးနဲ့မေး၍ ခုတင်ပေါ်ထိုင်ချလိုက်သည်။ ဖေဖေက စာရေးစားပွဲရှေ့က ကျွန်းထိုင်ခုံမှာထိုင်ချမလိုလုပ်ပြီး မထိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ရှရှ မှာချောစ်ရပ်သည်။ မကိုင်ရှကို ငုံကြည့်၍

"ထုံးစံအတိုင်းပေါ့ သမီးရယ်"

ဒါဆို သူက မကိုင်ရှကို စိတ်ဝင်စားနေတာလား။ မကိုင်ရှ မျက်တောင်ပုတ်ခတ်၍ ဖေဖေ့ကိုမော့ကြည့်မိသည်။

ဖေဖေက လက်တစ်ဖက် ခါးထောက်၍ မကိုင်ရှကို ငုံကြည့်သည်။ သမီးမျက်ဝန်းနဲ့အကြည့်ချင်းဆုံတော့ စကားဆက်ပြောသည်။

"ဖေဖေသဘောက သမီးသဘောပဲ"

"ဟုတ်ကဲ့ ဖေဖေ"

မကိုင်ရှ မျက်လွှာလေးချမိသွားသည်။ သူက မကိုင်ရှကိုမြင်လို့ ချစ်နေတာလား ဒါမှမဟုတ် သူ့မိခင် မကိုင်ရှကို စိတ်ဝင်စားလို့ လာကြောင်းလမ်းတာလား။

"ကိုမင်းနဲ့ဖေဖေက ကျောင်းတုန်းက လေးနှစ်လေးမိုးတွဲလာတဲ့ သူငယ်ချင်းဖြစ်လို့ ကိုမင်း သား မောင်အလင်းရောင်ကို ဖေဖေ အခွင့်အရေးတစ်ခုပေးလိုက်တယ်"

"ဘာ ဘာပေးလိုက်တာလဲ ဖေဖေ"

"ဖေဖေတို့အိမ်ကို ဝင်ထွက်ခွင့်ပေးလိုက်တာပါ"

"ဖေဖေ့သဘောက"

"သမီး အဲဒီအတွက် မမြင်စေချင်ဘူး။ ဝင်ထွက်ခွင့်ပေးတယ်ဆိုတာက ကိုမင်းကို အားနာလို့၊ တခြားဘာအတွက်မှ မဟုတ်ဘူး၊ သမီးကို ဖေဖေယုံကြည်တယ်၊ မောင်အလင်းရောင်ကို သမီးလေ့လာချင်





တယ်ဆိုရင်လည်း သမီး သဘော၊ ငြင်းချင်တယ်ဆိုလည်း သမီးသဘောပဲ၊ ဖေဖေ့သဘောကတော့ ရှင်းပါတယ် သမီးဘဝအတွက် လက်တွဲဖော်ကို ယုံကြည်စိတ်ချစွာ ရွေးချယ်ခွင့်ပေးထားကတည်းက သမီးရွေးချယ်ခွင့်ကို ဖေဖေ ဝင်စွက်ဖက်မှာ မဟုတ်ဘူးဆိုတာပဲ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"အင်း မောင်အလင်းရောင် ဖေဖေ့ကို မကြည်မလင်ဖြစ်သွားတယ်၊ ဖေဖေ ခွင့်ပေးထားပေမယ့် ဝင်ထွက်ချင်မှလည်း ဝင်ထွက်မှာပါ"

"ဟုတ်ကဲ့ ဖေဖေ"

"အင်း အဲဒါလေးပြောချင်လို့ ဖေဖေလာခဲ့တာ၊ ဒါပဲ ဖေဖေသွားမယ်"

"ဟုတ်"

မကိုင်ရှ ဆံပင်ကို ချစ်စနိုးဖွဖွပွတ်သပ်ရင်း ကျေနပ်ပြုံးလေးနဲ့ လှည့်ထွက်သွားတဲ့ ဖေဖေ့ကိုကြည့်ရင်း မကိုင်ရှရင်မှာသက်ပြင်းချမိသည်။

ဖေဖေ အခန်းပြင်ရောက်သွားမှ အခန်းတံခါးပိတ်ရင်း မကိုင်ရှ စိတ်အာရုံက သူ့ဆီရောက်သွားပြန်၏။

သူ့နာမည်က အလင်းရောင်တဲ့။

ဖေဖေ့ကို အမြင်မကြည်တဲ့သူက မကိုင်ရှဆီ ရှေ့တိုးလာမလား။ အဲဒါတော့ မသေချာ။ သူက L.A ကရောက်တာ ရက်ပိုင်းပဲရှိသေးတယ် မကိုင်ရှကိုတော့်င်မြင်ဖူးပါ့မလား။

မကိုင်ရှကသာ သူ့ဓာတ်ပုံကို လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တွေပြီး စွဲသန်းခဲ့တာလေ၊ သူ့ကြောင့် ဘယ်ယောက်ျားတစ်ယောက်မှ ဦးနှောက်နဲ့နှလုံးသားထဲ ထည့်လို့မရခဲ့တာပေါ့။

မကိုင်ရှိုကိုယ် မကိုင်ရှိ သိနှင့်သလို နှလုံးသားကလည်း သိနှင့်နေသည်။

သူ့ဓာတ်ပုံကို တစိမ့်စိမ့်ကြည့်ရင်း သူ့ကိုခံစားမိတဲ့ အကြောင်းတွေ ရေးခြစ်နေမိတာက ထိုညက ညဆယ့်နှစ်နာရီထိုးထိ အိပ်မရအောင် ဖြစ်ခဲ့သည်။

နှစ်ကာလ ကြာရှည် စွဲစွဲမြဲမြဲ ဖြစ်ပေါ်လာတဲ့ နှလုံးသားခံစားချက်က သူ့ဆီက ချစ်ခြင်းကို မကိုင်ရှိ တပ်မက်နေခဲ့သည်။

သူက မကိုင်ရှိကို ချစ်နေရင်သိပ်ကောင်းမှာပဲလို့ တွေးမိသလို မဖြစ်နိုင်ဘူးလို့လည်း တွေးယူမိသည်။

သူ့မိခင်က ဘယ်လောက်ပဲ ဖိအားပေးပေး ဒယ်ဒီကို မကြည်မလင်ဖြစ်တဲ့စိတ်က မကိုင်ရှိရှေ့ သူ့ခြေလှမ်းတိုးမလာအောင် ဟန့်တားနေတယ်လို့ မကိုင်ရှိ ယုံကြည်လက်ခံနေခဲ့သည်။

သို့သော်

ထိုနေ့ နံနက်က မကိုင်ရှိ ပိန်းပန်းတွေခူးပြီး နောက်ပြန်အလှည့် သူ့ကိုတွားခနဲ မြင်ရတော့ အံ့ဩလန့်ဖျပ်သွားတဲ့ ရင်ခုန်သံတွေ ထိန်းမနိုင်သိမ်းမရ ဖြစ်သွား၏။ သူထံမှ ချစ်တယ်လို့ ရင်ဖွင့်လာတဲ့အခါ မကိုင်ရှိ တစ်ကိုယ်လုံး နွေးခနဲ စိမ့်ဖြာသွားကာ ဆုပ်ကိုင်ထားတဲ့ ပန်းပွင့်တွေ လွတ်ကျကုန်သည်အထိ။





"မကိုင်ရှိရယ် မကိုင်ရှိ အချစ်က မောင့်ထက်ပိုပါတယ်။ မောင့်ဓာတ်ပုံလေးမြင်ရုံနဲ့ ဘယ်ယောက်ျားကိုမှ လက်ခံစဉ်းစားလို့မရအောင် နက်နက်ရှိုင်းရှိုင်း ခံစားမိတဲ့ မကိုင်ရှိ နှလုံးသားကို မောင့်ချစ်ခြင်းတွေနဲ့ နှစ်သိမ့်ပေးပါရစေ မောင့်ကိုချစ်ခွင့်ပေးပါကွာ၊ မောင်လေ ပိုင်ပိုင်တို့ကြောင့် မကိုင်ရှိကို မြင်တွေ့ခံစားခွင့်ရခဲ့တယ်၊ တစ်ခါမြင်ရုံနဲ့ တစ်ဘဝလုံးအတွက် လက်တွဲသွားချင်တဲ့အထိ ရူးသွပ်ခဲ့တယ်၊ မောင့်ကို မကိုင်ရှိဘဝနဲ့ နှလုံးသားရဲ့ လက်တွဲဖော်ဖြစ်ခွင့်ပေးပါကွယ် နော်"

လက်တွဲဖော်ဖြစ်ခွင့်ပေးပါတဲ့။

ထိုတောင်းဆိုမှုက မကိုင်ရှိ နှလုံးသားကို ဖျစ်ညှစ်လိုက်သည့်နှယ်။ တစ်ကိုယ်လုံးရှိသွေးကြောမျှင်လေးများ ရှိန်းခနဲ နွေးဖိုလိုက်ဖြာသွားတဲ့နောက် မောင့်ချစ်မျက်ဝန်းနောက်မှာ မကိုင်ရှိ နှလုံးသားက ပန်းပွင့်ဖတ်လေးနှယ် ရှုရှုလေးကြွေဆင်းသွား၏။

ဘေးတိုက်စည်းထားတဲ့ ဆံနွယ်ရင်းမှာ မောင့်လည်တိုင်မှ စံပယ်ကုံးလေး ခိုတွဲသွားတဲ့အခါ ချစ်ရနံ့တို့ သင်းထုံလှိုင်ဝေသွား၏။

မကိုင်ရှိ တစ်ကိုယ်လုံးရှိ အလှတွေစုဝေးရာ ပါးပြင်ထက်က မှည့်နက်ကလေးပေါ်မှာ မောင့်အနမ်းဦးက နံနက်ခင်းနေခြည်လို နွေးဖြာသွားလျှင်

ပွေ့ဖက်ရစ်သိုင်းလိုက်တဲ့ မောင့်ရင်ခွင်နွေးနွေးမှာ မကိုင်ရှိ တစ်ကိုယ်လုံး နေခြည်နုနုတွေ ပြန့်ကြဲခံလိုက်ရ၏။ ထို့နောက်

အတိုင်းအဆမဲ့ နွေးသလို အနမ်းတွေ လွင့်ကျလာသည်တ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖတ်လွှာတွေ အသောမသတ် ကြွေလွင့်လာသလို ...။

■ ■ ■

ပိုင်ပိုင်တို့သက်မချမခံုးတော့။ ခန့်ညားက သက်မချရင်း ခေါင်း တွင်တွင်ရမ်း၏။ သက်ဝင်းက ခန့်ညားကို မျက်နှာရိပ်နဲ့ ကြည့်၍ သတိ ပေးနေသည်။

"ကိုယ်တော့ အရမ်းအံ့ဩတာပဲကွာ၊ နှစ်ပေါင်းများစွာကတည်း က ကိုယ့်ကို မကိုင်း ခရေစီဖြစ်နေမယ်လို့ မထင်ခဲ့ဘူး။ ဒေါ်အုံး မပြောပြ ရင် ကိုယ်နဲ့မကိုင်း ဒီလောက်မြန်မြန်ဆန်ဆန် ချစ်သူတွေဖြစ်မှာမဟုတ်ဘူး ကွ"

အလင်းရောင် ကြည်ကြည်နူးနူးပြောသံနောက်မှာ ပိုင်ပိုင်တို့ ပို၍မွန်းကြပ်သလိုဖြစ်သွား၏။ စိတ်ပျက်လက်ပျက် မျက်ဝန်းနဲ့ အလင်း ရောင်ကို မျက်တောင်မခတ်တမ်း ကြည့်နေတဲ့ သူငယ်ချင်းအားလုံးကို မျက်မှောင်ကျုံ့ကြည့်ပြီး

"မင်းတို့ အံ့ဩသွားလား"

"အံ့ အံ့ဩတာပေါ့ကွာ၊ ဘယ့်နှယ်ပြောပါလိမ့်"

ခေတ်လူ ထစ်ထစ်အအနဲ့ အလိုက်သင့် ပြန်ဖြေလိုက်၏။ သက်ဝင်းက ခေါင်းလေးဆတ်ကာ တည်ငြိမ်စွာပဲ အလင်းရောင်ကို ကြည့်ပြောသည်။

"ကိုယ်လည်း အံ့ဩတယ်၊ ပန်းမကိုင်း နှလုံးသားက မင်းအ တွက် သီးသန့်ရှင်သန်နေမှန်းသိသွားတာက ကိုယ်တို့တင်မက ပန်းမကိုင်း





ကိုခြွေနေတဲ့ ယောက်ျားထုအတော်များများ အံ့ဩကြမှာပဲ ဒါပေမဲ့

"ဒါပေမဲ့ဘာဖြစ်လဲ သက်ဝင်း"

အလင်းရောင် ကောက်ကိုင်ထားတဲ့ ခက်ရင်းလေးကို အသား ကင်မှာ ဖိထောက်ရင်းမေးသည်။ သက်ဝင်း နှုတ်ခမ်းတို့ကို တင်းတင်းစေ့ ထားရင်း အလင်းရောင်ကို အကဲခတ်ကြည့်သည်။

အလင်းရောင်မျက်ဝန်းက အချစ်ဆိပ်တို့ပြည့်တက်နေတာ မြင် တော့ တံတွေးမျိုချလိုက်ပြီး

"ဘာမှမဖြစ်ပါဘူးကွာ အဲဒါကြောင့် မင်းဆန္ဒအတိုင်း မင်းကို ဂုဏ်ပြုတာ"

"ဟင့် ဟင့် မကိုင်း နှလုံးသားကို ကိုယ့်အချစ်နဲ့ခြုံနိုင်တာ မင်းတို့အသိအမှတ်ပြုပြီ မဟုတ်လား"

အလင်းရောင် မျက်ခုံးပင့်ကာ ခပ်မြူးမြူးလေးမေးသည်။ အားလုံး မချိပြုံးလေးတွေနဲ့ မအီမလည်ခေါင်းညိတ်ပေမယ့် ခန့်ညားက မျက်နှာမဲ့ခနဲ့ဖြစ်ပြီး

"နေပါဦး မင်းက မကိုင်းအကြောင်း ဘယ်လောက်သိလဲကွ"

"ဟ ခန့်ညား မင်းတိတ်တိတ်နေစမ်းပါ၊ မသောက်ရသေးဘဲ မူးနေပြန်ပြီ"

သက်ဝင်း ခပ်ကြိတ်ကြိတ်ပြောသလို ပိုင်ပိုင်နဲ့ခေတ်လူကလည်း မျက်လုံးပြူးနဲ့ကြည့်၍ ဟန့်တားသည်။

အမူအယာပျက်နေကြတဲ့ သူငယ်ချင်းတွေကိုကြည့်ပြီး အလင်း



www.burmeseclassic.com

www.burmeseclassic.com



ောင် တွေ့ခန့်ဖြစ်ကာ

"နေပါဦး ခန့်ညား မင်း ဘာကိုပြောချင်တာလဲ"

"ဘာ ဘာမှမဟုတ်ဘူး အလကား ဒီကောင် မသောက်ရသေးဘဲ မူးနေတာကွ"

ပိုင်ပိုင် ခပ်သွက်သွက် ဝင်ပြောသည်။ အလင်းရောင် ထပ်မေးဖို့ လုပ်တော့ ခါးမှာချိတ်ထားတဲ့ ဟန်းဖုန်းလေးက မြည်လာသည်။

ဖုန်းမြည်လာသောကြောင့် မမေးဖြစ်တော့၊ မကိုရွှေဆီကမှန်းသိတော့ အလင်းရောင်စိတ်က မကိုရွှေဆီပြောင်းသွား၏။

"မောင် အခုချက်ချင်းလာခဲ့မယ်၊ အင်း မကြာပါဘူး။ စိတ်ချပါ အင်း ဒါပဲနော် မ"

ပိုင်ပိုင်တို့ မျက်လုံးတွေက ဖုန်းပြောနေတဲ့ အလင်းရောင်ကို ကြည့်လိုက် အချင်းချင်း အဓိပ္ပါယ်ပါပါ ပြန်ကြည့်လိုက်နှင့်။

အလင်းရောင် ရောဂါအတော်ကိုဆိုးနေမှန်းသိလိုက်ရ၏။ မကိုရွှေနဲ့ ဖုန်းစကားပြောပြီး ချက်ချင်းထရပ်သည်။

"ကိုယ့်ကိုခွင့်ပြုဦး မကိုရွှေဆီ သွားလိုက်ဦးမယ်၊ နောက်မှပြန်ဆုံမယ်ကွာ"

အားလုံးကို သိမ်းကြုံးပြောပြီး ဘယ်သူမှ ဘာညာမပြောရသေးခင် ထထွက်သွားတဲ့ အလင်းရောင်ကိုကြည့်ရင်း ပိုင်ပိုင်တို့ အတော်ယူကြုံးမရဖြစ်သွားသည်။

"ပြောစရာရှိတာ ပြောလိုက်တာမဟုတ်ဘူး အခုတော့"





ခန့်ညား မကျေမနပ်ဝင်ပြောသည်။ သက်ဝင်းခေါင်းခါ၍

"မင်းကလည်း ဒီကိစ္စက အခြေအနေနဲ့အချိန်အခါကို ကြည့်ဖို့ လိုတယ်ကွ၊ မင်းသူငယ်ချင်း ဒီလောက်ရူးနေတာမြင်ရက်နဲ့ သွားပြောလို့ ဘာအကြောင်းထူးမှာလဲ"

"ဟုတ်တယ် ခန့်ညား သက်ဝင်းပြောတာ မှန်တယ်၊ ကိုယ်တို့ အလင်းရောင်ကိုကယ်ဖို့ နည်းနည်းလေးနောက်ကျသွားသလို ခုလည်း လက်မတင်လေး လွတ်ထားဖို့လိုတယ်"

"ပိုင်ပိုင်ရာ ရှုပ်နေတာပဲ"

"ရှုပ်တာမဟုတ်ဘူးကွ၊ အခု မင်းမြင်တဲ့အတိုင်းပဲ၊ နှစ်ယောက်သား တစ်ကြိမ်ပဲ မျက်နှာချင်းဆိုင်ဆုံတယ်၊ ဆုံတာနဲ့ချစ်သူတန်းဖြစ်သွားတယ်၊ ဟော ခုတစ်ခါ မောင်တွေ့ မတွေ့နဲ့ သည်းသည်းလှုပ်ဖြစ်နေတာ မင်းအမြင်ပဲ၊ ဒီအချိန်မှာ ပြောချလိုက်ရင် ကိုယ်တို့က မနာလိုသလို ဖြစ်သွားမယ်၊ သူငယ်ချင်း အချင်းချင်း ခြေထိုးတယ်လို့ မြင်သွားမယ်၊ ကိုယ်တို့အပေါ်အဲသလို မြင်သွားရင် ဒီကောင့်ကို ကိုယ်တို့ အသေအချာ ဖျောင်းဖျနိုင်တဲ့ အခွင့်အရေး ရတော့မှာမဟုတ်ဘူး၊ ဒါကြောင့် သည်းခံလိုက်တာကွ"

ခေတ်လူ ရှင်းပြသလိုပြောတော့ ခန့်ညား လက်မခံချင်ဘဲ လက်ခံလိုက်ရသည်။ ခန့်ညားက ပြောစရာရှိတာကို ပြောလိုက်ရမှ။

မပြောဘဲ ရင်ထဲသိမ်းထားရတာ နေမထိ ထိုင်မသာနဲ့အီရခက်ခက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ အလင်းရောင်အပေါ် မင်းတို့ ဘယ်လောက် ဓာတ်ေနာရှိလဲဆိုတာ ကိုယ် နားလည်တယ်၊ မယုံရင်စောင့်ကြည့် သူ့အလို လို ဒီအကြောင်းရိပ်မိလို့ စကားစလာရင် ကိုယ်တို့သိနေတဲ့အတိုင်း ဖွင့်ထုတ်လိုက်ရုံပေါ့ကွာ"

"ဟုတ်တယ် ခန့်ညား သက်ဝင်းပြောသလိုပဲ အချိန်ခဏ စောင့်ကြည့်ကြစို့ မိုးမမြင် လေမမြင် ချစ်နေတုန်းပြောရင်လည်း အလင်း ရောင် နားဝင်မှာမဟုတ်ဘူးကွ၊ မင်းစိတ်ကို ခဏလျှော့ထား၊ လျှော့ လိုက်ပါကွာ"

ခေတ်လူ လေသံပျော့ပျော့လေးနဲ့ စိတ်ကိုလျှော့ချဖို့ ခန့်ညား ပခုံးကို လှမ်းဖက်ရင်းပြောသည်။

သူငယ်ချင်းအားလုံးက စိတ်လျှော့ဖို့ပြောနေတော့ ခန့်ညား မလျှော့ချင်လျှော့ချင်နဲ့ လျှော့လိုက်ရသည်။

"မင်းတို့သဘောကွာ"

လို့ပြောလိုက်ရပေမယ့် ရင်ထဲမှာ မီးလိုပဲ တောက်လောင်နေ၏။

အလင်းရောင်

ပန်းမကိုင်ရွှေနဲ့မင်း မြန်မြန်ဆန်ဆန် ချစ်သူဖြစ်ခွင့်ရတာ မင်း သိပ်ကံဆိုးတာပဲကွာ။

■ ■ ■



## အခန်း (၁၂)

စကားဝါရောင် ပိုးသားဝမ်းဆက်လေးနဲ့ လှနေတဲ့ မကိုင်ရွှေကို အလင်းရောင် ကြည့်မဝ ရှုမဝနိုင်အောင်ဖြစ်သွား၏။

အလင်းရောင် စိုက်ကြည့်တော့ မကိုင်ရွှေ ခြေလှမ်းလေး ရှက်စနိုး နဲ့တန့်သွား၏။

"မောင်ကလည်း ဘာဖြစ်လို့ အဲလောက် ကြည့်နေရတာလဲ"

အလင်းရောင် ချစ်သူရှေ့ ခြေလှမ်းတိုးလာရင်း ကြည်ကြည်နူး နူး စိုက်ကြည့်ပြန်သည်။

"အဲ ကြည့်နေပြန်ပြီ၊ မမြင်ဘူးတာလည်း မဟုတ်ဘဲနဲ့"

စိုက်ကြည့်ရုံနဲ့ ရှက်နေတတ်တဲ့ မကိုင်ရွှေ လက်ဖဝါးကို အလင်း ရောင် ဆွဲဖျစ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မြင်ဖူးပေမယ့် မ ကို မောင် မြင်ရတာ ရက်ပိုင်းပဲရှိသေးတယ် မက ကြည့်လေလှလေ၊ ကြည့်ပြီးရင်းကြည့်ချင်လေ ဖြစ်အောင် တအား လှနေတာကိုး"

"သွား အပိုတွေ"

"တကယ်ပြောတာ မရဲ၊ မ ကိုမောင်မြင်ဖူးတာ ဒီနေ့ပါမှ တစ်ပတ်ပဲရှိသေးတယ်လေ"

"ဟုတ်ပါတယ် ဘယ်နှရက်ပဲရှိရှိပေါ့၊ မောင်က သည်းလွန်းတယ်၊ ကလေးလေးဘာလေး ဆယ်ပါဦး၊ ဖေဖေတွေ့သွားရင် မကောင်းဘူးလေ"

"ဘာလို့မကောင်းရမှာလဲ"

အလင်းရောင် လက်မောင်းကို မကိုင်၍ ဆုပ်ကိုင်၍ နှစ်ယောက်သား ခြံထဲက ယှဉ်တွဲလျှောက်ထွက်ခဲ့သည်။ ခြံပြင်ရောက်မှ မကိုင်၍ စကားဆက်ပြောသည်။

"ဟွန့် မောင်က ဖေဖေ့ကို အရွဲ့တိုက်ချင်တာလား"

"မဟုတ်ရပါဘူး မရယ်၊ တွေ့သွားတော့လည်း မောင့်ကို မ ရွေးချယ်တယ်ဆိုတာ အန်ကယ် သဘောပေါက်သွားအောင်လို့ပါ"

"မောင်နော်"

မကိုင်၍ မျက်စောင်းထိုးတော့ အလင်းရောင် ခြေလှမ်းတို့ရပ်၍ မကိုင်၍ မျက်ဝန်းကို တည့်တည့်စိုက်ကြည့်ပြီး

"မောင်ကို ရွေးလိုက်တာ အန်ကယ် မသိစေချင်သေးတဲ့





သဘောလား"

"မသိသေးတာ ကောင်းပါတယ်"

"ဘာဖြစ်လို့"

"ရက်ပိုင်းအတွင်း ချစ်သူဖြစ်သွားတာသိရင် မ အညှာလွယ်တယ်လို့ ဖေဖေ ထင်သွားမှာပေါ့"

"အဲလိုဆိုလည်း ဖြေရှင်းချက်ပေးလို့ရတယ်လေ၊ မောင့်ကို မ ချစ်ခဲ့တာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းကလို့၊ မောင်ကသာ မကို ခုမှမြင်၊ ခုမှချစ်မိတာပါလို့၊ မက အညှာလွယ်တာ မဟုတ်ဘူး၊ အညှာ ခိုင်တာလေ"

"ဘယ်လို"

"တကယ်လို့ မောင် L.Aက ပြန်လာရင်လည်း မ ကိုသွား မကြည့်ဖြစ်ခဲ့ရင်၊ မရင်ထဲမှာ မောင့်ကို တိတ်တခိုးလေးပဲ ဆက်ချစ်နေမှာပဲလေ၊ ဟုတ်တယ်နော် မ"

မကိုင်၍ ခေါင်းလေး အလင်းရောင်ပခုံးထက် မှေးကာ မျက်ဝန်းလေးပင့်၍ အလင်းရောင်ကို စိုက်ကြည့်သည်။ အကြည့်ချင်းဆုံတော့ မကိုင်၍ပြုံးပြီး

"ချစ်တဲ့ခံစားချက်က အပြောင်းအလဲလုပ်လို့မရဘဲ မောင်ရယ်၊ မောင်နဲ့ ခုလိုမဆုံရရင်လည်း မ ချစ်နေမှာပဲ"

"အဲဒါကြောင့် မ အချစ်က အညှာခိုင်တယ်လို့ မောင်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ဟုတ်ပါသတဲ့ရှင်"

"ဟုတ်တယ်ဆိုရင် မ ဖေဖေကို အသိပေးလိုက်လေ၊ အန်ကယ်က မ ဆန္ဒအတိုင်းတဲ့၊ မောင်ကတော့ မကို ပိုင်ဆိုင်ချင်တယ်ကွာ၊ မ လက်ဖဝါးလေးကို တစ်သက်လုံး ဆုပ်ကိုင်သွားချင်တယ်၊ မ အချိန်မဆွဲနဲ့ကွာ နော်"

မကိုင်ရှ လက်ဖဝါးနှစ်ဖက်ကို ပူးကပ်ဆုပ်ယူဆွဲကိုင်၍ အလေးအနက်တောင်းဆိုလိုက်သည်။

မကိုင်ရှ မျက်လွှာလေးချ၍ ဆုပ်ကိုင်ထားတဲ့ လက်ချောင်းတွေကို ရှန်းဖယ်ဆွဲယူသည်။ အလင်းရောင် လွှတ်မပေး။ မိမိရရ ဆုပ်ကိုင်ထားရင်း

"မ"

မကိုင်ရှ မော့မကြည့်မိ။ မျက်နှာလှလှလေးကို တည်တံ့အောင် ပြန်ထိန်းပြီး

"မောင် သွားကြစို့လေ၊ လမ်းပေါ်မှာ သူများတွေ ကြည့်ကုန်ပြီ"

"မောင်တို့ လက်ထပ်ကြစို့ကွာ"

"အင်းလေ နောက်တော့ ဆွေးနွေးကြတာပေါ့"

"ဟွန့် မ အသံချည်းကလည်း အားတက်သရော မရှိလိုက်တာ၊ ဘာလဲ မောင်နဲ့ ဘဝတစ်သက်လုံး လက်တွဲသွားဖို့ မ စိတ်ကူးမရှိဘူးလား"





"မောင်ကလည်း မေးရက်လိုက်တာ"

"အဲဒါဆို မ ဘာဖြစ်လို့ အေးတိအေးစက် ဖြစ်နေရတာလဲ၊ မောင့်ဘက်က ရယ်ဒီပဲ၊ ဒယ်ဒီနဲ့မာမီကို ဖွင့်ပြောပြီးသား။ မ ခေါင်းညိတ်တာနဲ့ မင်္ဂလာပွဲဖြစ်စေရမယ်"

"ဟုတ်ပါတယ် မ ယုံပါတယ် မောင်ရယ်"

"ယုံတယ်ဆိုရင် ခေါင်းညိတ်လိုက်လေ"

"မ ကိုစဉ်းစားချိန် တစ်ပတ်လောက်ပေးပါ"

"ဘာဖြစ်လို့"

"မောင့်ကိုချစ်လို့ပေါ့"

အလင်းရောင် ချစ်သူကို စိတ်ဆိုးရအခက် အတင်းအကျပ်ပြောဖို့အခက်ဖြစ်သွား၏။

"မ ကလည်းကွာ"

"တကယ်ပြောတာ မောင့်ကိုချစ်တယ်၊ မိန်းကလေးဆိုတာ ချစ်တဲ့သူနဲ့ လက်တွဲချင်တာချည်းပဲလေ၊ ဒါပေမဲ့ အရူးအမူး ချစ်နေတဲ့ အချိန်မှာ ဘာကိုမှ မဆုံးဖြတ်တာ ကောင်းတယ်မောင်ရဲ့"

"ဘယ်လို"

အလင်းရောင် မျက်မှောင်ကုပ်သွား၏။ အတန်ကြာယှဉ်လျှောက်မိပြီးမှ မကိုင်ရှ ဆက်ပြောသည်။

"ဟုတ်တယ် မောင်ရဲ့၊ မောင်က မ အကြောင်း ဘာမှမသိဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသိစရာလိုလဲ မရယ်၊ မက အပျိုစင်လေးပဲဟာ"

မကိုင်ရဲ့ မျက်လုံးလေးဝိုင်းခနဲ ဖြစ်ကာ တစ်ခုခုပြောဖို့ ပြင်သည်။ အလင်းရောင် လက်ညှိုးလေးက မကိုင်ရဲ့ နှုတ်ခမ်းဖူးဖူးလေးရှေ့မှာ ကန့်လန့်ပိတ်ကာ ဟန့်တားပြီး

"မ ဘာမှမပြောနဲ့ကွာ၊ မ က လွတ်လပ်တဲ့ အပျိုစင်လေ၊ ဒီ ထက်ပိုပြီး မောင် ဘာမှသိဖို့မလိုဘူး၊ နောက်ပြီး မလည်း မောင့်ကို အချိန်ယူ လေ့လာစရာမလိုဘူး၊ မောင်ကလည်း လွတ်လပ်တဲ့ လူပျို စစ်စစ်ပါကွာ၊ မိန်းကလေးတွေနဲ့လည်း ကင်းတယ်၊ မ တစ်ယောက်တည်း ကို မြင်ရုံနဲ့ ချစ်တယ်၊ ချစ်လို့တွဲတယ်၊ မောင့် နောက်ကြောင်းကလည်း ခြောက်ပစ်ကင်းပါတယ် မ ရယ်၊ ဘာမှမဆိုင်တာတွေအတွက် အချိန် မဆွဲပါနဲ့နော်"

မကိုင်ရဲ့ မျက်လွှာချကာ သက်ပြင်းရှည်ရှည်ချလိုက်မိသည်။

"တကယ်တော့ မနဲ့မောင်နဲ့ အချစ်ခရီးက ဘယ်လောက်များ ဖြောင့်ဖြူးလိုက်သလဲ၊ မောင်တို့ချင်းချစ်တယ်၊ မိဘကလည်း သဘောတူ တယ်၊ မက ဘာတွေကို စဉ်းစားချင်သေးလို့ အချိန်ယူချင်ရတာလဲ၊ မောင်ကတော့ မလိုဘူးထင်တယ်ကွာ၊ စဉ်းစားမယ်ဆိုတာချည်း မမိုက်ပါ ဘူး မရယ်၊ ခေါင်းညိတ်လိုက်ပါ မရယ်နော်၊ ဒီည မ ဖေဖေကို ဖွင့်ပြော လိုက်ကွာ၊ မ ဖွင့်မပြောရင် မောင်ကိုယ်တိုင် အန်ကယ့်ကို ဖွင့်ပြောမယ်"

"အို"

မကိုင်ရဲ့ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။





အလင်းရောင် မ လက်ဖျားလေးတွေကို မလွှတ်တမ်း ဆုပ်ကိုင် သည်။ ထို့နောက် နှလုံးသား ပြုံယိုင်သွားစေမယ့် ချစ်မျက်ဝန်းနဲ့ညှို့ခေါင် စိုက်ကြည့်ပြီး

"မ"

ချစ်ရောင်စဉ်တွေ ယိုဖိတ်မတတ် ဆွဲငင်အားပါတဲ့ မျက်ဝန်း အကြည့်တွေကြောင့် မကိုင်ရဲ့ပြောချင်တဲ့အကြောင်းအရာတွေ လွင့်ပါးမတတ် ဖြစ်သွား၏။

"မောင် မလေ ဟို"

အလင်းရောင် ခေါင်းရမ်း၍ ဖွင့်ဟပြောလုမတတ်ဖြစ်နေတဲ့ မ. နှုတ်ခမ်းလေးကို အနမ်းတို့နှင့်ပိတ်ပင်တားဆီးလိုက်၏။

"မရယ် မောင်တို့လက်တွေ တွဲပြီး ရာသက်ပန် ချစ်ကြစို့ကွာ၊ ချစ်ကြမယ်နော် မ"

မကိုင်ရဲ့ အသိဝင်လာတဲ့အချိန်မှာ မောင်က မကိုင်ရဲ့ကို တင်းတင်း ကျပ်ကျပ်လေး ပွေ့ဖက်ပြီးသားဖြစ်နေ၏။ လမ်းပေါ်မှာဆိုတာလည်း မကိုင်ရဲ့ သတိမထားမိနိုင်တော့။

နွေးထွေးတဲ့ မောင့်ရင်ခွင်ကို မြတ်မြတ်နိုးနိုး နမ်းရှိုက်မိသည်က ချစ်ခြင်းဖြင့် ရာသက်ပန်တွဲတော့မယ်ဆိုတဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့ပါ။

"မောင့်သဘောပါ"

လို့အနမ်းတွေနဲ့ရင်းပြီး တိတ်ဆိတ်စွာပဲ ဝန်ခံပြီးသားဖြစ်သွား ၏။



www.burmeseclassic.com

www.burmeseclassic.com



"မ ရယ် မောင်အရမ်းဝမ်းသာတာပဲကွာ၊ မ အချစ်နဲ့ မ လက်တစ်ဖက်ကို တွဲခွင့်ရတာ ဟောဒီလောကကြီးထဲမှာ မောင်ဟာ ကံအကောင်းဆုံးယောကျ်ားပဲပေါ့ ဟုတ်ဖူးလား"

မကိုင်ရှ ပါးပြင်မို့မို့ထက်က မှည့်နက်ကလေးကို အလင်းရောင် တယုတယ မွေးရင်းပြောတော့လည်း မ နှလုံးသားက အချစ်သံစဉ်ကို နားဆင်ခွင့်ရတော့၏။

မရယ် မောင်က မကို လိုချင်မက်မောတဲ့ ယောကျ်ားထုအား လုံးထဲမှာ ပန်းကုံးအစွပ်ခံရတဲ့ ရွှေမင်းသား။

ဟုတ်တယ်နော်။

■ ■ ■



## အခန်း (၁၃)

"ကိုယ်နဲ့မကိုင်ရှ မင်္ဂလာဆောင်တော့မယ်ကွ"

"ဘာ"

အလင်းရောင် ရင်ခုန်စိတ်မြူးမြူးလေးနဲ့ ဖွင့်ပြောသည်။ ထိုအခါ ပိုင်ပိုင်တို့ မျက်လုံးပြူးကုန်ကာ အံ့ဩထိတ်လန့်တဲ့ အာမေဋိတ်သံများ ထွက်ပေါ်လာသည်။

"ဟုတ်တယ် လာမယ့် ဆန်းဒေး၊ ဖိတ်စာရလို့ မာမီကိုယ်တိုင် တောင် လိုက်ဖိတ်နေပြီလေ"

သူငယ်ချင်းအားလုံး မျက်နှာပျက်ပျက်နဲ့ ပြိုင်တူခေါင်းရမ်းကြ သည်။

"မင်း အဲလောက်ထိ ရူးသွပ်ဖို့မကောင်းဘူး အလင်းရောင်"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညား ပြောရင်း ထိုင်နေရာမှ ဝုန်းခနဲ ထသည်။ အလင်းရောင် မျက်မှောင်ကုပ်ကျသွားကာ ခန့်ညားကို တစ်ချက်ကြည့်သည်။

"ဟုတ်တယ် အလင်းရောင် မင်း ဖုတ်ပူမီးတိုက် မင်္ဂလာဆောင်မယ့်အဖြစ်က အသိတရားမဲ့လွန်းရာကျတယ်ကွ"

"တကယ်ဆို မင်းချစ်သူဟာ ဘယ်လိုမိန်းကလေးဖြစ်တယ်ဆိုတာ အရင်လေ့လာရမယ်၊ လေ့လာပြီးမှ မင်္ဂလာဆောင်သင့် မဆောင်သင့် မင်း ဆုံးဖြတ်ရမယ်၊ ခုတော့ မင်းက ခုမြင်၊ ခုကြိုက်၊ ခုယူမယ်ဆိုတော့ မင်းခံစားချက် အစွန်းရောက်လွန်းတယ်ကွ"

ပိုင်ပိုင်နဲ့ခေတ်လူ တစ်ခွန်းစီဝင်ပြောပြန်သည်။

အလင်းရောင် တွေခနဲဖြစ်ကာ မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ ပိုင်ပိုင်တို့ နှစ်ယောက်ကို တစ်လှည့်စီကြည့်မိသည်။

"နေဦး ကိုယ်နဲ့မကိုင်ရှိ မင်္ဂလာဆောင်မယ့်အတွက် မင်းတို့ သဘောထားမကြီးနိုင်ကြတာလား"

"ဟာ အလင်းရောင် မင်း ကိုယ်တို့ကို ဘယ်လိုမြင်နေတာလဲ"

ခန့်ညားက ကန့်ထဲရေကူးနေတဲ့ သက်ဝင်းကို ကြည့်ရင်း အလင်းရောင်ကို ကျောခိုင်းလျက် မေးသည်။

အလင်းရောင် ခနဲ့တဲ့တဲ့ပြုံး၍

"သိဘူးလေ မင်းတို့ကောင်တွေ ပုံစံက မူမမှန်ဖြစ်နေတယ်၊ ကိုယ်နဲ့မကိုင်ရှိ မင်္ဂလာဆောင်မယ့်ကိစ္စက မင်းတို့အတွက် အထိတ်တလန့်လိုလို ဘာလိုလိုဖြစ်နေကြတာ ကိုယ်နားမလည်ဘူးကွာ၊ ဘာလဲ မင်းတို့





ကောင်တွေလိုက်လို့မရနိုင်တဲ့ မိန်းကလေးကို ကိုယ်အလွယ်တကူ ရှာ တဲ့အတွက် ကြိတ်မနိုင်ခဲမရဖြစ်ပြီး"

"တော်စမ်းကွာ အလင်းရောင်"

ပိုင်ပိုင် မျက်နှာ ကွက်ခနဲပျက်ပြီး အသံပြတ်နဲ့ ဟန့်တားသော အလင်းရောင် နှုတ်ခမ်းလေးမဲ့လိုက်သည်။

စားပွဲပေါ်က အအေးဘူးကိုယူ၍ ဖျစ်ညှစ်ဆုတ်ကိုင်ကာ အလင်းရောင်ကို ပိုင်ပိုင် စိုက်ကြည့်ပြီး

"ဘာလဲ ကိုယ်ပြောလိုက်လို့ နာသွားတာလား"

"ကိုယ်တို့ နာတာမဟုတ်ဘူး။ မင်းကို နှမြောလို့ပြောနေတာ"

ခေတ်လူ အံကြိတ်ပြော၏။ အလင်းရောင် ဟက်ခနဲ ရယ်၍

"ဘာကိုနှမြောတာလဲ"

"မင်းနဲ့မကိုင်ရှိက မထိုက်တန်လို့ကွ"

"ဟေ မထိုက်တန်လို့"

"ဟုတ်တယ် လုံးဝမတန်ဘူး"

ခန့်ညား လှည့်ပြန်ထိုင်၍ ရှုံစိုက်ကြည့်ကာ ပျစ်ပျစ်နှစ်နှစ် ပြောချေ၏။ အလင်းရောင် ခံရခက်သလိုဖြစ်ကာ ထိုက်ရာကထပြီး ခန့်ညားဆီ လျှောက်သွားသည်။ ပိုင်ပိုင်နဲ့ခေတ်လူလည်း ထိုင်နေရာမှ ပြိုင်တူထလျက် အလင်းရောင်နောက် မသိမသာ ရွေ့သွားသည်။

အလင်းရောင်က ခန့်ညားပခုံးကို ဆွဲလှည့်၍ မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး မထိုက်တန်ဘူးဆိုတာ ဘာလဲ"

ခန့်ညား အလင်းရောင်လက်ကို ပခုံးထက်မှ ဖယ်ချရင်း စိုက်ကြည့်သည်။

"ဘာလဲဆိုတာအသိတရားမဲ့နေတဲ့ မင်း နှလုံးသားက မမြင်တတ်ဘဲကွ"

"ကိုယ့်နှလုံးသားက အသိတရားမဲ့နေတယ် ဟုတ်လား"

"မင်း ပြန်ဆန်းစစ်ကြည့်ကွာ"

"ကျစ် ဘာတွေလဲကွာ"

အလင်းရောင် အသိတရားတွေ ရှုပ်ထွေးသွားရ၏။

"ဘာတွေလဲဆိုတာ မင်းသိအောင် ကိုယ်တို့ပြောပြချင်တယ်၊ ဒါပေမဲ့ မင်းက မကိုဋ်ကို အရူးအမူးဖြစ်နေတဲ့အတွက် ကိုယ်တို့ ဘယ်လိုပြောပြရမလဲ၊ အဲဒီအတွက် ကိုယ်တို့လည်း မင်းလိုပဲ ရှုပ်ထွေးနေတယ်"

ပိုင်ပိုင်က ပြဿနာပိုကြီးလာနိုင်တဲ့အခြေအနေကို မြင်မိတာကြောင့် စိတ်လှုပ်ရှားစွာဝင်ပြောသည်။

"ကဲ ကိုယ်တို့ အေးအေးဆေးဆေး ပြောကြတာပေါ့ကွာ လာထိုင်"

ခေတ်လူက အလင်းရောင်ကို ထိုင်ခုံတွေဆီ ဆွဲခေါ်သွားပြန်သည်။ သက်ဝင်း ရေကူးပြီး ကန်ထဲက တက်လာတော့ ခန့်ညားက ရေကူးကန်ဘောင်မှာတင်ထားတဲ့ သဘက်ကြီးကို ပစ်ပေးလိုက်သည်။

သက်ဝင်း ခါးမှာ သဘက်ပတ်ပြီး ထိုင်ခုံတွေဆီ လျှောက်လာ





၏။ ထိုင်ခုံတွေမှာ အားလုံးအသီးသီးထိုင်နေကြသည်။

ဘယ်သူမှ စကားမစကြဘဲ တိတ်ဆိတ်နေတာက တစ်မိုးချုပ်ပုံလောင်နေစေသည်။ ကြည်လဲ့ပြာစင်နေတဲ့ ရေကူးကန်ထဲက ရေတွေက အားလုံးရဲ့စိတ်ကို ကြည်လင်လာစေဖို့မစွမ်းနိုင်ပြီ။

"ကဲ ပြောကွာ"

အလင်းရောင်က စိတ်မရှည်စွာ လွှတ်ခနဲ မေး၏။

သက်ဝင်းက ခန့်ညားထိုင်နေတဲ့ ကျွန်းထိုင်ခုံလက်တန်းမှာ မှေးထိုင်ပြီး

"ပြောရမယ်ဆိုရင် မင်း မကိုဋ်အကြောင်း ဘယ်လောက်သိထားလဲ"

"နေဦး မင်းက ကိုယ်တို့သူငယ်ချင်းတွေကြားထဲမှာ ဘာကြောင့် ဝင်ပါနေရတာလဲ"

"မင်းကိုယ့်ကို ဘယ်လိုမြင်လဲ"

"အဟင့် အမြင်ကိုပြောရရင် ခန့်ညားတို့နဲ့ မင်းကိုတွဲတွေ့ကတည်းက ကိုယ်တို့သူငယ်ချင်းတွေကြားမှာ စိမ်းသက်သလိုလို အဆင်မပြေသလိုဖြစ်နေတယ်၊ အခုလည်း မကိုဋ်နဲ့ကိုယ် မင်္ဂလာဆောင်မယ့်ကိစ္စ ကြားပါလာပြန်ပြီ ဘာကြောင့်လဲ သက်ဝင်း"

အလင်းရောင် အားမနာတမ်းပြော၏။ သက်ဝင်း ပခုံးနှစ်ဖက်တွန့်ကာ ပြုံးသည်။ အပြုံးနဲ့ပင် စားပွဲပေါ်က အအေးဘူးကို လှမ်းယူရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲဆိုတော့ မင်းကိုတန်ဖိုးထားလို့ပေါ့ကွ"

"ဘာလဲ ဘာကိုတန်ဖိုးထားတာလဲ"

"မင်းဂုဏ် မင်းသိက္ခာ၊ မင်းရဲ့ဖြူစင်တဲ့ဘဝ၊ မင်းရဲ့ပတ်ဝန်းကျင်နဲ့ မင်းရဲ့အနာဂတ်"

"ဟ များလှချည်လား သက်ဝင်းရာ"

အလင်းရောင် ခပ်ငေါ့ငေါ့လေးပြောသည်။ အလင်းရောင်ဘေးခုံမှာထိုင်နေတဲ့ ခေတ်လူ အလင်းရောင်ကို ငဲ့ကြည့်ပြီး

"ဟုတ်တယ် အလင်းရောင် မိန်းမတစ်ယောက်မှာ အလှနဲ့ဘဝက ဒွန်တွဲနေတယ်၊ အဲဒီမိန်းမဟာ စက်စက်ယိုမလှရင်တောင် ဘဝကစင်ကြယ်နေဖို့လိုတယ်"

"နေဦး မကိုင်ရွှေဘဝက ဘာဖြစ်နေလို့လဲ"

သက်ဝင်း ဖောက်ပြီးသား အအေးဘူးထဲက အအေးတစ်ကျိုက်ဆုပ်သောက်ပြီး အလင်းရောင်ကို မျက်နှာချင်းဆိုင် လွတ်နေတဲ့ ထိုင်ခုံမှာ ဝင်ထိုင်ပြီးပြောသည်။

"ပန်းမကိုင်ရွှေဘဝ ဘာဖြစ်နေတယ်ဆိုတာ မပြောခင်၊ မင်းကိုကိုယ် အရင်မေးမယ် အလင်းရောင်"

"ဘာမေးမှာလဲ"

သက်ဝင်း မထိတရိလေးပြုံး၍ မေးသည်။

"မင်း မကိုင်ရွှေကို ဘယ်လောက်ချစ်သလဲ"

"ဟ ဘဝတစ်ခုလုံးအတွက် မြတ်မြတ်နိုးနိုး ချစ်တာပေါ့ကွ"





"မင်း မြတ်မြတ်နိုးနိုး ချစ်တဲ့မိန်းမဟာ သူများခြေတော်တင်ခံရတဲ့ မိန်းမဖြစ်နေရင် မင်း ဘယ်လိုခံစားရမလဲ"

"ဟင်"

အလင်းရောင် ကိုယ်လုံး မတ်ကြွမတတ်ဖြစ်သလို သက်ဝင်းကိုရှူးရှူးရှားရှားကြည့်ပြီး

"မင်း မင်း ဘာတွေလာပြောနေတာလဲ"

အလင်းရောင်မျက်နှာက နီမြန်းလျက် သက်ဝင်းကို စိမ်းရင့်ရင့်ချည်း စိုက်ကြည့်ရင်း မေးသည်။ ထိုအခါ သက်ဝင်းက

"ဆောရီး ကိုယ် ဥပမာအနေနဲ့မေးကြည့်တာ"

"တောက်"

အလင်းရောင် ရင်မှာ ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိအောင်ဆူလောင်ပွက်ထသွား၏။ တက်ခေါက်ကာ ဂုန်းခနဲ ထရပ်ပြီး လက်နှစ်ဖက် ခါးထောက်လိုက်၊ ခေါင်းခါလိုက်နှင့် ခြောက်ခြောက်ခြားခြား ဖြစ်သွား၏။

"ဥပမာ ဘာဥပမာလဲကွ"

ခေတ်လူက ကမန်းကတန်းထ၍ အလင်းရောင်ဘေးနားရွှေ့သွားပြီး

"မင်းကလည်းကွာ သက်ဝင်းက စေတနာနဲ့ပြောနေတာ၊ မင်းသွေးအေးအေးထားပြီး ခဏ နားထောင်ကွာ"

"ဟ နားထောင်စရာလား၊ ဥပမာပေးပြီး မေးပုံက ကိုယ့်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



က သူများခြေတော်တင်ခံထားရတဲ့ ပန်တော်ကျလို့ စွပ်စွဲလိုက်သလိုပဲ၊ **အဲလို စွပ်စွဲတာ** ဘာရည်ရွယ်ချက်လဲ၊ ဒီမှာ သက်ဝင်း မင် သိထားဖို့က ကိုယ့်ချစ်သူက ပန်တော်ကျမဟုတ်ဘူး၊ အပျိုစင် အဖျိုသန့်လေး၊ ဘယ်ယောက်ျားမှ ပဓါတစ်ကမ်း လက်တစ်ကမ်းတောင် ကပ်လို့မရတဲ့ ခြောက်ပစ်ကင်း သဲလဲစင် မိန်းကလေးကွ''

အလင်းရောင် စကားအဆုံးမှာ သက်ဝင်း ဟက်ခနဲ ရယ်သည်။ အလင်းရောင် ခံရခက်ခက်နဲ့ အောက်သိုးသိုးကြည့်ရင်း

''ဘာရယ်စရာပါလို့လဲ သက်ဝင်း''

''ဟ ခြောက်ပစ်ကင်းသဲလဲစင်ဆိုတဲ့ စကားလုံးကို သဘောကျလို့''

''ဘာ''

''ဟုတ်တယ်ကွ ခြောက်ပစ်ကင်းသဲလဲစင်ဆိုတဲ့ စကားလုံးက သိပ်ကိုတာသွားလွန်းတယ်၊ ပန်းမကိုင်ရှုက ခြောက်ပစ်ကင်းသဲလဲစင်လို့ မင်းဆိုလိုတာလား''

''ဟုတ်တယ်လေ''

''ကောင်းပြီ မင်းချစ်သူက ခြောက်ပစ်ကင်းသဲလဲစင်ဆိုပါတော့၊ ခြောက်ပစ်ကင်းသဲလဲစင်ဆိုတာ မကိုင်ရှုရဲ့အလှလား မကိုင်ရှုရဲ့ဘဝလား''

''ဟင်''

အလင်းရောင် လက်ချောင်းတွေ အလိုလိုဆုပ်မိလျက်သားနဲ့ အံတင်းတင်းကြိတ်မိသွားပြီး





''အလှကော ဘဝကောကွာ''

တုံးတိတိပြောချလိုက်တဲ့ အလင်းရောင်အသံအဆုံးမှာ သက်ဝင်း ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

အလင်းရောင် ဒေါသလှိုင်းတွေ ပုတ်ခတ်လာပြန်သည်။ဒ

''မင်း ဘာဖြစ်လို့ ရယ်နေတာလဲ သက်ဝင်း၊ မင်းကို ကိုယ် လက်သီးနဲ့ဆွဲထိုးလိုက်မယ်ကွ၊ တောက်''

''စိတ်ထိန်း သူငယ်ချင်း စိတ်ထိန်းစမ်းပါကွာ ဟား ဟား''

ပြောရင်းရယ်ပြန်သည်။ အလင်းရောင် ဒေါသကို ထိန်းမနိုင်အောင်ဖြစ်သွား၏။ လက်သီးမြှောက်၍ သက်ဝင်းရှေ့ အလင်းရောင် တိုးသွားတော့ ခေတ်လူ ရှေ့ကတားပြီး

''အလင်းရောင် မင်းသိပ်ပြီး ဒေါသထွက်မနေပါနဲ့ကွာ၊ ကိုယ်တို့အားလုံးက မင်းဘက်ကပါကွာ၊ မင်းဆုံးဖြတ်ထားရင်တောင် အဲဒီဆုံးဖြတ်ချက်ကို အသိတရားနဲ့ ပြန်ပြင်လို့ရအောင် ကိုယ်တို့လမ်းခင်းပေးနေတာ''

''အလင်းရောင်''

သက်ဝင်းခေါ်သံအဆုံး အလင်းရောင် နှုတ်ခမ်းသားတွေကို သွားနဲ့ဖိကိုက်ရင်း ကြည့်သည်။ သက်ဝင်း တည်ငြိမ်စွာ စိုက်ကြည့်သည်။ အကြည့်ချင်းအဆုံမှာ

''ကိုယ်ရယ်တာက မင်းကိုထိပါး နာကျင်စေချင်တဲ့ ရည်ရွယ်ချက်နဲ့မဟုတ်ဘူး ကိုယ်တို့ ယောက်ျားတွေ ချစ်တဲ့စိတ်လွှမ်းမိုးလာရင်



www.burmeseclassic.com

www.burmeseclassic.com



အသိတရားတွေ ဆိတ်သုဉ်းသွားတတ်တဲ့ အားနည်းချက်ရှိတယ်၊ အဲဒီ အားနည်းချက်ကို ယောကျ်ားချင်းသိတယ်၊ တစ်နည်းအားဖြင့် ကိုယ်ချင်းစာတရားနဲ့ ရယ်မိတာပါကွာ''

''ဘာပဲဖြစ်ဖြစ် မင်းရယ်တာက ကိုယ့်အတွက် ခံရခက်စေတယ်၊ မင်းသိအောင် ထပ်ပြောမယ်၊ မင်းမရယ်နဲ့ ကိုယ့်ချစ်သူက ဘဝရော အလှရော ခြောက်ပစ်ကင်းတယ်ဆိုတာပဲ''

သက်ဝင်း မျက်ခုံးလေး ပင့်လျက်သားနဲ့ ခေါင်းတစ်ချက်ဆတ်သည်။

''ကောင်းပြီလေ မင်းပြောတဲ့အတိုင်း ကိုယ်ပြောမယ်၊ မကိုင်ရွှေရဲ့ အလှကိုတော့ ကိုယ်လက်ခံတယ်၊ ပန်းမကိုင်ရွှေအလှက တကယ့်ကို ခြောက်ပစ်ကင်း လှရုံမက ဆွဲအားသိပ်ပြင်းလွန်းတဲ့အလှ ပျော်ဝင်နေတယ်ဆိုတာ မင်းလည်းသိတယ်၊ ကိုယ်လည်းသိတယ်၊ မကိုင်ရွှေကိုမြင်တဲ့ ယောကျ်ားတိုင်း သိတယ်ကွာ၊ ကိုယ်မငြင်းဘူး၊ ဒါပေမဲ့ ပန်းမကိုင်ရွှေဘဝက''

''မကိုင်ရွှေဘဝ ဟုတ်လား။ မကိုင်ရွှေဘဝက ဘာဖြစ်လဲ ပြောစမ်းပါ''

အလင်းရောင် စိတ်မထိန်းနိုင်တော့။ သက်ဝင်းက အလင်းရောင်ကို စိုက်ကြည့်ပြီး

''မကိုင်ရွှေဘဝက မင်းထင်သလို အပျိုစင်၊ အပျိုသန့်လေး မဟုတ်ဘူး''

''. . .''

အလင်းရောင် နှုတ်ခမ်းလေးဟသွားကာ အသက်ရှူဖို့ပင်မေ့





သွားသလို တစ်ကိုယ်လုံးရှိသွေးကြောမျှင်တွေ တုန့်ခါသွားရ၏။

ဟင့်အင်း

အလင်းရောင် ခေါင်းသွက်သွက်ခါရမ်းသွား၏။

''မင်း မင်း မင်း''

အလင်းရောင် ရင်ထဲ သက်ဝင်းကို တစ်ခုခုချေပပြောချင်တဲ့ စကားလုံးက လည်မျိုအောက်မှာ နင့်ခနဲ မြုပ်ဆင်းသွား၏။

''ကိုယ် ဖွင့်ပြောလိုက်လို့ မင်းရင်ထဲမှာ မုန်းတီးစက်ဆုပ်သွားမယ်ဆိုတာ ကိုယ်သိတယ်၊ ဒါပေမဲ့ ပန်းမကိုင်ရွှေဘဝက အပျိုစင်မဟုတ်ဘူးဆိုတာ မင်းသာမသိတာ''

''တော်တော့ မင်းဆက်မပြောနဲ့တော့ သက်ဝင်း၊ မင်းကို ကိုယ်သတ်မိလိမ့်မယ်ကွ''

ခေတ်လူနဲ့ပိုင်ပိုင် အထိတ်တလန့်နဲ့ အလင်းရောင်ကို ဆွဲဖက်ဟန့်တားပြီး

''အလင်းရောင် မင်းနှလုံးသားအတွက် သက်ဝင်းစေတနာနဲ့ ပြောနေတာကွ''

''ဘာစေတနာလဲ ပိုင်ပိုင်၊ ဒီကောင် ကိုယ့်ချစ်သူကို မှိုရိုးမှုစ်ရိုးပြောနေတာ မင်းတို့ကြားရက်သားနဲ့၊ ဟေ့ သက်ဝင်း မင်းကို ကိုယ်အမုန်းတွေနဲ့အမုန်းကြိတ်ပစ်မယ်ကွ၊ မင်း ကိုယ့်ရှေ့ကိုတိုးခဲ့စမ်းပါ တိုးခဲ့စမ်းပါ''

အလင်းရောင်ပေါက်ကွဲနေတာမြင်တော့ ပိုင်ပိုင်တို့စိုးရိမ်ငိုလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သက်ဝင်းက လှမ်းကြည့်ကာ နေရာမှာတင်ရပ်လျက် ပြောစရာရှိတာကို အဆုံးထိ အမှန်းခံပြောဖို့ စကားစီပြီးသားဖြစ်နေသည်။

"အလင်းရောင် မင်းခေါင်းအေးအေးထားပြီး နားထောင်ပါ၊ မင်းချစ်သူကို မှိုချိုးမှျစ်ချိုးပြောရလောက်အောင် ကိုယ့်စိတ်ခတ်အောက်တန်းမကျဘူးကွ၊ မင်းမယုံရင် စုံစမ်းလို့ရတယ်၊ အဲဒီအဖြစ်က ဟိုးလေးတကြော်ဖြစ်ခဲ့တာကွ"

"ဟုတ်တယ် အလင်းရောင် ကိုယ်တို့လည်း အစက မယုံခဲ့ဘူး၊ ကိုယ်တို့စုံစမ်းတော့ သက်ဝင်းပြောတဲ့အတိုင်းပဲ မကိုဋ်နဲ့ကျောင်းနေဘက်ကောင်က မကိုဋ်ကို အမှန်အကန် ခြေတော်တင်တာတဲ့၊ ပြီးတော့ တာဝန်လည်းမယူဘူးတဲ့ တချို့ပြောတော့ ဟိုကောင့်ကြောင့် ကလေးတွေဘာတွေဖြစ်တဲ့အထိ အခြေအနေဆိုးခဲ့တယ်တဲ့၊ မဖုံးနိုင်မဖိနိုင် ဖြစ်လာတဲ့အခြေအနေက လွတ်မြောက်ဖို့ ဟိုဘဲကြီးကိုယ်တိုင် သူ့သမီးဗိုက်ထဲက ကလေးကို လက်သည်နဲ့ ဖျက်ပစ်သတဲ့"

တဒိုင်းဒိုင်း ဆောင့်ဝင်လာတဲ့ ခနဲ့သားရဲ့နောက်ဆက်တွဲ စကားလုံးတွေက အလင်းရောင် ဦးနှောက်နဲ့ နှလုံးသားကို ပြာတူးသွားသလို မယုံကြည်နိုင်ဘူးဆိုတဲ့စိတ်က ပန်ကာလိုချာချာလည်သွား၏။

"အဲဒီအဖြစ်က မကိုဋ်တို့ မော်လမြိုင်မှာနေစဉ်က ဖြစ်ခဲ့တာ၊ ပတ်ဝန်းကျင်ရဲ့ လက်ညှိုးတွေ ဝေဖန်ရှုတ်ချစကားတွေကို ဖုံးကွယ်ဖို့ ဘယ်သူမှမသိအောင် ဒီဘဲကြီး သူ့သမီးကို ခေါ်ထုတ်ခဲ့ပြီး ဒီမှာ ခေါင်း





မှော့နေနေတာလေ၊ မင်းနားလည်အောင်ပြောရရင် သူ့သမီးကို အပျိုစင်တစ်ယောက်ပုံသွင်းပြီး ပတ်ဝန်းကျင်အသစ်ထဲ ထိုးထည့်လိုက်တာကွ"

အလင်းရောင် တစ်ကိုယ်လုံး အေးစိမ့်တုန်ခါသွား၏။

"အဆိုးဆုံးကတော့ မကိုဋ် အပျိုစင်မဟုတ်တာသိလျက်နဲ့ မင်းခေါင်းမှော့ပြီး မင်္ဂလာဆောင်ရဲလား၊ မင်းမိဘဘက်ကရော အပျိုမစစ်တဲ့ မိန်းကလေးကို ချွေးမတော်ဖို့ သတိရဲ့လား"

သက်ဝင်း အလင်းရောင်ကိုမေးသည်က အလင်းရောင် ရင်ထဲ သင်းပုတ်ကြီးနဲ့ထုချသလို ခံစားရ၏။

"မင်း စဉ်းစားဖို့ အချိန်ရသေးတယ် အလင်းရောင်၊ ပတ်ဝန်းကျင်ရဲ့ အပြောအဆိုကို မင်းခံနိုင်ရည်ရှိသလား၊ ခုတောင် မင်းနောက်ကွယ်မှာ ဘယ်လောက် မေးငေါ့မှာမလဲ၊ အထူးသဖြင့် ဟိုကောင်"

အလင်းရောင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ခါသွားသည်။

ချစ်မိတဲ့နှလုံးသားမှာ တဆတ်ဆတ်နာကျင် မျက်ရှုလာသည်။

ဟိုကောင့်ကိုလား ဒါမှမဟုတ် မကိုဋ်ကိုလား။

အလင်းရောင် ခွဲခွဲခြားခြား ခံစားလို့မရအောင် ထွေပြားသွား၏။

"အချစ်ဆိုတာ နှလုံးသားနဲ့သက်ဆိုင်တယ်၊ ဒါပေမဲ့ ဘဝက အသိတရားနဲ့သက်ဆိုင်တယ် အလင်းရောင်၊ မကိုဋ်ကြောင့် မင်းကို မမြင်နိုင်တဲ့ ထောင့်တစ်နေရာကနေ ဖြိန်ဖြိန်ချည်းပြုံးကြည့်နေမယ့် ယောကျ်ားတစ်ယောက်ရှိနေတာ သိလျက် မင်းအသိတရားနဲ့ မကိုဋ်ဘဝကို လိပ်ပြာသန့်သန့်နဲ့ နမ်းရက်သလား"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညား တည့်တည့်မေးလိုက်သည်။ သူငယ်ချင်းအားလုံးက လည်း ဒီမေးခွန်းကိုပဲ မျက်စပစ်လျက် အသံတိတ်မေးနေသလို ထပ်ဆင့် မေးသလို

ခန့်ညားအသံနောက်မှာ အသိတရားက လေပြင်းတိုက်ခတ် သလို လှုပ်ခါရမ်းသွားတဲ့ သစ်ကိုင်းသစ်ခက်တွေလို ပရမ်းပတာ တုန်ခါ သွားတော့၏။

မ ရယ်

မောင့်နှလုံးသားကို နားလည်နိုင်မလားကွယ်။

■ ■ ■



## အခန်း (၁၄)

မကိုင်ရှိက အပျိုစင်မဟုတ်ဘူးတဲ့။

ဟင့်အင်း

အလင်းရောင် မယုံချင်ဘူး။ လက်မခံနိုင်ဘူး။

မကိုင်ရှိဟာ ခြောက်ပစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ဟု အလင်းရောင် နှလုံးသားနဲ့အသိတရားထဲ စွဲထင်မှတ်သားလိုက်သည်။

ထိုစဉ်

"ဟား ဟား ဟား"

ရယ်သံတွေ ထိုရယ်သံတွေက တစ်ခုခုကို သဘောတကျဖြစ်လို့ လွတ်လပ်ပေါ့ပါးစွာရယ်လိုက်တဲ့အသံမျိုး မဟုတ်။

ရှောင်ပြောင်သရော်ခြင်းနဲ့ တစ်ဖက်သား ခံရခက်အောင် အရွ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်းလှိုက် ရယ်ချလိုက်တဲ့ အသံမျိုး။ ထိုရယ်သံက အလင်းရောင် နလုံးသားကို တုန်ခါသွားစေသည်။

အို သူတို့ဘာသာ သူတို့ရယ်တာ ကိုယ်နဲ့ဘာဆိုင်လို့တုန်း။

ထိုရယ်သံကြောင့် ရပ်တန့်လုမတတ် ဖြစ်သွားတဲ့ ခြေလှမ်းကို ရှေ့ဆက်လှမ်းမိသည်။

ထောင့်ကျကျ စားပိုင်းတစ်ခုမှာ အလင်းရောင် တစ်ယောက်တည်း ထိုင်လိုက်သည်။ အလိုက်တသိလာရပ်သည့် စားပွဲထိုးကိုမကြည့်ဘဲ ဘီယာ တစ်ဂျားနဲ့အမြည်းတချို့မှာသည်။

ဆိုင်ထဲဝင်လာစဉ် ကြားလိုက်ရတဲ့ ရယ်သံက အလင်းရောင်ကို လှောင်ပြောင်တဲ့သဘောလား။

ထိုရယ်သံတွေကြောင့် အလင်းစိတ် အနည်ထအောင် မွှေနှောက်လိုက်သည့်နှယ် ခံစားရ၏။ ထို့ကြောင့် ဘီယာတစ်ခွက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်သည်။ အရသာ ဘယ်လိုနေမှန်းမသိအောင် ခံတွင်းပျက်သလိုလိုချည်း ခံစားရသည်။ အသားကင်တစ်ဖဲ့ မြုံလိုက်ပေမယ့် ခံတွင်းထဲမှာ သစ်သားဖတ်မြုံထားရသလို အရသာမဲ့နေပြန်သည်။

ဘာကြောင့်လဲ မ ရယ်။

ဘွားခနဲ သိလိုက်ရတဲ့ မ ဘဝအစွန်းအထင်းကြောင့်လား။

''ဟော့ ဟိုသတင်းကြားပြီးပြီလား''

''ဘယ် ဆော်လဲ''

တခြားဝိုင်းမှာ ဘီယာယစ်သံနဲ့ ပြောဆိုနေကြတဲ့ အသံတွေ





အလင်းရောင်နားထဲ ဒိုင်းခနဲ ဝင်လာပြန်သည်။

“ဘယ်ဆော်ရမလဲ ကိုယ်တို့ အညှော်ခံလိုက်ကြည့်ရတဲ့ ဆော်လေကွာ”

“ပန်းမကိုင်ရှလား”

“**အစစ်ပေါ့ကွာ**”

အလင်းရောင် ဘီယာသောက်ရင်း ဘီယာသီးသွားသည်အထိ ဖြစ်သွားရသည်။ ဘီယာခွက်ကို ပြန်ချသည်။

လည်ချောင်းထဲမှာ စပ်ဖျဉ်းဖျဉ်းနဲ့ ခံရခက်ခက်ဖြစ်သွားသည်။

“ဘာဖြစ်လို့လဲ”

“အင်ကွ အင် အင်”

မျက်မှန်ဝိုင်းတစ်ထားတဲ့ လူရွယ် မဲ့မဲ့ရွဲ့ရွဲ့ ပြောလျှင် တစ်ဖွဲ့လုံး မျက်နှာတွေတင်း ပြိုတီတီ ဖြစ်သွားသည်။ မျက်နှာသွယ်သွယ်နဲ့လူက

“မင်းတို့ထက်အရင် ကိုယ်တို့ကောင်တွေ သိပြီးသားကွ၊ အစကတည်းက သိနေရင် ကျမိတဲ့ သွားရည်ကို ပြန်ကောက်သိမ်းပါတယ်၊ မသိလို့ လိုက်ကြည့်မိတာ”

“အင်းနော် မထင်ရဘူး ကံကောင်းလို့ ငါတို့ကောင်တွေ အချဉ်ထိမလို့”

“တစ်ကောင်တော့ အချဉ်ထိတော့မယ်လေ”

“ဘယ်သူလဲ”

“ပန်းမကိုင်ရှ လက်ကို ဟိုတစ်နေ့က တွဲခွင့်ရသွားတဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လေ၊ I. A က ပြန်လာတာ ရက်ပိုင်းပဲရှိသေးတယ်ဆိုတဲ့ကောင်၊ ပန်းမကိုင်နဲ့လက်ထပ်ဖို့ ဖိတ်စာတောင် ဝေနေပြီဆိုပဲ''

''ဟား ဟား ဟား''

ခပ်ဝဝ လူရွယ် ပြောသံနောက်မှာ ဆယ်ယောက်မကရှိတဲ့ သောက်ဝိုင်းမှ ရယ်သံတွေ ဟုန်းခနဲ ပျံ့ထွက်လာသည်။

''နေဦး မင်းသက်ကျော် ပန်းမကိုင်ရဲ့ အပျိုစင်မဟုတ်တာ အဲဒီကောင် မသိလို့လား''

''မသိလို့နေမှာပေါ့ကွ''

အလင်းရောင် ဖန်ခွက်ကို ဇင်းအောင် မသိစိတ်က ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အံကိုတင်းတင်းကြိတ်မိလျက်သားဖြစ်သွား၏။

''မသိတဲ့ကောင် ခံပေါ့ကွ၊ ကိုယ်ယူမယ့်မိန်းမက အပျိုစစ်မစစ် မသိလောက်အောင် မွန်နေမှကိုး''

''တောက်''

အလင်းရောင် ဝုန်းခနဲ ထရပ်လိုက်၏။ ထို့နောက် ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချ ချေမွခွဲပစ်လိုက်တဲ့အသံ နာကျင်ခံရခက်စွာ ပေါက်ကွဲသွား၏။

ဖန်ခွက်သံကြောင့် အားလုံး၏အကြည့်တွေက အလင်းရောင်ဆီ ရောက်လာသည်။ တချို့မျက်လုံးတွေမှာ အလင်းရောင်ကို မသတီသလို ကြည့်သည်။

မကိုင့်လက်တစ်ဖက်ကိုတွဲပြီး ခေါင်းမော့လျှောက်ခဲ့တဲ့ကောင်





ခုတော့ နွားမရွံ့ပိတ်ကို နမ်းပေတော့ဆိုတဲ့ အသံတိတ်မေးငေါ့မှုတွေနဲ့ပါ။

ထိုအုပ်စုက အလင်းရောင်ကို မမှုသလိုပဲ စိုက်ကြည့်သည်။ မျက်မှန်ဝိုင်းနဲ့လူရွယ်က ထရပ်၍ အလင်းရောင်ကို ခပ်မိုက်မိုက်ကြည့်ပြီး

''မင်းက အလင်းရောင်မဟုတ်လား၊ ဟွန်း ပန်းမကိုင်နဲ့ ချစ်သူဖြစ်ခွင့်ရလို့ ကိုယ်တို့ရှေ့မှာ ခေါင်းမော့ရင်ကော့ပြီး လျှောက်သွားခဲ့တာလေ၊ ခုလည်းကိုယ်တို့ရှေ့မှာရင်ကော့ပြီး လျှောက်ကြည့်လေ ဟား ဟား ဟား''

ထိုလူရွယ်၏ရယ်သံနောက်မှာ ထပ်ဆင့်ရယ်သံတွေ ပေါ်ထွက်လာပြန်သည်။ ထိုရယ်သံတွေက မီးတောက်မီးလျှံများနှယ် အလင်းရောင်တစ်ကိုယ်လုံး လောင်မြိုက်နေသလို ခံစားရ၏။

''တောက် မင်း မင်း''

အလင်းရောင်ဘယ်လိုမှသည်းမခံနိုင်တော့။ မျက်မှန်ဝိုင်းနဲ့လူရွယ်ရှေ့တိုးသွားသည်။ ထို့နောက် ကျစ်ကျစ်ဆုပ်ထားတဲ့ လက်သီးကို မြှောက်၍ အားနဲ့ထိုးချမိလျက်သား ဖြစ်သွားသည်။

''ဟာ အလင်းရောင်''

ဆိုင်ထဲဝင်လာတဲ့ ခေတ်လူတို့ စိုးရိမ်တကြီးနဲ့အလင်းရောင်ကို ကမန်းကတန်းဆွဲတားလိုက်သည်။

''ဖယ်စမ်းပါ ဒီကောင်တွေ အုပ်စုလိုက် ကိုယ့်အတွက် အရွဲ့တိုက်ပြောနေကြတာကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ရွဲ့တာမဟုတ်ဘူး၊ တည့်တည့်ပြောတာကွ၊ မင်းအခု လက်ထပ်မယ့်မိန်းမ ပန်းမကိုင်မှုက အပျိုစစ်စစ်မဟုတ်ဘူး နားလည်လား"

"ဟား ဟား ဟား"

"မင်း မင်းမပြောနဲ့"

"ပြောတယ် ပန်းမကိုင်မှုက အပျိုစစ်စစ်မဟုတ်ဘူး၊ သူများဆီက စားပြီးလွှင့်ပစ်ထားတဲ့ မိန်းမ၊ အပျိုရည်ပျက်နေတဲ့မိန်းမကွ၊ မင်းဘာသာ မင်း အပျိုရည်ပျက်တဲ့မိန်းမကို ရွေးယူထားတာ၊ အေး ငါတို့ကောင်တွေ ရှေ့မှာတော့ မင်းတစ်သက်လုံး လက်မထောင်လို့မရဘူး မြဲမြဲမှတ်ထား"

လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်တဲ့အသံတွေနောက်မှာ ဆိုင်ထဲက ယောကျာ်းထုတွေရဲ့ မဲ့မဲ့ရွဲ့ရွဲ့ ရယ်သံက အလင်းရောင် မျက်ဝန်း မှာ မီးဟုန်းဟုန်းတောက်သွားစေသည်။

"တောက်"

အလင်းရောင်စိတ်မှ ဖြစ်တည်တဲ့အတိုင်း အသိတရားမဲ့စွာ ခန္ဓာကိုယ်က ပြုချင်ရာကိုပြုနေမိသည်။

ခေတ်လူတို့ ဝိုင်းဆွဲထားသည့်ကြားက ထိုလူရွယ်ကို အတင်းဆွဲကာ နာနာကျင်ကျင် ထိုးမိ၏။

သူငယ်ချင်းတွေရဲ့ တောင်းပန်သံ၊ ဆွဲကြ၊ ဟန့်တားကြနဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်သည်။

■ ■ ■





အလင်းရောင် နားထဲ ခန့်ညားတို့အသံတွေ အဆက်မပြတ်ကြားနေရသည်။

"အလင်းရောင် မင်း အဲလောက်ထိ မဖြစ်သင့်ဘူး။ ဒီကိစ္စက ကိုယ်တို့ယောကျာ်းထုကြားမှာ ဟုန်းခနဲ ပွံ့နေတဲ့ သတင်းထူးဖြစ်နေတယ်။ ကိုယ်တို့နောက်ကွယ်မှာရော ရှေ့တင်မှာပါ ဒီလိုအပြောအဆိုက လွတ်မြောက်ဖို့ဆို မင်းအသိတရားရှိရှိ ဆင်ခြင်ရမယ်လေ၊ တခြား မိန်းကလေးတွေကို မင်းရွေးယူလို့ရလျက်နဲ့ မကိုင်မှုကိုမှ"

အံတင်းတင်းကြီး ကြိတ်ထားမိတဲ့ အလင်းရောင် တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်ခါသွား၏။ ခန့်ညားကို ဖျတ်ခနဲ လှည့်ကြည့်ပြီး

"မင်းဆိုလိုတာက မကိုင်မှုကို ကိုယ်က စွန့်လွှတ်ရမယ်ဆိုတဲ့ သဘောလား"

"မင်းကို ပြတ်ပြတ်သားသားဆုံးဖြတ်ဖို့ပြောနေတာကွ"

"ကိုယ် မကိုင်မှုကို ချစ်တာပဲသိတယ်ကွာ"

"အဲဒီအချစ်က မင်းနှလုံးသားကို အရှက်ဘာကွဲဖြစ်စေတယ်ဆိုတာလည်း ခေါင်းထဲထည့်ထားဦး"

ဟင့်အင်း

အလင်းရောင် ဘာမှမစဉ်းစားချင်တော့ဘူး။ ဦးနှောက်နဲ့ နှလုံးသားက ရေနွေးအိုးလို ပွက်ပွက်ဆူနေတာပဲ သိတော့သည်။

"ဟင့်အင်း ကိုယ် ဘာမှ ခံစားလို့မရဘူး"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရင်ထဲမှာ မယုံချင်ဘူး"

"ဟေ"

သူငယ်ချင်းအားလုံး ပါးစပ်အဟောင်းသားဖြစ်ကုန်သည်။ မယုံနိုင်တဲ့ အလင်းရောင်စိတ်က ရာနှုန်းပြည့် လှုပ်ရှားနေသည်။

"ဟုတ်တယ် ကိုယ်မယုံချင်ဘူး၊ တကယ်ဟုတ်လားလို့ မကိုင်း့ကို မေးချင်တယ်"

"မင်းအရူးပဲကွ၊ ဘယ်မိန်းကလေးက ဝန်ခံမှာလဲ တော်ကြာ မကိုင်း့ မင်းကို ဆွဲတီးလိုက်မှဖြင့်"

"ဟုတ်တယ် အလင်းရောင် မင်းမေးရကောင်းလားဆိုပြီး မကိုင်း့ ရှက်ရမ်းရမ်းပြီး ညာပြောမှာလေ၊ လူအများ ဒီလောက်ပြောနေတာကို မင်းက ဘာလို့မယုံချင်ရတာလဲ"

ပိုင်ပိုင်နဲ့ခေတ်လူ အားမလိုအားမရ ဝင်ပြောသည်။

"လူအများပြောတာထက် ကာယကံရှင် ပြောတာကို ကိုယ် လက်ခံချင်တယ်၊ ကိုယ့်ချစ်သူပြောတာကိုပဲ ကိုယ်ယုံချင်တယ်၊ မင်းတို့ မတားနဲ့ကွာ"

ပြောပြီး အလင်းရောင် ခြေလှမ်းတွေက မကိုင်း့ဆီဦးတည်သွား တော့သည်။

■ ■ ■



## အခန်း (၁၅)

နပျိုလတ်ဆတ်တဲ့ အပျိုစင်မနက်ခင်းနှင့်အတူ ဖြူပြာလဲ့လဲ့ ယိမ်းကနေတဲ့ တိမ်လွှာတွေကြားမှ သက်တန့်ရောင်အလှ နတ်သမီးလေး တစ်ပါး ရှုရှုလေး ပေါ်ကြွလာခဲ့သည်။

လိမ္မော်ရောင်နေခြည်နုနုတို့ ဖြန့်ကြဲထားသော လမ်းမှာ ခြေ လှမ်းလာတဲ့ မိန်းကလေးက မောင့်ရင်ခုန်သံကို အစပျိုးစေခဲ့တယ်။

အခုတော့

အစွန်းအထင်း အစက်အပြောက်တွေ ထင်ကျန်နေတဲ့ မနက်ခင်း ဟာ မောင့်ရင်ခုန်သံကို အစပျိုးခဲ့တဲ့ နံနက်ခင်းနဲ့ မတူတော့။

"အားလုံး ပြောကြတဲ့အတိုင်း အမှန်လို့ယူဆလိုက်ပါ မောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်တစ်ခု ဆုပ်ကိုင်ပြီး ငံ့လင့်နေမိတဲ့ အလင်းရောင် မျက်ဝန်းက ရုတ်ချည်း ပြာမှောင်သွား၏။

တကယ်ဆို မ ငြင်းသင့်တာပေါ့။ ခုတော့

နှလုံးသားက သစ်ခွေးတုံးကြီးလို တွေတွေဝေဝေနှင့် ခံစားချက်တို့ ကင်းမဲ့ကုန်သည်။

ချစ်သူနှစ်ဦး မျက်နှာချင်းဆိုင်ဖြစ်လျက် ရင်ခုန်လိုက်ဖို့မှုတို့ ဆိတ်သုဉ်းနေတာက အကျည်းတန်မနက်ခင်းကို ပို၍အကျည်းတန်သွားစေသည်။

"ဟုတ်တယ်"

မကို့ ထပ်ဆင့်ဝန်ခံလျှင် အလင်းရောင် နှလုံးသားမှာ ယူကြုံးမရစိတ်တို့ ဖြစ်တည်လာသည်။

ဘာကြောင့်မှန်းမသိတဲ့ အသိတရားက မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ အလင်းရောင် ကိုယ်ကို အလိုလို နောက်ပြန်လှည့်သွားစေသည်။

"မကိုချစ်တဲ့စိတ်နဲ့ မောင်မယုံဘူးဆိုတာ မ သိပါတယ်၊ ဒါပေမဲ့ မ မညာချင်ဘူး၊ မညာရက်ဘူး၊ ဘာအကြောင်းကြောင့်မှ မောင့်ကို မညာနိုင်ဘူး"

မရဲ့ဝန်ခံစကားတွေက ဘာတွေကို ပြောင်းလဲသွားစေနိုင်မလဲ။ အလင်းရောင် သူ့ကိုယ်သူ အသံတိတ်မေးနေမိသည်။

"ဒီထက်မက မောင်နားလည်အောင်ပြောရရင် ဒီအဖြစ်တွေက မ ဘဝတစ်လျှောက်လုံး အရိပ်လိုကပ်ငြိနေမယ်လေ၊ မ ဘဝ အစွန်း





အထင်းကြောင့် မောင့်နှလုံးသား မောင့်ဂုဏ်သိက္ခာကို ထိခိုက်နစ်နာသွားစေတယ်ဆိုရင် မ တောင်းပန်ပါတယ်"

ဟင့်အင်း

ချစ်သူကြားမှာ တောင်းပန်ခြင်းတွေရှိနေစရာ မလိုပါဘူး။

အလင်းရောင် ခေါင်းကိုမသိမသာ ခါရမ်းလိုက်သည်။

"အစကတည်းက မောင့်ကို မချစ်သင့်ဘူးဆိုတာ မ သိနှင့်တယ်၊ သိသိချည်းနဲ့ ချစ်ခဲ့မိတယ်၊ အဲဒီအတွက် မ မှာအပြစ်ရှိတယ်လို့ မြင်တယ်ဆိုရင် မောင်ပေးတဲ့အပြစ် မ ခံယူဖို့အသင့်ပါပဲ မောင်"

ချစ်ကြတဲ့ ခံစားချက်ကို ဘယ်လိုအပြစ်ဖွဲ့ရမလဲ မရယ်။

ဘယ်အရာကို ပြစ်ဒဏ်ပေးရမလဲ။

အကြားအာရုံကို ပိတ်ထားသော်လည်း ချစ်သူအသံက နားထဲ တဒိုင်းဒိုင်း စီးဝင်နေဆဲ။

"မောင့်ရင်ထဲမှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေခံစားနေရလဲဆိုတာ မ နားလည်တယ်၊ ဒီအချိန်မှာ ဘယ်ယောက်ျားပဲဖြစ်ဖြစ် မရဲ့ အဖြစ်ကို သိရင် ချစ်တဲ့စိတ်တွေ ခမ်းခြောက်သွားမယ်ဆိုတာ မ ပိုသိပါတယ်၊ ဒါကြောင့် မောင် ဘာပြောချင်လဲ၊ အားမနာတမ်းပြောပါ မောင်ရယ်၊ မ ကို တစ်ခုခုပြောလိုက်စမ်းပါ"

"ဟင့်အင်း၊ မောင့်ရင်ထဲမှာ ဘာမှပြောစရာမရှိဘူး"

"အဲဒါ မောင်ညာတာပဲ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင့်ကိုယ်မောင် ညာရက်လို့ ညာနေတာမြင်ရတော့ မ ပိုပြီး နှောင်တရမိတယ်၊ ဘာကြောင့် မောင့်ကို မဆင်မခြင်ချစ်ခဲ့ရတာလဲလို့"

တိမ်ညိုတိမ်တိုက်တချို့ ရွေ့လျားသွားတာကို ငေးကြည့်ရင်း အလင်းရောင် မျက်ဝန်းမှာ ကြေကွဲခြင်းတို့ ယစ်ထွေးလာသည်။

လေပြည်လေညင်းတို့ ဆော့ကစားမနေသောကြောင့် ကန်ရေပြင်က ရေသေလို ငြိမ်ငြိမ်သက်သက် ဖြစ်နေသလို

သစ်ပင်တို့လည်း ကျောက်ရုပ်လိုရုပ်ကာ သစ်ရွက်ကလေးများလည်း သေဆုံးနေသလို တောင့်တောင့်လေး ငြိမ်သက်နေကြ၏။

ဒါပေမဲ့

ချစ်သူရဲ့ စကားလုံးတွေက ရင်အုံကို အကြိမ်ကြိမ် လာရောက်ပုတ်ခတ်နေသည်က တားဆီးပိတ်ပင်ဆဲ့အသလိုဖြစ်တည်နေသည်။ ဘာကြောင့်ဆိုတာကို မတွေးချင်တော့ပါ။

"ချစ်ခဲ့တာကို အပြစ်တစ်ခုလို့ မယူဆစေချင်ဘူး မရယ်၊ အချစ်ဆိုတာ ဆင်ခြင်လို့ရတဲ့ ခံစားချက်မှ မဟုတ်ဘဲ"

"ဒါဆို မောင် မ ကိုချစ်နေသေးတယ်ပေါ့"

ရပ်နေရာမှ စိတ်လှုပ်ရှားသော ခြေလှမ်းတွေနှင့် ရှေ့တိုးကာ မကိုင်မှ မေးလိုက်၏။ ဘေးနားရောက်လာတဲ့ မကိုင်မှကို အလင်းရောင်ငဲ့မကြည့်ဖြစ်သေးပါ။

မှုန်းကြပ်စွာ သက်ပြင်းချ၍





"ချစ်တယ်"

မကိုင်မှ လိုက်ခနဲ ကြည့်နူးသွားသည်။

တုံးတိတိ မောင့်ဝန်ခံစကားက တိမ်ညိုတိမ်နက်ကြားမှ အလင်းတန်းလေး ဖျတ်ခနဲ ပေါ်လာသလို

ထိုအလင်းတန်းလေးက လျှပ်တစ်ပြက်ဆိုသလို ခဏလေးမှ ခဏလေးပါပဲ။

ချစ်တယ်ဆိုတဲ့ စကားလုံးနောက်က ကပ်လိုက်လာတဲ့

"ဒါပေမဲ့"

ဆိုတဲ့ စကားလုံးနောက်မှာ ညှိမှိုင်းသောတိမ်ညိုတွေ လွင့်မျောလာသလို ကြည်လဲ့နေတဲ့ မကိုင်မှ မျက်ဝန်းလေးက ရုတ်ချည်းမှောင်ကျသွား၏။

အရာအားလုံး အသက်မဲ့သလို ဖြစ်သွားပြန်သည်။

ဝမ်းနည်းသလို ငြိမ်သက်သွားတဲ့ ချစ်သူကို ဘယ်လိုစကားလုံးမျိုးနဲ့ နှစ်သိမ့်ပေးရမှန်းမသိဖြစ်သွားသည်။

ရှေ့ဆက် ဘာတွေပြောရမှန်းမသိအောင် စကားလုံးတွေလည်း ရှားပါးကုန်သည်။

"ပြော ပြောလေ မောင် ဒါပေမဲ့ ဘာဖြစ်လဲ ဟင်"

အတန်ကြာ စေ့ပိတ်ထားမိတဲ့ မကိုင်မှ နှုတ်ခမ်းလွှာလေး မသိမသာ ပွင့်ဟလာသည်။ ဘာအကြောင်းကြောင့်မှ ဝမ်းမနည်းမိအောင် ထိန်းရင်း မကိုင်မှ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဆောရီး"

အလင်းရောင် ချစ်သူကို ငဲ့ညှာတဲ့စိတ်ကြောင့် ကမန်းကတန်း ဘွာခတ်လိုက်မိသည်။

မကိုင်ရှ မချိုပြုံးလေးပြုံးလိုက်သည်။

ထိုအပြုံးက နာကျင်စေမယ့်အဖြေကို သိနေလျက် မသိဟန်ဆောင်မေးမိတဲ့ လူတစ်ယောက်ရဲ့ အောင့်သက်နာကျင်သော အပြုံးမျိုး။

"ရပါတယ် မ နားလည်ပါတယ်"

"မဟုတ်သေးဘူး မောင်ဆိုလိုတာက"

အလင်းရောင် နောက်ပြန်လှည့်၍ မနှင့်မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ မ လက်ဖဝါးလေးကို ကြင်နာစွာ ဆုပ်ကိုင်ရင်း နှစ်သိမ့်အားပေးမိသည်။

မကိုင်ရှ ကိုယ်လုံးလေး ဆတ်ခနဲ တုန်ခါသွားကာ ဆုပ်ကိုင်လာတဲ့ မောင့်လက်ချောင်းတွေကို ပုတ်ချရင်း မောင်နဲ့ဝေးရာ ရေကန်စပ်ဆီ ထွက်ခဲ့သည်။

အလင်းရောင် သက်ပြင်းရှည်ကြီးချ၍

"မောင့်ကို နားလည်ပေးပါ မရယ်၊ မောင် မထင်ဘူး၊ ယုံလည်း မယုံနိုင်ဘူး၊ မ ဝန်ခံပေမယ့် မောင် လက်ခံနိုင်ဖို့ ကြိုးစားပါရစေ၊ ဒါပေမဲ့ မရယ် တကယ်ဆို မ ဝန်မခံသင့်ဘူး၊ ဘာပဲဖြစ်ဖြစ် မ ငြင်းပယ်ခဲ့ရင်"

အလင်းရောင်အသံက လည်မျိုအောက်မှာ နင့်ခနဲ တိမ်ဝင်





သွားသည်။

ကန်ရေပြင်ထက် ခေါင်းကလေးထောင် ပူးကြွနေတဲ့ ကြာငုံလေးကို စိုက်ကြည့်၍ မကိုင်ရှ တည်ငြိမ်စွာပြော၏။

"လူသိရှင်ကြားဖြစ်ခဲ့တဲ့ အဖြစ်အပျက်က မ ငြင်းပယ်ရုံနဲ့ အကောင်းပကတိ ဖြစ်သွားမယ်လို့ မောင်ထင်သလား"

"ဘာပဲဖြစ်ဖြစ်ပေါ့ မရယ်"

"ဒီလိုပဲ ဖော့ပြောလို့ ရလားဟင်"

"ဘယ်လို"

"ဟုတ်တယ် မောင် ဖော့ပြောလို့ရတယ်ဆိုရင် မ ဘဝအစွန်းအထင်းက အချိန်ကာလတစ်ခုရောက်ရင် အလိုလို မှေးမှိန် ပျောက်ကွယ်သွားမှာလေ၊ အခုဆို အဲဒီအဖြစ်က ဆယ်နှစ်ကျော်ခဲ့ပြီပဲ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လူအများစုက ဘာလို့ အရေးတယူပြောနေကြတာလဲ"

အလင်းရောင် ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွား၏။

"ရှေ့ဆက်ပြီးလည်း ပြောနေမှာပဲ၊ အဲဒါ ငြင်းလို့မရတဲ့ အမှန်တရားပဲ မောင်၊ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဟာ ပတ်ဝန်းကျင်ရဲ့ စကားလုံးတွေအောက်မှာ တန်ဖိုးဖြတ်ပြီးသားပါ၊ မောင့်စိတ်ကြိုက် စဉ်းစားဆုံးဖြတ်ပါ"

စဉ်းစားဆုံးဖြတ်တဲ့။

"ဘာ ဘာကို စဉ်းစားရမှာလဲ မရယ်"

"မကို လက်ထပ်ဖို့ သင့် မသင့်"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေတဲ့ မ စကားလုံးအောက်မှာ အလင်းရောင်ကိုယ်က ရေခဲရိုက်ထားသလို တောင့်တင်းသွား၏။

"လက်ထပ်ဖို့"

"ဟုတ်တယ် ချစ်ခြင်းနဲ့ လက်ထပ်ခြင်းဆိုတာ ဘာသာရပ် တစ်ခုစီပါ မောင်"

အလင်းရောင် မျက်ခုံးနှစ်ဖက် တွန့်ကျုံ့သွားသလို ခြေလှမ်းတွေ က ရေကန်စပ်ဆီ ရောက်သွားသည်။

ဘေးတိုက်ကျကျ ရပ်နေတဲ့ မကိုင်ရှုကို ရင်ခုန်သံမြန်မြန်နှင့် စွေကြည့်၍

"မောင့်ကို ငြင်းနေတာလား"

"မဟုတ်ဘူး မောင်နားလည်အောင်ပြောပြတာပါ။ အချစ်ဆိုတာ နှလုံးသားနဲ့ သက်ဆိုင်တယ်၊ လက်ထပ်ခြင်းဆိုတာက ဘဝနဲ့သက်ဆိုင် တယ်လေ၊ နှလုံးသားနဲ့သက်ဆိုင်တဲ့ အချစ်ဘာသာရပ်မှာ စည်းတွေ ဝါးတွေမရှိဘူး။ ချစ်ချင်ရင် ချစ်လိုက်မှာပဲ၊ ဒါပေမဲ့ လက်ထပ်ခြင်းက အချစ်ဘာသာရပ်နဲ့ ဆန့်ကျင်နေတယ်၊ လက်ထပ်ချင်တယ်ဆိုတိုင်း စည်း လွတ်ဝါးလွတ် လပ်ထက်ကြလို့ မဖြစ်ဘူး။ အထူးသဖြင့် မောင့်လို ဂုဏ် သိက္ခာကို တန်ဖိုးထားတဲ့ မိဘအသိုင်းအဝိုင်းကြားမှာ နေလာတဲ့သူ၊ ဘယ်မိန်းကလေးကို လက်ထပ်ရင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာ မျက်နှာပန်း ဘယ်လောက်လှမလဲလို့ ဆင်တတ်တဲ့သူတွေအတွက်"

မကိုင်ရှု စကားမဆုံးခင် အလင်းရောင် ခေါင်းကိုခါရမ်းလိုက်၏။





မကိုင်ရှု စကားကိုမရပ်ဘဲ ဆက်ပြောသည်။

"မလို အမည်းစက်ရှိနေတဲ့ မိန်းကလေးကို လက်ထပ်ဖို့ဆိုတာ သိပ်ပြီး မိုက်မဲလွန်းရာကျနေလိမ့်မယ် မောင်၊ ပြီးတော့ မောင့်မိဘနဲ့ မောင့်အသိုင်းအဝိုင်းက ရှိသေးတယ်၊ ပတ်ဝန်းကျင်ရဲ့ဝေဖန်ထိုးနှက်မှု တွေ၊ ပုတ်ခတ်မှုတွေအောက်မှာ မောင် တစ်သက်လုံးခံသွားဖို့ဆိုတာ"

"တော်ပါတော့ မရယ်"

အလင်းရောင် စိုးနင့်ကြေကွဲစွာ ဟန့်တားလျှင် မကိုင်ရှု ငဲ့မကြည့် ဘဲ ဆက်ပြောသည်။

"ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့လက်ထပ်ခြင်းမှာ အသိတရား နဲ့ ဆင်ခြင်တရားရှိဖို့ လိုတယ်၊ ဒါကြောင့် မောင် စဉ်းစားဆုံးဖြတ်ပါ၊ မောင် ဆုံးဖြတ်တာကို မ ကျေကျေနပ်နပ် လက်ခံပါ့မယ် ဒါပါပဲ"

စကားအဆုံးမှာ ကျောခိုင်းထွက်သွားတဲ့ မကို ဟန့်တားဖို့ အလင်းရောင် တကယ်မေ့လျော့သွား၏။

အချစ်နဲ့လက်ထပ်ခြင်းက မတူညီတဲ့ ဘာသာရပ်တဲ့လား။

မောင် ဘယ်လိုဆုံးဖြတ်ရမလဲ။

အကျည်းတန်လှတဲ့ မနက်ခင်းလေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မသတီဘူး လုံးဝ မသတီဘူး ကိုမင်း၊ ဝင်းဝင်းသား လူပျို နုနုထွတ်ထွတ်လေးနဲ့ အပျိုမစစ်တဲ့ မိန်းကလေးကို ဘယ်နည်းနဲ့မှ ဝင်းဝင်း မကြည်ဖြူနိုင်ဘူး၊ မင်္ဂလာပွဲကို ဝင်းဝင်းကိုယ်တိုင် ဖျက်တယ်"

"ဟင်"

အလင်းရောင် ဧည့်ခန်းထဲအဝင်မှာ တုံ့ဆိုင်းရပ်တန့်သွား၏။ မာမီ ဒီလောက်ထိ ပြင်းထန်လိမ့်မယ်လို့ ထင်မထား။

"ဝင်းဝင်း"

တောင့်တောင့်တင်းတင်း ရပ်နေတဲ့ ဇနီးသည်အပါး ဦးမင်းမင်းနိုင် ထိုင်နေရာမှ ထလာပြီး လေသံပျော့လေးနှင့် ဖျောင်းဖျသလို ခေါ်သည်။





"အို ဝင်းဝင်း ဘယ်လိုမှ မနှစ်မြို့နိုင်ဘူး ကိုမင်း"

"ကိုမင်းလည်း ဝင်းဝင်းနဲ့ ထပ်တူပါပဲ"

"ဒါဆို ဘာဖြစ်လို့ ကိုမင်း တွေဝေနေတာလဲ"

"လောလောလတ်လတ် ပွဲဖျက်လိုက်ရင် ကိုမင်းတို့ သားရှင်ဘက်က သဘောထားမကြီးရာ ရောက်မယ်လေ"

"ဟွန်း သဘောထားမကြီးရာရောက်မယ် ဟုတ်လား ကိုမင်း"

ဒေါ်ဝင်းဝင်း မာနမျက်နှာထားနဲ့ ခပ်တင်းတင်း ပြော၏။ ဦးမင်းမင်းနိုင် စိတ်ပျက်လက်ပျက် ခေါင်းဆတ်၍

"လောလောဆယ် မင်္ဂလာပွဲကို နောက်ဆုတ်ပြီးအချိန်ဆွဲထားမယ်၊ အချိန်အကန့်အသတ်တစ်ခုရောက်ရင် မသိမသာ ဖျက်ချလိုက်မယ်လေ"

"ဟင့်အင်း ဝင်းဝင်းက အချိန်မဆွဲနိုင်ဘူး၊ ဖြတ်မယ်ဆို တိခနဲပဲ၊ သဘောထားမကြီးဘူးလို့ ဘယ်သူပြောပြော ဝင်းဝင်း ဂရုမစိုက်ဘူး။ ဘယ်သားရှင်မဆို သဘောထားကြီးပြဖို့ စိတ်မဝင်စားဘူး၊ အချိန်တွေ ဆွဲနေရင် သားကို ပန်းမကိုင်ရှ ဖျားယောင်းတဲ့အချိန် ပိုရသွားမယ်လေ၊ သားကို ပန်းမကိုင်ရှနဲ့ လုံးဝအငြိမခံနိုင်ဘူး၊ ဖျက်စရာရှိတာ ဖျက်ရမှာပဲ၊ ခုချက်ချင်း ဦးအောင်သိန်းကျော်ကို ဖုန်းဆက်မယ်"

ဒယ်ဒီက တားရအခက် မတားရအခက်နဲ့ ဗျာများသွားသည်။ တုံ့ဆိုင်းဆိုင်း ရပ်နေမိတဲ့ အလင်းရောင် ခြေလှမ်းက ဧည့်ခန်းထဲ အလိုလို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

ခေါင်းသံကြောင့် ဖုန်းခွက်ကိုင်နေသည့် ဒေါ်ဝင်းဝင်းရွှေ လက်ချောင်းလေးတွေ လမ်းတစ်ဝက်မှာ တန့်သွားသည်။

သားဆီ ဖျတ်ခနဲ ခြေလှမ်းသွားရင်း

"ဘာလဲ သား"

"သား ဘာမှမဆုံးဖြတ်ရသေးဘူး မာမီ"

"ဘာ သားက ဘာကိုဆုံးဖြတ်စရာလိုလဲ မာမီကိုပြောစမ်း"

ဒေါ်ဝင်းဝင်းရွှေ သားကို ဘဝင်မကျသလိုစိုက်ကြည့်ရင်း ဖိုဟောက်လိုက်သည်။ အလင်းရောင် စိတ်ရှုပ်ထွေးဟန်နဲ့ ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးထည့်ရင်းပြောသည်။

"ဟိုလေ သားစဉ်းစားပြီးမှ ဆုံးဖြတ်မှာပါ။ မာမီ ချက်ချင်းပွဲဖျက်လိုက်ရင် မကိုင်နူကို သားဘက်က ရက်စက်သလိုဖြစ်မှာပေါ့။ ပြီးတော့ မကိုင်နူကို သားချစ်တယ် မာမီ"

"တော်စမ်း သား။ ဘာချစ်တာလဲ၊ ခြေနဲ့နင်းပြီး ချေမွထားတဲ့ ပန်းကို ပြန်ကောက်နမ်းဖို့လား"

သားနဲ့ဖနီးကြားမှာ ဦးမင်းမင်းနိုင် ဝင်စွက်ဖို့ ဘယ်ဘက်ကမှ အားမပါလှ။ သား ရင်ဘတ်ကို စောင့်တွန်းရင်း နှုတ်ခမ်း မဲ့ရွဲ့ပြီး မေးနေတဲ့ ဇနီးသည်ကို အငေးသားပဲကြည့်ဖြစ်သည်။

သားက ဘာမှပြန်မပြောရှာ။ ဇနီးသည် သားမေးဖျားကို ပင့်မော့ကာ သားမျက်ဝန်းကို စိုက်ကြည့်လျက် မေးပြန်သည်။





"ပြောစမ်းပါ သူများပန်တော်ကျမှန်းသိသိချည်းနဲ့ လှည်းကျိုးဝင်ထမ်းမလို့လား"

အလင်းရောင် မျက်လွှာအလိုလို စင်းကျသွားပြန်သည်။

"ရှက်ဖို့ကောင်းလိုက်တာသားရယ်၊ မာမီတို့ မျက်နှာ လူတကာရှေ့ တစ်သက်လုံးမော့ပြီး နေလာခဲ့တာ သားအသိဆုံးပဲ"

"ဒါပေမဲ့ မာမီရယ်"

"သား ဘာမှဆက်မပြောနဲ့ သားဝတ်တဲ့ အင်္ကျီတစ်ထည်အတွက်တောင် မာမီ အလေးအနက်ထားတယ်၊ သားနဲ့ပေါင်းရမည့်မိန်းကလေးအတွက်ဆို မာမီ ပိုပြီး အလေးအနက်ထားတယ်၊ မာမို့ချွေးမဟာ အပျိုစင် အပျိုသန့်ဖြစ်ဖို့လိုတယ်၊ သူများခြေဆော့လို့ ပျက်နေတဲ့ မိန်းကလေးကို ဘယ်နည်းနဲ့မှ မာမီ ချွေးမ မတော်နိုင်ဘူး၊ သားဒယ်ဒီလည်း မာမီဆန္ဒနဲ့ တစ်ထပ်တည်းပဲ"

အလင်းရောင် ငုံ့ကြည့်မိတော့ ဒယ်ဒီကပါ မာမီစကားကို ခေါင်းဆတ်အတည်ပြုသည်။

ကျွစ်

အလင်းရောင် နှလုံးသားအတွက် မဲအရေအတွက်က နည်းပါးလွန်းလှသည်။ သူငယ်ချင်းအပေါင်းအသင်း၊ မိဘနဲ့ အလင်းရောင်ရဲ့ အသိတရားက တစ်ဖက်၊ အလင်းရောင် နှလုံးသားမှ ချစ်ခြင်းက တစ်ဖက်။

အားမမျှစွာ လွန်ဆွဲနေသည်မှာ အချစ်က ကျရှုံးလှလှဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သားအတွက် အလှကော ဘဝပါ ခြောက်ပစ်ကင်းသဲလဲစင်ဖြစ်တဲ့ မိန်းကလေးကို မာမိ ရှာပေးမယ်၊ သူများတွံတွေးခွက်ထဲမှာ မျောနေတဲ့ မိန်းကလေးတစ်ယောက်က သားနဲ့လုံ၀ မထိုက်တန်ဘူး၊ မထိုက်တန်တာ သိသိချည်းနဲ့ သားရှေ့တိုးဖို့ မကြိုးစားနဲ့၊ ကြိုးစားရင်တောင် မာမိခွင့်မပြုနိုင်ဘူး အဲဒါ သားနာခံရမယ့် မာမို့အမိန့်ပဲ"

အလင်းရောင် နှုတ်ခမ်းသားကို ခပ်ဖိဖိ ဂိုက်လျက်သားဖြစ်သွား၏။

မာမီနားလည်လက်ခံအောင် ဘာမှပြန်ပြောခွင့်မရသည်က ခက်သည်။ အထူးသဖြင့် ဒယ်ဒီပါ မာမို့ဆန္ဒနဲ့ တစ်ထပ်တည်း ဖြစ်နေသည်က အခြေအနေဆိုးစေသည်။

"ဟော ခေတ်လူတို့ လာကြ"

အလင်းရောင် နောက်မှပါလာတဲ့ ခေတ်လူတို့ကို ဒေါ်ဝင်းဝင်းရွှေ အခုမှ သတိထားကြည့်မိသည်နှင့် ခေါ်လိုက်သည်။

ခေတ်လူတို့ သုံးယောက် ဆင်ဝင်အောက်ရပ်နေရာမှ ညှော်ခန်းထဲ လှမ်းဝင်လာသည်။

ဒေါ်ဝင်းဝင်းရွှေ ခေတ်လူတို့ကို ဖြန့်ကျက်ကြည့်၍

"ဒီမှာ သားတို့လည်း အန်တီ ပြတ်ပြတ်သားသား ပြောထားမယ်၊ ပန်းမကိုင့်ကို အန်တီ မသတီဘူး၊ ဒါကြောင့် သားတို့အားလုံး အလင်းရောင်ကို မြှောက်ပေးဖို့ စိတ်မကူးနဲ့"





"ကျွန်တော်တို့လည်း မြှောက်မပေးပါဘူး အန်တီရာ"

ပိုင်ပိုင် ဦးစွာပြောသည်။

"အလင်းရောင်ကို စိတ်မချလို့ ကျွန်တော်တို့ တကောက်ကောက် လိုက်နေရတယ်၊ မနေ့ညကတောင် ဘီယာဘားမှာ ဟိုကောင်တွေနဲ့ ပြဿနာတက်သေးတယ်"

ခန့်ညား မခံထိမခံသာ ပြောသည်။ အလင်းရောင် မျက်စောင်းနဲ့ ခန့်ညားကို ကြည့်သည်။ ဘာကြောင့်ဆိုတာ မိခင်ဖြစ်သူ သဘောပေါက်၏ အဲဒါကြောင့် ဒေါ်ဝင်းဝင်းရွှေ သားကိုခပ်စိုက်စိုက်ကြည့်ရင်း

"ပြဿနာတက်တိုင်း သားဘက်က ရှုံးမှာပဲ၊ တစ်သက်လုံး သူများစောင်းပါး ပုတ်ခတ်ပြောတာကို ခေါင်းငုံ့ခံပြီးမှ မိန်းမတစ်ယောက် ယူရမယ့် အဖြစ်က သိပ်အောက်တန်းကျလွန်းတယ် သား"

မာမို့ဒသသနကို အလင်းရောင် နားမဆင်ချင်တော့ပါ။ အလင်းရောင် အားလုံးနဲ့ဝေးရာမှာ နေချင်တဲ့စိတ်ဖြစ်မိသည်၊ ဒါကြောင့် ညှော်ခန်းထဲက ရှောင်ထွက်ဖို့ ခြေလှမ်းတွေက အပေါ်ထပ်ဆီရွေ့မိတော့

"သား"

ခေါ်သံနဲ့အတူ ဒယ်ဒီ အလင်းရောင်အပါး ရောက်လာသည်၊ အလင်းရောင် ပခုံးတစ်ဖက်ကို နှစ်သိမ့်ပေးသလို ခပ်ဖိဖိဆုပ်ကိုင်ပြီး

"သားရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဒယ်ဒီ နားလည်ပါတယ် သား ခံစားချက်ကို ဒယ်ဒီ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့တော့ ဒယ်ဒီရယ်"

"သား နားမဆင်ချင်ရင် ဒယ်ဒီ မပြောတော့ဘူး။ တစ်ခုတော့ ရှိတယ် သား။ ဘာကိစ္စဖြစ်ဖြစ် နလုံးသားနဲ့ဆုံးဖြတ်တာ အများအများ ဆုံးပဲဆိုတာ သားနားလည်ဖို့ လိုတယ်၊ ဒီလောက်ဆို သား ဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာ သိလောက်ရောပေါ့၊ ကဲ သား သွားနားတော့"

ဒယ်ဒီစကားမဆုံးခင် အလင်းရောင် လှေကားထစ်တွေကို ခပ်ကြမ်းကြမ်း ဖိနင်း၍ အပေါ်ထပ်သို့ တလှိမ့်လှိမ့်ရွေ့တက်ခဲ့သည်။

မကိုင်ရှုရယ်

မ ကိုလက်ထပ်သင့် မသင့်ဆိုတာ ဆုံးဖြတ်ဖို့ မောင့်နလုံးသား က ဆုံးဖြတ်ခွင့်ရမှာ မဟုတ်ဘူးဆိုတာ မ နားလည်နိုင်မလားကွယ်။

အသေအချာ ပြောနိုင်တာတစ်ခုက

'မ ကို မောင် သိပ်ချစ်တယ်ဆိုတာပဲ။

■ ■ ■



## အခန်း (၁၇)

မင်္ဂလာညည့်ခံပွဲ ဖျက်သိမ်းခြင်း

ဖတ်မိတဲ့ သတင်းစာကို ပြီးအောင်ဖတ်ချင်စိတ်မရှိတော့။ လုံးခြေ၍ အခန်းထောင့်တစ်နေရာသို့ အလင်းရောင် လွှင့်ပစ်လိုက်သည်။

"မာမီ ဒီလောက်ထိ မလုပ်သင့်ဘူးလို့ ကိုယ် ထင်တယ်"

အလင်းရောင် အံ့ကြိတ်ပြောလျှင် ခေတ်လှုတို့ မသိမသာ သက်မချ၏။

"ဒါက မင်းဂုဏ်သိက္ခာအတွက် ကြော်ငြာရတာကွ"

"ဘာ ခန့်ညား"

အလင်းရောင် ဖျတ်ခနဲ လှည့်မေးသည်။ ခန့်ညား အအေး ဘူးကို တည်တည်ငြိမ်ငြိမ် ဖွင့်ဖောက်လိုက်သည်။ ပြီးမှ မသောက်သေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေကွာ မကိုင်ရှုန်မင်း လုံးဝ မပတ်သက်တော့ဘူး ဆိုတာ အားလုံးသိသွားတာပေါ့ကွ၊ အဲသလို သိသွားမှ မကိုင်ရှုန်မင်း ကင်းရှင်းနေတယ်ဆိုတာ သိသာမယ်၊ မဟုတ်ရင် သို့လော သို့လောနဲ့"

"တော်စမ်းကွာ"

အလင်းရောင် ပိတ်ပြောရင်း လသာဆောင်ဘက် လျှောက် ထွက်ခဲ့သည်။ ပိုင်ပိုင်နဲ့ခေတ်လူက ခန့်ညားကို မျက်ရိပ်နဲ့ အချက်ပေး ကြည့်၏။

ခန့်ညား သဘောပေါက်စွာ ခေါင်းဆတ်သည်။

အန်တီ့အမိန့်ကြောင့် ခေတ်လူတို့ အလင်းရောင်ကို မျက်ခြေ မပြတ်စောင့်ကြည့်နေရခြင်း ဖြစ်သည်။

"ကိုယ် မကိုင်ရှုန်နဲ့တွေ့ချင်တယ်လို့"

အကြိမ်ကြိမ် တောင်းဆိုပေမယ့် အန်တီ အမိန့်ကို မလွန်ဆန် နိုင်တဲ့ ခေတ်လူတို့လည်း အလင်းရောင်ကို တွေ့ဆုံခွင့်မပေးကြ။

"ပြီးခဲ့တာတွေကို ပြီးပြီလို့ သဘောထားလိုက်ပါကွာ"

"ကိုယ် မထားနိုင်ဘူးကွာ"

ပိုင်ပိုင် သက်မချ၍ နံရံမှာ ကျောကပ်မှီ၍ လက်ပိုက်ရပ်သည်။

"ဒီကြော်ငြာမြင်တာနဲ့ မကိုင်ရှုန် ဘယ်လောက် ခံစားရမလဲ၊ မင်းတို့ စဉ်းစားကြည့်ကွာ၊ မကိုင်ရှုန် ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်နေတာ မပြောင်း လဲဘူး"

"မပြောင်းလဲဘူးဆိုတဲ့ စကားလောက်နဲ့ အနားသတ်လို့မရ





တာ မဟုတ်ဘူး အလင်းရောင်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း [illegible] မျိုးရုက်ဆိုတာ ရှိသေးတယ်၊ ခုဆိုရင် မကိုင်ရှုန်ကို ဘယ်ကောင်မှ အရေး တယူ စောင့်ကြည့်ကြတာမျိုး မရှိတော့ဘူး၊ ဒါဘာကြောင့်လဲဆိုတာ မင်းသိနှင့်ဖို့ကောင်းတယ်"

အလင်းရောင် နှလုံးသားမှာ မွန်းကြပ်သွားသည်။

ခေတ်လူ သွေးအေးအေးနဲ့ ပြောသမျှက နားထဲမှာ ရေစွေးစီး ကြောင်းလို ပူလောင်နေသည်။

မကိုင်ရှုန်နဲ့ဝေးရာမှာ အလင်းရောင် အလိုလို ရှောင်ဖယ်ခဲ့မိ သည်ထိ ဖြစ်ခဲ့သည်။

"မောင်နဲ့တွေ့ချင်တယ်"

လို့ မကိုင်ရှုန် ဖုန်းဆက်ပြီးတောင်းဆိုတာ အကြိမ်ပေါင်းများခဲ့ ပေမယ့် အလင်းရောင် ခြေလှမ်းတွေက ချစ်သူရှေ့ရောက်မသွားခဲ့ပါ။

မကိုင်ရှုန်ဘဝ အစွန်းအထင်းကို လက်ဆုပ်လက်ကိုင်ပြုပြီး ဝေဖန် ထိုးနှက်ချက် ဖွဲ့ရှုနေတဲ့ ပတ်ဝန်းကျင်စကားသံတွေကြားမှာ အလင်းရောင် ရှုံးသွပ်မတတ် ခံစားခဲ့ရသည်။

ပတ်ဝန်းကျင်ရဲ့မေးငေါ့မှုတွေကြောင့် ချစ်သူကို စွန့်လွှတ်သင့် လား။

ဒါမှမဟုတ်

ချစ်သူ့ဘဝအစွန်းအထင်းကို မြတ်မြတ်နိုးနိုး ထွေးဖက်ထားသင့် လား။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းတွေအတွက် အလင်းရောင် နှလုံးသားမှာ အဆင်သင့်ရှိမနေခဲ့ပါ။

ခုတော့

မာမီက ပြတ်ပြတ်သားသား စီစဉ်လာသည်။

ဒီအချိန်မှာ မကိုင်း သတင်းစာကိုင်ပြီး ငိုနေမလား။

နာကျင်မုန်းတီးနေမလား။

သဘောထားမကြီးတဲ့ ယောကျ်ားတစ်ယောက်လို့မြင်ပြီး အံတကြိတ်ကြိတ်ဖြစ်နေမလား။

မကိုင်းရယ်

မောင့်ကို ခွင့်မလွှတ်ပါနဲ့ကွယ်။

ထိုစဉ်

တတီတီ မြည်လာတဲ့ဖုန်းက မကိုင်းခေါ်တဲ့ဖုန်းမှန်း အလင်းရောင်သိသည်။ သိသော်လည်း ဖုန်းပြောခွင့်မရပေ။ ခေတ်လွင်တို့ လက်ဦးစွာ ဖုန်းကိုင်ပြီး

"အလင်းရောင် မရှိဘူး မကိုင်း"

ဆိုပြီး ဖုန်းကိုဒိတ်ထားသောကြောင့် မကိုင်း ဆက်သွယ်လာသမျှက ဖြတ်တောက်ပြီးသား ဖြစ်သွားသည်။

အလင်းရောင်ကို ရှေ့မှာထားပြီး မကိုင်းကို ပြတ်ပြတ်သားသား ငြင်းနေတဲ့ ခန့်ညားတို့ကို အလင်းရောင် မကျေနပ်စဖြစ်လာသည်။

"မင်းတို့ လွန်လွန်းတယ်ကွာ၊ မကိုင်းနဲ့ စကားပြောခွင့်လေး





တော့မပေးနိုင်တာ ကိုယ် ဝမ်းနည်းလွန်းတယ်၊ မင်းတို့ ကိုယ့်ခံစားချက်ကို တစ်ချက်လောက် မျှခံစားကြည့်ပါကွ"

"ပြောတော့ကွာ ခုချိန်မှာ မင်း ကိုယ်တို့ကို ကြိုက်သလိုထင်ကြိုက်သလို ပြောကွာ"

ခေတ်လွင် အနားကပ်၍ လေးလေးပင်ပင် ပြောသည်။ သူငယ်ချင်းတွေလည်း အလင်းရောင်ကို နားလည်ပေးနိုင်ကြသည်။

"အခုက မင်းဂုဏ်သိက္ခာအတွက် မင်းမာမီ စီစဉ်တာ ကိုယ်တို့အနေနဲ့ ဘာမှ ဝင်စွက်ခွင့်မရှိဘူး။ ဝင်မစွက်တာကလည်း မကိုင်းရဲ့ အစွန်းအထင်းတွေနဲ့ မင်းဘဝ ညစ်ထွေးမသွားစေဖို့ပဲ"

"ဟင့်အင်း"

အလင်းရောင် မျက်လုံးစုံမှိတ်ကာ ခေါင်းတစ်ချက်ရမ်းမိသည်။

"မင်း အသိတရား တစ်ချက်မဲ့တာနဲ့ မင်းဘဝ တစ်ခုလုံးသူများ လက်ညှိုးအောက်မှာနစ်မြုပ်သွားမယ်၊ အရှင်းဆုံးပြောရရင် မကိုင်းကို မင်းချစ်နေတာ မှန်တယ်၊ ဒါပေမဲ့ မင်းရင်ထဲမှာ မင်းနှလုံးသားထဲမှာ အရင်လို မြတ်နိုးတဲ့စိတ်မရှိတော့ဘူးဆိုတာ ကိုယ်တို့သိတယ်"

အလင်းရောင် နှလုံးသားကို ပိုင်ပိုင် ထွင်းဖောက်မြင်တတ်သလိုပြောလျှင် အလင်းရောင် မျက်နှာပြာနှမ်းသလို ဖြစ်သွားသည်။

ပိုင်ပိုင်ပြောတာ မှန်ပေမယ့် မကိုင်းကို စွန့်လွှတ်ဖို့အထိ အလင်းရောင် နှလုံးသားက မတောင်းထားနိုင်ပါ။

မြတ်နိုးတဲ့စိတ်မရှိပေမယ့် ချစ်တဲ့စိတ်ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့စိတ်နဲ့ ချစ်သူကို မျက်နှာချင်းဆိုင်ခွင့်လေးတော့ ရချင်သည်။

ခုတော့

ပိုင်ပိုင်တို့ပြောသမျှ ဆိုသမျှ အလင်းရောင် ဘာမှချေပနိုင်စွမ်းမရှိသလို ချစ်ခြင်းတို့က ဦးတည်ရာမဲ့နေသည်။

"မကိုင့်ရဲ့ ဘဝ အစွန်းအထင်းကြောင့် ဒီလိုဖြစ်သွားတာ၊ ဖြစ်သင့်တယ်လို့ အားလုံး လက်ခံကြမှာမလွဲဘူး၊ အထူးသဖြင့် မကိုင့်နဲ့ မကိုင့်အဖေလေ၊ မကိုင့်အဖေက ယောကျ်ားတစ်ယောက်ပဲ ယောကျ်ားဆိုတာ ကိုယ့်ချစ်သူနဲ့ ပတ်သက်လာရင် ဘယ်လိုသဘောထားရှိတယ်ဆိုတာ ယောကျ်ားချင်းပိုသိတယ်၊ ဒီအဘိုးကြီး မင်းစိတ်ကို အပြစ်မြင်မှာမဟုတ်ဘူး၊ ကိုယ် လက်မထောင်ပြောရဲတယ်ကွ"

ခေတ်လူကလည်း တဖွဖွပြောရင်း အလင်းရောင်ကို ဖျောင်းဖျပြန်သည်။

"အန်ကယ်က လက်ခံနိုင်ပေမယ့် မကိုင့်က"

"မင်းအဲဒီအတွက် မပူနဲ့၊ မကိုင့်က မကိုင့်ဘဝကို မကိုင့်နားလည်လက်ခံသွားမှာပါ၊ မင်း အနေသာချည်းပါ၊ မသိလို့ချစ်သူဖြစ်ခဲ့တာ သိလို့နောက်ဆုတ်တာ မင်း ဘာမှတွေးပြီး စိတ်နှလုံး ထိခိုက်နေစရာမလိုဘူး"

အလင်းရောင် စိတ်မငြိမ်မသက်ဖြစ်ကာ နှာခေါင်းကို လက်ခုံနဲ့ပွတ်သုတ်လိုက်၊ ခါးပေါ်လက်ထောက်လိုက်နှင့် ဗျာများနေသည်။





ပိုင်ပိုင်ပြောသလို

အလင်းရောင်. စိတ်နှလုံးထိခိုက်စရာမလိုဘူးတဲ့လား။

"မင်းကိုယ်မင်း လိပ်ပြာသန့်သန့် ခံစားစမ်းပါကွာ"

အလင်းရောင် အသက်အောင့်လျက် မျက်လွှာလေး စင်းချကာ အတန်ကြာ ငြိမ်သက်နေမိသည်။

သေချာတာက အလင်းရောင် လိပ်ပြာသန့်သန့်ခံစားစေဖို့တဲ့။

အားပေးဖျောင်းဖျလာတဲ့ သူငယ်ချင်းတွေရဲ့ စကားလုံးတွေကို အလင်းရောင် လက်မခံနိုင်ပေမယ့်

အခြေအတင် ပြန်ပြောနိုင်မယ့် စကားလုံးက ရှားပါးသွားသည်။

ဖြစ်နိုင်ရင်

အားလုံးနဲ့အဝေးဆုံး တစ်နေရာဆီ ပျံသန်းသွားချင်မိသည်။

မကိုင့်ရယ်

အစွန်းအထင်မရှိတဲ့ ဘဝတစ်ခုရှိနေရင် သိပ်ကောင်းမှာပဲ။

ခုတော့

မောင့်ချစ်ခြင်းတွေက ဂုဏ်သိက္ခာဆိုတဲ့ စည်းဝိုင်းထဲမှာ အလုံပိတ်ခံနေရပြီလေ။

အဲဒီအတွက်

မောင့်ကို မကိုင့် မုန်းသွားမှာလား။

မမုန်းပါနဲ့ကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ပွမ် ပွမ် ပွမ်"

ကားဟွန်းသံ အဆက်မပြတ် မြည်လာသည်။ အလင်းရောင် လည်ပင်းဆန့်ကြည့်၏။ သော့ခတ်စေ့ပိတ်ထားတဲ့ မွှေရောင်တံခါးကြီး ရှေ့မှာ ထိုးရပ်ထားတဲ့ မာစီဒီးကားကြီး။

ကားမောင်းသူနေရာမှာ ထိုင်နေတဲ့မိန်းကလေးက မကိုရှိမှန်း သိရစဉ် အလင်းရောင် အသိတရား လွင့်ပါးသွား၏။

"မ"

ရင်ထဲက တိုးတိုးလေးရွတ်မိသည်နှင့် သူငယ်ချင်းတွေရှေ့မှာ ဒရောသောပါး ပြေးထွက်ခဲ့မိသည်။

"ဟာ အလင်းရောင် နေဦး"





ခေတ်လူတို့ ရိုပ်မိတာကြောင့် လသာဆောင်ဆီမှ အလင်းရောင် ပြေးဆင်းသွားတဲ့နောက် ဟန့်တားရင်း ထပ်ကြပ်မကွာလိုက်ပါခဲ့သည်။

ခြံတံခါးမဖွင့်သေးဘူးထင်သည်။ ကားဟွန်းသံ တပွမ်ပွမ် မြည် နေဆဲ။

"အလင်းရောင်"

ခေတ်လူတို့ ဆွဲတားပေမယ့် အလင်းရောင် မမှုတော့။

သူငယ်ချင်းတွေ လိုက်ဆွဲ လက်တွေကို ပုတ်ချရင်း လှေကား ထစ်တွေကို ဖြတ်ကျော်ကာ အောက်ထပ်အရောက် ပြေးဆင်းခဲ့သည်။

အလင်းရောင် ရင်ထဲမှာသိနေတာက မ ကိုချစ်တယ်ဆိုတာပဲ။

ချစ်တဲ့စိတ်ကြောင့် သူငယ်ချင်းတွေ တားနေသည့်ကြားက လွတ်အောင်ပြေးထွက်ခဲ့သည်။

အသင့်ဖွင့်ထားတဲ့ အောက်ထပ်ညှေ့ခန်းတံခါးဝဆီမှ ခြံထဲ ပြေးခဲ့တော့

"အလင်းရောင်"

ခြံဝင်းတံခါးရှေ့ ဦးစွာရောက်နေတဲ့ မာမီရဲ့ခေါ်သံ။

ရပ်လိုက်စမ်းလို့ အမိန့်ပေးလိုက်တဲ့ မာမီ့ဟန့်တားသံနောက် မှာ အလင်းရောင် ခြေလှမ်းတုံ့ခဲ့ တန့်သွား၏။

"မာမီ"

အလင်းရောင် အသနားခံတောင်းဆိုသလိုခေါ်မိသည်။ ထိုအခါ မာမီ မျက်နှာထား ကွဲလုမတတ် တင်းမာသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"သား ရှေ့တစ်လှမ်းတိုးမလာနဲ့ သားကို မာမီ ပြတ်ပြတ်သားသား ပြောပြီးသား၊ ဒီလို မိန်းကလေးမျိုးနဲ့ သားကို ဘယ်နည်းနဲ့မှ ပေါင်းဖက်ခွင့်မပေးနိုင်ဘူး"

မာမီ့စကားသံနောက်မှာ ကားပေါ်က ဆင်းလာတဲ့ မကိုဋ္ဌနဲ့ အကြည့်ချင်း ဆုံသွားသည်။ ထိုအခါ အလင်းရောင်မျက်နှာ သိသိသာသာ ပျက်ကျသွား၏။

မကိုဋ္ဌနဲ့အလင်းရောင်ကြားမှာ သော့ခတ်ထားတဲ့ သံဇကာတံခါးနှင့် အမိန့်အာဏာပြင်းတဲ့ မာမီက ကြားဝင်နေသည့်အတွက် ဆိုးဝါးလှသည်။

"ဒီမှာ ပန်းမကိုဋ္ဌ ညည်းနဲ့ငါ့သား ပတ်သက်စရာ ဘာကြိုးတစ်မျှင်မှ မရှိဘူး"

သံတံခါးနား တိုးကပ်သွားတဲ့ မာမီက လက်တစ်ဖက်ခါးထောက်၍ မကိုဋ္ဌကို မျက်နှာချင်းဆိုင်ပြောချသည်။

မကိုဋ္ဌ တည်တည်ငြိမ်ငြိမ်ပဲ စိုက်ကြည့်သည်။

"မကိုဋ္ဌ နားလည်တယ် အန်တီ"

"နားလည်ရင် ဘာဖြစ်လို့ ငါ့သားဆီ ဖုန်းခဏ ခဏဆက်တာလဲ၊ ဘာဖြစ်လို့ ငါ့သားရှေ့လာဖို့ ကြိုးစားရတာလဲ၊ ညည်းမှာအရှက်မရှိဘူးလား"

မကိုဋ္ဌ နှုတ်ခမ်းပါးတင်းတင်းလေး စေ့ပိတ်ထားလိုက်သည်။ မျက်ဝန်းက မာမီ့ကိုကျော်၍ အလင်းရောင်ဆီမှာ။





ဖွဲဖွဲရွရွ ပြောနေတဲ့ မာမီ စကားလုံးတွေအတွက် [illegible] အမှန်တကယ် အလင်းရောင် ကိုယ်ချင်းစာနာမိသည်။

ရှေ့မှာပေါ်တင်ချည်း ဖိပြောနေတဲ့ မာမီ့အတွက်ကို အလင်းရောင် မျက်စေ့ဒေါက်ထောက် မကြည့်ရက်နိုင်ပါ။

"မာမီ"

ခေါ်သံနဲ့အတူ အလင်းရောင်ရှေ့တိုးလာတော့ မာမီ့လက်တစ်ဖက် မြှောက်တက်သွားသည်။

အခြေအနေကို စောင့်ကြည့်နေတဲ့ ဦးမင်းမင်းနိုင် သက်ပြင်းလေးချသည်။

အခြေအနေထိန်းနိုင်ဖို့ မြှောက်တက်သွားတဲ့ ဇနီးသည်လက်ကို ဦးမင်းမင်းနိုင် အချိန်မီ ဆွဲထားလိုက်သည်။

ဒေါ်ဝင်းဝင်းရွှေ မျက်ဝန်း မီးတောက်မတတ် ဖြစ်သွား၏။ ခင်ပွန်းသည်ကို မီးတောက်မျက်ဝန်းနဲ့ကြည့်ရင်း

"ကိုမင်း သားကိစ္စမှာ ဝင်းဝင်းကို ဘာမှမတားဆီးပါနဲ့၊ ဝင်းဝင်း ဘယ်လိုမှ လက်မခံနိုင်ဘူး၊ လွှတ်စမ်းပါ ဝင်းဝင်း လက်ကိုလွှတ်စမ်းပါ"

ဦးမင်းမင်းနိုင် ခေါင်းခါ၍ ဇနီးသည်လက်ကို ဆုပ်ကိုင်ထားရင်း သားကို စိုက်ကြည့်ပြီးခေါ်သည်။

"သား သားဘာဖြစ်လို့ ဖွတ်တိုးချင်ရတာလဲ၊ သား ဖွတ်တိုးမယ်ဆိုရင် ဒယ်ဒီတို့ ရှက်ပြီးသေသွားနိုင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မျက်လွှာ စင်းကျသွား၏။

ဒယ်ဒီ လက်ကို မာမီ ဆောင့်ရုန်းဖယ်ချာ၍ အလင်းရောင် ရှေ့ရောက်လာပြီး

"သား ဒီမိန်းကလေးကြောင့် မာမီတို့ကို အရှက်တကွဲဖြစ်စေ ချင်တာလား။ မာမီတို့ ရှက်ပြီးသေသွားတာကို မြင်ချင်လား။ ပြောစမ်းပါ ပြောပါသားရယ်"

အက်ကွဲတုန်ခါနေတဲ့ မာမီအသံနောက်မှာ အလင်းရောင် မျက်ဝန်းကမကိုင်ရွှေဆီ အားနာသလို ကျရောက်သွား၏။

ရွှန်းလဲ့ကြည်လင်နေတဲ့ မကိုင်ရွှေ မျက်ဝန်းနှင့်တည်ငြိမ်သော မကိုင်ရွှေမျက်နှာလေးက မသိမသာ ဖျက်ယွင်းသွားသည်။

"ဒီမှာ ပန်းမကိုင်ရွှေ ညည်း ငါတို့သားအမိကြား ဘာဖြစ်လို့ မီးတစ်စ ပစ်သွင်းချင်ရတာလဲ၊ ညည်းနဲ့ငါ့သား ဘာမှမပတ်သက်တော့ ဘူး၊ ညည်းနဲ့ငါ့သား မင်္ဂလာဆောင်မယ့် အစီအစဉ်ကို ငါတို့ဘက်က ဖျက်သိမ်းလိုက်ပြီလေ၊ သားရှင်က ဖျက်သိမ်းတာကို သိသိချည်းနဲ့ ဘာလို့ မျက်နှာပြောင်တိုက်ရတာလဲ၊ ညည်းမျက်နှာ ညည်းအသံကြောင့် ငါတို့ မိသားစု ဘာတွေဖြစ်နေသလဲဆိုတာ ညည်းမသိဘူးလား၊ ငါ့သားကို ဖျားယောင်းမှုနဲ့ ညည်းကိုငါ တရားစွဲရမလား ပြောစမ်းပါ"

မာမီက မကိုင်ရွှေမျက်နှာကို စေ့စေ့ကြည့်ရင်း ဒေါသတွေကို တရစပ်သွန်ချသည်။

မိဘနှစ်ပါးရှေ့မှာ အလင်းရောင် ဘာမှပြောခွင့်မသာ။





မျက်နှာပျက်ကာ မျက်ရည်ဝိုင်းသွားတဲ့ ချစ်သူအတွက် မျက်ဝန်းနဲ့ တောင်းပန်ရုံကလွဲပြီး အလင်းရောင် ဘာမှမတတ်နိုင်ခဲ့ပါ။

"ညည်း အခုချက်ချင်း ငါ့ခြံရှေ့က ထွက်သွား။ သွား မသွား ဘူးလား၊ မသွားရင် ညည်းအဖေကို ငါခေါ်ရမလား။ သက်ဆိုင်ရာကို ခေါ်ရမလား"

မာမီရဲ့ နှင်ထုတ်သံနဲ့ မေးခွန်းတွေနောက်မှာ တစ်ခုခုကို တကယ်လုပ်မှာကို အလင်းရောင် သိနှင့်သည်။

မကိုင်ရွှေလည်း သိနှင့်ကာ မျက်လုံးချင်းစကားပြောလို့မရအောင် မကိုင်ရွှေ ချက်ချင်းကျောခိုင်းလိုက်သည်။ ထို့နောက် အရှက်သည်းတဲ့စိတ် နဲ့ ကားပေါ်ပြန်တက်ကာ ဝူးခနဲ မောင်းထွက်သွားလျှင်

"မကိုင်ရွှေ"

အလင်းရောင် အရဲစွန့်ခေါ်မိသလို ကိုယ်ကလည်း သံပန်းတံခါး ဆီရောက်သွား၏။

သံတိုင်တွေကိုဆုပ်ကိုင်ရင်း ဆောင့်ထွက်သွားတဲ့ မကိုင်ရွှေကား နောက်ပိုင်းကို ဝမ်းနည်းစွာပဲ ငေးကြည့်ဖြစ်သည်။

"ဘောက်"

မာမီ ဒေါသနဲ့ အလင်းရောင်ကို ဆွဲလှည့်လိုက်သဖြင့် ခန္ဓာကိုယ် က နောက်ပြန်ယိုင်ခနဲဖြစ်သွားသည်။

"အလင်းရောင် ဒီမိန်းမပဲ မိန်းမထင်သလား ဟင်"

"ဝင်းဝင်း မင်းစိတ်ထိန်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ ရှေ့ကတားမြစ်ရင်း စိတ်မချမ်းမြေ့စွာ ပြောသည်။ မာမီ ပို၍ ဆူရှလောင်ပွက်ထလာပြီး

"ဝင်းဝင်း ဘယ်လိုလုပ် စိတ်ထိန်းနိုင်မလဲ၊ ဝင်းဝင်းတို့ရှေ့မှာတောင် ဟိုမိန်းမအတွက် သည်းပြနေတာ ကိုမင်းမမြင်ဘူးလား"

"ကဲပါ တော်ပါတော့ကွာ"

"မတော်နိုင်ဘူး ကိုမင်း၊ ဒီမိန်းမနဲ့ လုံးဝကင်းနိုင်အောင် ဝင်းဝင်း စီစဉ်ပြီးပြီ၊ သားကို ခရမ်းရောင်နဲ့ အမြန်ဆုံး မင်္ဂလာဆောင်ပေးမယ်၊ အဲဒါ ဝင်းဝင်း ဆန္ဒ၊ သား လုံးဝ ငြင်းလို့မရဘူးနော်၊ သား ငြင်း ချင်ရင် မာမီကို အရင်သတ်ပစ်လိုက်"

အလင်းရောင် ဆက်လက်ကြားနိုင်စွမ်း မရှိတော့ပါ။ မာမီ့ဒေါသစက်ကွင်းအောက်က လွတ်မြောက်အောင် ရှောင်ပြေးချင်မိသည်။

"ခေတ်လူ ပိုင်ပိုင် ခန့်ညား မင်းတို့သူငယ်ချင်းကို မျက်စိအောက်ကလုံးဝ မပျောက်စေနဲ့"

မာမီအမိန့်ပေးသံက အလင်းရောင် နှလုံးသားထဲ ဒိုင်းခနဲ ပြေးဝင်လာသည်။ မာမီ့အမိန့်က ကျည်ဆံသာဆိုရင် အလင်းရောင် ဝုန်းခနဲ လဲကျသေသွားလောက်ပြီ။

ခုတော့ . . ။

■ ■ ■



## အခန်း (၁၉)

"ရော့ ကြည့်စမ်း သား"

မာမီ့အမိန့်သံနှင့်အတူ အလင်းရောင်ရှေ့ စားပွဲပေါ်ရောက်လာတဲ့ ဓာတ်ပုံတစ်ပုံ။

"ပန်းမကိုင်ရလို့ပဲ မလှဘူးလား"

မိန်းမလှလေးတစ်ယောက်ရဲ့အလှ ဓာတ်ပုံမှန်းသိနေသော်လည်း အလင်းရောင် လှမ်းမကြည့်ဖြစ်ပါ။ ပိုင်ပိုင်တို့ ပြုံးပြုံးပြပြ ငိုင်းကြည့်ကြသည်။

"တော်တော်လှတာပဲ အန်တီ၊ ကျွန်တော်တို့ သွားကြည့်လို့ မရဘူးလား"

မိန်းမလှမြင်ရင် ကြည့်လိုက်ရမှ နေသာထိုင်သာရှိတဲ့ပိုင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား မေးသည်။ မာမီက မာန်ပါပါရပ်၍ အလင်းရောင်ကို ငုံ့ကြည့်နေရာမှ လှလှပပပြုံးပြီးပြောသည်။

"ကြည့်ရမှာပေါ့"

"ဘယ်တော့လဲ အန်တီ"

"ခုချက်ချင်း"

ဟေးခနဲ အသံထွက်အောင် ပိုင်ပိုင် အားရဝမ်းသာ ဖြစ်သွားသည်။

"ပန်းမကိုင်မှုကို မမြင်ဘူးခင်က ခရမ်းရောင်ကို မာမီ အရမ်းချွေးမတော်ချင်ခဲ့တယ်၊ သားကို စကားစပြောရုံနဲ့ သားဆာ စိတ်မဝင်စားဘူး ဘာညာပြောတာနဲ့ မာမီ ဇာတ်လမ်းဖြတ်ထားခဲ့တာလေ၊ အခု မာမီ ပြန်ဆက်ထားတယ်၊ သားစိတ်ကြိုက် အကဲခတ်လို့ရတယ်၊ ပန်းမကိုင်မှု အလှနဲ့ယှဉ်ရင် ခရမ်းရောင်က ပိုသာတယ်၊ အမည်းစက်လည်း မရှိဘူး"

ဝင့်ဝင့်ကြွားကြွား ပြောနေတဲ့ မာမီ့အသံကို နားမဆင်ချင်တော့ပါ။

အလင်းရောင် ဘာမှမပြောဘဲ ထိုင်နေရာမှ ထထွက်ခဲ့သည်။ ဦးတည်ချက်မဲ့နေတဲ့ ခြေလှမ်းတွေက ခြံထဲက စံပယ်ပန်းခင်းဆီ ရောက်မှန်းမသိ ရောက်လာသည်။

စွတ်စွတ်ဖြူဝင်းနေတဲ့ စံပယ်ပွင့်တွေက ပင်လုံးကျွတ်ဖူးပွင့်လျက် ညွှတ်အိဖြာဝေနေသည်။





သင်းထုံအီမြနေတဲ့ စံပယ်ရနံ့ကို ဖွဖွလေးရှိုက်ရှူမိသည်။

ထိုအခါ အနည်ထိုင်ငြိမ်ဝပ်နေတဲ့ ရင်ခုန်သံတို့လှုပ်ရှားတာ အနည်ကြွသလိုဖြစ်လာသည်။ စံပယ်ပွင့်လေးတွေက မောင်တို့ ချစ်ခြင်းကို သက်သေထူခဲ့တယ်လေ။

ကိုယ်တိုင် တယုတယ ခူးဆွတ်သီကုံးခဲ့တဲ့ စံပယ်ပန်းကလေးတွေကို သီကုံးချင်စိတ် ဖြစ်လာသည်။

စံပယ်ကုံးကို ချစ်သူဆံနွယ်မှာ အလှူးလိုက် ပန်ဆင်ပေးချင်စိတ်က လှိုင်းလုံးတွေလို တအိအိကြွလာသည်။

ပွင့်ချပ်လွှာလေးတွေ ပြန့်ကား ပွင့်လန်းနေတဲ့ စံပယ်ပန်းကလေးများကို အလင်းရောင် ခူးဆွတ်ဖို့ လက်လှမ်းစဉ်

"အလင်းရောင် မြန်မြန်လာကွ၊ ခရမ်းရောင်ကို ကိုယ်တို့ ဖုန်းဆက်ချိန်းလိုက်ပြီ လာ သွားစို့"

ပြောရင်း အလင်းရောင်လက်ကို အတင်းဆွဲခေါ်ကြသည်။

"နေဦး စံပယ်ပန်းခူးဦးမယ်"

"မခူးနဲ့ ခရမ်းရောင်က စံပယ်ပန်းမကြိုက်ဘူးတဲ့"

"ခရမ်းရောင်အတွက် မဟုတ်ဘူး"

"ဘယ်သူ့အတွက်မှ ခူးမနေနဲ့၊ လာစမ်းကွာ"

အလင်းရောင် ပြောသော်လည်း မရ။ ခေတ်လူတို့သုံးယောက် ဝိုင်းဆွဲရာနောက် ငြင်းဆန်ရုန်းဖယ်နေရင်းကြားက ဒရွတ်တိုက်ပါသွားသည်။

စံပယ်ပန်းခူးဆွတ်ခွင့် လုံးဝဆုံးရှုံးသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း

တစ်ကြိမ်တစ်ခါ ခူးဆွတ်ခွင့်ရတဲ့ စံပယ်ပန်းကို အကြိမ်ကြိမ် အခါခါ ခူးဆွတ်ခွင့် ရချင်တယ် မကိုင့်ရယ်။

■ ■ ■

ရင်မခုန်တဲ့ မိန်းကလေးကို စောင့်မျှော်နေရတာ မတ်စောက်တဲ့ တောင်မြင့်ကြီးကို ကုတ်တက်ရသလို ပင်ပန်းမောဟိုက်ဖွယ်ကောင်းလှသည်။

ခရမ်းရောင်ကို မကြည့်ချင်ပါပဲ မျက်နှာချင်းဆိုင်ဖို့ တွန်းအားပေးတဲ့ ဖိအားတွေကြားမှာ အလင်းရောင် အသက်ရှူမဝဖြစ်လာသည်။

ဒီဖိအားတွေက အလင်းရောင်ကို ဘယ်လောက်တောင် ပိုင်းဝန်းပိတ်ဆို့နေမလဲ။

စိတ်အားထက်သန်နေတဲ့ သူငယ်ချင်းတွေရဲ့မျက်လုံးက မကြာခင် ရောက်လာမယ့် ခရမ်းရောင်ကို ပုံဖော်ခံစားနေကြသည်။

ဘာမဆိုင် ညာမဆိုင် သက်ဝင်းပါ ရောက်လာသည်။

သက်ဝင်းကို မြင်လေ အလင်းရောင် နှလုံးသား ပို၍မွန်းကြပ်လေ။

မမြင်ချင် မရှုချင် မချစ်ခင်သော မိန်းကလေးကို တခမ်းတနား စောင့်စားနေရတဲ့ နှလုံးသားက စက္ကန့်နဲ့အမျှ မွန်းကြပ်ကျဉ်းမြောင်းလာသည်။

ကြာလာလေ ပို၍ မွန်းကြပ်လာလေ။





မွန်းကြပ်မှုတွေအောက်က အလင်းရောင် ထွက်ပေါက်တစ်ခု လိုချင်လာသည်။ ထွက်ပေါက်ရလိုပြီး အလင်းရောင် ဗုန်းခနဲ ထရပ်လျှင်

"ဘယ်လဲ အလင်းရောင်"

ပိုင်ပိုင်မော့ကြည့်ရင်း မေးသည်။ အလင်းရောင် ဣန္ဒြေမပျက် ထိန်း၍

"သန့်စင်ခန်းသွားမလို့"

"ဟာ အရေးထဲမှာ မင်းကတစ်မျောင့်၊ မဝင်နဲ့ကွာ အောင့်ထား ခရမ်းရောင် ရောက်တော့မှာကွ"

"ဟုတ်သားပဲ ခရမ်းရောင် ရောက်လာလို့ မင်းကိုမမြင်ရင် ဘယ်ကောင်းမလဲ၊ ထိုင်စမ်းပါကွာ"

ခေတ်လူနဲ့ခန့်ညား တစ်ခွန်းစီပြော၍ အတင်းဆွဲထိုင်စေသည်။ အလင်းရောင် ထိုင်မချဘဲ

"မကြာပါဘူး ခဏလေးပါကွာ၊ ခရမ်းရောင်လာရင် ကိုယ့်ကိုယ်စား မင်းတို့ ညှော်ခံထားလိုက် ရပါတယ်ကွ၊ ကိုယ် မအောင့်နိုင်တော့လို့"

အလင်းရောင် မျက်နှာရှုံ့မဲ့လိုက်သည်။ ပိုင်ပိုင်တို့ ဟန့်တားချိန် မရအောင် စကားမဆုံးခင် လှစ်ခနဲ လစ်ထွက်ခဲ့သည်။

"ဟာ ဟေ့ အလင်းရောင်"

"မင်းနဲ့တော့ ခက်တယ်ကွာ"

"မြန်မြန်ကိစ္စရှင်းပြီးလာခဲ့"

စသဖြင့် သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောသံက



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်နဲ့ဝေးကျန်ခဲ့သည်။ သူငယ်ချင်းတွေ ယုံအောင် အဆင့်မြင့်စားသောက်ခန်းတွေရဲ့ အနောက်ဘက်ရှိ သန့်စင်ခန်းဆီက အလင်းရောင်ဝင်ခဲ့မိသည်။ သို့သော် ခြေလှမ်းတို့ တန့်သွားပြီး နောက်သို့ လှည့်ပြန်လှည့်ကြည့်လိုက်သည်။

သူငယ်ချင်းတွေ မပါလာမှန်းသိလျှင် အလင်းရောင် နှလုံးသားမှာ အလင်းတန်းတစ်ခုပေါ်လာသလို ခံစားရ၏။

ထိုအလင်းတန်းက မင်္ဂလာဆီ ရွေ့ရှုနေသည့်နှယ်။

စားသောက်ဆိုင်ရဲ့အနောက်ပေါက်က ပြေးထွက်ရင်း တက္ကစီတစ်စီးကို ကမန်းကတန်း တားလိုက်သည်။

မင်္ဂလာရယ်

ရင်ခုန်သံမြန်နေတဲ့ မောင့်နှလုံးသားကို ကြိုလှည့်ပါကွယ်။

■ ■ ■



အခန်း (၂၀)

"မ"

ခရမ်းရောင်ဖျော့ဖျော့ လွှင်နေသော ဝမ်းဆက်ကလေးနဲ့ မဟာဆန်ဆန် လှနေသော ချစ်သူကို ရင်ခုန်သံတွေ ယစ်မူးပျော်ဝင်မတတ် အလင်းရောင် ခေါ်မိသည်။

Show Room ထဲကပစ္စည်းတွေကိုကြည့်ရှုစစ်ဆေးနေတဲ့ မင်္ဂလာ ဖျတ်ခနဲလှည့်ပြန်ငဲ့ကြည့်ဖြစ်သည်။

ချစ်ရည်ရွှန်းစို လင်းလက်နေတဲ့ မောင့်မျက်ဝန်းနှင့် တည့်တည့်ဆုံသွား၏။

အချစ်တွေကို မက်မောတောင့်တမိတဲ့ မင်္ဂလာနှလုံးသားက အရာအားလုံးကိုမေ့ကာ မောင့်ရှေ့သို့ရွေ့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အသိတရားတို့ တိုးဝင်စဉ် မကိုဦ၏ ခြေလှမ်းတို့ တုန့်ခနဲ ရပ်သွားသည်။ ဘယ်ဘက်ရင်အုံပေါ် အရှည်လိုက်ချထားတဲ့ ဆံပင်လေးကို ဆုပ်ကိုင်၍ ရင်ခုန်သံကို မကိုဦ၏ ထိန်းချုပ်လိုက်သည်။

"မ"

မကိုဦ၏ ဆုပ်ကိုင်ထားတဲ့ ဆံနွယ်လေးကိုလွှတ်ချ၍ အလင်းရောင် ရှေ့မှ ဖယ်ခွာကာ လျှောက်ထွက်ခဲ့သည်။

"မ မောင် တောင်းပန်တယ်၊ မာမီကိုယ်စား မောင် တောင်းပန်ပါရစေ"

Show Room ခန်းမကြီးကို ဖြတ်လျှောက်သွားတဲ့ မကိုဦ၏ နောက်က အလင်းရောင် ထပ်ကြပ်မကွာလိုက်ရင်း

"မင်္ဂလာပွဲပျက်တာ မောင့်ဆန္ဒနဲ့မဟုတ်ပါဘူး၊ မာမီ တစ်ဖက်သတ် ဖျက်လိုက်တာလေ၊ မောင့်ဆန္ဒနဲ့မဟုတ်ဘူး။ မောင် ဘာမှမဆုံးဖြတ်ရသေးဘူး မရယ်"

အလင်းရောင် တတွတ်တွတ်ရှင်းပြနေမိသည်။ မကိုဦ၏ လှည့်မကြည့်သလို ဘာတစ်ခွန်းမှလည်း မပြောမိပါ။

မကိုဦ၏ ရုံးခန်းထဲဝင်သွားသည်။ အလင်းရောင် လိုက်ပါဝင်ခဲ့၍ မကိုဦ၏ ပခုံးနှစ်ဖက်ကို အားမလိုအားမရ ဆုပ်ကိုင်ဆွဲလှည့်လိုက်သည်။

ထိုအခါ နီတျာသော မကိုဦ၏ နှုတ်ခမ်းလေး မဲ့ကျသွား၏။

ပခုံးပေါ်ရောက်လာတဲ့ အလင်းရောင် လက်ချောင်းတွေကို ပုတ်ချပြီး မျက်နှာချင်းဆိုင်သည်။





"မ"

အလင်းရောင် နောက်တစ်ကြိမ် မကိုဦ၏ပခုံးစွန်းကို ဆုပ်ကိုင်ဖို့ ကြိုးစားသည်။ မကိုဦ၏ ဒုတိယအကြိမ် ပုတ်ချ၍

'မ ကျေနပ်တယ်"

"ဘာကိုလဲ မရယ်"

"မင်္ဂလာပွဲဖျက်သိမ်းကြောင်း ကြော်ငြာတာကိုပေါ့"

အလင်းရောင် ခေါင်းခါ၍

"မဟုတ်သေးဘူး မရယ်"

"ဘာလို့မဟုတ်ရမှာလဲ ဒါ အဖြစ်သင့်ဆုံးပဲ"

မျက်နှာဝိုင်းလေးကို တင်း၍ နာနာကျင်ကျင် ပြောသည်က အလင်းရောင်နှလုံးသားကို ဖိဆောင့်တွန်းကန်ထားသည့်နှယ်။

"မာမီ့အတွက်နဲ့မောင့်နှလုံးသား နာကျင်အောင် တန်ပြန်တာလား မရယ်"

"နှလုံးသားနာတာထက် မောင့်ဘဝ မနစ်နာဖို့ အရေးကြီးပါတယ်၊ အဲဒီနေ့က မောင်နဲ့တွေ့ခွင့်ရတာ မောင့်မာမီစွပ်စွဲသလို မောင့်ကို ဖြားယောင်းဖို့ မဟုတ်ဘူး"

"မောင် နားလည်ပါတယ် မရယ်"

"ဒါပေမဲ့ မောင့်မာမီ နားမလည်တာက မ ရင်ကို ပိုပြီးနာကျင်စေတယ်"

မရဲ့နာကျင်မှုကို ဘယ်လိုနှစ်သိမ့်ပေးရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



တွေးမိရင်း မကိုဋ္ဌရှေ့ ခြေတစ်လှမ်းတိုးကာ ဆန့်ချထားတဲ့ မကိုဋ္ဌ လက်ဖဝါးနုနုလေးကို တွေးဆုပ်ဖို့ကြိုးစားသည်။

မကိုဋ္ဌ မသိမသာ ရှောင်ထွက်သွားသည်။

အလင်းရောင်နဲ့ မကိုဋ္ဌကြားမှာ အလှမီနီယံ အလုပ်စားပွဲခြားသွားအောင် မကိုဋ္ဌရှောင်ထွက်လိုက်သည်က ဘာသဘောလဲ။

မာမီ ကြော်ငြာတဲ့အတိုင်း တကယ် ဖြတ်တောက်ကြပါစို့လို့ ပြောနေတဲ့ သဘောလား။

ဟင့်အင်း.

အဲဒီသဘော လုံးဝအဖြစ်မခံနိုင်ဘူး။

"မာမို့ကြောင့် မကိုဋ္ဌ နာကျင်ရတယ်ဆိုရင် မောင့်အချစ်နဲ့ ဖြေဖျောက်ပေးပါရစေနော် မ. မောင့်အချစ်နဲ့ နှစ်သိမ့်ပေးပါရစေ"

မကိုဋ္ဌက အလှမီနီယံစားပွဲနောက်က အနက်ရောင် ဆိုဖာပေါ် ရှရှလေး ထိုင်ချသည်။ ထို့နောက် မထိတရိပြုံးကာ

"မောင့်အချစ်နဲ့ နှစ်သိမ့်ပေးချင်တယ်ဆိုတာ ဘာလဲ"

မကိုဋ္ဌ မေးခွန်းကို အလင်းရောင်ဘယ်လိုဖြေရမှန်းမသိအောင် ရှုပ်ထွေးသွားသည်။

"ဟိုလေ မောင်က"

ဘာပြောလို့ ပြောရမှန်းမသိဖြစ်သွားသော မောင့်အသံက ပီပီသသ စကားလုံးတွေအဖြစ် ပြောင်းလဲမလာပေ။

"မကိုဋ္ဌ နားလည်ပါတယ် ၊ သေမှာပဲဆိုတာ အတိအကျ





သိနေတဲ့ လူနာကို မကြာခင် သက်သာလာမှာပါ။ ကောင်းလှလှသိ ဘာမှအားမငယ်ပါနဲ့နော်လို့ ချိုချိုသာသာ အသံလေးနဲ့ အားပေးစကား ပြောလေ့ပြောထ ရှိတဲ့ ဆရာဝန်တွေရဲ့ လက်သုံးစကားမျိုးနဲ့ နှစ်သိမ့် ပေးမယ့် သဘောလား"

"မဟုတ်တာပဲ မရယ်"

"မဟုတ်ဘူးဆိုရင် အားပေးတာ နှစ်သိမ့်တာဆိုတဲ့ စကားလုံးတွေ မသုံးပါနဲ့ မောင်ရယ်။ မ အရာရာကို နားလည်ပြီးသားပါ။ မ ဘာကိုမှ မတောင့်တပါဘူး။ အားပေးနှစ်သိမ့်ခြင်းနဲ့ မတို့ဘဝတွေ ပေါင်းကူးလို့ မရနိုင်ဘူးလေ"

အလင်းရောင် ရှုံ့မှုံးရဲ့ ဖြစ်သွားကာ ဆောက်တည်ရာမရ ဖြစ်သွားသည်။

"မောင့်အချစ်တွေကို အမြင်မကြည်တာလား မရယ်၊ မောင့် အချစ်ကို အမြင်မကြည်လို့ မ ပြောနေတာလား"

"မဟုတ်ဘူး မောင် ပြောတဲ့ အချစ်ဆိုတာကို အမြင်ကြည် ကြည်နဲ့နားလည်အောင် ကြိုးစားချင်တာပါ"

"ဘယ်လို မ"

"ဟုတ်တယ် အချစ်ဆိုတာ ဘာလဲ"

"ဟင်"

မကိုဋ္ဌကို စိုက်ကြည့်နေမိတဲ့ အလင်းရောင် မျက်ဝန်းငြိမ်သက် သွားသည်။ အချစ်ဆိုတာ ဘာလဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မျက်ဝန်းကို စိမ့်ဝင်မတတ် မကိုဋ္ဌ မော့ကြည့်သည်။ အကြည့်မလွှဲဘဲ ထိုင်ရာမှ ဖြည်းဖြည်းလေးထပြီး

"ပြောလေ မောင်၊ မောင်ပြောတဲ့ အချစ်ဆိုတာ ဘာလဲ"

အဲယားကွန်းတပ်ထားတဲ့ အခန်းထဲမှာဖြစ်ပေမယ့် အလင်းရောင် နဖူးမှာ ချွေးပုံစပြုလာသည်။ နှုတ်ခမ်းတို့ကလည်း အလင်းရောင် ဝတ်ထားတဲ့ တီရှပ်အနီရောင်လေးလို ရဲစိုလာသည်။

မျက်ဝန်းတည့်တည့် တစိမ့်စိမ့် စိုက်ကြည့်ပြီး မျက်ခုံးလေး ပင့်ကာ မကိုဋ္ဌ အသံတိတ်မေးသည်။

အချစ်ဆိုတာကို အလင်းရောင် အဓိပ္ပါယ်ဖွင့်ဆိုမတတ်ပေမယ့် ချစ်တာကိုပဲ သိနေသည်။ ထိုအသိကို မကိုဋ္ဌ လက်မခံနိုင်သလို စစ်မေးနေတာ ဘာသဘောလဲ။

"ပြောလေ မောင် အချစ်ဆိုတာ ဘာလဲလို့"

"ဟိုကွာ မောင် ဘယ်လိုပြောရမလဲ"

"ဘာသာပြန်မတတ်တာလား။ အဓိပ္ပါယ်နားမလည်တာလား"

"မောင် အဲဒါတွေ မသိဘူး"

"အဟင့်"

မကိုဋ္ဌ ခပ်မဲ့မဲ့လေး ရယ်သည်။ အလင်းရောင်ရှေ့မှ ဖယ်ခွာသွားပြီး ရုံးခန်းညာဘက် နံရံမှ လိုက်ကာစတစ်ဖက်ကို သိမ်းဖယ်လိုက်လျှင် နံရံကပ်အလှ မှန်ချပ်ကြီးပေါ် လာသည်။

ကြည်လင်နေတဲ့ မှန်တွေနောက်မှ ပုံရိပ်တွေက လွတ်လပ်ပေါ့ပါး





စေမယ့် ခံစားချက်တွေကို ကိုယ်စားပြုသလိုဖြစ်စေသည်။

ပြာလဲ့သော ကောင်းကင်ပြင်ကိုမြင်ရသည်။ တိမ်ဖြူတွေ တိမ်ပြာတွေ အုပ်စုလိုက်ရွေ့လျားနေတာကိုလည်း တွေ့ရသည်။ တိမ်နက်တချို့က တိမ်ဖြူတွေကြား ရောမွှေကာ အရောင်ပြောင်းလဲသွားတာလည်း သိသာနေသည်။

စက္ကန့်ပိုင်းအတွင်းပုံဖော်လို့မရအောင် ဖြစ်နေတဲ့ တိမ်စိုင်တွေ တိမ်အရောင်တွေဟာ ဘယ်အဓိပ္ပါယ်ကို ပုံဖော်နေမှန်းမသိအောင် ကောင်းကင်မျက်နှာပြင်ပေါ်မှာ အသက်ဝင်ရွေ့လျားနေဆဲဖြစ်သည်။

"အချစ်ဆိုတာ တိမ်တွေလိုပဲ မောင်"

အလင်းရောင် မျက်ခုံးနှစ်ဖက် မသိမသာ တွန့်သွားသည်။

"တိမ်တွေဟာ အရောင်ပြောင်းမြန်သလို ပရိယာယ်လည်း ကြွယ်ပါတယ်၊ အဓိပ္ပါယ်ဖော်ဆောင်ဖို့ ပိုပြီးခက်ခဲလှတယ်၊ ဒါကြောင့် အချစ်ဆိုတာလည်း ဘာဖြစ်တယ်ဆိုတဲ့ သီအိုရီမျိုး မရှိဘူး။ အချစ်ကို ခံစားနေကြတဲ့ ဘယ်လူသားတစ်ယောက်မှလည်း အချစ်ကို ပုံသေနည်း ထုတ်ဖော်သတ်မှတ်နိုင်စွမ်း မရှိခဲ့ဘူး။ ဘယ်အချစ်ဗေဒ ပညာရှင်ကမှလည်း အချစ်ဆိုတာ ထိုအရာပဲလို့ လက်ညှိုးညွှန်ပြနိုင်တဲ့ ပြယုဂ်လည်း မရှိခဲ့ဘူး၊ အချစ်က လူတစ်ယောက်ချင်းစီအတွက် အဓိပ္ပါယ်တစ်မျိုးစီနဲ့ လွှမ်းမိုးနေခဲ့တာ၊ ကမ္ဘာဦးအစကတည်းက ခုချိန်ထိ၊ နောက်ထပ်ဖြစ်ထွန်းလာမယ့် လူသားတွေအထိ ဒီလိုပဲ လွှမ်းမိုးနေဦးမှာပဲ"

"နေပါဦး မ က အချစ်ကို မယုံတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကို ယုံချင်တာ"

"ဟင်"

အလင်းရောင် တစ်ကိုယ်လုံး သိမ့်ခနဲ တုန်ခါသွားသည်။

"ဘာတွေလဲ မရယ်"

အလင်းရောင် နားမလည်သလို မေးလျှင် မကိုင်ရွှ မျက်ဆံ နက်လေး မျက်ဝန်းအလယ်မှာ ငြိမ်သက်သွား၏။

ထိုငြိမ်သက်မှုတွေရဲ့နောက်မှာ မကိုင်ရွှ အသံစိမ်းလေး လိုက်ထွက် လာသည်။

"မကိုင်ရွှက ယောက်ျားတွေရဲ့အချစ်ကို ယုံချင်တာ"

"မောင့်အချစ်က မယုံနိုင်စရာကောင်းနေလို့လား"

"မယုံနိုင်စရာကောင်းတာမဟုတ်ဘူး၊ ယုံဖို့ခက်နေတာ"

"ဟင်"

"ဟုတ်တယ် မောင်၊ မောင်က ချစ်တာကိုသိတယ်၊ အချစ်ဆို တာ ဘာမှန်းမသိတာလေ"

"မ သိတဲ့အချစ်က ဘာလဲ"

အလင်းရောင်စိတ်လှုပ်ရှားတဲ့ ခြေလှမ်းနဲ့ အလှမိန်းမပါးပွဲကို ပတ်ကွေ့ပြီး မကိုင်ရွှရှေ့ ရွှေ့သွားရင်းမေးမိသည်။

မကိုင်ရွှ တိမ်တွေဆီကအကြည့်မရုပ်သေးဘဲ

"မ လက်ခံထားတဲ့အချစ်က တိမ်တွေလို အရောင်မပြောင်း ဘူး၊ ပရိယာယ်လည်း မကြွယ်ဘူး၊ အစိမ့်ပါယ်လည်း မထွေပြားဘူး။





ဦးတည်ရာမဲ့ လွင့်ချင်သလို လွင့်မျောမနေဘူး"

"မ ဘာတွေပြောနေတာလဲ"

"မ သိနားလည်တဲ့ အချစ်သီအိုရီလေ"

"မောင် နားမလည်ဘူးကွာ"

"မောင် နားလည်အောင်ပြောရရင် မ နားလည်တဲ့ အချစ်က တိမ်ဆိုင်တွေလို မဟုတ်ဘူး၊ ကောင်ကင်လို တည်တံ့ခိုင်မြဲတဲ့ အချစ်၊ တစ်နည်းပြောရရင် တစ်နဲ့တစ်ပေါင်းရင် နှစ်ရတဲ့ သီအိုရီဆန်တဲ့အချစ်"

"ဟင်"

အလင်းရောင် မျက်ဝန်းဝိုင်းစက် ပြူးကျယ်သွားပြန်သည်။

"မောင် နားရှုပ်သွားလား"

မကိုင်ရွှ လက်နှစ်ဖက်ပိုက်၍ တိမ်တွေကို ကျောပေးလျက် အလင်းရောင်ကို တည့်တည့်ကြည့်သည်။

ထိုအကြည့်က အလင်းရောင် ကိုယ်ကို အေးခနဲ စိမ့်ဖြာသွား သလိုဖြစ်သွား၏။

"မောင် နားရှုပ်သွားတယ်ဆိုရင် မ ရှင်းအောင်ပြောမယ်၊ ယောက်ျားတစ်ယောက်က တစ် မိန်းမတစ်ယောက်က တစ်၊ တစ်နဲ့တစ် ပေါင်းလိုက်လို့ ထွက်လာတဲ့အဖြေက နှစ်၊ နှစ်ဆိုတာ အချစ်ပဲ၊ မောင်နဲ့မ ချစ်တာက တစ် တစ်ချင်းပဲ ရှိသေးတယ်၊ ပေါင်းခြင်းအဖြေ နှစ် (သို့ မဟုတ်) အချစ်မဖြစ်သေးဘူး၊ အချစ်ဖြစ်ဖို့အတွက် မတို့နှစ်ယောက် လုံး ပေါင်းသင်းကြဖို့ လိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်း"

အလင်းရောင်မျက်နှာ ဖြန်းခနဲ ပွင့်လောင်သွားကာ အထိတ်တလန့်နဲ့ မကိုင်း နှာမည်ကို ခေါ်လိုက်သည်။

မကိုင်း ယှဲ့ယှဲ့လေးပြုံး၍

"ဟုတ်တယ်လေ အဲလိုပြောမိလို့ မောင့်နားထဲမှာ ရိုင်းသလို ဖြစ်သွားရင် ခွင့်လွှတ်ပါ၊ ဒါပေမဲ့ မ နားလည်တဲ့ အချစ်က အဲဒါပဲ မောင်"

အလင်းရောင် မျက်နှာပေါ် ချွေးစီးကြောင်းကို လက်ဖဝါးနှင့် သပစ်ရင်း မကိုင်းနဲ့ တည့်တည့်ရင်မဆိုင်ရဲသလို ဖြစ်သွားသည်။

"မောင် တစ်သက်လုံး ပေါင်းသင်းသွားဖို့ မသတီတဲ့ မိန်းမ တစ်ယောက်ကို လိပ်ပြာသန့်သန့် ကျော်နိုင်းသွားတာ အဓိပ္ပါယ်ရှိပါတယ်၊ မသတီတာကို ဖွတ်မိုတ်လက်ခံထားရတာနဲ့စာရင် ကျော်နိုင်းစွန့်ပယ်တာက ပိုပြီး သဘာဝကျပါတယ်၊ မကလည်း မ ဘဝအစွန်းအထင်းကို တစ်သက်လုံး တန်နဲ့ခံစားပြီး ပေါင်းဖက်နေမယ့် ယောကျ်ားမျိုးကို ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး၊ မ ဘဝအစွန်းထင်းကို မြတ်နိုးစုံမက်ပြီး မလှပတဲ့ မ သိက္ခာကို တန်ဖိုးထားတဲ့ ယောကျ်ားမျိုးကိုပဲ တစ်သက်လုံးပေါင်းသင်းသွားဖို့ ဆုံးဖြတ်ချက်ချထားတယ်၊ ဒါကြောင့် မ ဟာ ဘဝအတွက် လင်တစ်ယောက်လိုချင်တာထက်၊ ဘဝအတွက် ထာဝရ လက်တွဲမဖြုတ်စတမ်း ဆုပ်ကိုင်သွားမယ့် ဘဝလက်တွဲဖော်ကို လိုချင်တာပါ"





အလင်းရောင် နားထဲမှာ မကိုင်း စကားလုံးတွေ အချိန်ကြာမြင့်စွာ စီးဝင်လာသလို ချွေးတွေက ကျောရိုးတစ်လျှောက် တဒီးဒီး စီးကျသွားသည်။

"ဘယ်ယောကျ်ားကိုပဲ မကိုင်းလက်ထပ်ပါစေ လင်ဖြစ်နိုင်ပါတယ်၊ အဲဒီ လင်ယောကျ်ားဟာ တစ်သက်လုံးအတွက် မကိုင်းဘဝ အစွန်းအထင်းကို လူအများကြားမှာ ခေါင်းမော့ဝင့်ကြွားစွာ နေသွားနိုင်ဖို့ ခဲယဉ်းလှပါတယ်၊ မ ကိုချစ်တယ်လို့ ပြောနေတဲ့ မောင်က ခုကတည်းက"

"တော်ပါတော့ မရယ် မောင့်မှာ"

"ထားလိုက်ပါလေ"

မကိုင်း စကားအဆုံးမှာ အသံက သိသိသာသာ ဖျော့ကျသွားသည်။

"မောင်က မောင့်မိခင် ပြတ်ပြတ်သားသား ကြော်ငြာတာကို လက်ခံသလို  မ ကလည်း မောင့်ကို ပြတ်ပြတ်သားသား ကြော်ငြာတာကို လက်ခံရမှာပဲ"

"ဘာ ဘာလဲ မရယ်"

"မကို လက်ထပ်ဖို့ မဖြစ်နိုင်တဲ့မောင့်ကို မ မျက်နှာချင်းမဆိုင်ပါရစေနဲ့"

"ဟင်"

အလင်းရောင် တစ်ကိုယ်လုံး ဖျော့ဖတ်ယိုင်လုမတတ်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

မကိုရွှေ မမှုတဲ့မျက်နှာလေးနဲ့ မော့၍ အေးစက်စက်ပြောချသည်။

"တကယ်တော့ မောင်က မကို ချစ်ခဲ့တာ မဟုတ်ဘူး။ ကြိုက်ခဲ့တာ"

"မောင် တကယ်ချစ်ခဲ့တာ မရယ်"

ဖက်တွေးထားခွင့်မရသော်လည်း မကိုရွှေလက်ဖျားလေးကို အမိအရဆွဲယူထားပြီး ဝမ်းနည်းစွာပြောမိသည်။

မကိုရွှေ လက်ဖျားလေးကို ရုန်းခါလိုက်သည်။ အလင်းရောင်လက်ထဲမှ မကိုရွှေလက်ဖျားလေး လွတ်သွား၏။

"မ"

ဝမ်းနည်းကာ အက်ရှနေတဲ့ခေါ်သံနောက်မှ မကိုရွှေ လက်ဖဝါးလေးကာ၍ ပြောသည်။

"ချစ်တာနဲ့ကြိုက်တာ တခြားစီပါ၊ မောင် မကိုချစ်ခဲ့တာမဟုတ်ဘူး"

"မ ဘာဖြစ်လို့ မောင့်အချစ်ကို"

"တော်ပါတော့ အချစ်ဆိုတာ မောင်ပြောတဲ့ စကားလုံးတွေနဲ့ အလှဆင်ထားတဲ့ ခံစားချက်မဟုတ်ဘူး။ မိန်းမလှတာကိုမြင်လို့ ကြိုက်ခဲ့တာ၊ အဲဒီ မိန်းမလှလို့ လိုချင်တပ်မက်နေတဲ့ ယောကျ်ားထုရှေ့မှာ ခေါင်းမော့ပြီး တွဲချင်တာ၊ သူများ လက်တွဲခွင့်မရတဲ့ မိန်းမလှကို ငါ တွဲခွင့်ရတယ်ပေ့ဆိုတဲ့ ယောကျ်ားမာနနဲ့ အောင်လံထူချင်တာ"





အလင်းရောင် တစ်ကိုယ်လုံးတုန်ကာ ဆံပင်တွေပါ ထောင်ကြွမတတ်ဖြစ်သွားသည်။

"အခုတော့ မ ဘဝအစွန်းအထင်းကြောင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားထဲ မ လက်ကိုတွဲလျှောက်ရဲခဲ့လို့လား။ မိဘနဲ့အသိုင်းအဝိုင်းရှေ့မှာရော ရင်ကော့ပြီး မတ်မတ်ရပ်ခဲ့မှုလား။ ရွယ်တူယောကျ်ား တွေရဲ့ ဝေဖန်ပုတ်ခတ်မှုတွေရှေ့မှာ လက်မထောင် ရင်ဆိုင်ဖို့ သတ္တိရှိခဲ့လား၊ မေးမယ်ဆိုရင် အများကြီးပါ မောင်"

အလင်းရောင် ဖျတ်ခနဲ အကြည့်လွှဲလိုက်လျှင် မကိုရွှေ မဲ့မဲ့လေးပြုံး၏။

"နေပါဦး ချစ်တာနဲ့ကြိုက်တာကို မ အမြင်နဲ့ခွဲခြားပြောနေတာ ဘာသဘောလဲ"

"မကိုရွှေက အပျိုစင်မဟုတ်လို့ပေါ့"

အလင်းရောင် နှလုံးသားမှာ လှိုက်ခေါင်းတစ်ခုလို လှိုက်ဟာသွားသည်။

မကိုရွှေ သက်မအသာချကာ ထိုင်ခုံမှာ ထိုင်ချသည်။

ထိုင်ချပုံက ကိုယ့်ကိုကိုယ် တောင့်တင်းမခံနိုင်တဲ့စိတ်ကြောင့် ဝုန်းခနဲ ပြိုကျသွားမှာကို မဖြစ်စေလိုသဖြင့် သတိနှင့်ထိုင်ချလိုက်သည်။

"ဟုတ်တယ် မ ဘဝမှာ အမည်းစက်ဆိုတာ မရှိခဲ့ရင် မတို့ နှလုံးသား ဓာတ်လမ်းဟာ ပန်းခင်းလမ်းပါပဲ၊ ပန်းခင်းလမ်း မဖြစ်စေတဲ့ မ ဘဝအစွန်းအထင်းကြောင့် မ ဟာ သာမန်မိန်းမပျိုတွေထက် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တရားနဲ့ဆင်ခြင်နေရတာပါ၊ ဒါကြောင့် မောင့်ဘက်က မင်္ဂလာပွဲကို စဖျက်တာကို မ ကျေနပ်တယ်၊ မ ကိုလက်ထပ်မယ့် ယောကျ်ားဟာ မ ဘဝရဲ့ အပြစ်အနာအဆာတွေ၊ အားနည်းချက်တွေကို ပန်းလို မြတ်နိုးနိုင်ရမယ်၊ ချစ်တဲ့စိတ်နဲ့ လက်တွဲပေါင်းဖက်သွားမယ့် လက်တွဲဖော်စစ်စစ်မျိုးကိုပဲ ရွေးချယ်မယ်''

''တောက်''

အလင်းရောင် ရင့်ထဲ ဘာကိုမကျေနပ်လို့ မကျေနပ်မှန်းမသိအောင် နလုံးသားမှာ ရုတ်ချည်း တင်းသွားသည်။

''ဒါကြောင့် မောင် မကို ကြိုက်တဲ့စိတ်နဲ့ ကျောခိုင်းလို့ရသလို ချစ်တဲ့စိတ်နဲ့လည်း လက်ထပ်ပေါင်းသင်းလို့ ရပါတယ်၊ ဒါပေမဲ့ မကို တကယ်ချစ်လို့ ပိုင်ဆိုင်ချင်တယ်ဆိုရင် မောင့် မိဘကြော်ငြာထားတာကို ပြန်ရုပ်သိမ်းဖို့လိုမှာပါ၊ မောင့်မိဘကိုဆန့်ကျင်ပြီး မောင် ရုပ်သိမ်းရဲလား''

အလင်းရောင် ဘာကိုမှ ခွဲခွဲခြားခြား ခံစားလို့မရအောင် ထွေပြားသွားသည်။

''ပြောလေ မောင့်မိဘကို ဆန့်ကျင်ပြီး မောင် ရဲရဲဝံ့ဝံ့ လက်ထပ်ရဲလား''

လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လှုပ်ရမ်းပြီး မေးလျှင် အလင်းရောင်တစ်ကိုယ်လုံး သွေးစုတ်ဖြူဖျော့သွား၏။

ဘာကြောင့်မှန်းမသိတဲ့ အလင်းရောင် ခံစားချက်က ဆုပ်ကိုင်ထားတဲ့ မကိုင့်ရဲ့လက်ချောင်းတွေကို လက်မောင်းပေါ်က ဖွဖွလေးဖယ်ချ





လိုက်မိသည်။

ထို့နောက်

အလောတကြော ရောက်လာပြီး မကိုင့်ရဲ့ ရုံးခန်းထဲက ဆွဲခေါ်ကြတဲ့ ခန့်ညားတို့လက်ထဲ ဒရွတ်တိုက်ပါသွားလျှင်

နလုံးသားက သံမဏိခဲတွေ အရည်ပျော်ကျလာသည်။

တိမ်တိုက်တွေ ညို့မှိုင်းအုံ့ဆိုင်းနေသည်မှာ မိုးတွေရွာချတော့မည်နှယ်။

''ကျိမ်း''

ခနဲ မြည်လာတဲ့ တံခါးပိတ်သံဟာ မိုးခြိမ်းသံနှင့်အပြိုင် ထွက်ပေါ်လာသည်။

အဲဒီနောက် မိုးတွေ တအုန်းအုန်း ရွာချသည်က

မျက်ရည်တွေပဲပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မင်း ရှုးနေလား အလင်းရောင်"

သက်ဝင်းက မျက်လုံးမှေးလျက် ကြည့်သလို ခနဲ့ညားက မခံထိမခံသာ ပြောသည်။ ပိုင်ပိုင်နဲ့ခေတ်လူကလည်း မျက်နှာတွေမဲ့သည်။

အလင်းရောင် စားပွဲပေါ်လက်တစ်ဖက်ထောက်၍ လက်မနှင့်မျက်ခုံးအစွန်းလေးကို ပွတ်ရင်း ရင်ထဲက ဖြစ်စေချင်တဲ့ ဆန္ဒကို ထုတ်ပြောသည်။

"ကိုယ် ဒယ်ဒီနဲ့မာမီကို စည်းရုံးချင်တယ်"

"အရူး"

ပိုင်ပိုင်က ဘီယာခွက်ကိုပြန်ချရင်း ပျစ်ပျစ်နှစ်နှစ် မှတ်ချက်ပေးပြန်သည်။ ခေတ်လူက





"မင်းခေါင်းစဉ်အဟောင်းကြီး ပြောင်းလိုက်စမ်းပါကွာ၊ မင်းမိဘချမှတ်ပေးတဲ့ ခေါင်းစဉ်အသစ်လေးကို ခံစားကြည့်စမ်းပါ၊ ခရမ်းရောင် အလှက အတော် ဆွဲဆောင်မှုရှိတာကွ"

အလင်းရောင် ခေါင်းတစ်ချက် ရမ်းသည်။ သက်ဝင်းက မမှုသလိုပြောသည်။

"ခရမ်းရောင်တာ မကိုင်ဆက်ပိုတဲ့ ဆွဲအားရှိတယ်ကွ၊ မျက်ဝန်းကြည်လဲ့လဲ့လေးနဲ့ စိုက်ကြည့်ပုံလေးက တအားချစ်ဖို့ကောင်းတယ်"

"အသေအချာပဲ အလင်းရောင်"

ပိုင်ပိုင်ကလည်း ထောက်ခံပြန်သည်။

"မနှမ်းသင့်တဲ့ပန်းမှန်းသိလျက် မင်းမိဘကို မင်းစည်းရုံးမယ်လို့ စိတ်ကူးတာ အမိုက်ဆုံးပဲ၊ မင်းမိဘ ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်တာသိသိချည်းပဲ၊ မိသားစု အရေး စစ်ခင်းဖို့ မကြိုးစားချင်ပါနဲ့ကွာ၊ မင်းစိတ်ကို ကိုယ်တို့နားလည်တယ်၊ ဒါပေမဲ့ ယောကျ်ားဆိုတာ ယောကျ်ားလို ကျင့်ရမှာပဲ၊ မကိုင်မှုလို မိန်းကလေးကို ဘယ်ယောကျ်ားမှ မြတ်မြတ်နိုးနိုးနဲ့ ပေါင်းသင်းချင်မှာ မဟုတ်ဘူး၊ မင်းကိုပြောရတာ အာပေါက်တော့မယ်ကွာ"

ခေတ်လူရဲ့ ဖျောင်းဖျစကားတွေက နောက်ပိုင်းမှာ စိတ်ပျက်ငြီးငွေ့ဟန်တွေပါလာသည်။

သက်ဝင်း အသင့်ဖြည့်ထားတဲ့ ဘီယာဖန်ခွက်ကို ကြည့်ရင်း မကိုင်မှု မျက်နှာလေးကို လင်းတစ်လှည့်မှိန်တစ်လှည့်နှင့် မရေမရာ ငေး



www.burmeseclassic.com

www.burmeseclassic.com



ယောင်လာသည်။

"မကိုဋ်နဲ့ မင်း ဇာတ်လမ်းကို နိဂုံးချုပ်လိုက်တော့ကွာ၊ မင်းနောက်မှာ မကိုဋ်ကို ငမ်းငမ်းတက်လိုချင်နေတဲ့ ယောကျ်ားတွေ ရှိချင်ရှိလာမယ်၊ အဲဒီယောကျ်ားတွေလည်း မကိုဋ်ကို မင်းလိုပဲ ကျောခိုင်းဖယ်ခွာသွားမယ် မယုံရင်စောင့်ကြည့်"

ပိုင်ပိုင် ဘီယာသောက်ရင်း ပြောတော့ သက်ဝင်း မျက်ခုံးနှစ်ဖက်က တစ်ခုခုကို ပြောချင်စိတ်နဲ့မြင့်တက်သွားသည်။

"အဲသေအချာပဲ အလင်းရောင်၊ မယုံရင် မင်းစောင့်ကြည့် မင်း မကြာခင် လက်တွေ့မြင်ရလိမ့်မယ်၊ အခု လက်ရှိ ပန်းမကိုဋ်ကို လက်ထပ်ဖို့ ရူးနေတဲ့ တစ်ယောက်ရှိတယ်"

အလင်းရောင် ခေါင်းငိုက်စိုက်သွားကာ ဘီယာခွက်ကို စိတ်လှုပ်ရှားစွာ ဆုပ်ကိုင်မိသည်။

"ဘယ်သူလဲ သက်ဝင်း"

ပိုင်ပိုင်နဲ့ခန့်ညား ပြိုင်တူ မေးသည်။

"အလင်းရောင်လိုပဲ အလင်းရောင်က L.A ကပြန်လာပြီး မကိုဋ်ကိုမြင်လို့ ရူးသွပ်သွားသလိုပဲ အခုလည်း ပြင်သစ်ကပြန်လာတာ ရက်ပိုင်းပဲရှိသေးတဲ့ကောင်"

"ဒါဆို မကိုဋ်အကြောင်း ဘာမှမသိသေးတဲ့ သဘောပေါ့"

"အသေအချာပေါ့ကွ၊ မယုံရင်စောင့်ကြည့်၊ အလင်းရောင် အဲဒီကောင်လည်း မကြာခင် ရက်ပိုင်းအတွင်း မကိုဋ်ကို ကျောခိုင်းသွား





မယ်ကွ၊ ကိုယ် လက်မထောင်ပြောရဲတယ်"

သက်ဝင်း လက်ဖျစ်တီးရင်းပြောသည်။

"အဲဒီကောင်ကို မြင်ချင်လိုက်တာကွာ"

ခန့်ညားက နှုတ်ခမ်းမဲ့၍ပြောသည်။

"မင်း မြင်ဖူးလား သက်ဝင်း"

"မြင်ဖူးတယ် ပိုင်ပိုင် မနေ့ကပဲ ဟိုတယ်မှာ ညည်းသည် တစ်ယောက်ကို သွားပြုစုရင်း မြင်ခဲ့တာကွ၊ အဲဒီကောင်ရဲ့ဘော်ဒါ သူရိန်ဆိုတဲ့ကောင်နဲ့ ကိုယ့်ညည်းသည်က ရင်းနှီးတယ်ကွ၊ သူရိန်နဲ့ကိုယ့်ညည်းသည်နှစ်ကိုယ်ကြား ပြောနေတဲ့ စကားတွေကတစ်ဆင့်သိရတာ၊ ကိုယ်လည်း အရမ်းအံ့သြသွားတယ်၊ ဒီကောင့်ပုံစံက ပိုပြီးတော့တောင် ကိန်းကြီးခန်းကြီးနိုင်ကယ်ကွ၊ မကိုဋ်က အဲဒီကောင်ကို လက်ခံတယ်တဲ့"

"ဟင်"

အလင်းရောင် ဘီယာခွက်ကို အလန့်တကြား ဆောင့်ချလိုက်သည်။

"ဟုတ်တယ် မကိုဋ်က လက်ခံသတဲ့"

"မင်းက ဘယ်လိုလုပ်သိလဲ"

"သူရိန် ဖနီး အလှသွေးက မကိုဋ်ရဲ့ သူငယ်ချင်းအရင်းချည်း၊ အလှသွေးနဲ့ကိုယ့်ချစ်သူ ဖင်ဖင်တို့က ခြံချင်းကပ်နေကြတာလေ၊ ကိုယ်လည်း သိချင်လို့ ဖင်ဖင်ကို စပ်စုနိုင်းလိုက်တာ၊ အလှသွေးပြောပြ ဖင်ဖင်ကတစ်ဆင့်သိရတာကွ၊ သတင်းက အခိုင်အလုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပွဲကတော့ ကြည့်ကောင်းဦးမယ် သက်ဝင်း"

"သေချာတာပေါ့ ခေတ်လူ၊ ဟိုကောင်က အလင်းရောင်လို သွေးဆူလွယ်တဲ့လူရွယ်မျိုး မဟုတ်ဘူး၊ လူရွယ်ပေမယ့် အရာရာကို သန့်မှကောင်းမှုဆိုတဲ့ စံနဲ့ သူများနေရာပေါ် အောင်လံလွှင့်ချင်တဲ့ ခမ်းခမ်းနားနားရှိတဲ့ကောင်မျိုး၊ မကိုဋ္ဌာဝ အစွန်းအထင်းကို ဘွားခနဲ မြင်သွားရင် ဟိုကောင် လန့်ပြီးပြေးမလား၊ ပေါက်ကွဲမလားမသိဘူး၊ ပေါက်ကွဲရင်တော့ ကြည့်ကောင်းမယ့်ပွဲ"

သက်ဝင်း သွားရည်တမြမြနှင့်ပြောသလို ခန့်ညားတို့ကလည်း စိတ်အားထက်သန်လျက် မျက်လုံးအရောင်တွေ လင်းလက်ကုန်သည်။

ဘာကြောင့်မှန်းမသိ အလင်းရောင် ဝုန်းခနဲ ထရပ်လိုက်သည်။

"ဟ အလင်းရောင် ဘာဖြစ်တာလဲ ထိုင်စမ်းပါ"

ရင်ထဲမှာ လှိုင်းထသလိုလို မုန်တိုင်းပဲအမွှေခံရသလိုလိုနှင့် ဆောက်တည်ရာမရဖြစ်နေတာ ဘာကြောင့်လဲ။

မကိုဋ္ဌ ထိုလူကို လက်ခံတဲ့အတွက်လား၊ မိတ်ဆွေကို မလွန်ဆန်နိုင်တဲ့စိတ်ကြောင့် နှောင်တရမိလို့လား၊ ချစ်သူကို လက်မထပ်ရဲတဲ့ အတ္တကြောင့်လား။

ဘာကိုမှ ခွဲခွဲခြားခြား မသိပေမယ့် ရင်ခုန်သံဆူပွက်နေတာပဲ သိသည်။

"အဲဒီကောင်သိအောင် ကိုယ်တို့အစဖော်လိုက်ရင် ကောင်းမလား"





ခန့်ညားက အတို့အထောင်လုပ်ချင်တဲ့ ဖနဲ့မေးသည်။

"မင်းတို့လုပ်စရာမလိုဘူး ခန့်ညား၊ မင်းသက်ကျော်တို့အုပ်စု သိပြီးသားကွ၊ မင်းသက်ကျော်တို့သိသွားရင် ဒီကောင်လည်း အနေးနဲ့ အမြန် သိသွားမယ်လေ"

ဝိုင်ဝိုင်မျှော်စနဲ့ပြောလျှင် ခန့်ညား သဘောပေါက်သလို ခေါင်းညိတ်သည်။

"ဟုတ်တယ် ခုနေ ဒီကောင့်ကို မင်းသက်ကျော်တို့အုပ်စု တွေ့ရင် ဘယ်လိုနေမလဲ မသိဘူး"

"ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြသလိုပေါ့ကွာ"

"ဟား ဟား ဟား"

သက်ဝင်းစကားအဆုံးမှာ အလင်းရောင်မှလွဲ၍ ခန့်ညားတို့ သုံးယောက်ခွက်ထိုးခွက်လန် ရယ်ကြသည်။

အလင်းရောင်က မျက်ဝန်းတွေကို ဆိုင်အပြင်သို့ ပို့ထားမိသည်။

ထိုစဉ်

ဆိုင်ထဲသို့ ဝင်လာတဲ့ လူရွယ်တစ်ယောက်ကို အလင်းရောင် ငေးကြည့်နေမိသည်။

အလင်းရောင်လို အရပ်မြင့်ကာ အသားဖြူဖြူ ကိုယ်လုံးပြည့်သည်။ အလယ်ခွဲဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးသင်ထားသဖြင့် နားရွက်ပေါ် ညှပ်ထားတဲ့ ဆံပင်ပုံက အုံထူကာလှသည်။

ပေါင်တံဖြောင့်ဖြောင့်လေးနှင့် အေးအေးဆေးဆေးလှမ်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လာဟန်က ယောကျ်ားချင်းငေးစရာဖြစ်အောင် ဆွဲဆောင်နိုင်စွမ်းသည့် စမတ်ကျကျ လူရွယ်ပဲဖြစ်သည်။

ခပ်ပိုင်းပိုင်းသဏ္ဌာန်ရှိ မျက်နှာပေါ်က မျက်ခုံး မျက်လုံး နှာတံတို့က ယောကျ်ားပီသသလိုရှိသည်။

ထိုလူရွယ်ကိုမြင်သည်နှင့် စားသောက်နေကြတဲ့ ယောကျ်ားတွေ အားလုံး တိတ်ကျသွားသည်။

သက်ဝင်းက မျက်စနဲ့ပြလျှင် ခန့်ညားတို့ သဘောပေါက်ကုန်သည်။

"ဒီကောင်လား"

ခပ်တိုးတိုးကပ်မေးတော့ သက်ဝင်း ခေါင်းညိတ်သည်။

"ဟုတ်တယ် မကြာခင် ဖဲ့ပွဲကြီး စတော့မယ်၊ ဟိုမှာကြည့် မင်းသက်ကျော်တို့အုပ်စု ခေါင်းချင်းဆိုင်တိုင်ပင်နေကြပြီ"

အလင်းရောင် ဘာမပြော ညာမပြော ထရပ်မိသည်။ ခြေလှမ်းတို့ကလည်း ထိုလူရွယ်ဆီရှေ့စဉ်

ပိုင်ပိုင်တို့ မျက်နှာတွေ အရောင်ပြောင်းသွားသလို ဝရုန်းသုန်းကား ထ၍ အမိအရ ဆွဲကြသည်။

ခန့်ညားတို့လေးယောက်ကြောင့် အလင်းရောင် ခြေလှမ်းတွေ ရှေ့မရခဲ့။

"မင်း အသာစောင့်ကြည့်စမ်းပါကွ"

အလင်းရောင် ခေါင်းတွင်တွင်ခါပစ်ရင်း မကြာခင်ဖြစ်ပေါ်လာ





မယ့် အခြေအနေကို မကြည့်ချင်သလိုလို မကြည့်ရက်သလိုလို ဖြစ်လာသည်။

မကိုနှင်ရယ်

မောင့်ကိုခွင့်လွှတ်ပါလို့ မတောင်းဆိုရဲပါဘူးကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟား ဟား ဟား"

အုပ်စုလိုက်ရယ်သံ ပေါ်ထွက်လာလျှင် အလင်းရောင် တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။

ဟားတိုက်ရယ်မောသံတွေ ဘယ်ဆီဦးတည်နေမှန်း အလင်းရောင် သိနေသည်။

ရာစုသစ်လို့ သက်ဝင်း တိုးတိုးရွတ်ပြတဲ့ နာမည်ပိုင်ရှင် ထိုလူရွယ်က ရယ်သံတွေကိုမမှုသလို မျက်နှာပေးနှင့်

ဘားကောင်တာမှ ဘီယာတစ်ဂျားကိုယ်တိုင်ပင့်မလာသည်။ အလင်းရောင်တို့ဝိုင်းနှင့် တစ်ဝိုင်းသာခြားသည့် ဝိုင်းလွတ်မှာ တစ်မွေးတည်းနေရာယူသည်။





မင်းသက်ကျော်တို့ အုပ်စုလိုက်ရယ်ရင်း ရာစုသစ်ကို ကွက်ကြည့်ကြည့်သည်။ ရာစုသစ်က လက်ကောက်ဝတ်မှ နာရီကို လက်ဝင့်၍ တစ်ချက်ကြည့်သည်။

ရာစုသစ်မျက်ဝန်းမှာ တစ်ယောက်နဲ့အချိန်းအချက် လုပ်ထားသဖြင့် စောင့်နေတဲ့ ဟာတန်းလေး သိသိသာသာ ပေါ်လွင်နေသည်။

မင်းသက်ကျော်တို့ရယ်သံတွေ ရပ်လျှင် ခပ်ဝဝကိုယ်ခန္ဓာပိုင်ရှင် ဂျော်နီက မျက်စနှဲကြည့်ပြီး ရာစုသစ်ကို ထိကပါးရိကပါး စပြောသည်။

"မကြာခင် နွားလုံးပုံးဖြစ်မယ့် အဲတစ်ခွေရှိတယ် မင်းသက်ကျော်"

"ဟား ဟား နွားဖြစ်တော့လည်း မြက်ကျွေးလိုက်ပေါ့ကွာ"

"ဝါး ဟား ဟား ဟား"

"ဟုတ်တယ်ကွ သနားဖို့လည်း သိပ်ကောင်းတယ် တကယ်ကွာ ဘယ့်နှယ် မသိရင်လည်း မေးပေါ့"

"မေးပါ့မယ်ကွာ မေးပါ့မယ် ဟဲ ဟဲ"

အရုပ်မြင့်မြင့်နဲ့ ဇော်ဇော်က နှာခေါင်းပွတ်ရင်း ခပ်ရိရိ မေးပြန်သည်။

"မေးစမ်းပါကွာ ဟဲ ဟဲ"

"ခွေးကောင် ရယ်မနေနဲ့ တော်ကြာ နွားမရွှံ့ပိတ်နေ့ညားနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝါး ဟား ဟား"

မင်းသက်ကျော် စကားနောက်မှာ ရယ်သံတွေ ထွက်လာပြန်သည်။ ထိုရယ်သံတွေက ရာစုသစ်မျက်နှာကို အကြိမ်ကြိမ် ထိမှန်သလိုဖြစ်ကာ

ရာစုသစ် မျက်နှာလေး မသိမသာ တင်းလာတာကို အလင်းရောင် အကဲခတ်မိသွားသည်။

"သက်ဝင်း မင်း ရာစုသစ်ကို တစ်ခုခုပြောပြီး ဆိုင်ထဲက ပထုတ်လိုက်ကွာ"

"ဘာဆိုင်လဲ အလင်းရောင်"

"ဂျော်နီတို့အုပ်စုက တောင့်တယ်ကွ၊ ရာစုသစ် ပေါက်ကွဲမှာကို ကိုယ် မမြင်ရက်ဘူး။ ပြီးတော့ တစ်ယောက်တည်း"

"ကြည့်ကောင်းမယ့်ပွဲကို ဘာဖြစ်လို့ ဖျက်ချင်ရတာလဲ၊ မင်း ပါးစပ်ပိတ်ကြည့်စမ်းကွာ"

သူငယ်ချင်းတွေက အလင်းရောင်ဘက်မှာ ရှိမနေ။

ရာစုသစ်နဲ့ကိုယ်တိုင် မျက်နှာချင်းဆိုင်ဖို့က အလင်းရောင် လိပ်ပြာမလုံ။

ဂျော်နီတို့က စကားပြန်ဆက်ကြပြန်သည်။

"ခွေးကောင် ကိုယ် နွားမဟုတ်ဘူး ယောကျ်ားကွ ယောကျ်ား"

"ဘယ်ယောကျ်ားလဲ ဇော်ဇော်၊ လှတာမြင်တာနဲ့ ပြေးနမ်းမယ့် ယောကျ်ားလား"



"ဟား ဟား ဟား"

"မင်းကလည်းကွာ ပြောရအုံးမယ်ကွာ၊ လှတိုင်း နမ်းစရာလား။ ပန်းမကိုင်ရှိက အပျိုစင်မှမဟုတ်တာ"

"ဟား ဟား ဟား"

တစ်ယောက်က ပြောလိုက် တစ်ဖွဲ့လုံး ဝိုင်းရယ်လိုက်နှင့် အရှိန်တဖြည်းဖြည်းမြင့်ကာ ပန်းမကိုင်ရှိ နာခည်ပါလာသည်အထိ။

ဖြူဖွေးနေတဲ့ အသားအရည်ပေါ်မှာ ခံပြင်းစိတ်ဖြင့် ပန်းရင့်ရောင် လွှမ်းသွား၏။ ရယ်သံတွေ မဆုံးခင် ရာစုသစ် ထရပ်သည်။

"ဟင်"

အလင်းရောင်လည်း ထမိမတတ် ဖြစ်သွားသည်။ ခေတ်လူတို့ လက်မြန်မြန်ဆွဲတာကြောင့် အလင်းရောင် ပြန်ထိုင်လိုက်ရ၏။

"နေဦး၊ မင်းတို့ ဘာတွေပြောနေတာလဲ"

မင်းသက်ကျော်တို့ ဝိုင်းရှေ့မှာ ရာစုသစ် ရင်ကော့ရပ်ပြီး မေးလျှင် အလင်းရောင် မျက်နှာဖြန်းခနဲ ပူသွားသည်။

ဂျော်နီက ပခုံးလေး ဟန်ပါပါပင့်၍ ရယ်ရင်း

"ပန်းမကိုင်ရှိအကြောင်း ပြောနေတာ ဘာဖြစ်လဲကွ"

"မင်းက ပန်းမကိုင်ရှိအကြောင်း ဘာသိလို့လဲ၊ ပြင်သစ်က ရောက်လာတာ နှစ်ရက်ပဲရှိသေးတယ်ဆိုတော့လည်း"

"ဟား ဟား ဟား"

ပြောမဆုံးခင် ရယ်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာစုသစ် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်သည်။ ပြီးမှ မျက်မှောင်ကျုံ့ကာ ကျော်နီကို စိုက်ကြည့်ပြီး

"ပန်းမကိုင်ရှိက အပျိုရည်ပျက်နေတယ်လို့ မင်းတို့ဆိုလိုတာလား"

"All Right"

"ဝါး ဟား ဟား"

ရယ်သံတွေနောက်မှာ ရာစုသစ် မျက်နှာတန်းကို လက်မနဲ့ခြစ်၍ နှုတ်ခမ်းမဲ့ပြီး

"ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ရမလား"

စူးစူးစိုက်စိုက်ကြည့်၍ ဖိမေးလျှင် အားလုံး မျက်ဝန်းတွေ ငြိမ်သက်ကုန်သည်။

"ပြော မင်းတို့ကို ကိုယ်ကျေးဇူးတင်ကြောင်း ပြောရမလား"

"ကိုယ်တို့က မင်းအင်ထိမှာစိုးလို့ကွ"

"ဟွန့်"

ရာစုသစ်မျက်နှာမဲ့ပြသည်က အားလုံး၏မျက်ဝန်းတွေကို ဘဝင်မကျဖြစ်ကုန်သည်။

"အပျိုရည်ပျက်နေတဲ့ မိန်းကလေးကို ယောက်ျားပျိုတစ်ယောက် တန်ဖိုးထားလက်မထပ်သင့်ဘူးလို့ ဆိုလိုတာလား"

"ပန်တော်ကျလေကွာ မင်းသတိရဲ့လား"

မင်းသက်ကျော် မာန်တင်း၍ မေးသည်။ ထိုအခါ ရာစုသစ်





ပြုံးပြီး

"အပျိုရည်ပျက်နေတဲ့ မိန်းကလေးဟာ မသတီစရာကောင်းမယ်ဆိုရင် လူပျိုဖြစ်ပြီး လူပျိုမစစ်တဲ့ ယောက်ျားတွေရော မသတီစရာကောင်းမနေဘူးလား"

"ဘာကွ မင်း ကိုယ်တို့ကို စောင်းပြောနေတာလား"

"ဝါသနာမပါဘူး"

"ဝါသနာမပါရင် မပြောနဲ့ ကိုယ်တို့က ယောက်ျား ယောက်ျား ဆိုတာ"

ရာစုသစ် သက်ကာတားလိုက်လျှင် မင်းသက်ကျော် ဆက်ပြောလို့မရအောင် စကားလုံးတွေ အလိုလိုတန့်သွားသည်။

ရာစုသစ် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လုံးလျှိုကာ လှလှပပပြုံးကာ

"ပန်းမကိုင်ရှိ အပျိုရည်ပျက်နေလို့ မဆီမဆိုင် မသတီတဲ့စိတ်ဖြစ်နေတဲ့ မင်းတို့ကရော မင်းတို့ကိုယ်၌ လူပျိုဖြစ်ပြီး လူပျိုမစစ်တဲ့ ကိုယ်တွေကို သတိနေတယ်ဆိုရင်"

"ဟာ မင်း"

ကျော်နီတို့အုပ်စု ရှုံးရှုံးရှားရှားဖြစ်သွားသည်။

"တကယ်တော့ မကိုင်ရှိမှာ ကိုယ်လက်ထပ်မယ့် မိန်းမတစ်ယောက်ရဲ့အရည်အသွေးတွေ အပြည့်အဝရှိတယ်၊ အသိဉာဏ်ရှိတယ်၊ ကျန်းမာရေးကောင်းတယ်၊ ဘာသာတရားကို နားလည်တယ်၊ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လာတတ်မြင်သလို စည်းစိမ်ဥစ္စာကို ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းလည်း ရှိတယ်၊ ကောင်းကင်လို တည်တံ့ခိုင်မြဲတဲ့အချစ်မျိုးရှိတဲ့ မိန်းကလေး ဖြစ်တဲ့အတွက် မကိုင်ရှုကို မြတ်မြတ်နိုးနိုး လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ"

မကိုင်ရှုကို လက်ထပ်ချင်တဲ့ အလင်းရောင်က တစ်ခါမှ မကိုင်ရှု ရဲ့ အရည်အချင်းတွေကို မဆန်းစစ်ကြည့်ဖူးပါ။

ချစ်လို့ လက်ထပ်ချင်တာပဲရှိသည်။

မကိုင်ရှုမှာ ရာစုသစ် ရှုတ်ပြတဲ့ အရည်အချင်းတွေရှိကြောင်း အခုမှပဲ တအံ့တဩ သိလိုက်ရသည်။

ထိုအခါ အလင်းရောင် နှလုံးသားမှာ မကိုင်ရှုဟာ အဖိုးတန်တဲ့ ပန်းတစ်ပွင့်မှန်း မြင်ယောင်လာသည်။

ရာစုသစ်က စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ဆွဲယူရင်း

"တကယ်တော့ ကိုယ် ပန်းမကိုင်ရှုကို ရွေးချယ်ခဲ့တာ အခုမှ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက"

အလင်းရောင် တစ်ကိုယ်လုံး စိမ့်ခနဲ အေးသွားသလို ခံစား လိုက်ရသည်။

ခုတော့

အလင်းရောင်အဖြစ်က ခံရခက်ခက်ဖြစ်လာသည်။

ကိုယ့်ချစ်သူရဲ့ဘဝ အစွန်းအထင်းကို သူများလက်ညှိုးထိုးပြမှ မြင်ရသလို

ခုလည်း ကိုယ့်ချစ်သူရဲ့ အရည်အချင်းကို တခြားယောကျ်ား





တစ်ယောက် ထုတ်ဖော်ပြောမှ မြင်လာရတာ ဒါ ဘာကြောင့်လဲ။

ကိုယ့်ထမင်းကိုယ်စားပြီး သူများကို အလေးထားနေတာလား။

ကိုယ့်အသိတရားကို ကိုယ်မသုံးဘဲ သူများ ဦးနှောက်က ချမှတ် ပေးတဲ့ မှတ်ချက်ကို လက်ခံနေတာလား။

လားပေါင်းများစွာ အလင်းရောင် အသိတရားထဲ ချာလည်ပတ် လည်လာသည်။

"ဒါကြောင့် မင်းသက်ကျော် မင်းတို့ဘာတွေပဲ ပုတ်ခတ် ပုတ်ခတ် ကိုယ် မမှုဘူး။ ပန်ဒေါက်ကျ နုမ်းတဲ့သူ၊ နွားဖြစ်မယ့်ကောင် နွားမရှုပိတ်နဲ့ညားတဲ့ကောင် ဘာကောင်ပဲပြောပြော ကိုယ်မမှုဘူး၊ ကိုယ် တို့မင်္ဂလာဆောင်မှာလည်း မင်းတို့ လာကဲ့ရဲ့လို့ရတယ်၊ ကိုယ် အဲလောက် ထိ အခွင့်အရေးပေးမယ် မင်းသက်ကျော်"

ထိုစကားက မင်းသက်ကျော်ရင်ဘတ်ကို ဆောင့်ကန်ခံရသလို ခံရခက်ခက်ဖြစ်သွားသဖြင့် တက်ခေါက်မိသည်။

"တကယ်ပြောတာ မင်းသက်ကျော်"

ရာစုသစ်က အာခေါင်ခြောက်သလို ဖြစ်သွားတာကြောင့် မ သောက်ဖြစ်သေးတဲ့ ဘီယာခွက်ကို နှုတ်ခမ်းနားတေ့၏။ မင်းသက်ကျော် ရှက်စိတ်နဲ့ စားပွဲခုံကို လက်သီးနဲ့ ဝုန်းခနဲ ထိုးချသည်။

"မင်းတော်လိုက်တော့ ရာစုသစ်"

ကျော်နီ ဆတ်ဆတ်ထိမခံပြောသည်။

"မင်းသာ အပျိုရည်ပျက်နေတဲ့ မိန်းမကို မင်းရဲ့ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အတွေးအခေါ်နဲ့ မင်းစိတ်ကြိုက်ရွေး ဒါပေမဲ့ ကိုယ်တို့အယူအဆကို မထိပါးနဲ့ကွ"

"မထိပါးပါဘူး မင်းတို့အယူအဆကို ကိုယ် မထိပါဘူး။ မင်းတို့ ဖါးစေဗလွှစ်တိုင်း ကိုယ်လိုက်လွှစ်နေရင် မင်းတို့ပါးစပ်ထဲမှာ နစ်မွန်းသွားမှာပေါ့ကွ၊ သူများပါးစပ်ထဲမှာ အနစ်မွန်းခံဖို့ ဝါသနာမပါဘူး၊ မင်းတို့ ကိုယ့်ကို စပြောလို့ ကိုယ်ပြောတာ၊ ရှင်းအောင်ပြောလိုက်မယ်၊ ကိုယ်ဟာ မင်းတို့ပဲသမျှကို သွေးဆူနေမယ့်ရူက်နေမယ့် အလင်းရောင်လို ယောက်ျား မဟုတ်ဘူး"

"ဟာ"

ခေတ်လူတို့ အသိတရား တစ်ပက်လည်သလို ဖြစ်သွားသည်။ ခန့်ညားတို့ မကျေမနပ်ဖြစ်ကာ ဝုန်းခနဲ ပြိုင်တူ ထရပ်ကြသည်။

"မင်း ဘာစကားပြောတာလဲ ရာစုသစ်"

ခန့်ညား ခပ်မိုက်မိုက်မျက်နှာနဲ့ ရာစုသစ်ရှေ့တိုးလာပြီး မျက်နှာချင်းဆိုင်မေးသည်။

ခန့်ညားကို ရာစုသစ် မျက်မှောင်ကုပ်ကြည့်၍

"မင်းက အလင်းရောင်လား"

"အလင်းရောင်က ကိုယ့်သူငယ်ချင်း"

"မင်းသူငယ်ချင်းကို မင်းပြန်ပြောလိုက်၊ ကိုယ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တယ်လို့"

"ဘာ"





"ဟုတ်တယ် မင်းသူငယ်ချင်း နောက်ဆုတ်သွားလို့ ကိုယ် ကြိုးစားခွင့်ရသွားတာ၊ ကိုယ် ကြိုးစားခွင့်ရအောင် နောက်ဆုတ်ပြီးနဲ့ လမ်းပေါက်ဖွင့်ပေးထဲ့အတွက် ကိုယ် ကျေးဇူးတင်တာကွ"

အလင်းရောင် မေးကြောထောင်မတတ် အံတင်းဟင်းဖိကြိတ်၏။

ခန့်ညား ဒေါသကမုတ်ချခံရသလို အောင့်သက်သွားကာ ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ဖြစ်လျက် လက်သီးနှစ်ဖက်တင်း ဆောင်ဆုပ်ရုံကလွဲပြီး ဘာမှမပြုနိုင်ရှာ။

ရာစုသစ် ဘီယာတစ်ကျိုက်ကို ဖိမ်ခံသောက်တဲ့ အမူအရာကလည်း အားလုံးသော ယောက်ျားတွေရဲ့စိတ်ကို ကလိထိုးနေသည့်နှယ်။

"ဒီမှာ ရာစုသစ် မင်းထွက်သွားကွာ"

မင်းသက်ကျော် ရာစုသစ်ထံ့ နှင်ထုတ်၏။ ရာစုသစ် ကြည်ကြည်နူးနူးလေးပြုံးပြီး

"ဟ သဘောထားကြီးလှချည်လား"

"တောက် မင်းကွာ"

"ကဲ ကိုယ်တို့မင်္ဂလာပွဲကျရင် မင်းတို့အားလုံးကို ဖိတ်မယ် နော် ဒါပါပဲ"

ပြောပြီး ဘောင်းဘီအိတ်ထဲက ထောင်တန်တစ်အုပ်ကိုဆွဲထုတ်သည်။ ဝိတ်တာတွေကို ပိုက်ဆံအုပ်ထောင်ပြ၍ စားပွဲပေါ်တင်သည်က ဆုံးရှုံးမှုအတွက် အလျော်ပေးတဲ့အဓိပ္ပါယ်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရာစုသစ် သူငယ်ချင်း သူရိန်ရောက်လာသည်။

"ဘာဖြစ်တာလဲ ရာစု"

"ဒီမှာ အမှိုက်ကိစ္စလေး ရှုပ်နေလို့ ရှင်းပေးနေတာ"

"ရှင်းမနေနဲ့ လာကွာ၊ တခြားဆိုင်ပြောင်းထိုင်ရအောင်"

သူရိန် အေးအေးဆေးဆေးပြော၍ ခေါ်ထုတ်သွားသည်က အားလုံးရှေ့မှာ ရင်ကော့ထွက်ခွာသွားတဲ့ ရာစုသစ်ကို မင်းသက်ကျော်တို့ အံတကြိတ်ကြိတ် ကြည့်လို့မဆုံးနိုင်တော့ပေ။

အလင်းရောင်က ဆုပ်ကိုင်ထားမိတဲ့ ဘီယာဖန်ခွက်ကို တင်းကျပ်အောင် ဖိ၍ ဆုပ်ကိုင်ထားမိစဉ်

ခွက်ခနဲ ကွဲကျသွား၏။

ဖန်ခွက်အကွဲတွေနဲ့ ဖိတ်စင်သွားတဲ့ ဘီယာတွေဟာ အလင်းရောင် အချစ်နဲ့ဘဝကို ကိုယ်စားပြုသလို ဖြစ်နေပြီလား။

ဘီယာဘားထဲရှိ ယောကျ်ားရွယ်တွေအားလုံး တစ်ယောက်ကို တစ်ယောက် မကြည့်ကြဘဲ အတွေးကိုယ်စီနဲ့ မျက်နှာတွေအရောင်ပြောင်းသွားသလို ဖြစ်၏။

တချို့က ပျက်နေတဲ့မျက်နှာတွေပြင်ရင်း တစ်ခုခုကို ရှေ့ရှု တွေးခေါ်နေကြသည်။

မကိုင်မိရယ်

ချစ်ခြင်းဆိုတာ အပြောင်းအလဲမရှိတဲ့ ကောင်းကင်နဲ့တူတယ်လို့ ယူဆသတဲ့လား။



အခန်း (၂၃)

"မာမီ"

ဆိုဖာခုံမှာ ခြေတွဲလောင်းချထိုင်၍ ခင်ပွန်းသည်နဲ့စကားပြောနေတဲ့ ဒေါ်ဝင်းဝင်းရွှေ။

သားခေါ်သံကြောင့် ဒေါ်ဝင်းဝင်းရွှေ ငုံ့ကြည့်၏။ ဆိုဖာခုံပေါ် မထိုင်ဘဲ မိခင်ခြေရင်းကတ္တီပါ ကော်ဇောပေါ်ထိုင်၍ မိခင်ပေါင်မှာ ခေါင်းလေးဘောတိုက်တင်ကာ မော့ကြည့်ရင်း ခေါ်တဲ့ သားအမူအရာက ထူးခြားနေသည်။

"ဟင် သား"

အမူအရာနှင့်ခေါ်သံကြောင့် ဒေါ်ဝင်းဝင်းရွှေ တအံ့တသြ ဖြစ်သွားသလို ရင်ထဲမှာလည်း နင့်ခနဲဖြစ်သွားတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"သား သားဘာဖြစ်လို့လဲဟင်"

အလင်းရောင် ဆံပင်ရှည်လေးကို တယုတယ ပွတ်ကိုင်ရင်း သည်းသည်းလှုပ်မေးသည်။ မာမီမျက်ဝန်းနဲ့တည့်တည့်ဆုံနေတဲ့ မျက်ဝန်းကို ရှောင်လွှဲဖို့ အလင်းရောင် မျက်လွှာချမိသည်။

"သားတစ်ခု တောင်းဆိုပါရစေ"

"ဘာလဲ သား ဘာတောင်းဆိုမှာလဲ၊ ခရမ်းရောင်နဲ့ပတ်သက်ပြီးတော့လား"

"မဟုတ်ဘူး မာမီ"

"ဒါဆို ဘယ်သူနဲ့ပတ်သက်ပြီး တောင်းဆိုမှာလဲ"

ဖနီးသည်မျက်မှောင်ကုပ်ပြီး မေးလျှင် ဦးမင်းမင်းနိုင် တိတ်ဆိတ်စွာ စောင့်ကြည့်နေရာမှ သက်ပြင်းချသည်။

မာမို့ပေါင်ပေါ် အလင်းရောင် လက်တစ်ဖက်တင်၍ ထိုလက်ပေါ်မေးဖျားထောက်၏။ အလင်းရောင် ဆံပင်တွေကို တယုတယ ပွတ်သပ်နေတဲ့ မာမို့လက်ဖဝါးလေးကို ဆွဲယူ၍ တစ်ရှိုက်နမ်းပြီး

"မကိုဋ္ဌကို သားချစ်တယ် မာမီ၊ သား အဆုံးရှုံးမခံပါရစေနဲ့"

ဒေါ်ဝင်းဝင်းရွှေ မျက်နှာမသိမသာ ပျက်လျက် ခေါင်းကိုလည်း အသာခါရမ်းပြီး

"သား ခုချိန်မှာ ဒီကိစ္စကို မာမီ စိတ်မဝင်စားတော့ဘူး။ မာမီက မင်္ဂလာပွဲဖျက်လိုက်တဲ့ ဦးအောင်သိန်းကျော်က မျက်နှာပြောင်တိုက်ပြီး သူ့သမီးကို တခြားတစ်ယောက်နဲ့ မင်္ဂလာဆောင်ပေးတော့





မယ်တဲ့လေ"

"ဟုတ်တယ် သား အောင်အောင်ကိုယ်တိုင် ဒယ်ဒီ့ကိုပြောတာကွ"

ဦးမင်းမင်းနိုင် ခပ်လေးလေး ဝင်ပြောသည်။

"တကယ်ဆို သူ့သမီး ဂုဏ်သိက္ခာအတွက် သူ့သမီးဘဝအစွန်းအထင်းအတွက် တာဝန်ကျေအောင် ခြေသလုံးဖက် အယူခံဝင်ပြီး အသနားခံရမှာလေ။ ခုတော့ သူတို့ဘဲ တာနထောင်ပြီး ခေါင်းမော့နေတာ မာမီ လုံးဝမကျေနပ်ဘူး"

မာမီ ဆတ်ဆတ်ထိမခံ ပြောခဲ့ အလင်းရောင် ရင်ထဲမှာ နက်နက်နဲနဲ ဝမ်းနည်းလာသည်။

"ဟိုရယ် ဘဝမှာ အပြစ်အနာအဆာရှိနေတဲ့ မိန်းကလေးဟာ ယောကျ်ားတစ်ယောက်ရဲ့ သားရှင်ကို ခြေသလုံးဖက်ပြီး အသနားခံရမယ်လို့ မာမီ ပြောချင်တာလား"

"သမီးရှင်ဘက်က အကျည်းတန်နေတဲ့ကိစ္စ ဘယ်သားရှင်က ကြည်ဖြူမြတ်နိုးနိုင်မလဲ၊ သားရှင် ကြည်ဖြူမြတ်နိုးလာအောင် သူတို့ဘာစ်ခုခုတော့ လုပ်ပေးရမှာပဲ၊ ခုတော့ ဘဝင်မြင့်ချင်တဲ့ သူတို့က မျက်နှာမော့နေကြတာလေ၊ နွားတစ်ကောင်ကို ဖမ်းမိထားပြီကိုး"

မာမီ မကျေနပ်မှုက တဖြည်းဖြည်း တင်းမာတဲ့ဘက်ရောက်လာသည်။

အန်ကယ်ကိုလား ရာစုသစ်ကိုလား တစ်ယောက်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မာမီ မကျေနပ်နိုင်တာ သိသာနေသည်။

"ကဲပါသားရယ် သူများနွားလုပ်ဖို့ စိတ်ကူးယဉ်တိုင်း သား စိတ်ရှုံးမထပါနဲ့ကွာ၊ ဒီကိစ္စကို ဒယ်ဒီတို့ ခဏ ခဏ မဆွေးနွေးချင်ဘူး။ သားလည်း ရှေ့ဆက်မဆွေးနွေးချင်ပါနဲ့"

အလင်းရောင် နှလုံးသားမှာ ဝမ်းနည်းရပြန်သည်။

"သူတို့ဘက်က ခြေသလုံးဖက်ပြီး တောင်းဆိုလာရင်တော့ တစ်မျိုးပေါ့ သားရယ်"

မာမီ နောက်ဆုံးစကားပြောလျှင် အလင်းရောင် မျှော်လင့်ချက်လေး လင်းလက်ပြီး

"မာမီ တကယ်ပြောတာလား"

"ကဲ သား သားကိုမကျစမ်းနဲ့ကွယ်၊ သား ကလေးပိစိညှောက်တောက်လေး မဟုတ်ဘူး။ မနမ်းသင့်တဲ့ပန်းကို မရအရ နမ်းဖို့ စိတ်ကူးယဉ်မနေနဲ့၊ ခရမ်းရောင်နဲ့မျက်နှာချင်းဆိုင်ဖို့ ကြိုးစားစမ်းပါ၊ ခေတ်လူတို့ ဘယ်မှာလဲ သားကို လာခေါ်ကြစမ်း"

သားစိတ်ကို ဒေါ်ဝင်းဝင်းရွှေ အားမရနိုင်တော့။ စိတ်နောက်ကျိစွာပြောရင်း ခေတ်လူတို့ကို တစ်ဆက်တည်း လှမ်းခေါ်သည်။

ညှိခန်းဝမှာ ပြူတစ်ပြူတစ် ဖြစ်နေကြတဲ့ ခေတ်လူတို့ အလင်းရောင်ကို ဆွဲခေါ်ဖို့ ညှိခန်းထဲ လှမ်းဝင်လာသည်။

"လာ အလင်းရောင်"

ခန့်ညားခေါ်လျှင် အလင်းရောင် ငြင်းခွင့်မသာ။





"ကဲ သွားလေ သား"

တောင်းဆိုလို့မရတဲ့အဆုံး မာမီ့အပါးမှ ထွက်ခွာခဲ့ရသည်။

မကိုဇ္ဇရယ်

မောင့်နှလုံးသားမှာ မကိုဇ္ဇကို တစ်သက်လုံး ပိုင်ဆိုင်ထားချင်ပါတယ်ကွယ်။

အဲဒီအတွက် စွမ်းစွမ်းတားတား ကြိုးစားပါရစေ အချစ်ရယ်။

■ ■ ■

"အလှပြောတာ မကိုဇ္ဇမှ လက်မခံဘဲ၊ အခုတော့ သူတို့ယောက်ျားထုကြား အချင်းချင်း ခြေထိုးကြတော့ မကိုဇ္ဇဘဝရဲ့အမည်းစက်က ပိုပြီးထင်ပေါ်သွားပြီ မဟုတ်လား"

ပန်းနုဝေ စားသောက်ဆိုင်ထောင့်က အပန်းဖြေထိုင်ခုံဆီ ဦး တည်ခဲ့တဲ့ အလင်းရောင်ခြေလှမ်းက အလှသွေးအသံကြောင့် အလိုလို တန့်သွားသည်။

မကိုဇ္ဇ တစ်ယောက်တည်းဆိုတဲ့အသိနဲ့ အလင်းရောင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရမယ်ထင်ပြီး အားတက်သရော လာခဲ့ခြင်းဖြစ်သည်။

အလှသွေးပါရှိနေမှန်းသိတော့ ရင်မှာတစ်မျိုးချည်းဖြစ်ရသည်။ ဆိုင်ကလည်း လူရှင်းချိန်မို့ တော်သေးသည်။

အလင်းရောင်ဘက် မကိုဇ္ဇကျောပေးထိုင်နေတာကို အလင်းရောင်မြင်သည်။ မကိုဇ္ဇ ထိုင်ခုံဘေးရှိ သုံးရောင်ခြယ်ရွက်လှပင်နဲ့ ကွယ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတဲ့ အလှသွေးကို မမြင်ရ။

အသံကြားမှပဲ ခြေလှမ်းရှေ့ဆက်တို့ဖို့ အားလျော့သွားသည်။

"ဟုတ်တယ် မဟုတ်လား မကိုင်း"

အလှသွေး ထပ်ဆင့်မေးလျှင် အလင်းရောင် မလုံမလဲဖြစ်ကာ အလှမီးသီးတွေ တပ်ဆင်ထားတဲ့ မရမ်းပင်အောက် ဝင်၍ ပင်စည်နှင့် ကိုယ်ကိုကွယ်ရပ်လိုက်သည်။

"ထင်ပေါ်သွားတော့လည်း ကောင်းတာပဲ၊ အဲဒါမှ မကိုင်းဆီ ချဉ်းကပ်လာတဲ့ ယောက်ျားတွေရဲ့စိတ်သဘောကို အကဲခတ်ခွင့်ရတယ် လေ"

ခြောက်ခြောက်သွေ့သွေ့ ပြန်ပြောတဲ့ မကိုင်းအသံနောက် အလင်းရောင် ကြိုတ်၍သက်ပြင်းချမိသွားသည်။

"စိတ်နေသဘောထားကို အကဲခတ်လို့ရတာက နောက်၊ ခု တော့ မကိုင်းကို အားလုံး မသင်္ကာစရာလို့ ရှုမြင်နေကြတယ်လေ၊ အဲဒါကို အလှ သဘောမကျတာ၊ အစကတည်းက ကိုရာစုသစ်ကို လက်ခံလိုက် ရင် ဒီလိုအကျည်းတန်မှုတွေ ဖြစ်လာနိုင်စရာမရှိဘူးလေ၊ မကိုင်းကို ရာစုသစ် လက်ထပ်ခွင့်တောင်းခဲ့တာ အခုမှမဟုတ်ဘဲ၊ လွန်ခဲ့တဲ့ ငါးနှစ် နီးပါးကတည်းကလေ"

"ဟုတ်ပါတယ်"

"ဟုတ်ရင် ရှင်ဘာဖြစ်လို့ မသိဟန်ဆောင်ပြီး ငြင်းခဲ့တာလဲ"

မောင့်ဓာတ်ပုံလေးကို ပိုင်ဆိုင်ထားတာကြောင့်လို့ ရင်ထဲမှာပဲ





ပြောမိသည်။ မကိုင်း မဖြေတော့ အလှသွေး အားမလိုအားမရဖြစ်ပြီး

"ပြောလေ မကိုင်း ရှင်ဘာလို့ ငြင်းခဲ့တာလဲ"

"ဘာကြောင့်မှ မဟုတ်ဘူး"

"ဟွန်း ရှင်ညာနေပြီ"

"မညာပေါင်"

"အံမယ် အလှသွေးက အရင်တုန်းက ရှင်ပြောတဲ့အတိုင်း ယုံခဲ့တယ်၊ အခုတော့ မရတော့ဘူး။ ရှင်ဘာကြောင့် ညာတာလဲဆိုတာ အလှသွေး အခုသိနေတယ်"

"ဘယ်လို"

မကိုင်း မျက်နှာတန်းလေးတွန့်၍ မေးလျှင် အလှသွေး သိပ်ဟိုတဲ့ မျက်နှာလေးနဲ့ခေါင်းညိတ်ပြောသည်။

"ဟုတ်တယ် ရာစုသစ်ကို ရှင်ဘာလို့ငြင်းရလဲဆိုတော့ အလင်း ရောင်ဓာတ်ပုံမြင်ပြီး စွဲလန်းနေတဲ့ စိတ်ကြောင့်လေ"

"ဟင် ရှင့်ကိုဘယ်သူပြောလဲ၊ မကိုင်းက မောင့်ပုံကို ဘယ်က ရရမှာလဲ"

"ဟင့် ဟင့် ဟင့် မကိုင်းရယ် ရှင့်ကိုယ်ရှင် လိုပြီမထင်နဲ့၊ အလှကသာ မိန်းကလေးချင်းဖြစ်ပေမယ့် မကိုင်း လျှို့ဝှက်ထားသမျှကို မသိတာ၊ သိတဲ့သူက အစအဆုံးပြန်ပြောပြတာလေ"

"ဘယ်သူလဲ ရှင့်ကိုဘယ်သူ မဟုတ်မဟတ် ပြောပြတာလဲ"

"ဘယ်သူရှိမလဲ ရာစုသစ်ပေါ့"



www.burmeseclassic.com

"ဟင်"

မကိုင်ရှ မယုံနိုင်လောက်အောင် ဖြစ်ကာ မျက်လုံးပြူးခနဲ ဖြစ်သွားသည်။

"ဟုတ်တယ် ရာစုသစ်က ရှင်စိတ်ကူးယဉ် ရူးသွပ်နေတာကို အဲဒီကတည်းက သိနှင့်ခဲ့သတဲ့လေ၊ မနေ့ကမှပြောလို့ ကိုသူရိန်ရော၊ အလှသွေးရော တအံ့တသြ သိလိုက်ရတာပေါ့"

မကိုင်ရှ မျက်လွှာလေး အလိုလိုစင်းကျသွားသည်။ မောင့်ကို စွဲလန်းနေတဲ့စိတ်ကို ရာစုသစ်က သိနှင့်သတဲ့လေ။ မကိုင်ရှဘဝရဲ့လက်တွဲဖော်ဖြစ်ချင်တဲ့ ရာစုသစ်ကိုငြင်းပယ်ပြီး မောင့်ကို ရူးသွပ်ခဲ့တဲ့စိတ်နှလုံးက အခုတော့

"မကိုင်ရှ စိတ်ကူးယဉ်မှုထဲမှာ အလင်းရောင်ကို မကိုင်ရှရဲ့ ဘဝလက်တွဲဖော်လို့ ယူဆခဲ့တယ် မဟုတ်လား"

အလှသွေး မေးတော့ မကိုင်ရှ ဟန်မဆောင်တမ်း ခေါင်းညိတ်ဝန်ခံမိသည်။ အလှသွေး သက်ပြင်းလေးချကာ

"မကိုင်ရှရယ် ဒီလောက်ဆို ယောကျ်ားတွေရဲ့စိတ်ကို မကိုင်ရှ ခန့်မှန်းလို့ရပြီပဲ၊ မကိုင်ရှ လိုချင်တပ်မက်တဲ့အချစ်ဆိုတာ မကိုင်ရှဘဝကို မြတ်နိုးစုံမက်တဲ့ တစ်ဦးတည်းသောယောကျ်ား တစ်ယောက်ဆီမှာပဲ ရှိတယ်၊ အဲဒီယောကျ်ားဟာ ဘယ်နည်းနဲ့မှ အလင်းရောင် မဟုတ်ဘူးလေ"

"မကိုင်ရှ နားလည်ပါတယ် အလှရယ်"





"ဟင်"

အလင်းရောင် ခေါင်းတွင်တွင် ရမ်းမိသည်။ မကိုင်ရှ နားလည်တယ်ဆိုတဲ့ ခံစားချက်ကို အလင်းရောင် လက်မခံချင်ပါ။

ထို့ကြောင့် မရမ်းပင်နှင့်ကွယ်ရပ်နေချင်စိတ်မရှိတော့။ မကိုင်ရှ ရှေ့သွားပြီး ခြေရှင်းရှိ စိတ်နှလုံးထက်သန်နေစဉ်

"ဟုတ်တယ် အလှရယ် မကိုင်ရှတို့ မိန်းကလေးတွေဟာလေ သိပ်ပြီးစိတ်ကူးယဉ်တတ်တယ်၊ မဖြစ်နိုင်တဲ့အရာတစ်ခုကို တမ်းတမ်းစွဲမက်နေတတ်တယ်၊ ဒါပေမဲ့ ခုချိန်မှာ စိတ်ကူးယဉ်တာမှာတောင် မကိုင်ရှ ဝမ်းတဝါးဝါးလျှောက်နေလို့မရတော့ဘူး"

"ဟင်"

အလင်းရောင် ခြေလှမ်းတွေ အလိုလိုတန့်သွားသည်။ ခေါင်းညိတ်ထောက်ခံတဲ့ အလှသွေးက

"အင်းလေ ရှင် ဒီလောက်ခွဲခြားတတ်ရင် အချိန်ဆွဲမနေနဲ့ မကိုင်ရှ ဖေဖေကို ပြောပြပြီး စီစဉ်စရာရှိတာ စီစဉ်တော့လေ"

"ရပါတယ် ဖေဖေက မကိုင်ရှသဘောအတိုင်းပဲ၊ မောင်တို့ဘက်က မင်္ဂလာပွဲဖျက်ခဲ့တဲ့အတွက် ဝမ်းမနည်းခဲ့ဘူး၊ စိတ်မကောင်းလည်း မဖြစ်ခဲ့ဘူး။ အစကတည်းက မောင်တို့မိဘအသိုင်းအဝိုင်းရဲ့ သဘောထားကို သိရတာ သမီးကံကောင်းပါတယ်လို့ ပြောတယ်လေ"

အလင်းရောင် နှလုံးသားမှာ ပိန်းပိတ်အောင် မှောင်၍ မှုန်ကြွလာသည်။

www.burmeseclassic.com



"ဒါဆို ရာစုသစ်ကိုလက်ခံတဲ့ကိစ္စ မကိုဋ် ဖေဖေ သိနေပြီပေါ့"

"ဟုတ်တယ် သိပြီ၊ ညကတောင် ရာစုသစ် မိဘတွေလာပြီး မင်္ဂလာကိစ္စ ဆွေးနွေးကြတယ်လေ၊ ဖေဖေက မကိုဋ်သဘောအတိုင်း လက်ခံဆွေးနွေးတယ်လေ"

အလင်းရောင် ခြေလှမ်းတွေ အလိုလို နောက်ကောက်ကျသလို ဖြစ်သွားသည်။

အလင်းရောင် မိဘက လုံးဝမနှစ်မြို့စွာ ခါးခါးသီးသီး ဖြစ်နေ ချိန်မှာ ရာစုသစ်မိဘက လိုလိုလားလား ကြည်ကြည်ဖြူဖြူ ဖြစ်နေသည်။

ပတ်ဝန်းကျင်နဲ့ ယောကျ်ားတကြားမှာ အလင်းရောင် ခေါင်း မော့နေဖို့ သတ္တိမရှိတဲ့အချိန်မှာ ရာစုသစ်က ပတ်ဝန်းကျင်နဲ့ယောကျ်ား တကြား လက်မထောင်နေဖို့ အစွမ်းသတ္တိတွေ ပြည့်ဝနေသည်။

ထိုအခါ အလင်းရောင် ခြေလှမ်းတို့ ရှေ့ဆက်တိုးလို့မရအောင် ကိုယ့်လိပ်ပြာ ကိုယ်မလုံသလိုဖြစ်လာသည်။

မကိုဋ်ရယ်

မောင့်နှလုံးသားက အချစ်တွေဟာ အလဲလဲအကွဲကွဲနဲ့ပါကွယ်။

■ ■ ■



## အခန်း (၂၄)

"တွေ့တယ် မဟုတ်လား ကိုမင်း။ ကိုမင်းသူငယ်ချင်း ဘယ် လောက် မျက်နှာပြောင်တိုက်သလဲဆိုတာ"

ဦးအောင်သိန်းကျော် ကိုယ်တိုင် လာပေးသွားတဲ့ မင်္ဂလာဖိတ်စာ က စားပွဲပေါ် ခန့်ခန့်လေး ရှိနေသည်။

ဒယ်ဒီမျက်နှာ မည်းညိုကာ ခေါင်းရမ်းရင်း ဘာမှမပြောချင် သလိုအမူအရာနှင့် ဆိုဖာပေါ်က ထသည်။

စားပွဲပေါ်က ငွေရောင်ဖောင်းကြွ ဖိတ်စာကို ဒယ်ဒီ ကောက်ယူ ဟန်ပြင်စဉ် မာမီ ဦးစွာကောက်ယူ၍

"မမြင်ချင်ဘူး လုံးဝမမြင်ချင်ဘူး သွား"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လှှင့်ပစ်လိုက်သည်။ ညှော်ခန်းအဝင်ဝမှာ ကျောက်ရုပ်လို ရပ်နေမိသည့် အလင်းရောင်ခြေဖဝါးအောက် ရောက်သွားသည်။

မာမီတို့ကို မကြည့်တဲ့ ဓာတ်စာလေးကို အလင်းရောင် ကောက်လိုက်သည်။

ကောက်ပြီး တယုတယ ပြန်ကိုင်မိတဲ့ အလင်းရောင်ရင်မှာ ဝမ်းနည်းခြင်းက မျက်ဝန်းအိမ်ကို နွေးစိုသွားစေသည်။

"သား ဘာမှဝမ်းမနည်းနဲ့ သူတို့ထက် ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကို မာမီကိုယ်တိုင် သားအတွက်စီစဉ်ပေးမယ်၊ ကိုမင်း လာခုချက်ချင်း ခရမ်းရောင်မီဘနဲ့ သွားဆွေးနွေးမယ်"

ပြောပြီး အလင်းရောင်ရှေ့က ထွက်သွားတဲ့ မာမီ။ မာမီနောက်က ဒယ်ဒီပါ လိုက်ထွက်သွားသည်။

ဟန့်တားချင်တဲ့ နှလုံးသားက မျက်ရည်အဖြစ် ရုတ်ရည်းစီးကျလာသည်။ အလင်းရောင်ပါးမှာ ဆရိုပ်လို ရှိနေကြတဲ့ သူငယ်ချင်းတွေ မမြင်သာအောင် ပါးပေါ်က မျက်ရည်စီးကြောင်းကို လက်ဖဝါးနဲ့ သုတ်မိသွားသည်။

အလင်းရောင်စိတ်နဲ့ နှလုံးသားခံစားချက်က မကိုဋ်ဆီ ငှက်တစ်ကောင်လို တောင်ပံခတ်ပြေးလွှားခဲ့သည်။

ပြေးလွှားခဲ့သော်လည်း နားခိုခွင့်က ဘယ်မှာလဲကွယ်။

■ ■ ■





"မောင့်မှာ မောင့်မိဘအသိုင်းအဝိုင်းကြောင့် ရှေ့မတိုးဖြစ်ခဲ့ရတာပါ၊ အဲဒီအတွက် မောင့်ကို အချိန်နည်းနည်းပေးသင့်ပါတယ် မရယ်၊ တခြားယောကျ်ားတစ်ယောက်ကို ချက်ချင်းရွေးလိုက်တာ မျက်နှာပြောင်တိုက်သလို ဖြစ်မနေဘူးလား"

"မျက်နှာပြောင်တိုက်တယ်တဲ့လား ဟင်"

မကိုဋ်ရဲ့ နုတ်ခမ်းသားလေး တင်းမာသွား၏။ မျက်နှာလေးမော့ကာ တိုးတိုးရှရှလေး ပြန်မေးလျှင် အလင်းရောင် ခေါင်းညိတ်လိုက်သည်။

ထိုအခါ

"မောင်ထင်ချင်သလို ထင်နိုင်ပါတယ်၊ မကိုဋ်တို့လို ဘဝအနာအဆာရှိတဲ့ မိန်းကလေးဟာ သာမန်မိန်းကလေးတွေထက် ဆင်ခြင်တုံတရားကို လက်ကိုင်ထားဖို့လိုတယ်၊ ဘဝမှာ ဘယ်ယောက်ပဲ စွန်းထင်းခဲ့တဲ့ မိန်းကလေးဖြစ်ပစေ ယောကျ်ားတစ်ယောက်ထည်းနဲ့လက်တွဲပြီး ပန်းခင်းလမ်းကို လျှောက်လှမ်းချင်တဲ့ အတွေ့ရှိစမြဲပါပဲ၊ တကယ်လက်တွဲသွားမယ့် ယောကျ်ားတစ်ယောက်အနေနဲ့ ကြည်ဖြူမြတ်နိုးနေဖို့ လိုအပ်တယ်၊ မကြည်ဖြူ မမြတ်နိုးတဲ့ ယောကျ်ားတွေ အများကြီး တွေ့ခဲ့တယ်၊ အဲဒီအထဲမှာ မောင်လည်း ပါတာပဲ"

"တော်ပါတော့ မရယ်၊ ဒါတွေကို မပြောပါနဲ့တော့"

"မပြောလို့မရဘူး မ ဆုံးဖြတ်ချက်နဲ့ ရွေးချယ်ခွင့်ဟာ [illegible] တို့ရဲ့အမြင်အောက်မှာ ဂုဏ်သိက္ခာရှိဖို့လိုအပ်တယ်၊ မ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာ တိမ်တွေကိုမြင်ရသလို ကောင်းကင်ကိုလည်း မြင်ရတယ်၊ ကြယ်စင်ကို တွေ့ရသလို ပိုးစုန်းကြူးကိုလည်း ကြည့်ခွင့်ရခဲ့တယ်၊ လှိုင်းတွေကို ရင်ဆိုင်ရသလို ကျောက်စိုင်နဲ့လည်း ထိပ်တိုက်ဆုံမှုခဲ့တယ်၊ ဒါကြောင့် တစ်ကြိမ့်တစ်ခါ ပျက်စီးခဲ့တဲ့ ဘဝအတွက် တစ်ခုခုနဲ့အကာအကွယ်ယူပြီး ခိုင်ခိုင်မာမာ ရပ်တည်ရမှာပဲ''

အလင်းရောင် ခေါင်းတွင်တွင် ရမ်း၍ ရှေ့တိုးလာသည်။

မကိုင်နှ ခြေလှမ်းနောက်ဆုတ်ကာ ကုံကော်ပင်စည်မှာ ကိုယ်ကို မှီရပ်၍ မျက်နှာလေးမော့ကာ ကောင်းကင်ပြင်ကို မော့ကြည့်ရင်း

''ကောင်းကင်ကိုမြင်လျက် တိမ်တွေကို မတပ်မက်ချင်ဘူး။ ကြယ်စင်ကိုမြင်ရလျက် ပိုးစုန်းကြူးကို မဖက်တွယ်ချင်ဘူး။ ကျောက်စိုင်ကို မြင်ရလျက် လှိုင်းတွေကြားမှာယိမ်းက မနေချင်ဘူး၊ အဲဒီအတွက် မောင်နဲ့မကိုင်နှရဲ့ စိတ်ကူးယဉ် ဇာတ်လမ်းကို ဒီမှာပဲ အဆုံးသတ်ဖို့ မ ရွေးချယ်ခဲ့တယ်၊ ပော်ဒီ ဓာတ်ပုံလေးကိုမြင်ပြီး အစပျိုးခဲ့တဲ့ ဇာတ်လမ်းကို ပောာ်ဒီဓာတ်ပုံလေးကို ပြန်လွှင့်ပစ်ခြင်းနဲ့ နိဂုံးချုပ်ပါရစေ''

လက်ဆွဲအိတ်ကလေးထဲက ဆွဲထုတ်လိုက်တဲ့ အလင်းရောင် ဓာတ်ပုံကို လက်ညှိုးလေးနဲ့ တောက်ထုတ် လွှင့်ပစ်လိုက်တဲ့ မကိုင်နှ။

အလင်းရောင် မှေ့မျောမတတ်ဖြစ်သွားသည်။

လေနဲ့အတူ လွင့်ပါသွားတဲ့ ဓာတ်ပုံကို အလင်းရောင် ကြည့်နေမိသည်။





ခံစားချက်ကင်းမဲ့တဲ့မျက်နှာနဲ့ အလင်းရောင်ကို ကျောခိုင်းထွက်သွားတဲ့ မကိုင်နှနောက် အလင်းရောင် ပြေးလိုက်သွားပြီး

''မ''

အသည်းနှလုံးလိုက်ခါသံနဲ့ခေါ်ပေမယ့် မကိုင်နှ လှည့်မကြည့်။ ခြေလှမ်းကို တန့်ပြီး ပြောလိုက်သည်။

''မောင် မသိတဲ့မိန်းကလေးတစ်ယောက်ကို ကျေကျေနပ်နပ် လက်လွှတ်ခွင့်ရတာ ကျေနပ်စရာအကောင်းဆုံးလို့ ယူဆလိုက်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်တန်ဖိုးထားတဲ့စံနဲ့ ပြည့်စုံတဲ့ အပျိုစင် မိန်းကလေးတွေ လောကကြီးမှာ အများကြီးရှိတဲ့အတွက် ဇကာတင်ရွေးယူနိုင်တဲ့ အခွင့်အရေး မောင်နဲ့လက်တစ်ကမ်းအကွာမှာ ရှိနေလို့ပဲ၊ ဒါကြောင့် မောင် ဝမ်းမနည်းပါနဲ့၊ ကျေကျေနပ်နပ် လမ်းခွဲနှုတ်ဆက်ကြပါစို့နော်၊ မောင့်ကို မ နှုတ်ဆက်ခဲ့ပါတယ် Good Bye ''

ဟင့်အင်း

အလင်းရောင် ဆောက်တည်ရာမရဖြစ်ကာ အတင်းဆွဲထားနေမိပေမယ့် အိပ်မက်တစ်ခုကို ဆုပ်ကိုင်ဖို့ ကြိုးစားသူလို အရူးတစ်ယောက်နှယ် ဖြစ်နေတော့သည်။

အလင်းရောင် နှလုံးသားမှာ ပန်းနုရောင်ဇာပဝါလေးက လေဟုန်နဲ့အတူ လွင့်မျောသွားသည်။

မလွင့်မျောဘဲ ကျန်နေတာက



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေးရယ်

ကြွေမွနေတဲ့ ဖိတ်စာလေးရယ်

လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ နှလုံးသားတစ်စုံရယ်

တိမ်တွေရယ် မိုးစုန်ကြေးရယ် လှိုင်းတွေရယ်ပေါ့ကွယ်။

■ ■ ■



## အခန်း (၂၅)

ချစ်သူကို ဆုံးရှုံးရမယ်ဆိုတဲ့အခါကျ နှလုံးသားကို သွက်သွက်ခါ မူးရိုနေစေသည်။ ဘာကိုမှ ဆုပ်ကိုင်ထားလို့မရတဲ့ ရင်ဟာ တိမ်စိုင်တွေလို ဦးတည်ရာမဲ့ ရွက်လွှင့်လျက်။

ဘဝတစ်သက်တာလုံးအတွက် အရေးကြီးဆုံးက ဘာလဲ။

ယောက်ျားပျိုတစ်ယောက် အိမ်ထောင်တစ်ခု ထူထောင်ဖို့ ဘာတွေ လိုအပ်သလဲ။

ထာဝရလက်တွဲရမယ့် မိန်းကလေးမှာ ဘယ်အရာက အရေးကြီးဆုံး အခန်းကဏ္ဍမှာ ပါဝင်သလဲ။

အပျိုစင်လား

အသိဉာဏ်လား



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတွေးခေါ်နိုင်တဲ့ အရည်အသွေးလား။

တည်တံ့နိုင်မြဲမှုကို ဖော်ဆောင်တဲ့ ချစ်ခြင်းလား။

လားတွေ လဲတွေ ကအလင်းရောင် နှလုံးသွေးတွေကို ဒလက်ကြီးနဲ့ထိုးမွှေနေသလို ဘောင်ဘင်ခတ် လှုပ်ရမ်းနေစေသည်။

ခေနာက်ပြီး

ဘာကိုမှ တိတိကျကျ ရေရေရာရာ ဆုံးဖြတ်နိုင်စွမ်းမရှိတာ မဆုံးဖြတ်နိုင်တာက ယောကျ်ားတစ်ယောက်ရဲ့ အကြီးမားဆုံး ချွတ်ယွင်းချက်လား။

သေချာတယ်ဆိုရင် အဲဒီ ချွတ်ယွင်းချက်ကို အလင်းရောင် ကိုယ်တိုင်ပြုပြင်ချင်တယ်။ ပြုပြင်ဖို့ တစ်ခုခုလိုတယ်ဆိုရင် အဲဒီတစ်ခုခုက ဘာလဲ။

သိချင်တဲ့ စိတ်နှလုံးက စံပယ်ရုံတွေဆီရောက်လိုက်၊ စံပယ်ဝန်းတွေသီကုံးလိုက်၊ စံပယ်ပန်းတွေကို မွှေးလိုက်နဲ့ ဆောက်တည်ရာမရ ဖြစ်နေမိသည်။

"မကိုဋ္ဌက သူလိုချင်တဲ့ အချစ်ကို သူ့ဘဝနဲ့ဖန်း(စန်း)တင်ပြီး ဖွင့်ဆိုရွေးချယ်တာ၊ ရာစုသစ်ကို ရွေးချယ်ခဲ့တာ၊ အဲဒီအဖြစ်မှာ ကိုယ့်အယူအဆနဲ့ကိုယ် မှန်နေကြတာချည်းပဲ၊ အေး မင်းလည်းမှန်တာပဲ၊ မှန်နေတာသိလျက် မဖြေနိုင် မဆည်နိုင်ခံစားပြနေတဲ့ မင်းကို ဘယ်သူမှ သူ့ရဲကောင်းလက်မှတ် ချီးမြှင့်မှာမဟုတ်ဘူး"





"အသေအချာပဲ အလင်းရောင်၊ ပန်းမကိုင်ရ မင်္ဂလာဆောင် သလို မင်းလည်း ဆောင်လို့ရတာပဲ၊ အဓိက လိုအပ်တာက ဘာလဲဆိုတာ သိဖို့လိုတယ်၊ အစင်ကြယ်ဆုံး ပန်းတစ်ပွင့်ကို လူသိရှင်ကြား နမ်းရှုံ့ ရခြင်းက ယောကျ်ားတစ်ယောက်အတွက် ဂုဏ်တက်တာနဲ့အတူတူပဲ ကိုယ်တင်မကဘူး၊ ကိုယ့်မိဘအသိုင်းအဝိုင်း ဘယ်လောက် ဂုဏ်ရှိစေမလဲ၊ အရေးကြီးတာ အဲဒါပဲ"

"တွေးပြီး ကြေမနေနဲ့ သူငယ်ချင်း"

ခန့်ညားတို့ အလင်းရောင်ကို ထိုသို့ မပြောင်းလဲတမ်း နှစ်သိမ့်ပေးမြဲဖြစ်သည်။ ထိုနှစ်သိမ့်ပေးသံတွေကို အလင်းရောင် နားဆင်ဖို့ စိတ်မဝင်စားနိုင်တော့။

ထိုအသံတွေနဲ့ ဝေးရာဆီ တစ်ယောက်တည်း ရှက်လွင့်လာခဲ့တာ ဘယ်ဆီရောက်လို့ ရောက်နေမှန်းမသိတော့ပါ။

အလင်းရောင်ကောင်းစွာ အသိဝင်လာစဉ်

နီရဲနေသော ပွင့်ချပ်တွေ တဖွားဖွားလွင့်ကျနေတဲ့ စိန်ပန်းပင်ကြီးရဲ့ ပင်စည်ရင်းမှာ အထီးကျန်စွာ ထိုင်နေလျက်

တစ်လွှာပြီးတစ်လွှာ

တစ်ချပ်ပြီးတစ်ချပ်

ဖွဖွရွရွလေး ကြွေလွင့်ကျလာတဲ့ ပွင့်ဖတ်နီလေးတွေကို လေးရှင်းလေဟုန်နဲ့အတူ လွင့်လာတဲ့ စကားလုံးတွေကို နားသောတဆင်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ် လွန်ခဲ့တဲ့တစ်ပတ်က မော်လမြိုင်ရောက်ခဲ့တယ်ကွ"

မော်လမြိုင်

မော်လမြိုင်ဆိုတာ မြို့တစ်မြို့ရဲ့ နာမည်။

ထိုမြို့မှာ တစ်ချိန်က ချစ်သူနေခဲ့ဖူးတယ်။

ထိုမြို့မှာပဲ ချစ်သူဘဝ အမည်းစက်စွန်းထင်ခဲ့ဖူးတယ်။

ရုတ်တရက် ကြားလိုက်ရတဲ့ မြို့နာမည်ကြောင့် အလင်းရောင် သွေးတွေ နွေးလာလိုက် ပူလာလိုက်နဲ့ လှုပ်ရှားသွားသည်။

မျက်ဝန်းတို့ကလည်း အလိုလိုနေရင်း အသံလာရာဆီ လှမ်းကြည့်မိသည်။

အလင်းရောင်နှင့်ခပ်လှမ်းလှမ်းရှိ ရေကန်ဘောင်မှာ ခင်းကျင်းထားတဲ့ ထိုင်ခုံတွေပေါ် ထိုင်ရင်း အေးအေးလူလူ စကားပြောနေကြတဲ့ ယောက်ျားနှစ်ဦး။ ထိုနှစ်ယောက်ရှေ့ စားပွဲပေါ်မှာလည်း ကန်ဘောင်ပေါ်ရှိ စားသောက်ဆိုင်မှ အစားအသောက်တွေ ပြည့်နေသည်။

စားရင်းသောက်ရင်း စိမ်းလဲ့ပြာဝေနေတဲ့ ချောင်းကိုလှမ်းကြည့်လိုက် စကားတွေပြောလိုက်နှင့်။

ထို စကားသံတွေက အလင်းရောင် ရင်ဘတ်ကို လာမှန်သလို ခံစားရသည်။

"ဆိုစမ်းပါဦး ဘာထူးခြားလို့လဲ"





"ထူးခြားတာက မင်းနဲ့ပန်းမကိုင်ရဲ့အဖြစ်ကို ခုချိန်ထိ ပြောနေကြဆဲပဲ"

"ဟင်"

မကိုင်ရဲ့ နာမည်ပါလျှင် အလင်းရောင် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါသွားသည်။ အလင်းရောင်မျက်ဝန်းက ထိုနှစ်ယောက်ကို ပို၍ စိုက်ကြည့်မိသွားသည်။

ရှပ်လက်တိုအပြာကွက် ဝတ်ဆင်ထားတဲ့ လူရွယ်ကို တီရှပ်အဝါရောင်ရင့်ရင့် ဝတ်ထားတဲ့ လူရွယ်စိုက်ကြည့်ပြီး မေးသည်။

"ဘာတွေလဲ"

"ပန်းမကိုင်ရဲ့ကို ခြေတော်တင်တဲ့ အကြောင်းပေါ့ကွာ"

ဟင် ဒါဆို တီရှပ်အဝါရောင် ရင့်ရင့်ကို ဝတ်ထားတဲ့ လူရွယ်က မကိုင်ရဲ့ဘဝကို အညွန့်ချိုးခဲ့တဲ့သူပေါ့။

ထိုအသိက အလင်းရောင် နှလုံးသားကို ပွက်ပွက်ဆူကာ မခံမရပ်နိုင်အောင် ခံပြင်းသွားသည်။

"မင်းနဲ့ကိုယ်က သူငယ်ချင်းဆိုတော့ ကိုယ့်ကိုမြင်တာနဲ့ သတိတရ ထုတ်ပြောကြတာပေါ့ကွာ"

ထိုလူရွယ် နှုတ်ခမ်းကို မသိမသာမဲ့လျက် အာလူးကြော်တစ်ဖတ် ကောက်ဝါးသည်။ အလင်းရောင် ဝုန်းခနဲ ထရပ်မိကာ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တိုတိုနှင့် ပန်းနုရောင်လှဲနေသော အသားရောင်နှင့် လေးထောင့်ဆန်ဆန် မျက်နှာကျပုံက လုပ်ချင်ရာကို လုပ်ဖို့ ဝန်မလေးတတ်တဲ့ ရယောက်ျားတစ်ယောက်ဖြစ်မှန်း သိသာနေသည်။

နှုတ်ခမ်းထူထူလေးကို မဲ့လိုက်ဟန်က ဘာကိုမှ မမှုသလို ဘာလိုလိုနှင့်။

ထိုလူရှုယ်သာ မကိုင်ဖွားဝကို စွန်းထင်းအောင် မပြုခဲ့ရင်

မကိုင်ဖွဲ့အလင်းရောင် နှလုံးသားက ကြည်နူးချမ်းမြေ့စရာဖြစ်စေမယ့် ပန်းခင်းလမ်းဖြစ်နေမှာလေ။

ခုတော့

အကျည်းတန်မှုတွေ ဖြစ်လာရတဲ့ တရားခံ။

တရားခံကို ဘွားခနဲ တွေ့လိုက်ရတော့ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်မိလျက်သား ဖြစ်သွားသည်။

"ပြောချင်သလောက်ပြောပစေ အရေးစိုက်စရာလား ဗညား။ မင်း ဘာတွေ ခွန်းတုံ့ပြန်ခဲ့လဲ"

ရှုပ်လက်တို ဝတ်ထားတဲ့ ဗညားကို မာဆတ်ဆတ်ပဲ မေးသည်က အလင်းရောင်မျက်နှာကို ပို၍တင်းသွားစေသည်။

ဗညားက သွေးအေးသူပီပီ အေးအေးဆေးဆေးပဲ စကားဆက်သည်။

"ဘာမှပြန်မပြောပါဘူးကွ။ သူတို့ပြောတာတွေက အရင်က





အတိုင်းပဲ၊ မင်းက ပန်းမကိုင်ဖွဲ့ကို ကားတင်ပြေးတယ်၊ စော်ကားတယ်၊ တာဝန်မယူဘဲ ပစ်ပြေးတယ်၊ မကိုင်ဖွဲ့က ပန်တော်ကျဖြစ်ရတယ်၊ ဖူးဖူးထွတ်ထွတ် အလှလေး ခြွေခံရတယ်၊ အဲဒီနောက်ဆက်တွဲက မကိုင်ဖွဲ့က ကိုယ်ဝန်ဖျက်ချတယ်၊ ပြီးတော့ မင်းကြောင့် အရှက်လွှနိုင်ပြီး မော်လမြိုင်ကနေ ခြေရာဖျောက်သွားတယ် ဘာညာကွိကွပေါ့ ကောင်းထင်ရာ"

ဗညား စကားနောက်မှာ ကောင်းထင် ခြောက်ကပ်ကပ် ရှယ်သည်။

ကောင်းထင် ရယ်တော့ အလင်းရောင် မျက်မှောင်ကုပ်ကြည့်၏။

မကိုင်ဖွဲ့နဲ့ပတ်သက်ပြီး သက်ဝင်းသယ်လာတဲ့ သတင်းကို ဗညားပြန်ပြောသည်ကို ကြားရပြန်သည်။

ကြားပြီးသားဖြစ်ပေမယ့် ရင်မှာ တနုံ့နုံ့ခံစားနေရဆဲ။

တရားခံကိုလည်း တွေ့နေရလျက် ဘယ်လိုရင်ဆိုင်ရမှန်းမသိအောင် ရင်မှာခံပြင်းသွားသည်။ ကောင်းထင်ရယ်သည်က ပိုပြီး ခံပြင်းစေသည်။

ကောင်းထင် အရယ်ရပ်၍ ဗညားကို စိုက်ကြည့်ပြီးမေးသည်။

"မင်းလည်း အဲလိုပဲ တိုယ့်ကိုစွပ်စွဲခဲ့တယ် မဟုတ်လား ဗညား"

ဗညား မျက်နှာမပျက်ဘဲ ခေါင်းညိတ်ပြီး

"ဟုတ်တယ်လေ ပတ်ဝန်းကျင်က အဲလိုပဲ သတ်မှတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ပတ်ဝန်းကျင်ရဲ့မျက်လုံးတွေက ဘယ်လောက်ထိ မြင်နိုင်စွမ်းရှိလို့လဲ ဗညား၊ မင်းပြောကြည့်စမ်းပါ"

အအေးတစ်ကျိုက်မော့သောက်ရင်း မျက်ခုံးပင့်လျက် ကောင်းထင် မေးသည်။

ရှေ့တိုးချင်တဲ့ အလင်းရောင် ခြေလှမ်းတွေ တန့်သွား၏။ ဖွဖွ ရွရွ ဝေ့ဝဲကြွေနေတဲ့ စိန်ပန်းပွင့်လွှာတွေက အဆက်မပြတ်လွင့်ကျနေဆဲ။

အလင်းရောင် နှုတ်ခမ်းသားလေး ဆွဲစေ့ကာ စိန်ပန်းပင်စည်ကြီးကို လက်ထောက်အားပြုလိုက်မိသည်။

"ပြောလေ ဗညား အဲဒီပတ်ဝန်းကျင်က ကိုယ်နဲ့မကိုဋ္ဌေအဖြစ်ကို ဘယ်လောက်များ မြင်နိုင်စွမ်းမလဲ"

ဗညား ဘာမှပြန်မဖြေ။

ကိုတ်တုံး သေးသေးလေးကို ခက်ရင်းနဲ့ထိုးပြီး ပါးစပ်ထဲ ထည့်လိုက်သည်။

ဗညားပြန်မဖြေတော့ ကောင်းထင် အားမလိုအားမရဖြစ်သွားပုံ။

"ဒီမှာ ဗညား မိုးတွင်းမှာမိုးရွာတာ သဘာဝဖြစ်ပေမယ့် မိုးခေါင်တဲ့မိုးတွင်းကာလတွေ ရှိခဲ့တာပဲ၊ ဆောင်းတွင်းမှာ နှင်းကျတာ သဘာဝဖြစ်ပေမယ့် နှင်းမကျတဲ့ ဆောင်းတွေလည်း ရှိကြတာပဲ၊ ပုံသေ သတ်မှတ်လို့ရတဲ့ သဘာဝတရားမှာ တစ်ထစ်ချပြောလို့မရတဲ့အမှန်တရား





တွေက သူ့နည်းသူ့ဟန်နဲ့ အလွဲလွဲအချော်ချော် ရှိနေတာပဲ"

အလင်းရောင် မျက်ခုံးနှစ်ဖက် တွန့်ခေါက်သွားသည်။ ခံတွင်းထဲရောက်နေတဲ့ ကိတ်တုံးလေးကို ဗညား ဆက်မဝါးနိုင်ဘဲ

"မင်းဆိုလိုတာက"

"ပန်းမကိုဋ္ဌေ ကိုယ်ဝန်မျက်ရတဲ့အထိ ဖြစ်ရတယ်ဆိုတဲ့ မှတ်ချက်ကြီးကို ကိုယ်ရယ်ချင်တယ်ကွာ တကယ် အဟင့် ဟင့်"

ပြောရင်း ကောင်းထင် ခပ်မဲ့မဲ့ရယ်သည်။

အလင်းရောင်ရင်ခုန်သံ မြန်သွားသည်။ ဗညားက မျက်မှောင်ကုပ်၍

"မင်းပဲ ပန်းမကိုဋ္ဌေကို ကားတင်ပြေးတယ်၊ တစ်ပတ်လောက်ကြာတော့ မင်းဆီက ပန်းမကိုဋ္ဌေ တစ်ယောက်တည်း ပြန်လာတယ်၊ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုတ်ချတဲ့ စကားလုံးတွေကြားမှာ မင်းက မင်းဘာသာ အငြိမ်းနိုင်ပြီးနေတယ်၊ နှစ်လလောက်ကြာတော့ ပန်းမကိုဋ္ဌေကို အန်ကယ်အောင်က တောပို့လိုက်တာလေ၊ နောက်သိပ်မကြာဘူး ပန်းမကိုဋ္ဌေကို တောကပြန်ခေါ်လာတယ်၊ သေချာတာက သေချာနေတာချည်း၊ ပုတ်လို့ပေါ်တာကွ"

ဗညား စကားအဆုံးမှာ ကောင်းထင် ဟက်ဟက်ပက်ပက် ရယ်ချ၏။

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဗညား ပို၍မျက်မှောင်ကုပ်ကျသွားပြီး

"ဘာရယ်တာလဲကွ ရယ်စရာပါလို့လား"

"ဟား ဟား ကိုယ် စောစောကပြောပြီးပြီပဲ၊ ဆောင်းမှန်တိုင်း နှင်းကျမှာတဲ့လား။ ဆယ်ကျော်သက် ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် မမြင်ကွယ်ရာမှာ အတူတူနေခဲ့ကြရုံနဲ့ ဟိုလိုတော့ ဖြစ်ခဲ့ပြီပဲလို့ တစ်ထစ်ချယူဆနိုင်မလား။ အဲလိုယူဆတာကို အမှန်တရားလို့ သတ်မှတ်ပေးရမလား 'ဗညား"

ထိုမေးခွန်းနောက်မှာ အလင်းရောင် မျက်ဝန်းက စိန်ပန်းပင်ကြီးဆီ မော့ကြည့်လိုက်မိသည်။ အပင်ပေါ်မှာ အနီရောင် ပန်းပွင့်တွေ အဆုပ်လိုက်အခဲလိုက် ပွင့်နေကြသည်မှာ ကိုင်းလက်တွေ ညွတ်ကျမတတ်။

"ပြောလေကွာ"

ကောင်းထင် မေးသံက ထိုးထွက်လာပြန်သည်။

"ဒါပေမဲ့ကွာ"

ဗညားပြောလာမယ့်စကားကို ကောင်းထင် ကြိုသိနေဟန်တူသည်။ လက်ကာဟန့်တား၍ ဆက်ပြောသည်။

"ဒါပေမဲ့ဆိုတာနဲ့ ကြားမကာန့်နဲ့ ဗညား၊ လောကမှာ လူတွေ လက်မခံနိုင်တဲ့ အမှန်တရားတွေထဲမှာ အဲဒီအမှန်တရားက ထိပ်ဆုံးကပဲ"

"မင်းက 'မင်းကိုယ်မင်း အာပတ်လွတ်အောင် ပြောနေတာ





လား"

"မဟုတ်ဘူး မိန်းကလေးတစ်ယောက် အပျိုစစ် မစစ်ကို ဒီခေတ်ထဲမှာ လွယ်လွယ်ကူကူ စစ်ဆေးလို့ရတဲ့ အဒေသးအမွှားကိစ္စကို ရေးကြီးခွင်ကျယ်လုပ်ပြီး ထင်ရာ မြင်ရာ သွားပုပ်လေလွင့် ပြောနေကြတာက လူမှုအသိုင်းအဝိုင်းရဲ့ ရိုးရာဆန့်တဲ့ ယဉ်ကျေးမှုလို့ပဲ ကိုယ်မြင်တယ်၊ အဲဒီယဉ်ကျေးမှုကိုမြင်ရလို့ ကိုယ် ရယ်ချင်တာပဲ"

ကောင်းထင်ရဲ့ စကားသံတွေနောက်မှာ အလင်းရောင် အသည်းနှလုံးထဲ ငြိတွယ်နေတဲ့ ဝေဒနာတွေဟာ ရုတ်ချည်းလွင့်ပြယ်သွားသလို ခံစားရသည်။

ဗညားမျက်နှာမှာ အံ့ဩလွန်းလို့ ချွေးစတွေပါ စို့ထွက်လာသည်။

"ဒါဆို"

"ကိုယ် မငြင်းဘူး ဗညား။ မကိုင်ကို ကိုယ်ချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ဘဝတစ်သက်လုံး ပေါင်းချင်တယ်၊ အဲဒါကြောင့် မကိုင်ဆန္ဒမပါဘဲ ကားတင်နိုးပြေးတာ မှန်တယ်၊ အဲဒီနည်းနဲ့ မကိုင်ဆီက တစ်ခုခုရဖို့ ကိုယ် ကြိုးစားခဲ့တယ်၊ အဲဒီကြိုးစားမှုဟာ မကိုင်ဘဝကို အရှုံးအထင်းဖြစ်စေခဲ့တယ်၊ အဲဒီအစွန်းအထင်းနောက်မှာ အမှန်တရားတွေ အများကြီးပဲ၊ ဘယ်သူမှ မယုံကြည်တဲ့ အမှန်တရားတွေနောက်မှာ မကိုင်ကို ကိုယ်က ခြေတော်တင်ပြီး တာဝန်မယူတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် သက်မလေးချလိုက်သည်။ ကောင်းထင် အအေး တစ်ကျိုက်သောက်သည်။ ပြီးမှ စကားကိုထပ်ဆက်ပြန်၏။

"ကိုယ့်ကြောင့် အမည်းစက်ဖြစ်သွားတဲ့ မိန်းကလေးကို ယောကျ်ားဆန်ဆန်တာဝန်ယူဖို့ ကိုယ့်မိဘတွေ ကြိုးစားပါသေးတယ်"

ကောင်းထင်မျက်ဝန်းမှာ အတိတ်ကအရိပ်ကို စိန်ပန်းပွင့်လွှာ တွေလို ဝေဝေဆာဆာ မြင်ယောင်လာသည်။

■ ■ ■

"သမီးက ကောင်းထင်နဲ့ တစ်ပတ်လောက် ခိုးရာပါသွားဖူး တယ်၊ အဲဒီအတွက် သမီးဘဝစွန်းထင်းသွားတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ ကျွန်တော်ပိုသိတာက သမီးဘဝစွန်းထင်းသွားတဲ့ အမည်းစက် ကို မဟုတ်ဘူး၊ ကျွန်တော့်ရင်ခွင်ထဲ ပြန်ဝင်လာတဲ့ သမီးရဲ့အသိတရားပဲ"

"ကိုအောင် ဘာကိုပြောချင်တာလဲ"

ကောင်းထင် ဖခင် ဦးဝင်းမောင် ပွင့်ပွင့်လင်းလင်း မေးသည်။ ဦးအောင်သိန်းကျော်က ဘေးနားမှာကပ်ထိုင်နေတဲ့ သမီးပခုံးစွန်းလေး ကို ကြင်ကြင်နာနာဖက်၍

"သမီးက ဆယ်တန်းအောင်ပြီးစ ဆယ့်ခြောက်နှစ်သားအရွယ် ကိုယ်ပိုင်အတွေးအခေါ်က ဘာဆိုဘာမှ ခွဲခွဲခြားခြား နားမလည်သေးဘူး၊ ဘာမှ တိတိကျကျ ရေရေရာရာ နားမလည်တဲ့ ကလေးတစ်ယောက်ကို အိမ်ထောင်သားမွေးဘဝထဲ ရောက်အောင် ကျွန်တော့်ဆုံးဖြတ်ချက်နဲ့





ကျွန်တော် ပစ်မချရက်ဘူး ကိုဝင်းမောင်"

"ဘယ်လို ကိုအောင်"

"ဟုတ်တယ် ကိုဝင်းမောင် ခင်ဗျားသားကြောင့် ကျွန်တော့် သမီးဘဝ စွန်းထင်းသွားတာ မှန်တယ်၊ အဲဒီ အစွန်းအထင်းက သမီး စိတ်ကို သမီးအလိုလိုက်လို့ ဖြစ်သွားတာမဟုတ်ဘူး။ အကြောင်းကြောင်း ကြောင့်သမီး ဂုဏ်သိက္ခာစွန်းထင်းပေမယ့် သမီးအသိတရား မစွန်းထင်း ခဲ့ဘူး။ ကျွန်တော့်ရင်ခွင်ထဲ ပြန်လာတဲ့အတွက် ကျွန်တော် ဝမ်းမြောက်ဝမ်း သာ ကြိုဆိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးက အိမ်ထောင်မပြုချင် ဘူးတဲ့၊ ဂုဏ်သိက္ခာကိုငဲ့ပြီး ယောကျ်ားတစ်ယောက်နဲ့မပေါင်းပါရစေနဲ့ တဲ့"

"ဟင်"

ဦးဝင်းမောင်နဲ့ဒေါ်ထားမေတို့မျက်နှာတွေ အလိုလိုမှေးမှိန်သွား သည်။ ကောင်းထင်မျက်နှာ ကွက်ခနဲ ပျက်ကျပြီး

"မကိုနွဲ့"

ကောင်းထင် လက်မခံနိုင်ဘဲ ဖိခေါ်သည်။ မကိုနွဲ့ မော့မကြည့်။ ရေပြင်လို ငြိမ်သက်နေတဲ့ မျက်နှာနဲ့ မျက်လွှာချလျက် ဂါဝန်စလေးကို တင်းနေအောင် ဆုပ်ကိုင်ထားမိသည်။

ဦးအောင်သိန်းကျော်က ကောင်းထင်ကို လက်ကာဟန်ဖြင့် ဆက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ပညာဆက်သင်ချင်တယ်၊ အဲ့တွေယူချင်တယ်၊ သမီးဆုံးဖြတ်ချက်ကို သမီးဘဝနဲ့သမီး တည့်အောက်ချင်တယ်၊ သမီး အသိတရားနဲ့ သမီးအနာဂတ်ကို ပုံဖော်ချင်တယ်၊ သမီးလုပ်ချင်တဲ့ အလုပ်ကို သမီးရဲ့ကိုယ်ပိုင်အစွမ်းအစနဲ့ ထူထောင်ပေးချင်တယ်၊ သမီး ဘဝတစ်ခုလုံးအတွက် သမီးလိုချင်တဲ့ အိမ်ထောင်ဘက် လက်တွဲဖော်ကို သမီးရဲ့ဦးနှောက်ထဲက စစ်ထုတ်တဲ့ အသိတရားနဲ့အတူ နှလုံးသားခံစားမှု နဲ့ပေါင်းစပ်ပြီး ရွေးယူချင်တယ် တဲ့"

ဖေဖေ့စကားအဆုံးမှာ မကိုရ် ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဒါဆို"

အန့်တိတား မယုံနိုင်အောင် ဖြစ်သွားဟ၏။ ဖေဖေ ခေါင်းညိတ်၍ ဆက်ပြောသည်။

"ဟုတ်တယ် မထား။ ကျွန်တော်က သမီးရဲ့ဆန္ဒအတိုင်းပဲ၊ ပညာသင်ချင်တဲ့သမီးကို လွတ်လွတ်လပ်လပ် ပညာသင်စေချင်တယ်၊ သမီးဆုံးဖြတ်ချက်နဲ့တည့်ဆောက်မယ့် ဘဝကို ကျွန်တော်ကြည့်ချင်တယ်၊ သမီးအသိတရားနဲ့သမီးအနာဂတ်ကို ပုံဖော်မှာကို ကျွန်တော် မြင်ချင်တယ်၊ သမီး လုပ်ချင်တဲ့ အလုပ်တစ်ခုကို သမီးကိုယ်ပိုင်အစွမ်းအစနဲ့ ထူထောင်မှာကို ကျွန်တော် စောင့်ကြည့်ချင်တယ်၊ သမီးဘဝအတွက် သမီး နှလုံးသားနဲ့ဦးနှောက်က စစ်ထုတ်လိုက်တဲ့ အိမ်ထောင်ဘက် လက်တွဲဖော်ကို သမီးဘယ်လိုရွေးချယ်မလဲဆိုတာ ကျွန်တော် လက်ပိုက်





ကြည့်ချင်တယ်၊ အဲဒါကြောင့် သမီးဆန္ဒကို ကျွန်တော် မငြင်းရက်ဘူး"

"မဟုတ်သေးဘူး ကိုအောင် ဒီလို"

ဦးဝင်းမောင် လက်မခံချင်။ စောဒကတက်ချင်သေးသည်။ ဦးအောင်သိန်းကျော် ခေါင်းတစ်ချက်ရမ်းပြီး ဆက်ပြောသည်။

"ကျွန်တော်က သမီးရဲ့ ခေါင်းထဲ ခေါင်းဆိုတိုင်း ဘယ်ကိုစွက်ကိုမှ ဖခင်စိတ်တစ်ခုတည်းနဲ့ ဆုံးဖြတ်ပေးတတ်ဘူး၊ ဖခင်အမြင်နဲ့ ဖြစ်သင့် ဘယ်လို ဆုံးဖြတ်ပြီး သမီးကို အိမ်ထောင်ချပေးလိုက်ရင် အဲဒီ အိမ်ထောင်ကို သမီးလေး နှာတွန့် ရှုံ့တီးရှုံ့ချနဲ့ ဖြင့်သောင်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်မှာ မလွဲဘူး ကိုဝင်းမောင်၊ သမီးတက်တာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေရင် အဲဒီ အိမ်ထောင် ခိုင်မြဲပါ့မလား"

ဦးဝင်းမောင်နဲ့ဒေါ်ခင်ထား သက်မပြင်းတွေချသည်။ ကောင်းထင် မျက်ဝန်းမှာ မျှော်လင့်ချက်တို့ မှေးမှိန်ကာ အရောင်ဖျော့သလိုဖြစ်၏။

"အန့်ကယ်"

"နေဦး ကောင်းထင်၊ အန့်ကယ့်စကား မဆုံးသေးဘူး။ အန့်ကယ်က အခုလောလောလတ်လတ် 'ဂုဏ်ရှိဖို့ထက် တည်တံ့ခိုင်မြဲဖို့ အတွက်ပဲ ရှေ့ရှုတယ်၊ အန့်ကယ် အရှင်းဆုံးပြောမယ်ကွာ မင်းကြောင့် အန့်ကယ့်သမီး ဂုဏ်သိက္ခာ ပန်းအလှလေး ကြွေလွင့်ပျက်စီးသွားတာကို တစိမ့်စိမ့်တွေးပြီး အန့်ကယ် ဝမ်းနည်းမနေနိုင်ဘူး ကောင်းထင်၊ ပိုရှင်း အောင်ပြောမယ်ကွာ၊ အန့်ကယ့်သမီးရဲ့ အပျိုစင်နုနုထွတ်ထွတ် ဂုဏ်သည်



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားတာ အန်ကယ့်အတွက် ဝမ်းနည်းစရာမဟုတ်ဘူး။ ဘဝရှင်သန်ရပ်တည်မှုနဲ့ သက်ဆိုင်တဲ့ အန်ကယ့်သမီးရဲ့အသိတရား ပျက်မသွားတာက အန်ကယ့်အတွက် ဝမ်းသာစရာပါ"

ကောင်းထင် ဆံပင်ဘွေဖွပစ်ရင်း ဘာကိုမှ လက်မခံချင်နိုင်အောင် ဖြစ်သွားသည်။

"ဒါကြောင့် မောင်ရင့်ကို အန်ကယ် တရားလည်းမစွဲဘူး၊ အချုပ်ထဲလည်း မထည့်ဘူး။ အန်ကယ်သိတာက မောင်ရင့်ကို သမီး စိတ်မပါဘူး။ သမီး စိတ်မဝင်စားတဲ့အတွက် မောင်ရင်အနေနဲ့နောက်ထပ်နှောင့်ယှက်ဖို့တော့ စိတ်မကူးပါနဲ့၊ မင်းကြိုးစားချင်ရင် သမီးဘွဲ့ရပြီး သမီးဘဝ သမီးရပ်တည်ဆောက်နိုင်တဲ့အချိန်ထိစောင့်ပြီး ကြိုးစားလို့ရပါတယ်၊ တစ်ချိန်ချိန်မှာ မောင်ရင့်ကို သမီးလက်ခံရင် အန်ကယ် လက်ခံပေးမယ်၊ ခုတော့ သမီးဆန္ဒမပါတဲ့အတွက် အန်ကယ့်ဘက်က ဆောရီးပဲ၊ ကိုဝင်းမောင်နဲ့ထားလည်း ကျွန်တော့်ကို နားလည်ပေးပါ"

ဦးဝင်းမောင်နဲ့ ဒေါ်ခင်ထား တစ်ခုခုပြောချင်ပေမယ့် ဦးအောင်သိန်းကျော်ရဲ့အပြောင်းအလဲမရှိတဲ့ မျက်နှာထားကြောင့် မပြောသာတော့။

ကောင်းထင်ရဲ့နှလုံးသားနဲ့ဘဝက မကိုဋ်ဘဝကို စွန်းထင်စေခဲ့တာကလွဲ၍ တာဝန်ယူချင်တဲ့ ခံစားချက်က အလိုလို ဆုံးရှုံးသွားခဲ့သည်။

အဲဒါ ဘာကြောင့်လဲ မကိုဋ်ရယ်။

■ ■ ■





"ဒါဆို မကိုဋ် ဆန္ဒအတိုင်း အန်ကယ်အောင်က ငြင်းခဲ့တာပေါ့"

"ဟုတ်တယ် ဗညား"

"မကိုဋ်ကို အန်ကယ်အောင် တောပို့ပစ်တာကရော"

ဒါကိုပဲ ထပ်တလဲလဲ သိချင်နေတဲ့ ဗညားကို ကောင်းထင်စိတ်ပျက်စွာ လည်မြွန်ရှည်ကြည့်သည်။ လက်ထဲ ဆုပ်ကိုင်ထားခဲ့ဖြစ်တဲ့ အချိုရည်ဘူးခွံကို ငြိမ်သက်နေတဲ့ ကန်ရေပြင်ဆီ ပစ်ပေါက်လိုက်သည်။

ကန်ရေပြင်အနှံ့ပြေးလွှားသွားတဲ့ ရေလှိုင်းကလေးတွေအပေါ်မှာ စိန်ပန်းတို့ရဲ့ ပွင့်ချပ်ဖွာလေးများ ငြိမ့်ငြိမ့်လေးခိုစီးလျက်

"ပြောလေ ကောင်းထင်၊ မကိုဋ်ကို အန်ကယ်အောင် ဘာဖြစ်လို့ တောပို့ပစ်တာလဲ"

ကောင်းထင် နှုတ်ခမ်းပါးလေးတွန့်၍

"ပို့ပစ်တာမဟုတ်ဘူး၊ မကိုဋ်ကို ငယ်ငယ်က ထိန်းလာတဲ့ အဒေါ်ကြီး တောပြန်သွားလို့ လိုက်ခေါ်နိုင်းတာ၊ ဟိုမှာအဒေါ်ကြီး နေမကောင်းဖြစ်နေတယ်၊ မကိုဋ် ပြုစုနေရလို့ အချိန်က သံသယဖြစ်စရာအဖြစ် ပြောင်းလဲသွားတာ၊ မယုံရင် အဲဒီအဒေါ်ကြီးနေတဲ့ တောရွာလေးမှာ သွားစုံစမ်းလို့ရတာပဲ၊ အဲဒီအဒေါ်ကြီး ခုချိန်ထိ အဲဒီရွာလေးမှာ ရှိသေးတယ်၊ အဲဒီရွာကလူတွေလည်း လွန်ခဲ့တဲ့ဆယ်နှစ်က အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းပြောပြကြမယ် ဗညား"

အလင်းရောင် နှလုံးသားက ဝေဒနာအဆိုင်အခဲတွေ စိန်းပန်းနိုင်တွေဆီမှ တစ်လွှာချင်းကြွေလွင့်သွားတဲ့ ပွင့်လွှာနီနီလေးတွေလို လွင့်ကျနေခဲ့။

ဗညား သက်မချ၍ ကောင်းထင်အပါးမှ ခွာသည်။ အလင်းရောင် ကျောပြင်က စိန်ပန်းယင်ပင်စည်မှ မခွာရက်နိုင်အောင်ဖြစ်သွားသည်။

ကောင်းထင်က ရေပေါ်ပေါ်နေတဲ့ အချိုရည်ဘူးခွံကို ငေးကြည့်ပြီး လက်နှစ်ဖက်ခါးထောက်ကာ ဗညားကို ကျောခိုင်းလျက် ဆက်ပြောသည်။

"ယောကျ်ားတစ်ယောက်ကြောင့် ဘဝမှာ အကျည်းတန်စရာ အမည်းစက်ထင်ကျန်ခဲ့တဲ့ မိန်းကလေးဟာ အဲဒီအကျည်းတန် အမည်းစက်ကို ရဲရဲချည်း ရင်ဆိုင်ဖြီး သူလိုချင်တဲ့ ဘဝ၊ သူဖြစ်ချင်တဲ့အခြေအနေကို ရောက်အောင် ဘယ်သူ့ရဲ့ ဝေဖန်ထိုးနှက်ချက်ကိုမှ အလေးအထားဘဲ လျှောက်လှမ်းနိုင်ခဲ့တာ အဲဒီ မိန်းကလေးရဲ့ ပင်ကိုယ်ကိုယ်ရည်ကိုယ်သွေးပဲ၊ မကိုင်မှရဲ့ ကိုယ်ရည်ကိုယ်သွေးကို ဘယ်သူမှ မချီးကျူးလို့လဲ မကိုင်မှ ဝမ်းမနည်းသလို မကိုင်မှနဲ့ ပတ်သက်ပြီး ကိုယ့်ကို ဘယ်လိုပဲပြောပြော ကိုယ် ဂရုမစိုက်တူး၊ အဓိကက လူ့အသိုင်းအဝိုင်းက လက်မခံနိုင်တဲ့ အမှန်တရားအပေါ် မကိုင်မှနဲ့ကိုယ် လိပ်ပြာသန့်သန့်





လျှောက်ခဲ့ကြတယ်"

သိမ်သိမ်မွေ့မွေ့လေး လွင့်ကျလာတဲ့ စိန်ပန်းပွင့်ချပ်တချို့က အလင်းရောင်ပခုံးစွန်းလေးနဲ့ ရှပ်တိုက်ကာ မြေပြင်ပေါ် ဆင်းသက်သွားသည်။

ကောင်းထင်သိပ်ပြာသန့်သလို

မကိုင်မှကလည်း လိပ်ပြာသန့်သတဲ့။

အလင်းရောင်က ဘာကြောင့် လိပ်ပြာမသန့်သလို ခံစားမိတာလဲ။

အမြင်ကျဉ်းမြောင်းလို့လား။

ဘာမှမဝေခွဲတတ်တာ အမှန်ပါပဲ။

"ခုဆိုရင် မကိုင်မှဟာ ဆယ်တန်းအောင်ပြီးစ ကောင်မလေး မဟုတ်သလို သူများလက်ညှိုးတွေအောက်မှာ ရှက်ရွံ့ပြီး ခေါင်းမဖော်ရဲတဲ့ မိန်းကလေးလည်းမဟုတ်ဘူး၊ ဘွဲ့တွေရပြီး ဘာသာစကားနှစ်မျိုး သုံးလေးမျိုးတတ်ကျွမ်းသလို နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်တဲ့ လုပ်ငန်းတစ်ခုတည်ထောင်နိုင်စွမ်းတဲ့ မိန်းကလေးဖြစ်နေတယ်၊ သူ့ဘဝနဲ့ ခံစားပြီး သူလိုချင်တဲ့ အိမ်ထောင်ဘက် လက်တွဲဖော်ကို ယောကျ်ားများစွာထဲက ဇကာတင် ယောကျ်ားတစ်ယောက်ကို ရွေးချယ်ထားတဲ့ ရင့်ကျက်တဲ့ မိန်းကလေးဖြစ်နေတယ်လေ၊ အဲဒီ မိန်းကလေးကို ဘယ်သူမှမလိုချင်လောက်အောင် မသတိနေတဲ့အချိန်မှာ ကိုယ်လိုချင်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အလင်းရောင်နှလုံးသားမှာ တဒိတ်ဒိတ်လှုပ်ခုန်လာသည်။ ကောင်းထင်ကလည်း မကိုဠ်ကို လိုချင်သတဲ့။

"အရင်က ကိုယ်လိုချင်တာက မကိုဠ်ရဲ့အလှက ထင်ပေါ်နေလို့ အခုလိုချင်တာက သာမန်မိန်းကလေးတိုင်းမှာမတွေ့ရတဲ့ မကိုဠ်ရဲ့ ပင်ကိုယ် အသိတရားနဲ့ ကိုယ်ရည်ကိုယ်သွေးကို မြတ်နိုးလို့ လက်တွဲခွင့်ရအောင် ကြိုးစားပေမယ့် ကိုယ်မရခဲ့ဘူး။ မကိုဠ်က မကိုဠ်ဘဝ မကိုဠ်အသိတရား နဲ့ ရာဇသစ်ကို ရွေးချယ်လိုက်တယ်လေ"

"ဒါဆို ရာဇသစ်ကို မင်းတို့ရှင်းပြဖို့လိုမှာပေါ့ကွ"

ဗညားပြောလျှင် ကောင်းထင် ခေါင်းရမ်းလိုက်ပြီး

"ကိုယ်နဲ့မကိုဠ် ဘယ်တော့မှရှင်းပြမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့"

ဗညား နားမလည်နိုင်သလိုမေးလျှင် ကောင်းထင် မျက်နှာလေး မော့၍ ဖြေသည်။

"ဒီကိစ္စမျိုးက ရှင်းပြစရာမလိုဘူး။ အချိန်တန်ရင် ယောကျ်ားတစ်ယောက်ဖြစ်တဲ့ ရာဇသစ်အနေနဲ့ သူ့အလိုလိုသိသွားမယ်လေ"

ဗညား ခေါင်းဆတ်မိသည်က ကောင်းထင် ရည်ရွယ်ပြောတဲ့ အကြောင်းအရာကို နားလည်သွားလို့ပဲ ဖြစ်သည်။

အလင်းရောင်လည်း အလိုလို နားလည်သလိုဖြစ်လာသည်။





ပတ်ဝန်းကျင် လူ့လောကထဲထိ အမြင်မလှတဲ့ အမည်းစက်ကလေးရှိခဲ့ပေမယ့် ပန်းမကိုဠ်ဟာ အစင်ကြယ်ဆုံး ပန်းကလေးဖြစ်ကြောင်း ခံစားမိစဉ်

အလင်းရောင် နှလုံးသားက စံပယ်ပင်ခြေရင်းဆီလွင့်မျောသွားခဲ့သည်။

ချစ်သူဖြစ်ခဲ့စဉ်က မကိုဠ် ဆံနွယ်မှာ စံပယ်ပန်းကုံးလေး တယုတယဆင်မြန်းပေးခွင့် အလင်းရောင် ရခဲ့သည်။

အခုလည်း ဆင်မြန်းပေးခွင့်ရချင်ပါတယ် မကိုဠ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ပတ္တမြားရည်လူးထားတဲ့ နေဝန်းကြီးဟာ အရှေ့မိုးကုတ်စက်ဝိုင်းထဲမှ ဝင့်ဝင့်ကြွားကြွား ခေါင်းမော့ထွက်ပေါ်လာပြီ။

နေဝန်းကြီးဆီမှ လွင့်ဖြာကျရောက်နေတဲ့ ရောင်စဉ်နွေးနွေးတို့က အရုဏ်ဦးရဲ့အလှကို ဆေးခြယ်ထားသည့်နှယ်။

သဘာဝဆန်တဲ့ မနက်ခင်းကတော့ သဘာဝအတိုင်းပဲဖြစ်ကာ

ကျေးငှက်ကလေးများ တေးသီသလို

သစ်ရွက်ကလေးများ အချင်းချင်းပွတ်တိုက်၍ တယောထိုးနေကြသည်။

ပန်းကလေးများကလည်း မွှေးကြိုင်လျက် မနက်ခင်းအလှကို မနက်ခင်းအလှကို အနမ်းနွေးနွေးလေးပေးကာ လွှမ်းခြုံထားလျှင်





ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။

နှလုံးသားက စံပယ်ပွင့်တွေ ဖွေးဖွေးစွတ်စွတ် ဖြူစင်နေသည်။

အကြွင်နာလက်ချောင်းတို့က စံပယ်ပွင့်တွေကို တယုတယခူးကာ သီကုံးထား။ ချစ်သူ ဆံနွယ်မှာ ဆင်မြန်းပေးခွင့်ရပါစေလို့

နှလုံးသားမှာလည်း အချစ်ရောင်စဉ်တွေ ဖိတ်ဖိတ်လက်လက်တောက်ပနေလေပြီ။

စံပယ်ကုံးလေးကိုင်၍ ချစ်သူဆီဦးတည်ခဲ့တဲ့ ခြေလှမ်းတို့ကအပျော်မြူးဆုံးနဲ့ အသွက်လက်ဆုံးပဲဖြစ်သည်။

အသင့်ပွင့်ထားတဲ့ ပန်းမကိုင်္ဂ ဂေဟာ ခြံဝင်းထဲ ဝင်လိုက်လျှင်

အလင်းရောင် အသက်ရှူဖို့ ဒမ့်လျော့သွားလေပြီ။

ရွှေရောင် စိန်ရောင် ရတနာရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့ ဧည့်သည်တွေက စားပိုင်းမှာအပြည့်။

ထိုဧည့်သည်တွေအချင်းချင်း တီးတိုးပြောနေကြတာက

ပန်းမကိုင်္ဂ အတိတ်က အမည်းစက်နဲ့ မသတီစရာတွေ

တချို့ ပြောနေကြတာက

ပန်းမကိုင်္ဂရဲ့ အရည်အချင်းတွေ

တချို့ကတော့ ပန်းမကိုင်္ဂရဲ့ အလှတရားတွေ

အချင်းချင်း ကိုယ်လိုရာကိုယ်ပြောနေကြတာက လူမှုအသိုင်းအဝိုင်းရဲ့ သင်္ကေတတွေလား။

တချို့က ကောင်းခြင်းဆိုးခြင်းကို မပြောကြတော့တဲ မင်္ဂလာဦး



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေး ညောင်ရေသွန်း ညည်ဖဲ့ပွဲကို တစိမ့်စိမ့်ထိုင်ကြည့်ရင်း ကောင်းချီးပေးသလို

တချို့ကလည်း လိုက်လံနှုတ်ဆက်နေသော မင်္ဂလာမောင်နှံဆီ အားကျငေးမောနေကြသည်။

အဖြူမှာရွှေရောင်လှိုင်းရိုပ်ရေးရေးလေးတွေ လက်ပြာနေတဲ့ ပိုးချိတ်ဝမ်းဆက် ဆင်တူဝတ်ထားတဲ့ သတို့သားနဲ့သတို့သမီးက

လတ်ဆတ်သော အပြုံးချိုချို

ကြည်လင်ဝင်းဖန့်တဲ့ မျက်နှာနုနုလေးနဲ့

ဘယ်တော့မှ မပြုတ်တမ်း တွဲထားမယ်ဟော့ဆိုတဲ့ အဓိပ္ပါယ်နဲ့

ခိုင်ခိုင်မြဲမြဲ တွဲထားတဲ့ လက်တို့ဖြင့်

မင်္ဂလာညည့်ပရိသတ်တွေကို လိုက်လံနှုတ်ဆက်နေရာမှ အလင်းရောင်ဆီ လှမ်းလာတာမြင်ရသည်။

ထိုအခါ

အလင်းရောင် တစ်ကိုယ်လုံး ကျောက်ရုပ်လို တောင့်တောင့်မတ်မတ်ရပ်ရင်း ဖြစ်သွားသည်။ နှလုံးသွေးတွေလည်း ရပ်တန့်ကာ ခြေဖျား လက်ဖျားတွေ အေးစက်စက်ဖြစ်လျက်

မျက်တောင်မခတ်တမ်း ကြည့်နေမိတဲ့ မျက်ဝန်းမှာ မင်္ဂလာစုံတွဲရဲ့အလှပုံရိပ်က လင်းလာလိုက် မှိန်ဖျော့သွားလိုက်နှင့် သည်းသည်းကွဲကွဲ မမြင်ရသလို ပြောင်းလဲနေသည်။

အလင်းရောင် နှလုံးသားမှာ ဦးဦးဖျားဖျား ချစ်ခွင့်၊ လက်ထပ်ခွင့်ရထားတဲ့ ချစ်သူဟာ ဘာကြောင့် အလင်းရောင် လက်ကိုမတွဲဘဲ





တခြားယောကျ်ားတစ်ယောက် လက်ကိုတွဲလိုက်ရတာလဲ။

ကောင်းထင်ပြောသလို

"ကိုယ်တို့လို ယောကျ်ားတွေဟာ ကိုယ်အလိုချင်ဆုံး မိန်းကလေးတစ်ယောက်ကို တခြားယောကျ်ားတွေထက် လက်ဦးမှုရခဲ့ ပတ်သက်ခဲ့ကြပေမယ့် အဲဒီမိန်းကလေးကို ဘာဖြစ်လို့ ခေါင်းမော့ ပိုင်ဆိုင်ခွင့်မရခဲ့တာလဲ။ ကိုယ်တို့ စိတ်နှလုံးနဲ့ ကိုယ်ရည် ကိုယ်သွေး ညံ့ဖျင်းနေလို့လား။ ဒါမှမဟုတ် အဲဒီ မိန်းကလေးရဲ့ စိတ်နှလုံးနဲ့ ကိုယ်ရည်ကိုယ်သွေးက မြင့်လွန်းလို့လား။ ဆိုချင်တာကတော့ ကိုယ်တို့နဲ့ မထိုက်တန်လို့ပဲ ဖြစ်မယ်ထင်တယ်"

ကောင်းထင်ပြောခဲ့သလို

မထိုက်တန်လို့လား။

မထိုက်တန်ဘူးဆိုရင်

အလင်းရောင် စိတ်နှလုံးနဲ့ ကိုယ်ရည်ကိုယ်သွေးက ညံ့ဖျင်းနေတာလား။

မကိုရဲ့ စိတ်နှလုံးနဲ့ ကိုယ်ရည်ကိုယ်သွေးက မြင့်နေတာလား။

ဟင့်အင်း

အလင်းရောင် ဘာကိုမှ မတွေးတောချင်သလို အဖြေလည်း မထုတ်ချင်တော့ပါ။

ဝမ်းနည်းစွာဝေ့သီလာတဲ့ မျက်ရည်တွေကို ဝေဝါးသွားတဲ့ အာရုံကို ကြည့်လာစေဖို့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဣန္ဒြေမပျက် ပင့်မော့ရင်း

စိမ့်ထွက်လာတဲ့ မျက်ရည်တွေကို နှလုံးသားထဲ အရောက် ပြန်သွင်းနေမိသည်။

မ ရယ်

မောင်တို့ ချစ်ခဲ့ကြတယ်လေ။

မ လိုချင်တဲ့ ရာသက်ပန်တည်မြဲတဲ့ ချစ်ခြင်းတွေ မောင့်ရင်ဘတ်ထဲမှာ ပြည့်နှက်နေပါတယ်ကွယ်။

ကောင်းကင်လို တည်တံ့နိုင်မြဲသော

တိမ်စိုင်တွေလို အပြောင်းအလဲမရှိသော

ဘဝလက်တွဲဖော် ပီသသော

တွဲလက်မဖြုတ်တမ်း ပေါင်းဖက်သွားမယ့် အဓိဋ္ဌာန်နဲ့ ရှေ့ရှုနေတဲ့ မောင့် အချစ်တွေကို မ ဘာလို့မမြင်ချင်ဟန်ဆောင်ရတာလဲကွယ်။

ခုတော့

တရွေ့ရွေ့ နီးလာတဲ့ မင်္ဂလာစုံတွဲ

အပြုံးတွေ ပီပြင်လာတဲ့ ရာစုသစ်နဲ့ မကိုဋ်တို့ရဲ့ နှုတ်ခမ်းတွေ။

တအံ့တသြ ငေးကြည့်နေကြတဲ့ ဧည့်ပရိသတ်များအကြားမှာ အလင်းရောင် ဘယ်လိုနေရမှန်းမသိအောင် ဗျာများသွားသည်။

ဒီဧည့်ခံပွဲမှာ မင်းထက်ကျော်တို့ကို မြင်ရသလို ခန့်ညား၊ ခေတ်ရွှေ၊ ပိုင်ပိုင်နဲ့ သက်ဝင်းတို့ကိုလည်း တွေ့မြင်နေရသည်။

အားလုံးထဲမှာ အလင်းရောင်မျက်နှာက အဖျက်ယွင်းဆုံး ဖြစ်





နေမှန်း မှန်မကြည့်ရဘဲ အလင်းရောင် ကိုယ်တိုင် သိနေသည်။

"အလင်းရောင်"

ရာစုသစ် ဦးစွာခေါ်၍ လက်တစ်ဖက်ကမ်းပေးကာ ဖော်ဖော်ရွေရွေနှုတ်ဆက်လျှင် အလင်းရောင် ရင်းရင်းနှီးနှီး နှုတ်မဆက်ရဲသလို ဖြစ်သွားသည်။

ထို့မှမက အလင်းရောင် လက်ချောင်းလေးများ တုန်ယင်လာပြီး

လက်ထဲမှ စံပယ်ပန်းကုံးလေး လျှောခနဲ လွတ်ကျသွားသည်။

"အို"

ချစ်သူရဲ့ အာမေဋိတ်သံဖွဖွလေး လိုက်ထွက်လာလျှင် အလင်းရောင် မျက်ဝန်းမှာ အရောင်လက်သွားသည်။

အကြောင်းမှာ

အလင်းရောင်လက်ထဲက လွတ်ကျသွားတဲ့ ပန်းကုံးလေးကို ရာစုသစ် သတိကြီးစွာ ဖမ်းယူဆုပ်ကိုင်သည်။

ပြီးနောက် ရင်အုံပေါ် စည်းနှောင်ချထားတဲ့ ချစ်သူဆံနွယ်မှာ အရှည်လိုက် ပန်ဆင်ပေးလိုက်သောကြောင့်ဖြစ်သည်။

ဒီမြင်ကွင်းကို အလင်းရောင် မကြည့်ရက်နိုင်တော့။

အလင်းရောင် မြတ်မြတ်နိုးနိုး ရွေးဆွတ်သီကုံးခဲ့တဲ့ ပန်းကလေးတွေ..

ခုတော့ တစ်ပါးယောကျ်ားတစ်ယောက်က သူ့ကိုယ်ပင် အားမနာ ချစ်သူကို ရဲရဲဝံ့ဝံ့ ပန်ဆင်ပေးလိုက်တဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် မခံစားနိုင်တော့ပြီ။

အယုခံဝင် ဖြေရှင်းခွင့်မရတဲ့ အဖြစ်။

ဘယ်သူတွေနဲ့မှ မျက်နှာချင်းမဆိုင်ချင်တော့ဘူး မရယ်။

အရှက်သည်းကာ ကျောခိုင်းလျှောက်ထွက်ခဲ့မိသည်က အချစ်စစ်ရဲ့ ခြေလှမ်းတွေနှင့်. . .။

အချစ်က အပျိုစင်မနက်ခင်းကို ရှာဖွေသည်။

အပျိုစင်မနက်ခင်းက အချစ်ကို ပြန်လည်ရှာဖွေသွားခဲ့သည်။

BURMESE CLASSIC .com

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ
မိန်းကလေး



www.burmeseclassic.com